
# နန္ဒကျော်သူ

## မရဏာတောင်ကြား
## သွေးစွန်းပတ္တမြား



စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၁၂၈/၉၁(၃)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၂၆၀/၉၁(၆)

ပထမအကြိမ်
၁၉၉၁ ခုနှစ်၊ ဇူလိုင်လ၊
အုပ်ရေ (၅၀၀)
တန်ဖိုး ၃၉-ကျပ်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးဝင်း (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးကျော်ကျော်စိုး (မြ၀၁၄၃၈)
စိမ်းစိမ်းရည်နွယ်စာပေ
အမှတ် ၂၀၊ ၁၆၄ လမ်း
တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပကြီး (မြ-၀၁၉၅)
ဆန်းသစ်ပုံနှိပ်တိုက်၊
အမှတ် (၅၀၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၀၄၅၅

# နန္ဒကျော်သူ

---

# မရဏတောင်ကြားသွေးစွန်းပဏ္ဏမြား

(ပထမပိုင်း)

[ ၂-အုပ်တွဲသိုင်း၊ဝတ္ထု၊ ]

လွှင်စာပေ
အမှတ် ၁၅/၁၃ဂ၊ ဖြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၇၄၄

နန္ဒကျော်သူ

# မရဏာတောင်ကြားသွေးစွန်းပတ္တမြား

( ပထမပိုင်း )

မိမိငှါးရမ်းသွားသောစာအုပ်
စာရွက် နုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုး နှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော်ရမည်။

လွင်စာပေ
အမှတ် ၁၅/၁၃၇၊ မြလမ်း
တောင်ငူမြို့
ဖုန်း ၂၁၇၅၅

အခန်း ၁။

## ထူးဆန်းသောအဆိပ်

နေ့တစ်နေ့၏ပထမဆုံးအလင်းရောင်ထွက်ပေါ်လာပြီးနောက် မကြာမီ နီစွေးသောနေမင်းကြီးသည် အရှေ့မိုးကုပ်စက်ဝိုင်း၌ ခေါင်းပြူလာ၏။

လောကကြီး၏ နေ့သစ်တစ်နေ့ကို အလှဆင်တော့မည်ဟု အားခဲပေါ်ထွက်လာခြင်းလည်း ဖြစ်ပေသည်။

နေမင်းကြီးသည် မိမိ၏ကိုယ်ပိုင်နွေးထွေးသော နေရောင်ခြည်ထုတ်လွှတ်ကာ ပိုင့်အွန်စောင်တန်းကြီးပေါ်တွင် တစ်ညလုံး မင်းမူစိုးမိုးချယ်လှယ်နေသော မြူနှင်းတို့ကို စတင်၍ ဖယ်ရှား မောင်းထုတ်နေပြီဖြစ်သည်။

ညအမှောင်သည် နေ၏အလင်းရောင်ကြောင့် ဆောက်တည်ရာမရဘဲ ပြေးလွှား ပျောက်ကွယ်သကဲ့သို့ မြူနှင်းများ

သည်လည်း နွေးထွေးသောနေရောင်ခြည်ကြောင့် ဧဆာက်တည်ရာမရအောင်ပင် ယောက်ယက်ခတ် ပြေးလွှားလွင့်စဉ်သွားရလေတော့သည်။

မြူနှင်းများသည် စုစည်းနေရာမှ ပြိုကွဲကုန်တော့၏။

ထိုမှတစ်ဆင့် တဖြည်းဖြည်း ဟိုပြေးသည်ပြေးနှင့် လွင့်ပျောက်ကုန်တော့သည်။

ချိုလုယာန်သည် နေရောင်ခြည်ကို ဆီးကြိုလိုက်၏။

သူသည် စောစောပိုင်း အချိန်က မြူနှင်းများကြောင့် ခင်ကုတ်ကုတ်ကလေး ထိုင်နေခဲ့ရသော်လည်း နေရောင်ခြည်ကို မြင်ရသည်နှင့် သူ၏ခန္ဓာကိုယ်သည် နွေးထွေးလန်းဆန်းလာလေတော့သည်။

'မင်္ဂလာပါနေမင်းကြီး' ဟု နှုတ်မှရေရွတ်၍ နေမင်းကြီးကို ကြိုဆိုလိုက်၏။

အနွေးဓာတ်သည် သူ၏တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြီမဟုတ်ပါလား။

နွေးထွေးမှုဖြင့် လောကကြီးသည် တစ်နေ့တာကို အစပျိုးခဲ့ပြီ မဟုတ်ပါလား။

ချိုလုယာန်း။

အသက်အားဖြင့် နှစ်ဆယ်ကျော်သာရှိသေးသည့် လူငယ်ကလေးတစ်ဦးဖြစ်သော်လည်း



ကြုံတွေ့ခဲ့ရသောဘဝနှင့်လောကဓံ ရိုက်ပုတ်မှုများကအသက်နှင့်မမျှအောင်ပင် များပြားခဲ့ရ၏။

ယခုလည်း

သူ့ဘဝက မင်းသားလေးတစ်ယောက်မဟုတ်သလို သူဌေးသားတစ်ယောက်လည်း မဟုတ်ပါ။

သူသည် ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိသဖြင့် အစားဆင်းရဲ အနေဆင်းရဲဖြင့် ကြုံတွေ့နေရသူဖြစ်သည်။

သူ ယခုကဲ့သို့ ဘာကြောင့်ဆင်းရဲနေရသည်ကို သူ့ကိုယ်သူသာသိ၏။

ယခုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့် နေထိုင်ခြင်းမှာလည်း သူ့ဒုက္ခသူရှာ၍ နေထိုင်ခြင်းဖြစ်သည်ဆိုက ပို၍ မှန်မည်ဖြစ်ပါ၏။

သူသည် အတိတ်၌အပြောင်းအလဲများစွာကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

သူသည် နေပြည်တော်နန်းတွင်းမှ ဘုရင့်ကိုယ်ရံတော်တပ်မှူးချုပ်ကြီး၏သားတစ်ယောက်ဖြစ်သလို သူ့အား အမတ်ချုပ်ကြီးကိုယ်တိုင်က သူရဲကောင်း ဘွဲ့ပေးထားခြင်းလည်း ခံခဲ့ရသူဖြစ်သည်။

ထိုသို့ သူကောင်းပြုခံရခြင်းမှာလည်း မကြာသေးပါ။

လပိုင်းလောက်ပင်ရှိသေးသည်။

သို့သော် ယခုအခါ သူသည် ထိုအရာများကို လျှော့လျှာရှုထားခဲ့သည်။

ယခု သူသည် လမ်းမြင်သမျှ လျှောက်သွားနေ၏။

ရေအိုးတွေ့လျှင် အဝအပြဲသောက်ပစ်လိုက်သည်။

အမှိုက်သရိုက်ကင်းရှင်းသည့် နေရာကလေးတွေ့လျှင် ပစ်လှဲအိပ်ချလိုက်၏။

ယခု ချီလုယန်း၌
အပူအပင်မရှိ
သောကမရှိ
အမှန်တော့ သူသည်...

လောကကြီးပေါ်၌ ထိုကဲ့သို့ပင် နေချင်သောဆန္ဒရှိနေသူတစ်ယောက်ဖြစ်သည် မဟုတ်ပါလား။

လမ်းတကာလျှောက် အရပ်တကာလှည့်နေသော ချီလုယန်းသည် နှစ်ရက်တာမျှ အာဟာရရှိသော အစားအစာများကို မစားရဘဲ ရေချည်းသောက်ခဲ့ရသဖြင့် သူ၏ဝမ်းဗိုက်ထဲက တဂွီဂွီးမြည်သံများက သူ၏နားနှင့်ဆတ်ဆတ် ကြားနေရရုံမျှမက အနီးပတ်ဝန်းကျင်မှလူများပင် ကြားနိုင်စွမ်းရှိသည်ဟု ထင်မှတ်ရပေသည်။

သို့သော်
သူသည်...

ဆာလောင်မွတ်သိပ်သည့် စိတ်ကို မောင်းထုတ်ပစ်လိုက်၏။

ပိုင့်အွန်တောင်တန်းကြီးကို ငေးမောကြည့်၍ ဆာလောင်မွတ်သိပ်မှုကို စိတ်ကြည်နူးမှုဖြင့် အစားထိုးလိုက်၏။

လွင် ၈၇ ၈၀



'ဟာ လောကကြီးက သိပ်သာယာတာပါလား'
'ငါ့ဘဝဟာလဲ အတော်သာယာတာပါလေ'

သူသည် ထိုသို့တွေးပြီး ဆာလောင်မွတ်သိပ်သည့် စိတ်ကို မောင်းထုတ်ဖယ်ရှား၍ ရှေ့တူရူသို့ ပြေးလွှားသွားလိုက်၏။

သူသည် သွားချင်ရာသွားနေ၏။
သူ့ကို တားမည့်သူမရှိ။ ဆီးမည့်သူမရှိ။
ပျော်လိုက်သည့် ဖြစ်ခြင်း။

ဤလောကကြီး၌ မိမိ တစ်ယောက်တည်းရှိက မည်မျှကောင်းလိုက်မည်နည်း။

သို့သော်

ချီလုယန်းသည် လောကကြီးတွင် တစ်ယောက်ထီးထီးရပ်တည်ခွင့်မရှိကြောင်း၊ရပ်တည်၍လည်းမဖြစ်ကြောင်းမကြာမီပင်သိရှိလိုက်ရတော့သည်။

တောစပ်အနီးတွင် ရေအိုင်တစ်ခုကို တွေ့ရ၏။

တဂွီးဂွီးမြည်နေသော သူ၏ ဝမ်းဗိုက်ကို ခဏတာမျှငြိမ်သက်သွားစေရန် သူသည် ရေအိုင်ဆီသို့ ပြေးသွား၏။

သို့သော် ရုတ်တရက် သူ၏မျက်လုံးများ ဝိုင်းစက်သွား၏။

အကြောင်းမှာ
စမ်းရေအိုင်၌ သူ့ထက်ဦးသည့်လူ ရှိနေ၏။

သူလည်း မိမိကဲ့သို့ပင် ဆာလောင်မွတ်သိပ်နေမည်ဟု ချီလုယန်းတွေး၍ ပြုံးလိုက်မိ၏။

သို့ရာတွင် ထိုသူသည် လူသားတော့ မဟုတ်ပါ။

အဟိတ် တိရစ္ဆာန်မြင်းဖြစ်၏။

မြင်းမှ မြင်းညိုကြီးတစ်ကောင်ဖြစ်၏။

မြင်းညိုကြီးသည် ချီလုယန်းကိုမြင်သည်နှင့် ရှေ့ဆက်နေရာမှ ရပ်တန့်လိုက်ပြီး သူ့အားနှုတ်ဆက်သကဲ့သို့ ခေါင်းခါယမ်းလိုက်၏။

နှာမှုတ်သံ တစ်ချက်ပြုလိုက်ခြင်းကပင် ချီလုယန်းအား ကောင်းသော မင်္ဂလာနံနက်ခင်းပါဟု ပြောလိုက်သကဲ့သို့ ထင်မှတ်ရ၏။

ချီလုယန်းက ပြုံး၍

'သောက်ပါကွာ၊ ငါလဲမင်းလိုပါပဲ' ဟု စိတ်ထဲမှပြောရင်း ရေကို လက်ခုပ်နှင့်ယူ၍ သောက်လိုက်သည်။ ထိုစဉ် သူ၏ ဂန္ဓာရုံ၌ ထူးခြားမှုတစ်ခုကို ခံစားလိုက်ရ၏။

အနံ့။

သင်းပျံ့သော စားစရာတစ်ခုခု၏အနံ့။

ထိုအနံ့က ချီလုယန်း၏ နှာခေါင်းထဲသို့ တိုးဝင်လာသဖြင့် သူသည် မိမိဦးခေါင်းကို ထောင်လိုက်ပြီး ပတ်ဝန်းကျင်ကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်၏။ ထို့ပြင် သူ၏ စိတ်ထဲမှလည်း



'ဟုတ်ပေသားပဲ'

'မြင်းရှိတဲ့နောက်တော့ မြင်းသခင်လူသားလဲ ရှိရမေမပေါ့'

ဟု တွေးလိုက်မိသည်။

သို့သော် ဤကိစ္စသည် မိမိနှင့်မသက်ဆိုင်ကြောင်း မိမိလမ်း မိမိသွားဖို့သာရှိကြောင်း ချီလုယန်း တွေးလိုက်ပြီး ထိုမြင်းအနီးမှ ဖြတ်လျှောက်၍ မြင်းကြီး၏ ငယ်ထိပ်ကို ပွတ်သပ်လိုက်၏။

ထိုအခါ သူသည် မြင်းကုန်းနှီး၏ နံဘေးတွင် ဆွဲချိတ်ထားသော အထုပ်တစ် ထုပ်ကို တွေ့လိုက်ရ၏။

ထိုအထုပ်ကို မြင်တွေ့လိုက်သည်နှင့် ချီလုယန်း၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားသည်။ အကြောင်းမှာ

မောစောက ရရှိနေသော စားစရာအနံ့သည် ယင်းအထုပ်ထဲမှ ထွက်ပေါ်လာခြင်းကြောင့်ဖြစ်၏။

ချီလုယန်းက မြင်းပိုင်ရှင်ကို လှည့်ပတ်၍ ကြည့်လိုက်၏။

ထိုသို့ လှည့်ပတ်ကြည့်ရင်း ချီလုယန်း၏ စိတ်ထဲ၌ဖော်ပြနိုင်စွမ်းမရှိသော စိတ်လှုပ်ရှားမှု တစ်ခုကို ခံစားလိုက်ရ၏။

တဆက်တည်းမှာပင် သူသည် နဖူးတွန့်၍ မျက်မှောင်ကြုတ်လိုက်မိသည်။

ပတ်ဝန်းကျင်သည်လိုအပ်သည်ထက်ပို၍ တိတ်ဆိတ်နေသည်ဟု ထင်မိ၏။

ထို့ပြင် မြင်းရှင်၏ အရိပ်အယောင်ကိုမျှလည်း မတွေ့ရပေ။

ချီလုယန်းသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး မြင်းပိုင်ရှင် တွေ့တာ၊ မတွေ့တာ မိမိ အလုပ် မဟုတ်၊

ဆာလောင်နေခြင်းသာလျှင် မိမိ၏ အရေးကြီးသော ကိစ္စ ဖြစ်သည်ဟု တွေးကာ

'မင်း မဆိုးဘူး၊ မင်းဟာ ငါ့ရဲ့မိတ်ဆွေပဲ' ပြောရင်း ချီလုယန်းသည် မြင်းကျောကုန်းကို ပွတ်သပ်လိုက်၏။

ထို့နောက် သူသည် မြင်း၏ ကျောကုန်းပေါ်မှ အထုပ်ကို ဖြုတ်၍ ဖြေချလိုက်၏။

အထုပ်ထဲ၌

အသား ပေါက်စီ နှစ်လုံး၊ မန့်ထိုခေါ် အသားလွတ် ပေါက်စီ သုံးလုံး၊ ဘဲကင်က တစ်ပိုင်း ပါလာ၏။

'ဆာနေတာနဲ့ အတော်ပဲ'ဟု ရေရွတ်ကာ ချီလုယန်းသည် စားစရာများကို အငမ်းမရပင် စားပစ်လိုက်လေတော့၏။

မြင်းကြီးသည် မိမိ သခင်၏ စားမြိန်စာထုပ်ကို စားနေသော ချီလုယန်းကို မကျေနပ်သည့် ပုံစံမျိုးဖြင့် လှည့်ကြည့်လိုက်သည်။

ချီလုယန်းက မြင်းကြီးအား ပြုံးပြလိုက်ပြီး

'ဘာလဲ၊ မင်းက ငါ စားတာကို မကျေနပ်ဘူးပေါ့ ဟုတ်လား၊ မင်း သခင်ကို ငါ တောင်းပန်ပါ့မယ်ကွာ' ဟု ပြောလိုက်၏။

သူသည် နှုတ်မှ ထိုသို့ပြောရင်း စားစရာအထုပ်တစ်ထုပ်လုံး ပြောင်စင်အောင် စားလိုက်လေတော့၏။

သူသည် စားသောက်ပြီးသည်နှင့် ပါးစပ်ကို စမ်းရေနှင့် ဆေးကျောကာ မြင်းရှင်ကို စောင့်ဆိုင်းနေသည်။



သို့သော် အချိန်အတော်ကြာသည်အထိ မြင်းရှင် ပေါ်လာခြင်း မရှိချေ။

ထို့ကြောင့်

'မြင်းကို ထားခဲ့ပြီး ဘယ်နေရာတွေများ လျှောက် ပြီး အလေလိုက်နေပါလိမ့်' ဟု ချီလုယန်းက မြင်းရှင် အပေါ် အပြစ်တင်စကားကို ရေရွတ်လိုက်မိ၏။

ထိုနောက် ချီလုယန်းသည် ပြုံး၍

'ကဲ မြင်းညိုကြီးရေ မင်းသခင်ကို ပြောလိုက်ပေတော့၊ စားသောက်မိတဲ့အတွက် ကျေးဇူးတင်စကားပြောဖို့ စောင့်ပါသေးတယ်၊ ဒါပေမယ့် သူ့တာဝန်ပျက်ကွက်လို့ ငါလဲ မတတ်နိုင်ဘူး၊ သွားပြီကွာ'ဟု ပြောလိုက်၏။

ချီလုယန်းသည် မြင်းတစ်ကောင်ကို လူတစ်ယောက်ကဲ့သို့ သဘောထားကာ ပြောဆိုပြီး စမ်းရေအိုင်နားမှ ထွက်ခဲ့သည်။

မြင်းညိုကြီးသည် တစ်ချက်ဟီ၍ မြေကြီးကို ခွာဖြင့်ရှပ်ကာ ယက်နေ၏။

မြင်းကြီးက မိမိအား ကောင်းချီးပေးနေခြင်းလော။

မြင်းကြီးက မိမိအား ကျိန်ဆဲနေခြင်းလော။

ချီလုယန်း မပြောတတ်ပါ။

ထို့ကြောင့် ချီလုယန်းသည် မိမိ၏ ပခုံးနှစ်ဘက်ကို တွန့်လိုက်မိလေတော့၏။

မဝေးပါ၊ ထိုနေရာသည် မဝေးပါ။

ထိုနေရာသည် အလွန်ဆုံးရှိလှမှ ပေငါးဆယ်ခြောက်ဆယ် ခန့်သာ ဝေးကွာ၏။

အမှန်တကယ်လည်း ထိုမျှလောက်သာ ချီလုယန်း လျှောက် ပါပေသည်။

ထိုထက် ပို၍ ချီလုယန်း မလျှောက်ဖြစ်ပါ။

အကြောင်းမှာ

ထိုနေရာ၌ ချီလုယန်းသည် မြင်းပိုင်ရှင်ကို တွေ့လိုက်ရ၏။

ထိုနေရာ၌ မြင်းပိုင်ရှင်သည် ရပ်မနေပါ။

မြေပေါ်၌ လဲလျောင်းနေ၏။

အိပ်မောကျနေဟန် တူ၏။

ပက်လက်ကလေး ငြိမ်သက်နေ၏။

အချို့သော ခရီးဝေးသွားသောသူများသည် တစ်ညလုံ ခရီးပြင်းနှင်ခဲ့ပြီး နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်တည်း အရိပ် အာဝါသကောင်းသော နေရာ၌ ယခုကဲ့သို့ အနားယူအိပ်စက် လေ့ရှိသည် မဟုတ်ပါလော။

ချီလုယန်းသည် မြင်းပိုင်ရှင်ကို တွေ့သောအခါ

'ငါ သူ့ကို နှိုးပြီး စားသောက်မိတာလေးတော့ ပြော သင့်တာပေါ့'ဟု စိတ်ထဲမှ တွေးလိုက်၏။

ချီလုယန်းသည် ကျေးဇူးကန်းပြီး ရိုင်းစိုင်းတတ်သူ တ ယောက် မဟုတ်ပါ။ ထိုကြောင့်

သူသည် အိပ်နေသူအနားသို့ လျှောက်သွားသည်။



သူ ထင်သည့်အတိုင်းပင် အိပ်ပျော်နေသူမှာ ခရီးဝေးမှ လာခဲ့ရဟန် တူသည်။

အဝတ်အစားများသည် ဖုန်အလိမ်းလိမ်းနှင့် ဖြစ်နေ၏။

ခရီးသွား လူငယ်တစ်ယောက်ဖြစ်ပြီး ကိုယ်ခန္ဓာက ချီလုယန်းကဲ့သို့ပင် တောင့်တင်း သန်မာသည်။

ချီလုယန်းက အနားသို့ တိုးကပ်သွားသည်။

'ဒီမှာ ဒီမှာမိတ်ဆွေ ကျုပ်'

သူ၏စကားသည် တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။ လှုပ်နှိုးရန် ဆန့်တန်းထားသော သူ၏လက်သည်လည်း လမ်းခုလတ်၌ ရပ်တန့်သွား၏။

အကြောင်းမှာ

အိပ်နေသည့်လူငယ်၏အသားအရေမှာ ပုံမှန်မဟုတ်ကြောင်း တွေ့လိုက်ရသောကြောင့် ဖြစ်သည် မဟုတ်ပါလော။

လူငယ်၏ မျက်နှာသည် ပြာနှမ်းနှမ်း ဖြစ်နေ၏။

စိမ်းလဲ့လဲ့ဖြစ်နေသည် မဟုတ်ပါလား။

မျက်လုံးများသည် သွေးကဲ့သို့ နီရဲနေ၏။

❀

'ဟာ' ဟူသော အာမေဋိတ်သံသည် ချီလုယန်း ပါးစပ်မှ အလိုအလျောက် ခုန်ထွက်သွား၏။ ထို့နောက်

ချီလုယန်းသည် အံ့ဩစွာ အနားတွင် ဒူးထောက် ထိုင်ချလိုက်သည်။

'ဒီမှာ မိတ်ဆွေ'

ချီလုယန်း၏ ခေါ်သံအဆုံးတွင်

လူငယ်သည် မျက်နှာရှုံ့မဲ့၍ အသက်ကို ပြင်းစွာရှူရင်း ချီလုယန်းကို မော့ကြည့်လိုက်သည်။

ချီလုယန်းက ထိုလူငယ်ကို စူးစိုက်ကြည့်ရင်း

'ဒီမှာ ဒီမှာ ခင်ဗျား အဆိပ်လက်နက် မိထားသလား'

ဟု မေးလိုက်၏။

ထိုသို့ ချီလုယန်း စိုးရိမ်တကြီး မေးလိုက်သောကြောင့်

လူငယ်သည် ရှုံ့မဲ့ ညည်းညူနေရာမှ သူ၏လည်မျိုကို စမ်းသပ်၍ ပြလိုက်၏။

ချီလုယန်းက လူငယ်ပြသော လည်မျိုနေရာကို သေသေချာချာ ကြည့်လိုက်သည်။

အပ်တစ်ချောင်း....

စိမ်းဖန့်ဖန့်အရောင်ရှိသော အပ်တစ်ချောင်း။

သေးငယ်လွန်းသော အပ်ကလေးတစ်ချောင်း။

ထိုအပ်သည် အဆိပ်အပ်ဖြစ်ကြောင်း မြင်ရုံနှင့် ချီလုယန်း သိလိုက်၏။

ရန်သူ တစ်ဦး တစ်ယောက်သည် ထိုလူငယ်အား အဆိပ်အပ်ဖြင့် တိုက်ခိုက်သွားခြင်းဖြစ်သည်မှာ သေချာနေပေသည်။

လူငယ်သည် ချီလုယန်းကို ကြည့်လိုက်၏။ အသနားခံသော အကြည့်ဖြစ်၏။



သို့သော်....

သူ၏ မျက်လုံးများသည် အများ နည်းတူ အဖြူရောင် မဟုတ်တော့ပါ။

သွေးခြင်းခြင်းနီရဲနေသည့် အရောင်မျိုး ဖြစ်နေသဖြင့် ချီလုယန်းသည်ပင် ကြက်သီးမွေးညင်း ထသွားလေတော့သည်။

'ကျွန်တော် ကျွန်တော် သေရပါတော့မယ် ဗျာ' ဟု လေးလေး တွဲ့တွဲ့ လေသံနှင့် ပြောရင်းမှာပင်

လူငယ်၏ ပြာနှမ်းနှမ်း စိမ်းဖန့်ဖန့်မျက်နှာသည် ထိုမှတစ်ဆင့် တပြည်းပြည်း ညိုမည်းလာသည်ဟု ထင်ရ၏။

ချီလုယန်းက

'ခင်ဗျားကို ဘယ်လို ရန်သူမျိုးက အခုလိုလုပ်သွားတာလဲ' ဟု မေးလိုက်၏။

လူငယ် ခေါင်းယမ်းပြလိုက်ပြီး

'မသိဘူး၊ သူ့ကို ကျွန်တော်မသိဘူး ဒါပေမယ့်'

လူငယ်သည် စကားကို ကြာရှည်ပြောနိုင်စွမ်း မရှိတော့ဟန်ဖြင့် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်၏။

ချီလုယန်း သက်ပြင်းချလိုက်သည်။

သူသည် ရှုပ်ထွေးလှသော လူ့လောကဇာတ်ခုံနှင့် ကျောခိုင်း၍ နေချင်သူ ဖြစ်၏။

သို့သော် သူသည် ရှုပ်ထွေးသော လူ့လောကနှင့် ကျောခိုင်း၍ မရနိုင်အောင် ဖြစ်နေသည် မဟုတ်ပါလား။ ယခုလည်း ပြဿနာ အရှုပ်အထွေးတစ်ခုကို သူ ခလုတ်တိုက်မိခဲ့သည်။

တွေ့ရပြန်တော့လည်း သနားစရာကောင်းလှသော လူငယ်ကလေးတစ်ယောက်။

ထို့ပြင် သူ၏ ပိုင်ဆိုင်သော အစားအစာများကိုလည်း မိမိက စားသောက်လိုက်ရ၍ အာဟာရ ဖြစ်သွားရသည် မဟုတ်ပါလား။

သူ့ကို လျစ်လျူ ရှုထားခဲ့ရမည်လား။

တစ်လုတ်စားဖူး သူ့ကျေးဇူးကို ထောက်ထား စာနာရမည်လော။

အဆိပ်က အလွန်ကြောက်စရာ ကောင်းသည့် အဆိပ်မျိုး ဖြစ်နေ၏။

လူငယ်က သနားစရာ ကောင်းနေ၏။

ချီလုယန်း ခေါင်းခဲစရာ ဖြစ်လာ၏။

ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ရန် တွေဝေ နေသော်လည်း နောက်ဆုံး၌ ချီလုယန်းသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ထိုလူငယ်အား မိမိ တတ်နိုင်သမျှ ကယ်တင်ဖို့ ဆုံးဖြတ်လိုက်၏။



မိမိဘာဝ ဘာဖြစ်နေဖြစ်နေ၊ အခြားလူသားတစ်ဦး၏ ဒုက္ခကိုတော့ သူက သည်အတိုင်းထား၍ လျစ်လျူမရှုနိုင်ခြင်းသည် သူ့အား ထိုသို့ဆုံးဖြတ်နိုင်စေရန် တွန်းအားပေးခဲ့သည် မဟုတ်ပါလော။

ချီလုယန်းသည် ထိုလူငယ်အား ကပျာကယာပင် ပွေ့ထူလိုက်လေတော့သည်။

## အခန်း ၂။

### ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား

ပြတင်းပေါက်မှဝင်လာသောလေကို တဝ ရှူရှိုက်လိုက်ပြီး စိမ်းလန်း ညိုမှိုင်းနေသော တောင်တန်း ကြီးကို ချီလုယန်း ငေးမော ကြည့်နေမိသည်။

ဤသည်မှာ သူ့အတွက် ရင်မောခြင်းဖြင့် အချိန်ကို ကုန်လွန်ခြင်း ဖြစ်စေ၏။

မကြာခဏပင် သူ၏မျက်လုံးများသည် အခန်းတံခါးတစ်ခု ပွင့်လာပြီး ထိုတံခါးပေါက်မှ ထွက်လာမည့် သခင်းတော်ကြီး ကို မျှော်နေမိသည်။

သူသည် အဆိပ်မိသော လူငယ်ကို ထိုလူငယ် မြင်းနှင့်ပင် အနီးဆုံးသော ရွာတစ်ရွာသို့ ခေါ်ဆောင်ကာ သမားတော် တစ်ဦးထံ အပ်နှံ၍ ကုသစေ၏။



ကံအားလျော်စွာ

ချီလုယန်းအား လမ်းပြညွှန်ကြားလိုက်သူက ထိုရွာရှိသမား တော်ကြီး 'ဟူစင်း'သည် အဆိပ်ကို အလွန် နိုင်နင်းသော သမားတော်တစ်ယောက်ဖြစ်သည်ဟု သေသေချာချာပင် ညွှန်း ခဲ့သည် မဟုတ်ပါလား။

သို့ဖြစ်၍

ထိုလူငယ်၏ကံ အလွန်ကောင်းသည်ဟု ချီလုယန်း ထင် ထားသည်။

ယခု သမားတော်ကြီးသည် ထိုလူငယ်အား ကုသနေသည် မှာ တစ်နာရီကျော်ပြီ ဖြစ်သော်လည်း အခန်းထဲမှ ယခုတိုင် ထွက်မလာသေးချေ။

ဤသို့ဆိုလျှင် ထိုလူငယ်သည် ကံ ကောင်းပါဦးမည်လော။ မည်သို့ပင် ဆိုပါစေ

ချီလုယန်းသည် စိတ်မော လူမောဖြင့် စောင့်နေရသည် မဟုတ်ပါလား။

အခန်းတံခါး ပွင့်လာသည်။

သမားတော်ကြီးဟူစင်း ထွက်လာသည်။

သမားတော်ကြီး၏ မျက်နှာကို ချီလုယန်း ရှေးဦးစွာ ကြည့် မိ၏။

အားရကျေနပ်ဖွယ် မတွေ့ရ။

သမ္မားတော်ကြီးသည် ချီလုယန်းထံသို့ တန်းတန်းမတ်မတ်လျှောက်လာသည်။

ထို့နောက် မပွင့်တပွင့် ပြုံးကာ

'ငါဆီ အချိန်မီပို့ပေးတာ မင်းအတွက် တစ်ခု ကံကောင်းပါတယ်'

ဟု ပြောလိုက်၏။

သမားတော်ကြီး၏ စကားအဓိပ္ပါယ်ကို ချီလုယန်း ကောင်းကောင်း သဘောမပေါက်ပါ။

ထို့ကြောင့် ချီလုယန်းက

'သူ သက်သာတယ် နေကောင်းတယ်မဟုတ်လား သမားတော်ကြီး'

ဟု မေးလိုက်၏။

သမားတော်ကြီး သက်ပြင်းရှည် ချ၍ ခေါင်း ခါယမ်းလိုက်ပြီး

'မောင်ရင်ကျုပ်စကားကို သဘောမပေါက်ဘူးနဲ့ တူတယ်၊ ကျုပ်ရဲ့ သမားတော် သက်တမ်းတစ်လျှောက်မှာ ဒီလို ပြင်းထန်ပြီး ထူးဆန်းတဲ့အဆိပ်မျိုး တစ်ခါမှ မမြင်ဖူးဘူး၊ သူ့ရဲ့အသက်ကို ကယ်နိုင်မယ့် ဖြေဆေးမျိုးလဲ ကျုပ်မှာမရှိဘူး'

သမားတော် ကြီး၏ စကားကြောင့် ချီလုယန်းသည် မျက်လုံး ပြူးကျယ်သွားပြီး

'ဗျာ—ဒါဖြင့် သူ'

ဟု အထိတ်တလန့်ဖြင့် မြန်၍မေးလိုက်၏။



သမားတော်ကြီးက နှစ်သိမ့်ပြုံးပြုံး၍

'ဟုတ်တယ်မောင်ရင်၊ မောင်ရင် ကံကောင်းတယ် ဆိုတာက သူဟာ နာရီပိုင်းအတွင်း မောင်ရင့်လက်ထဲမှာ သေသွားရတော့မယ့်ဆဲဆဲ ခုဆိုရင် ဒီညနဲ့ နောက်တစ်နေ့အထိတော့ မောင်ရင် စကားပြောဆိုခွင့် ရသွားတာပေါ့'

'ဟင် ဒါဆိုရင် တစ်ညနဲ့တစ်ရက်နေပြီးရင် သူ မုချ သေရတော့မှာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်မောင်ရင်၊ ကျုပ် ဒီထက်ပိုပြီးအစွမ်းမထက်နိုင်ပါဘူး၊ ကျုပ်လောင်းရဲပါတယ်၊ ဒီအဆိပ်မျိုးကို ဖော်စပ်တဲ့ကာယက ရှင်ကလွဲပြီး မိုးပေါ်ကသိကြားမင်းတောင် ကယ်နိုင်မှာ မဟုတ်ဘူး'

'သူ့အဆိပ်က ဘယ်လိုအဆိပ်မျိုးခေါ်သလဲဆရာကြီး'

သမားတော်ကြီးက ခေါင်းယမ်းလိုက်သည်။

'ခုအချိန်မှာ ဘယ်လိုမှကို ပြောမပြနိုင်အောင်ဖြစ်နေတယ်၊ ဒါပေမယ့် ကျုပ်အပ်ကိုနုတ်ပြီး ဒီအဆိပ်ရဲ့ လက္ခဏာတွေကို အမြန်ဆုံးဖော်ထုတ်ပြီးရင်တော့ ဖြေဆေးကိုပါ ဖော်နိုင်မယ်လို့ထင်ပါတယ်၊ ဒါပါပဲမောင်ရင်'

ချီလုယန်းသည် မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ရှုံ့မှုတစ်ပါး ဘာများ တတ်နိုင်ပါဦးမည်နည်း။

❀

အခန်းထဲသို့ ချီလုယန်း ဝင်ရောက်လိုက်သည်နှင့် မိမိ၏မျက်လုံးများကို မယုံနိုင်အောင်ပင် ရုတ်တရက်အံ့ဩသွားသည်။

တဆက်တည်း သမားတော်ကြီးက မိမိကို ကျီစယ်လိုက်သည်ဟု စိတ်ထဲမှ ထင်မိသည်။

အကြောင်းမှာ

အဆိပ်မိသောလူငယ်သည်

ခပ်ပြုံးပြုံးဖြင့် ခုတင်ကိုမှီ၍ ထိုင်နေ၏။

ပြောစရာဆိုလို့ အညိုရောင်သမ်းနေသော မျက်နှာသာ ရှိတော့သည်။

ထိုလူငယ်ကို ကြည့်ရသည်မှာလည်း တည်းခိုခန်း၌ အနားယူနေသော လူကောင်းတစ်ယောက်ကဲ့သို့ပင် ဖြစ်နေသည်။

လည်မျိုနေရာတွင် အနည်းငယ် ရောင်ယမ်းနေ၏။

လူငယ်က ချီလုယန်းအား

'ထိုင်ပါအစ်ကို၊ အစ်ကို့ ကျေးဇူးကိုတော့ တစ်သက်လုံး မမေ့ပါဘူး'

ဟု ကျေးဇူးစကားဆိုလိုက်၏။

ချီလုယန်းသည် လူငယ်ကိုကြည့်၍ ကြေကွဲဖွယ်အော်ဟစ်ငိုလိုက်ချင်တော့သည်။

'သူ သူ့ခမြာအချိန်ပိုင်းသာနေရတော့မည်ဆိုတာကိုမသိရှာပါလား'

ဟူ၍လည်း ချီလုယန်းသည် ရင်ထဲမှ ရေရွတ်ဝမ်းနည်းလာသည်။

ချီလုယန်းသည် သူ၏မျက်နှာကို အတတ်နိုင်ဆုံး ထိန်းချုပ်၍ ပြုံးပြလိုက်သည်။



'ခင်ဗျား နေကောင်းတယ်နော်၊ ရင်ထဲဝမ်းထဲမှာကောဘယ့်နှယ်နေသလဲ' ဟုညင်သာစွာ မေးလိုက်၏။

လူငယ်ကပြုံး၍ ဦးခေါင်းယမ်းပြလိုက်ရင်း

'သိပ်ပြီး မအောင့်တော့ဘူး၊ မောလဲမမောတော့ဘူးအစ်ကို၊ ကျွန်တော်ဖြင့် လူ့လောကမှာ အသက်ရှင်နေထိုင်နိုင်ဖို့ လုံးဝမဖြစ်တော့ဘူးလို့ထင်နေတာ အစ်ကိုနဲ့တွေ့ရတာ ဘုရားမတာပဲ'

ချီလုယန်း အံ့ကြိတ်၍ နားထောင်နေရသည်။

'ခင်ဗျားရဲ့ အမျိုးအနွယ်မသိရဘူးလား'

'ဟုတ်ပါရဲ့ သိရပါတယ် ဟို အမျိုးအနွယ်ပါ ဟိုကန်းစုလို့ ခေါ်ပါတယ်၊ ကျွန်တော့်မိသားစုက ပိုကျန်းမြို့မှာ နေပါတယ်'

ချီလုယန်းက

'အသက်နှစ်ဆယ်ကျော်ပြီနဲ့တူပါတယ်'

ဟိုကန်းစုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်အစ်ကို နှစ်ဆယ့်တစ်နှစ်ပါ'

ချီလုယန်းက ထိုသူထက် နှစ်နှစ်ကြီးသည်။

သူတို့နှစ်ဦးသည် နှစ်နှစ်ကြီး နှစ်နှစ်ငယ် ဖြစ်သော်လည်း သန်မာဖွံ့ထွားမှုနှင့် ကိုယ်လုံးကိုယ်ထည်တို့က မတိမ်းမယိမ်း ပင်ရှိကြသည်။

ချီလုယန်း စဉ်းစားနေသည်။

ပိုကျန်းမြို့ကို မြင်းနှင့်သွားသည့်တိုင် အနည်းဆုံး သုံးရက်သွားရမည်ဖြစ်သည်။

ချီလုယန်းသည် ဟိုကန်းစုကို အိမ်အရောက် ပြန်ခိုင်းချင်သော်လည်း မဖြစ်နိုင်ပါ။

တစ်နေ့နှင့် တစ်ညသာခံမည့် လူမမာအတွက် ထိုခရီးသည် မဖြစ်နိုင်သော ခရီးတစ်ခုသာဖြစ်၏။

အကယ်၍သာ ချီလုယန်းသည် ဟိုကန်းစုကို မွေးရပ်မြေသို့ ပြန်ပို့လျှင် ဟိုကန်းစုသည် လမ်းတစ်ဝက်၌ပင် သေဆုံးမည် မဟုတ်ပါလား။

'ဒါထက် ဟိုကန်းစု'

'ပြောပါအစ်ကို'

'ဒီကနေ ပိုကျန်းမြို့ကို ပြန်ရင် သုံးရက်ကြာမှ ရောက်မှာနော်'

'ဟုတ်ကဲ့၊ ဒါတောင်ခရီးမြင်းနှင်မှ ရောက်မှာပါ'

ချီလုယန်းက တစ်မျိုးစဉ်းစားပြန်သည်။

'ဒီအနီးအနားမှာကော မင်းရဲ့ ဆွေမျိုးတွေ မရှိဘူးလား၊ သူတို့ဆီကော ဝင်စရာမရှိဘူးလား၊ ဆိုပါတော့ကွာ အခုညသွားရင် အခုညရောက်မယ့် ဆွေမျိုးသားချင်းအိမ်ဆိုပါတော့'

ဟိုကန်းစုသည် ခပ်အေးအေးကလေး ချီလုယန်းကို ပြန်ကြည့်နေမိသည်။

ပြီးမှ ခေါင်းယမ်းလိုက်သည်။

'နီးနီးနားနားမှာ တစ်ယောက်မှမရှိပါဘူး၊ အစ်ကိုဘာဖြစ်လို့ ဒီလိုမေးတာလဲ'

ချီလုယန်းက ကပျာကယာ ခေါင်းယမ်း၍



'ဘာမှမဟုတ်ပါဘူး၊ သမားတော် အိမ်ထက်စာရင် ဆွေမျိုးအိမ်က ပိုပြီး မင်းစိတ်ချမ်းသာမလားလို့ပါ'

ဟိုကန်းစုက တစ်မျိုး တစ်ဖုံ တွေးမိလိုက်ပုံရ၏။

'အစ်ကို ဒီမှာလဲ စိတ်ချမ်းသာပါတယ်၊ သူက ကျွန်တော့်ဆီက အဖိုးတန်ပစ္စည်းကြီးကို လုယူသွားပေမယ့် ဆေးဝါးကုသဖို့ ငွေသားအတော်များများ ကျွန်တော့်ဆီမှာရှိပါတယ်'

'ကျုပ် မေးတာ မင်းအတွက်ပါ၊ ဒါကြောင့် မဟုတ်ပါဘူး'

ချီလုယန်းက စိတ်မကောင်းစွာဖြင့် ပြန်ပြောလိုက်ရသည်။

တဆက်တည်းမှာပင် ချီလုယန်းသည် ဟိုကန်းစု၏စကားထဲ၌ အဖိုးတန်ပစ္စည်းလုသွားခြင်း ခံရသည့် အကြောင်းနှင့် လုယူသွားသည့်လူကို ဟိုကန်းစု သိနေသည် ဟူသော အချက်များ ပါရှိနေသည်ကို သတိပြုမိ၏။

သူဆိုသည်က ဘယ်သူလဲ။

အဖိုးတန်ပစ္စည်းဆိုသည်က ဘာလဲ။

ချီလုယန်းငေး၍ တွေးနေမိပြန်၏။

'ငါ့အနေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေထဲ ဝင်ချင်တဲ့ဆန္ဒမရှိတော့ပါဘူး'

'အဲဒီတော့ ကိုယ်နဲ့မဆိုင်တာ မမေးတာမဲ ကောင်းပါတယ်'

မိမိစိတ်ထဲမှ ပြောလိုက်၏။

တစ်ချိန်တည်းမှာပင်

'မင်းက ကျေးဇူးကန်းတော့မလို့လား၊ သူဝယ်လာတဲ့ ပစ္စည်းတွေကိုတော့ တနင့်တပိုးစားပြီး သူ့ကို ဒီအတိုင်းပဲ

မင်းက သနားတာထားတော့မလား၊ သူဟာ မင်းနဲ့တစ်နေ့တစ်ည နေရတော့မယ့်သူပါ၊ သူ့ရဲ့ဆန္ဒရှိတာတွေကိုတော့ မင်း ကူညီသင့်တာပေါ့ ချီလုယန်းရယ်’

ဟု ချီလုယန်း၏ ပင်ကိုယ် အသိတရားစိတ်က နှိုးဆွ လာပြန်၏။

‘ဟုတ်တယ်၊မှန်တယ်၊ သူ့ရဲ့အစားအသောက်တွေကိုတောင် ငါက စားသောက်ခဲ့တဲ့လူတစ်ယောက်ပဲ၊ ဒါဟာ ငါ့ကျေးဇူးရှင်ပေါ့၊ သူဘာဖြစ်စေချင်သလဲ၊ သူ့မှာ ဘာဆန္ဒရှိသလဲ’

‘အို ဒါတွေကို ငါကမေးရင် သူရိပ်မိသွားမလား’

‘မရိပ်မိအောင်တော့ ငါက ကြိုးစားပြီး မေးရမှာပေါ့’

‘အို မကြာခင်သေရတော့မယ် လူငယ်၊ ကျုပ် ရင်မောမိလှပေါ့’

ဤသို့ဖြင့် ချီလုယန်းသည် မိမိကိုယ်မိမိ စိတ်ထဲမှအမျိုးမျိုး တွေးကာ စိတ်မော လူမော ဖြစ်လာလေတော့၏။

ညဥ့်ဦးယံ၏ လေပြည်ကလေးက အခန်းထဲသို့ ဝေ့ဝဲတိုက်ခတ်နေသဖြင့် ချီလုယန်းက တံခါးများကို လိုက်၍ ပိတ်ပစ်လိုက်သည်။

မီးတိုင်မှ အလင်းရောင်သည် အခန်းတစ်ခုလုံးကို လုံလောက်စွာ ထွန်းညှိပေးထားလေသည်။

ဟိုကန်းစုသည် ဆန်ပြုတ်ကို အတော် များများ ကလေးသောက်ထားရသဖြင့် အားအင် ပြည့်ဖြိုးနေပုံရသည်။



ခုနေအခါ ဟိုကန်းစုက မည်သည့်အစာကိုပဲ စားချင်သည်ဖြစ်စေ မည်သည့်အလုပ်ကိုပဲ လုပ်ချင်သည်ဖြစ်စေ၊ မည်သည့်စကားကိုပဲ ‘ပြောချင်သည်ဖြစ်စေ အစွမ်းကုန်လိုက်လျော ပါမည်ဟု ချီလုယန်း ဆုံးဖြတ်ထားသည်။

နောင်တစ်နေ့၌ မိမိသေရတော့မည်ကို လုံးဝ မသိရှိသော ဟိုကန်းစုသည် ပြုံးလို့ ပျော်လို့။

ချီလုယန်းကို ကယ်တင်ရှင်ကြီးတစ်ယောက်အဖြစ် ကျေးဇူးတင်နေလိုသေးသည်။

‘မင်းဟာမင်း တောထဲမှာ သေသွားတာကမှ ငါ့အနေနဲ့ ဖြေသာပါဦးမယ် ဟိုကန်းစုရယ်’

ဟုချီလုယန်း ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့်ခံစားရင်းညည်းညူမိသည်။

‘အစ်ကို၊ အစ်ကို့နာမည်လေး ကျွန်တော့ကို တဆိတ်လောက် ပြောပါဦး’

ချီလုယန်းက ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

‘ဟာ ပြောရမှာပေါ့၊ ငါ့နာမည် ချီလုယန်းလို့ခေါ်တယ်’

‘ဟုတ်ကဲ့ ကျွန်တော် မှတ်ထားပါ့မယ် အစ်ကို ချီလုယန်း၊ အိမ်ရောက်ရင် ဒီအဖြစ်အပျက်တွေကို မေမေနဲ့ ကျွန်တော့် မမကိုသာ ပြောပြရင် အစ်ကို ချီလုယန်းကို ကျေးဇူးတင်လိုက်မယ့်ဖြစ်ချင်း၊ မေမေနဲ့ မမက ကျွန်တော့်ကို သိပ်ချစ်ပြီး၊ သိပ်အားကိုးရှာတာ အစ်ကိုရဲ့’

‘ဪ ဟုတ်လား၊ မင်းမှာ မေမေနဲ့ အစ်မကြီး ရှိသေးတာကိုး၊ ဒါဆိုရင် မင်းရဲ့ဖခင်တော့ မရှိတော့ဘူးပေါ့’

ဟိုကန်းစု မျက်နှာ ကွက်ခနဲ ညှိုးသွားသည်။

'ဟုတ်ပါတယ်၊ ဖေဖေက သူများသတ်လို့သေသွားပြီ'

'အို'

ချီလုယန်း စိတ်မကောင်းစွာဖြင့် 'အို' ဟု တလိုက်မိသည်။ တဆက်တည်းပင် စိတ်ထဲမှာလည်း

'မင်းလဲ သူများသတ်လို့ သေရတော့မှာပါလား ငါ့ညီရယ်' ဟု စိတ်မကောင်းစွာ ဈေးလိုက်မိ၏။

ပြီးမှ ချီလုယန်းသည် တစ်ချက်ပြုံးလိုက်ပြီး

'ဒါထက် ဟိုကန်းစု'

'ခင်ဗျာ'

'မင်း ငါ့ကို ယုံတယ် မဟုတ်လား'

'အစ်ကို့လိုလူမျိုးကို ကျွန်တော် မယုံကြည်ရင် ခွေးထက် မိုက်တော့မှာပေါ့'

ချီလုယန်းက ပြုံးလိုက်သည်။

'ငါက စာပေလေး ဘာလေး ဝါသနာပါတော့ တချို့ အကြောင်းအရာတွေကို သိပ်သိချင်တာပဲကွ၊ ဒီတော့ မင်းတို့ မိသားစုအကြောင်းနဲ့ မင်း အခုလို ကြုံတွေ့ခဲ့ရတာတွေ ငါ့ကို မပြောပြနိုင်ဘူးလား'

'အစ်ကို သိချင်ရင် ကျွန်တော် ပြောပြရမှာပေါ့၊ ကျွန်တော်တို့ ဘဝတွေက ကြမ်းတမ်းပါတယ်ဗျာ၊ နောက်ပိုင်းမှာ အစ်ကို ကျွန်တော့်ကို အထင်မသေးသွားနဲ့နော်'

ချီလုယန်းက ခေါင်းယမ်း၍

'အို ဘာဖြစ်လို့ မင်းကို ငါက အထင်သေးရမှာလဲ'



ဟိုကန်းစုသည် စိတ်တက်ကြွလာပုံရသည်။

အလွန်ရိုးသားပုံရသော ဟိုကန်းစုသည် နေရာ အနည်းငယ် ရွှေ့ထိုင်လိုက်ပြီး သူ၏ မိသားစု အကြောင်းကို စတင်၍ပြောပြသည်။

'ကျွန်တော်တို့မှာ မောင်နှမ သုံးယောက်ရှိတယ် အစ်ကိုရဲ့' ဟိုကန်းစုသည် ထိုအစန်းမှစ၍ သူတို့၏ ဇာတ်ကြောင်းကို စတင်တော့သည်။

အခန်း ၃။

## အတိတ်၏ကြေးမုံပြင်

မောင်နှမ သုံးယောက်။

ဟိုကျင်းမာက အကြီးဆုံး။

သူမ၏အောက် တစ်နှစ်ငယ်သူက ဟိုကန်းစု။

ဟိုကန်းစု၏အောက် တစ်နှစ်ခွဲ နှစ်နှစ်နီးပါး ငယ်သူ။

ဟိုကန်းလင်း။

မောင်နှမသုံးယောက် ချစ်ကြခင်ကြပုံကိုကြည့်၍ ဖခင်ဖြစ်သူ ဟိုက်ချိုက်ဆုံမှာ ပီတိများ ဝေဖြာနေသည်။

မိခင်မှာ ရွာအနီး ဖြစ်၏။

'ညီအစ်ကိုမောင်နှမဆိုတာ အမြဲတမ်း ချစ်ချစ်ခင်ခင်နဲ့ တစ်



စိတ်တည်း တစ်ဝမ်းတည်း နေရတယ်၊ဘယ်တော့မှ သွေးမကွဲရဘူး ကြားလား'

ဖခင်ကြီးက မိသားစုများ စုံလင်သည့်အခါ ထိုကဲ့သို့ ဆုံးမသည်။

အစ်မကြီးဖြစ်သူ ဟိုကျင်းမာမှာ အသက်ဆယ့်ခုနစ်နှစ်ရှိပြီး ဟိုကန်းစုက ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။

'ကျွန်တော်က အမြဲတမ်း ချစ်ချစ်ခင်ခင် နေချင်တာပေါ့ အဖေရဲ့၊ ဒါပေမယ့် အစ်မ ကျင်းမာက တော်တော်ကြာ အိမ်ထောင်ပြုတော့မှ'

'ဟယ် ဒီကောင်လေး'

မိခင်က ဝင်၍ ဟန့်တားသည်။

ဟိုကျင်းမှာက မျက်စောင်းထိုး၍

'ဒီမှာ မောင်လေး၊ အစ်မက အကြီးဖြစ်ပေမယ့် ငါ့မောင်လေးနှစ်ယောက် ရှိနေသမျှ ကာလပတ်လုံး ဘယ်တော့မှ အိမ်ထောင်မပြုဘူး၊ မျက်နှာကို သေသေချာချာ ကြည့်ထား၊ နင်သာ အခု အသက်ဆယ့်ခြောက်နှစ်ပဲရှိသေးတယ်၊ ကုမာလန်း ဆိုတဲ့ ကောင်မလေးက လာလိုက်ရတာ ချောင်းကိုပေါက်တော့မယ်၊ နင်သာ တို့ကို ခွဲပြီး သူနဲ့ယူသွားတော့မှာ မဟုတ်လား'

ဟိုကန်းစုက ရှက်ပြုံးပြုံး၍

'ဟာ သူ့ဟာသူ လာတာပဲ၊ ငါနဲ့ဘာဖြစ်တာမှတ်လို့၊ငါက မိန်းကလေးဆိုရင် အမေနဲ့ အစ်မကိုပဲ ချစ်တယ် သိလား'

ဟိုကန်းစုသည် မိခင်ကို ဖက်၍ ပြောလိုက်သည်။

ထို့နောက် အစ်မဖြစ်သူ၏ လည်ပင်းကိုလည်း ဖက်ထားလိုက်သည်။

ဖခင်ဖြစ်သူက ပြုံးနေရာမှ ပါးစပ်ထဲက ဆေးတံကို ဖြုတ်ယူလိုက်ပြီး

'ဟော့ ဟော့ ဒါတွေက ဘယ်သူမှ လွန်ဆန်နိုင်တဲ့ကိစ္စတွေမဟုတ်ဘူး၊ အချိန်တန် အရွယ်ရောက်ရင် ကိုယ့်ဘဝကိုယ်ဖန်တီးပြီး ကိုယ့်သမီးကိုယ်လျှောက်ကြမယ့် လူတွေချည်းပဲ၊ ဖေဖေ ပြောချင်တာက ဒါမဟုတ်ဘူး၊ အသက်ရှင်နေသမျှကာလပတ်လုံး ဘယ်လို ဘဝမျိုးပဲ ဖြစ်နေ ဖြစ်နေ၊ ဘယ်လိုပဲ သူစိမ်း ဖက်သာ ဖက်လာ မိသားစု စိတ်ဝမ်းမကွဲဖို့ဘဲကွယ့် သိလား'

'ဟုတ်ကဲ့ပါ ဖေဖေ'

'သမီးလဲ သဘောပေါက်ပါတယ် ဖေဖေ'

ထိုစဉ်က ဆယ့်လေးနှစ်သာရှိသေးသည့် အငယ်ဆုံး ဟိုကန်းလင်းက

'ကျွန်တော်ကတော့ ဘယ်မိန်းမမှ မယူဘူးဗျ၊ ကဗျာစာပေလိုက်စားပြီး မိဘကိုလုပ်ကျွေးမှာ'

ဟု ပြောလိုက်ရာ မိသားစုအားလုံး ဟိုကန်းလင်းကိုကြည့်၍ သဘောကျသွားတော့သည်။



မှန်သည်။

အငယ်ဆုံး ဟိုကန်းလင်းသည် စိတ်ထားနူးညံ့ပြီး ကဗျာစာပေကို ဝါသနာထုံသူဖြစ်သည်။

ဟိုကန်းစုက ပညာသင်ကြားရာတွင် စာပေနှင့် အခြားသိုင်းပညာရပ်များကိုပါ လေ့လာပူးတွဲ၍ သင်သော်လည်း ဟိုကန်းလင်းကို သိုင်းပညာသင်ခိုင်း၍ မရပါ။

သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ရသည်ကိုပင် သူသည် အလွန်ဝန်လေးသူ တစ်ယောက်ဖြစ်၏။

အစ်မဖြစ်သူ ဟိုကျင်းမာမှာ စာပေ ပညာမှလွဲ၍ အခြားမည်သည့်ပညာမှ မသင်ကြားခဲ့ရပေ။

အကြောင်းမှာ မိခင်ဖြစ်သူသည် ကျန်းမာရေး အလွန်ချို့တဲ့သူဖြစ်သောကြောင့် အိမ်တာဝန်ကို သမီးအကြီးဆုံးက ထမ်းဆောင်သဖြင့် အခြားကိစ္စရပ်များတွင် လုံးဝ အချိန်မပေးနိုင်ခဲ့ချေ။

ဖခင်ဖြစ်သူ ဟိုကဲ်ချိုက်ဆုံသည် ပို့ဆောင်ရေးဌာန တစ်ခု၌ အလုပ်လုပ်ရင်း မိသားစုများကို မျက်နှာမငယ်ရအောင်ထားနိုင်ခဲ့သည်။

သူသည် စီထီအာမခံပို့ဆောင်ရေး၌ ဒုတိယ တာဝန်မှူးဝထူးကိုရထားသူဖြစ်သည်။

စီထီအာမခံဌာနတွင် ဌာနမှူး ဝမ်းစီထိကလွဲလျှင် တာဝန်မှူးနှစ်ယောက်ရှိ၏။

ပထမ တာဝန်မှူးရှိအော့သည် သိုင်းပညာရပ်၌ထိပ်တန်း

အဆင့်ရှိသူဖြစ်၍ စီထိအာမခံဌာနအဖို့ အထူးအားထားရသောလူ ဖြစ်ခဲ့သည်။

ရိအော့ကလွဲလျှင် ဒုတိယတာဝန်မှူးမှာ ဟိုက်ချိက်ဆုံသာ ဖြစ်ပေ၏။

မမျှော်လင့်သော နေ့တစ်နေ့။

သို့မဟုတ်

ဟိုကန်းစုတို့၏မိသားစုကမ္ဘာလေး ပျက်စီးသောနေ့တစ်နေ့။

ဟိုကျန်းမြို့မှနေ၍ ဟန်ကြူးမြို့ကြီးဆီသို့ ပို့ဆောင်ရမည့် ကိစ္စတစ်ခုသည် စီထိအာမခံဌာနသို့ ရောက်ရှိလာ၏။

ထိုပစ္စည်းကို ဟန်ကြူးမြို့သို့ အမြန်ဆုံးပို့ဆောင်ရမည် ဖြစ်လေ၏။

ယင်းပစ္စည်းများ၌ အဖိုးတန်ရတနာများလည်း ပါရှိနေပေရာ ဌာနမှူးစီထိက အခကြေးငွေကို ခါတိုင်းထက်နှစ်ဆ ပို၍ ယူလိုက်၏။

ပစ္စည်းပိုင်ရှင်ကလည်း ဌာနမှူး စီထိ တောင်းသလောက် အခကြေးငွေကို ပေးလိုက်၏။

အကယ်တန္တု ထိုပစ္စည်း ပျက်စီးဆုံးရှုံးရသည် ရှိသော် အာမခံဌာနက လျော်ကြေးနှစ်ဆ ပေးရမည်ဖြစ်သည်။

စီထိသည် သူ၏လက်အောက်မှ ပို့ဆောင်ရေးသမားများ



ဖြစ်သော ရိအော့နှင့် ဟိုက်ချိက်ဆုံကို အလွန်ပင် စိတ်ချယုံကြည်ထားသည်။

ထိုလူများသည် သည့်ထက်မကသော တန်ဖိုးကြီးမားသည့် ပစ္စည်းပေါင်း မြောက်မြားစွာကို အခေါက်ပေါင်းမြောက်မြားစွာပို့ခဲ့ဖူးသည်။

အပျောက်အရှ အမှားအယွင်း တစ်ကြိမ်မျှမရှိခဲ့ပေ။

သို့သော် ယခုတစ်ခေါက်တွင် ပြောစရာတစ်ခု ရှိသည်မှာ ပထမ အာမခံဌာနမှူး ရိအော့မှာ မကျန်းမမာဖြစ်နေခြင်းပင် ဖြစ်သည်။

ပိုင်ရှင်က ပို့ရမည့် ပစ္စည်းကို အလျင်အမြန် ရောက်စေချင်သည်။

သို့ဖြစ်၍

ရိအော့သည် မကျန်းမာသည့်ကြားကထ၍လိုက်ပါလာရ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဟိုက်ချိက်ဆုံက စိတ်မကောင်းဖြစ်မိ၏။

ထို့ကြောင့် သူသည် ဌာနမှူးအား

'ဌာနမှူး သူက ဒီလောက်နေထိုင်မကောင်း ဖြစ်နေတာ ကျွန်တော်ပဲပို့ပါရစေ'ဟု ဝင်ပြောသည်။

ရိအော့က

'မဟုတ်တာကွာ ငါ့အနေနဲ့ သွားရင်းလာရင်း ကောင်းသွားမှာပါ၊ ငါမင်းကို စိတ်မချဘူး၊ ကျားဆိုး တောင်ကြားဟာ နာမည်နဲ့လိုက်အောင် ဆိုးတယ်ဆိုတာလဲ မင်းသိလျက်သားနဲ့ ငါပါလိုက်မှယ်'

ဟိုက်ချိက်ဆုံသည် ရိအော့ကို ကြည့်လိုက်သည်။

ရီအော့၏မျက်နှာမှာ အလွန်သွေးအားနည်းပြီး ဖျော့နေ၏။

ခါတိုင်းလည်း ဟိုက်ချိုက်ဆိုသည် ဤလမ်းခရီးအား တစ်ယောက်တည်း သွားနေကျဖြစ်၍ နေထိုင်မကောင်းဖြစ်နေသော ရီအော့ကို ခေါ်မသွားလိုတော့ပေ။

သို့ဖြစ်၍ သူသည် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချလိုက်ပြီး...

'ဆရာ ရီအော့ နေခဲ့ပါဗျာ၊ ဒီကိစ္စ ကျွန်တော်ပဲ တာဝန်ယူလိုက်ပါမယ်'

ဟု ပြတ်ပြတ်သားသား ပြောလိုက်လေတော့သည်။

ရီအော့မှာ ဟိုက်ချိုက်ဆိုက အတန်တန် ပြောနေ၍ ဆက်လက် မငြင်းတော့ပဲ ကျန်ရစ်ခဲ့တော့သည်။

ဟိုက်ချိုက်ဆို၏ဆုံးဖြတ်ချက်သည် မိမိ မိသားစု၏ကံကြမ္မာ အလှည့်အပြောင်းဖြစ်ကြောင်း ထိုစဉ်က ဟိုက်ချိုက်ဆို မသိချေ။

❀

မကြာပါ။

သူတို့ထွက်သွားပြီးနောက် နောက်တစ်နေ့မနက် စောစောစီးစီးမှာပင် မင်္ဂလာမရှိသောသတင်းကို စီထိအာမခံဌာနမှ ကြားလိုက်ရတော့သည်။

ကျားဆိုး တောင်ကြား၌ပင် ဖြစ်သည်။

ကျားဆိုးတောင်ကြားဟု အမည်တွင်နေခြင်းမှာ ဟိုတုန်း



အချိန်များက အမှန်တကယ်ပင် ကျားဆိုးကြီးများ သောင်းကျန်းနေတတ်သဖြင့် ကျားဆိုးတောင်ကြားဟုအမည်တွင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုအခါတွင် တိရစ္ဆာန်ကျားဆိုးများမှာမရှိတော့ပါ။

တိရစ္ဆာန်ကျားဆိုးများအစား လူသား ဒုစရိုက်သမားများ ကြီးစိုးနေခြင်းသာ ဖြစ်သည်။

တန်ကြူးသို့ ပစ္စည်းများ သွားရောက် ပို့ဆောင်ပေးကြသော လူခြောက်ယောက်အနက် တစ်ယောက်သာလျှင် စီထိထံသို့ သတင်းပြန်ပို့နိုင်သည်။

ကျားဆိုးတောင်ကြား အရောက်၌ မျက်နှာဖုံးတပ် ဓားပြတစ်စုက အပြင်းအထန် တိုက်ခိုက်သဖြင့် ပစ္စည်းများအားလုံး ပါသွားသည့်အပြင် ဟိုက်ချိုက်ဆို အပါအဝင် လူငါးယောက် အသတ်ခံလိုက်ရပြီဖြစ်ကြောင်း သတင်းကြားလိုက်ရတော့၏။

❀

ဌာနမှူးကြီး စီထိအဖို့ အစစအရာရာ ဆုံးရှုံးနစ်နာသွားရတော့သည်။

သူသည် ပစ္စည်းများဆုံးရှုံးရသည့်အပြင် လူတော်လူကောင်းများပါ ဆုံးရှုံးရသဖြင့် အလွန်ပင် စိတ်ထိခိုက်သွားလေသည်။

ထိုသတင်းကိုကြားရသောရီအော့မှာအပြေးအလွှားရောက်ရှိလာပြီး တက်တစ်ခေါက်ခေါက်နှင့် ဖြစ်နေတော့သည်။

'ကျုပ်ထင်တယ်၊ ဒါကြောင့်မို့ ဒီကောင် တစ်ယောက်တည်း သွားမယ်ဆိုကတည်းက စိတ်ပေါ်တော်လေးနေတာ'

စီထိက ဝိတ်ပျက်လက်ပျက် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ရင်း စာရင်းစာအုပ်ကိုသာ ဆွဲကိုင်လိုက်တော့သည်။

'ငါ့တာဝန်ကတော့ အာမခံဌာနကို အထိမခံနိုင်ဘူး၊ သူတို့ရဲ့ ပစ္စည်းတန်ဖိုးကို လျော်ပေးရမှာဘဲ'

စီထိသည် လုပ်ငန်းနှင့် ပတ်သက်လာလျှင် စည်းကမ်းကြီးသူဖြစ်သည်။

သူသည် ပစ္စည်းပိုင်ရှင်ကို ရှေးဦးစွာ လျော်ကြေးပေးလိုက်လေသည်။

ကျန်သောကိစ္စများကို တဖြည်းဖြည်း ဆက်လက်ဆောင်ရွက်သည်။

ကျန်သောကိစ္စဆိုသည်မှာ အာမခံဌာနမှ တာဝန်ယူသော တာဝန်မှူးများသည် တစ်စုံတစ်ရာပစ္စည်းများပျောက်ရှဆုံးရှုံးပါက ထိုတာဝန်မှူးများက တာဝန်ယူ၍ လျော်ပေးရသည်။

အကယ်၍ အသက်ကို အဆုံးခံပြီး ခုခံကာကွယ်ခဲ့သည့်တိုင်အောင် သုံးချိုးတစ်ချိုးကို ပေးလျော်ပါမည်ဟု ကတိခံထားရလေသည်။

ထိုစည်းကမ်းများအရ ယခုကိစ္စသည်လည်း သေဆုံးသွားသော ဟိုက်ချိုက်ဆိုသည် ပစ္စည်း၏ သုံးချိုးတစ်ချိုးတန်ဖိုးကို ပေးရမည်သာ ဖြစ်တော့သည်။



ဟိုကန်းစုတို့ မိသားစုမှာ မျက်ရည်နှင့်မျက်ခွက်။

အားသုံး အောင်ဟစ်၍ ငိုကြွေးနေရသည်။

ဌာနမှူးကြီး စီထိသည် ထိုအချက်ကို မြင်ရပြန်တော့လည်း စိတ်မကောင်းပေ။

သို့သော် သူသည် အလုပ်နှင့် ပတ်သက်လာလျှင် တိကျသူဖြစ်သောကြောင့်-

'ကျုပ်လုံးဝ စိတ်မကောင်းပါဘူး၊ အခု ဆုံးရှုံးရတာ စုစုပေါင်း သုံးသောင်းကျော်ပါတယ်၊ ဒါပေမယ့်ကျုပ်ကခင်ဗျားတို့ကို တစ်သောင်းပဲ, သတ်မှတ်ပါတယ်၊ အဲဒီရတော့ ဒီငွေကို ခင်ဗျားတို့ ဘယ်လိုပေးမယ်ဆိုတာကိုတော့ ကတိပေးပါ'

ငွေတစ်သောင်း။

ထိုစဉ်အခါက ငွေသားတစ်သောင်း၏ တန်ဖိုးမှာ နည်းနောလှသည် မဟုတ်ပေ။

နေအိမ်နှင့် ခြံမြေကို ပေးသည့်တိုင်အောင် ထက်ဝက်မျှပင် မကျေပါ။

မိခင်ဖြစ်သူ စွာအမ်းသည် ငိုကြွေးနေရာမှ လင်သားဖြစ်သူ၏ အကြွေးကို ဆပ်ပါမည်ဟု ကတိပေးလေသည်။

သို့သော် မိမိတို့မှာ ဟိုက်ချိုက်ဆုံ၏ လုပ်စာ တစ်ခုတည်းမှာသာ မှီခိုစားသောက်နေရသူမို့ လောလောဆယ်၌ ငွေကြေးမရှိပါ။

စုဆောင်းထားသောငွေ စုစုပေါင်း တစ်ထောင်လောက်ကိုသာ ရှေးဦးစွာ ယူသွားပါဟု တောင်းပန်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်ကလဲ လူမှုရေးအရ ခင်ဗျားတို့

အပေါ်မှာ လိုက်လျှောရမှာပေါ့၊ ကျုန်တဲ့ငွေကိုလဲ ခင်ဗျားတို့ ပေးနိုင်လောက်တဲ့အချိန်ကိုသာ ပြောပါ'

စွာအန်းက

'ကျွန်မတို့ တစ်နှစ်ကို တစ်တောင့်ထက်မနည်းအောင်တော့ ပေးပါမယ်ရှင်၊ အကယ်၍ ကျွန်မတို့မှာ အလုပ်အကိုင်ကောင်း လာရင်လဲ ကောင်းလာသလို နှစ်ထောင်အထိ တိုးပေးပါမယ်'

စီထိက စဉ်းစား၍

'တစ်နှစ်ကို တစ်ထောင်ဆိုတာတော့ အင်မတန် နည်းလွန်း တယ်ဗျာ၊ ကျုပ်အနေနဲ့ ငါးနှစ်အထိဆိုင်းမယ်၊ ငါးနှစ် ကျလို့မှ အပြေအလည် မပေးနိုင်ရင် ခြံနဲ့အိမ်ကို ကျုပ်သိမ်းရ မှာပါပဲ'

စီထိမှာ ထိုစကားကို ပြောသာပြောရသော်လည်း သိပ်ပြီး စိတ်ကောင်းဟန်တော့မတူပါ။

စွာအန်းကလည်း ခေါင်းညိတ် အာမခံလိုက်သည်။

'မေမေ ဈေးလည်ရောင်းပြီး ပိုလျှံအောင်စုပါမယ်၊ သားတို့ သမီးတို့ရယ်၊ မပူစမ်းပါနဲ့'

ဟိုကျင်းမာက

'သမီးလဲရောင်းမယ်၊ ဒါမှ ဒီအကြွေး မြန်မြန်ကျေမှာ'

ဟိုကန်းစုကဝင်၍



'မလုပ်ရဘူး၊အစ်မဘာမှမလုပ်ရဘူး၊ အခုဆိုရင် ကျွန်တော် က ကျောင်းလဲ ဆက်နေရတော့တာမှမဟုတ်ပဲ၊ ကျွန်တော် အလုပ်လုပ်ပါမယ်၊ အမေလဲ ဘာမှ မရောင်းရဘူး'

ဟိုကျင်းမာက ခေါင်းယမ်း၍

'ငါ့မောင်နှစ်ယောက်စလုံး မလုပ်ရဘူး၊ အမေလဲ ဘာမှ မလုပ်နဲ့၊ သမီးက ဒီအိမ်မှာအကြီးပဲ၊ သမီးကိုယ်တိုင် ဈေး ရောင်းမယ်'

မောင်နှမများ တစ်ယောက်ကိုတစ်ယောက် ညှာကြသည်။

မိခင်ကြီးမှာလည်း ကျန်းမာရေးမကောင်း၍ မည်သူ့ကမျှ အလုပ်ပေးမလုပ်ပါ။

နောက်ဆုံးတွင်

ဟိုကန်းစုက ရှိစုမဲ့စုလေးဖြင့် မြင်းလှည်းတစ်စီးဝယ်ကာ၊ ဟိုကျန်းမြို့တွင် မြင်းလှည်းမောင်း၍ အိမ်ထောင်စု တာဝန်ကို ယူလိုက်ရလေတော့သည်။

အခန်း ၄။

## ချစ်သူခရီးသည်

ဖခင်မရှိတော့သည့်အခါ အိမ်ထောင်စုတစ်စုလုံး၏ တာဝန်သည် ဟိုကန်းစုထံ၌ စုပုံလာသည်၊

ဟိုကန်းစု မြင်းလှည်းမောင်း၍ ရသမျှကို မိခင်ကြီးက ချို့ချို့တဲ့တဲ့ သုံးစွဲ၍ တစ်ချို့တစ်ဝက်ကို စုဆောင်း၏။

ဟိုကန်းစုသာမရှိလျှင် မိသားစု၏ ဒုက္ခမှာ တွေးဝံ့စရာမရှိ။

မိခင်ကြီးက မကျန်းမာသူ။

ညီငယ်က ကျောင်းသားအရွယ်။

အစ်မမှာလည်း အိမ်၏ဝေယျာဝစ္စနှင့် လက်မလယ်အောင် လုပ်ကိုင်နေရသူ ဖြစ်သောကြောင့် ငွေရအောင် ရှာဖွေနိုင်သူမှာ ဟိုကန်းစုတစ်ယောက်သာ ရှိသည်မဟုတ်ပါလား။

ဟိုကန်းစုသည် အလွန်ကြိုးစား၍ လုပ်ကိုင်၏။

ဟိုကန်းစု၏ မိသားစုကလည်း ချွေချွေတာတာ သုံးစွဲ၏။



သို့တိုင်အောင် စုဆောင်းရသည့်ငွေမှာ ခြောက်လတွင် ငါးရာမပြည့်ပေ။

သည်တော့ တစ်နှစ်လျှင် တစ်ထောင်မရရှိနိုင်ပါ။

ဟိုကန်းစုက အားမလျော့ဘဲ ပိုမို၍ ရှာဖွေလုပ်ကိုင်သည်။

မောင်လေးတစ်ယောက် ပင်ပန်းသည်ကို မြင်ရသော အစ်မဖြစ်သူ ဟိုကျင်းမာသည် လုံးဝ စိတ်မကောင်း။

သို့သော် ကမ္ဘာမီးလောင် သားကောင် ချနင်းဆိုသော စကားကဲ့သို့ မတတ်သာတော့လည်း မောင်လေးဖြစ်သူ ဆင်းရဲစွာ ရှာဖွေနေသည်ကိုပင် မျက်စိမှိတ်၍ စားသောက်နေရသည် မဟုတ်ပါလား။

✿

မြင်းလှည်းက လမ်းဆုံ လမ်းခွ တစ်ခုတွင် ရပ်ထားသည်။ လူသွားလူလာကျဲ၍ ခရီးသည် မရှိ။

ထိုအချိန် အသက်ဆယ့်ခြောက်နှစ်ခန့်ရှိ မိန်းကလေး တစ်ဦးက မြင်းလှည်းပေါ် ရုတ်တရက် တက်ထိုင်လိုက်သည်။

ဟိုကန်းစုက လှည့်ကြည့်လိုက်၏။

ခရီးသည် မဟုတ်ပါ။

ဟိုကန်းစုအား တစ်ဘက်သတ် စွဲလမ်း၍ ချစ်နေသူ ကုမာလန်းဆိုသည့် မိန်းကလေး ဖြစ်နေပါသည်။

'ဘယ်လိုလဲ ဆရာကြီး၊ မြင်းလှည်းစီးမယ့်သူမရှိလို့ စိတ်ညစ်နေသလား၊ ကဲ ခရီးသည်ရပြီ မောင်းတော့'

ကုမာလန်းသည် အသက်ငယ်ရွယ်သူပီပီ ချစ်စရာ အလွန်ကောင်းသည့် မိန်းကလေးတစ်ဦး ဖြစ်သည်။

သူမသည် အခြားသော မိန်းကလေးများကဲ့သို့ မဟုတ်။

စကားပြောဆိုရာတွင် ရှက်ရွံ့တွန့်ဆုတ်ခြင်း မရှိ။

ပွင့်လင်းသည်။ ရဲရင့်သည်။

အလုပ်လုပ်သည့်နေရာတွင်လည်း တိကျသည် မှန်ကန်သည်။

အရာရာတွင် ဖျတ်ဖျတ်လတ်လတ်နှင့် လုပ်တတ်ကိုင်တတ်သူ ဖြစ်လေသည်။

'ဟာ ကုမာလန်းရယ်၊ ငါ ဦးနှောက်ခြောက်နေလို့ ဘယ်ကိုမှ မမောင်းချင်ဘူး'

ကုမာလန်း မျက်မှောင်ကြုတ်၍ ဟိုကန်းစုကို ကြည့်လိုက်သည်။

'ဘာတွေ ဦးနှောက်ခြောက်နေတာလဲ'

'နင် သိပါတယ်၊ အထူး ပြောစရာမလိုပါဘူး'

ကုမာလန်း မျက်နှာညှိုးသွားသည်။

'အေးပါ၊ ငါ နင့်အကြောင်း သိပါတယ်၊ တမင်တကာ ကျီစားတာပါ၊ နင်ကလဲ သိပ်စိတ်မညစ်ပါနဲ့၊ ခု ခရီးသည် ရပြီပဲ၊ မောင်းပါ'

'နင် ဘယ်သွားမလို့လဲ၊ ပြော ငါ လိုက်ပို့ပေးမယ်'

'အရှေ့ဘက် ရပ်ကွက်'



ဟိုကန်းစုက မြို့လယ်မှနေ၍ အရှေ့ဘက် ရပ်ကွက်ဆီသို့ မောင်းနှင်ပို့ပေးသည်။

သူမက ရပ်ကွက်ထဲက အိမ်တစ်အိမ်သို့ ခေတ္တဝင်၍ မြင်းလှည်းပေါ် ပြန်လာသည်။

'ဘုံကျောင်းဘက်ကို မောင်းပါဦးဟာ'

ဟိုကန်းစု ဘုံကျောင်းဆီသို့ မောင်းပို့ရသည်။

ခရီးက မနီးလှပါ။

သို့သော် သူမမှာ အရေးတကြီး ကိစ္စရှိနေသည် ထင်၍ ဟိုကန်းစုက သူမကို လိုက်ပို့ပေးနေခြင်း ဖြစ်သည်။

ကုမာလန်းက ဟိုကန်းစုနှင့် အသားချင်းထိကပ်အောင် ထိုင်၍

'ဟိုကန်းစု'

'ဟင်....'

'တို့ လက်ထပ်ရအောင်'

ဟိုကန်းစုက သူမကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'နင် ထမင်းငတ်ချင်လို့လား'

ကုမာလန်းက ပြုံး၍

'ငါ နင့်အပေါ်မှာ ထားတဲ့ မေတ္တာဟာ နင့်ဆီက မှီခိုစားဖို့ မဟုတ်ဘူး၊ ငါလဲ တတ်နိုင်သလောက် ရှန်းကန်နိုင်ပါတယ်၊ နင်က ဘာလဲ ဘဝကို ရင်မဆိုင်ရဲဘူးလား'

'ဒီလိုမဟုတ်သေးဘူး၊ အခု ငါ့မှာက အိမ်ထောင်တစ်ခုလုံးကို တာဝန်ယူထားရတာ နင် သိသားပဲ၊ ငါက နင့်ကို လက်ထပ်ပြီး မိဘတွေနဲ့ ညီအစ်ကိုမောင်နှမတွေကို လုပ်ကျွေးနေ

မယ်ဆိုရင် ဘယ်တရားပါ့မလဲ၊ အဲဒီတော့ တို့ ခဏဆိုင်းထား
ရအောင်'

ဟိုကန်းစု ပြောသည်မှာ မှန်ကန်တော့လည်း ကုမာလန်း
မှာ ဆင်ခြေမပေးရဲတော့ပါ။

'နင် ငါ့အပေါ်မှာတော့ သစ္စာမဖောက်နဲ့နော် လောကမှာ
နင်တစ်ယောက်ကလွဲပြီး ဘယ်သူမှ လက်မထပ်ဘူး'

ဟိုကန်းစု သက်ပြင်းချရသည်။

'စိတ်ချပါ၊ ငါလဲ နင့်အပေါ် ဘယ်လောက် သံယောဇဉ်
ကြီးတယ်ဆိုတာ နင် အသိပါ'

မှန်ပေသည်။

ထိုဇာတ်လမ်းသည် ဟိုကန်းစုက စခဲ့သော ဇာတ်လမ်းပင်
ဖြစ်လေသည်။

ကုမာလန်းတို့ မိသားစုသည် ဟိုကန်းစုတို့နှင့်စာလျှင် စီးပွား
ဥစ္စာ အတော်ချမ်းသာသည်ဟု ဆိုရမည်။

ကုမာလန်း၏ မိဘများက သမီးတစ်ယောက်တည်းမို့
အလွန်အမင်း အလိုလိုက်သည်။

ထိုအခါ ကုမာလန်းမှာ ဘုဆတ်ဆတ် မာကျောကျောနှင့်
အလွန်မာနကြီးသော မိန်းကလေးတစ်ယောက် ဖြစ်လာသည်။

ထိုကဲ့သို့သော မာနကြောင့် ဟိုကန်းစုက မခံချင်စိတ်နှင့်
သူမကို ရအောင် ပိုးပန်းသည်။

ကြာတော့လည်း



ဟိုကန်းစု၏ ရုပ်ရည်၊ ယောကျ်ား ပီသသော ခန္ဓာကိုယ်
အချိုးအဆစ်တို့ကြောင့် ကုမာလန်းမှာ ရူးသွပ်သွယ်တာ လာခဲ့ရတော့
သည်။

ထိုအခါတွင် မာနချိုးချင်သော ဟိုကန်းစုမှာလည်း သူမ
ကို ပြန်၍ ခွာမရတော့ပေ။

သူက ဘာသိဘာသာ ပြန်လည်၍ နေခဲ့သော်လည်း ကုမာ
လန်းမှာ သူ့ကို တန်းတန်းစွဲ ဖြစ်လာတော့သည်။

အမြဲတမ်းလိုလို ဟိုကန်းစု၏အိမ်သို့ လာနေတတ်၏။

ဟိုကျင်းမာပင် ခပ်တည်တည် ခပ်တန်းတန်း နေလို့မရ။
အစ်မအစ်မနှင့် ဟိုကျင်းမာကို ရအောင်စည်းရုံးသည်။

ကြာတော့ ဟိုကျင်းမာတို့ အသက်ရှူသာသည်မှာ ဟိုကန်း
စုသည် အခြားယောကျ်ားလေးများကဲ့သို့ ငမ်းငမ်းတက်မဟုတ်ပဲ
သူမ စိတ်ကျေနပ်စေရန် ကြိုးရှည်ရှည်ဖြင့် လွှန်ထားခဲ့ခြင်းသာ
ဖြစ်သည်။

ကုမာလန်းသည် တခွပ်ခွပ်နှင့်ပြေးနေသော မြင်းကို ကြည့်
နေရာမှ ဟိုကန်းစုကို မော့ကြည့်လိုက်ပြီး

'ဟိုကန်းစု'

'ဟင်'

'နင်တို့ လိုအပ်နေတဲ့ငွေကို ငါ တတ်နိုင်သလောက်ကူညီမယ်
နင်လက်ခံမလား'

ဟိုကန်းစု လက်ကာလိုက်သည်။

'အို ငါဒါမျိုးလက်မခံဘူး၊ ငါ ယောကျ်ားပါဟ၊ ဒီ
ငွေကို ငါရအောင်ရှာပြီး ဖေဖေ့အကြွေး ဆပ်ပါ့မယ်'

ကုမာလန်း လက်လျှော့ရပြန်သည်။

မြင်းလှည်း တရိပ်ရိပ် ပြေးနေ၏။

သူမက

'ငါ တစ်ခု စိုးရိမ်တာတော့ရှိတယ်'

ဟိုကန်းစုက မြင်းလှည်းမောင်းနေရာမှ သူမကို ပြန်ကြည့်ကာ...

'ဘာလဲ'

'အိမ်ကလူကြီးတွေက ငါ့ကို ဟိုပွဲစားသား လူဝါးနဲ့ ပေးစားဖို့ စီစဉ်နေကြတယ်'

ဟိုကန်းစုက

'လူကြီးတွေစီမံရင် နင်က နာခံရတော့မှာပေါ့၊ မိဘစကားကို လွန်ဆန်လို့ ဘယ်ရပါ့မလဲ'

ကုမာလန်း နှုတ်ခမ်းစူလိုက်သည်။

'ဒီကောင့်ကို ငါမှမကြိုက်ပဲ၊ ဆိုးလိုက်တေလိုက်တာလဲ လွန်ရောပဲ၊ အချိန်ပြည့် အရက်သောက်တယ်၊ အချိန်ပြည့် ကစားဝိုင်းမှာ ရှိတယ်၊ သူ့ကို ငါက လင်လုပ်ဖို့ဆိုတာ စိတ်တောင်မကူးဘူး'

ဟိုကန်းစု ပြုံးလိုက်သည်။

'အဲဒါကို နင့်မိဘတွေက မသိဘူးလား'

'သိတော့သိပါတယ်၊ ဒါပေမယ့် သူတို့က လူကြီးချင်းခင်မင်နေကြတာက တစ်ကြောင်း၊ မိဘတွေအလဲ ကုံလုံ ကြွယ်ဝတယ် မဟုတ်လား၊ အိမ်ကလူတွေ အဲဒါကို သဘောကျနေတာ'



'နင်က မကြိုက်ရင်ပြီးတာပဲ၊ သူတို့ အတင်း ပေးစားလို့ မရပါဘူး'

'နင်ပြောတာ ဟုတ်ပါတယ်၊ ဒါကြောင့်လဲ ခုချိန်ထိ မအောင်မြင်သေးတာပေါ့၊ နောက်ပြီး ဒီကောင်က အရှက်မရှိဘူး၊ ငါ့ကိုမြင့်တိုင်း အမြဲနှောင့်ယှက်တာပဲ၊ ဟော ပြောရင်း'

သူမက ထိုစကားကို ပြောရင်းတန်းလန်းနှင့် မြင်းလှည်းရှေ့ဆီမှ ဒယီးဒယိုင် လျှောက်လာသော လူ သုံးယောက်ကို လက်ညှိုးထိုးပြလိုက်လေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်မှာ လူဝါးဖြစ်သည်။

လူဝါးတို့သုံးယောက်သည် မြင်းလှည်းပေါ်က ကုမာလန်းကို မြင်သည်နှင့် မြင်းလှည်းကို ရပ်တန့်ခိုင်းလိုက်လေသည်။

ဟိုကန်းစုက ရပ်တန့်ပေးလိုက်သည်။

'အော် ကုမာလန်းပါလား၊ ညီမလေး ဘယ်သွားမလို့လဲ'

'ဘယ်သွားသွား ရှင်နဲ့ဘာမှမဆိုင်ဘူး'

အဖော်နှစ်ယောက်က ဝါးခနဲရယ်လိုက်သည်။

လူဝါးမျက်နှာ ခက်ထန်သွား၏။

'မင်းတို့က ဘာရယ်တာလဲ'

ဟု မိမိအဖော်များကို ဟောက်လိုက်သည်။

တစ်ယောက်က

'မင်းကို မိန်းကလေးက တော်တော် ကြင်နာပုံရလို့ ရယ်
တာပါ'

လူဝါးသည် သူ့ အပေါင်းအသင်းနှစ်ယောက်ကိုကြည့်၍
'အဲဒါ ငါနဲ့လက်ထပ်မယ့် မိန်းကလေးကွ၊ မင်းတို့ လေ
လေးစားစား ဆက်ဆံကြပါ'

အပေါင်းအသင်းနှစ်ယောက်က ပါးစပ်ဟသွားပြီး အံ့
သွားဟန်ဖြင့်

'အော် ဒီလိုလား၊ လက်စသတ်တော့ ဆရာကတော်ကို

ထိုလူနှစ်ယောက်၏စကားကြောင့် ကုမာလန်း မျက်နှာတ
ခုလုံး နီမြန်းသွားပြီး

'ဘာ ဆရာကတော်လဲ ဟိုကန်းစုမောင်းပါ' ဟု ခပ်ဆ
ဆတ်ပြောရင်း ဟိုကန်းစုအား မြင်းလှည်းမောင်းခိုင်းလိုက်

ဟိုကန်းစုက မြင်းလှည်းကို ကြိမ်တို့လိုက်သည်။

သို့သော်

လူဝါးက မြင်းဇက်ကို ဆွဲထား၍

'နေစမ်းပါဦး ဒီမှာ စကားပြောလို့မပြီးသေးဘူး၊ ဒီ
ကိုယ့်လူ မင်းအဖေလိုအဖြစ်မျိုးနဲ့ မကြုံစေချင်ရင် ငါ့စကား
လေးလေးစားစားနဲ့ နားထောင်ပါ'

လူဝါး၏ စကားကြောင့် ဟိုကန်းစု ဒေါသထောင်းခနဲ
သွားပြီး

'ခင်ဗျား ဘာစကား ပြောတာလဲ'

လူဝါးက ပမာမခန့် လေသံဖြင့်

'ငါ့လူစကားပြောတာလေ၊ မင်းနားမလည်ဘူးလား'



မိဘကိုထိပါးလာသဖြင့် ဟို ၊ န်းစုမှာ လုံးဝသည်းမခံနိုင်ပဲ
မြင်းရိုက်သည့် ကျာပွတ်နှင့် လှမ်းရိုက်ချ လိုက်လေတော့သည်။

'ရှမ်း'

မထိပါ။

လူဝါးသည် အရက်မူးနေသော်လည်း သိုင်းပညာအတော်
ကလေးတတ်ကျွမ်းထားသူမို့ အသာရှောင်တိမ်းကာကျာပွတ်ကို
လှမ်းဆွဲသည်။

တဆက်တည်းပင် ဟိုကန်းစု၏လက်မောင်းကိုပါ လှမ်းဆွဲ၍
မေးရိုးကို ပင့်ထိုးချလိုက်၏။

'ဒုတ်'

ထိုအသံနှင့်အတူ ဟိုကန်းစုသည် မြင်းလှည်းပေါ်မှ လွင့်
စဉ်သွား၏။

ယင်း အချိန်နှင့် မရှေးမနှောင်းမှာပင် မထင်မှတ်သော
အဖြစ်အပျက်တစ်ခု ဖြစ်ပျက်သွား၏။

ကုမာလန်းသည် မြင်းလှည်းထဲမှ လွားခနဲခုန်ထွက်လိုက်ပြီး
တဆက်တည်းပင် လူဝါး၏မျက်နှာကို ခြေဖြင့်ခုန်၍ကန်လိုက်၏။

'ဝုန်း'

လူဝါး၏မျက်နှာကို ကန်ချက်မိသွားသည်။

လူဝါး ဖင်ထိုင်လျက်ကျသွား၏။

ကုမာလန်းက နောက်တစ်ချက်ထပ်ကန်သည်။

လူဝါး၏ အဖော်နှစ်ယောက်က ပြိုင်တူဝင်၍ ဒံလိုက်သဖြင့်
လူဝါး သက်သာသွားသည်။

သို့သော်ကုမာလန်းက ထိုနှစ်ယောက်ကိုပါ ဘယ်ခြောက် ညာပေါက် ဖနောင့်သိုင်းကွက်ဖြင့်ဆက်၍ ကန်ထည့်လိုက်သည်။

ကန်ချက်က အားပါပြီး ထိကျသည်။

'ဗုန်း'

ရင်ဝကိုကန်မိပြီး တစ်ယောက်လဲကျသွားသည်။

နောက်တစ်ယောက် မဝင်ရဲတော့ပေ။

လမ်းလယ်ခေါင်တွင် ဝိုင်းအုံ ကြည့်လာ သော လူ များ တဖြည်းဖြည်း များပြားလာ၏။

ဟိုကန်းစု ပြန်ထလာစဉ် ကုမာလန်းက

'လာသွားမယ်'

ဟု ပြောဆိုကာ မြင်းလှည်းပေါ်တက်၍ ထိုင်လိုက်၏။

ဟိုကန်းစုလည်း လူဝါးတို့ကို တစ်ချက်ကြည့်၍မြင်းလှည်းကို မောင်းထွက်ခဲ့သည်။

လူဝါး၏ မှုကျေမချမ်းဖြစ်နေသော မျက်နှာကို ဟိုကန်းစု ကောင်းကောင်း သတိထားမိလေသည်။

ထိုညအိပ်မက်ထဲ၌ လူဝါးသည် မိမိအား လာသတ်သည်ဟု မက်ခဲ့၏။

ကုမာလန်း ဟိုကန်းစုကိုကြည့်၍ စိတ်မကောင်းဖြစ်ရသည်။

'နင်ကလဲ သိုင်းပညာမတတ်တာတစ်ပန်းရှုံးတာပဲ၊ တကယ်



တော့ ဒီကောင်စုတ်တွေရဲ့ပညာက ငါ့ကိုတောင် နိုင်အောင် တိုက်နိုင်တာ မဟုတ်ဘူး'

ဟိုကန်းစုကလည်း ဝန်ခံလိုက်သည်။

'အေး ငါ့မှာလဲပညာတစ်ပိုင်းတစ်စနဲ့ဆိုတော့ ဟိုမရောက် သည်မရောက် ဖြစ်နေရတာပေါ့ဟာ'

ဟိုကန်းစုသည် မြင်းလှည်းကို ဘုံကျောင်းရှေ့၌ ရပ်တန့် ပေးလိုက်၏။

ကုမာလန်းက ဘုံကျောင်းထဲသို့ ဝင်ရောက်သွား၏။

အတော်ကြီးကြာမှ သူမက ပြန်ထွက်လာသည်။

ထိုအချိန်တွင် နေကလည်း ဝင်သွားပြီမို့ အချို့မြင်းလှည်း များဆိုလျှင် လမ်းမပေါ်တွင် သိပ်မရှိတော့ပေ။

'ကဲဟေ့ အိမ်ပြန်မယ်'

သူမကပြောပြီး မြင်းလှည်းပေါ် ပြန်ထိုင်သည်။

ဟိုကန်းစုသည် ယနေ့အဖို့ ငွေကြေးရရန် လုံးဝမမျှော်လင့် မိတော့ပါ။

သို့သော် ဟိုကန်းစုက ချစ်သူကို ကူညီရမည်မို့ ဝမ်း မနည်းမိပေ။

သူ့အနေဖြင့် ချစ်သူတစ်ယောက်အပေါ် ဤမျှလောက် တော့ အလိုလိုက်ရပေမည်ပေါ့။

ကုမာလန်း၏ အိမ်ရှေ့သို့ ရောက်လာသည်။

သူမက ဟိုကန်းစုကို အပြုံးကလေးနှင့် နှုတ်ဆက်ပြီး ထွက်သွားတော့၏။

ဟိုကန်းစုလည်း မြင်းလှည်းကို အိမ်သို့ပြန်သိမ်းရန် မောင်းလာခဲ့၏။

ထိုစဉ် ရုတ်တရက် ဟိုကန်းစုသည် မျက်မှောင်ကြုတ်လိုက်မိ၏။

အကြောင်းမှာ

ကုမာလန်း ထိုင်သွားသောနေရာအနီးတွင် ငွေအချို့နှင့် စာရွက်တစ်ရွက်ကို တွေ့ရသောကြောင့်ဖြစ်ပါ၏။

ငွေကမနည်းပါ။ သူ့အနေဖြင့် မြင်းလှည်းငါးရက်မောင်းမှ ရရှိနိုင်သော ငွေကြေးပမာဏ ဖြစ်နေသည်။

ကုမာလန်း မေ့ကျန်ခဲ့တာများလားဟု တွေးလိုက်မိ၏။

သူက ထိုသို့တွေးရင်း ငွေနှင့်အတူ ရှိနေသော စာရွက်ခေါက်ကို လှမ်းယူလိုက်သည်။

ထို့နောက် သူသည် စာရွက်ကိုဖြန့်၍ ဖတ်ကြည့်သည်။

စာထဲတွင်

'ချစ်သူနဲ့အတူ လျှောက်လည်ရတာ သိပ်ပျော်တာပဲ၊ ထားခဲ့တဲ့ငွေကို ပြန်ပေးရင် ငါ့ကို မချစ်လို့ပဲလို့ ယူဆမယ်'

ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။

ဟိုကန်းစု ပြုံးလိုက်သည်။

တစ်ချိန်တည်းပင် အချစ်၏အဓိပ္ပာယ်ကို ရှာကြည့်မိသည်။



'မောင်လေး ဒီနေ့သိပ်နောက်ကျတာပဲ'

ဟိုကျင်းမာသည် ဆီးကြိုရင်း ပြောသည်။

'ဟုတ်ကဲ့ ခရီးသည်တွေ ပို့နေရလို့ပါ'

သူက ပြောပြီး ရလာသော ငွေများကို ဟိုကျင်းမာလက်ထဲ အားလုံးအပ်နှံလိုက်သည်။

'အို ဒီနေ့ နောက်ကျရကျိုး နပ်ပါတယ်၊ ငါ့မောင်ပိုက်ဆံအများကြီးရတာပဲ'

ဟိုကန်းစုက ဘာမှ ပြန်မပြောပေ။

ညီငယ်က မြင်းလှည်းကို တဲအတွင်းသို့ ဆွဲယူသွား၏။

'ကောင်လေးရဲ့ ခရီးသည်တွေက ဒီနေ့သူဌေးတွေချည်းပဲနဲ့ တူတယ်'

'ဟုတ်တယ်အစ်မရေ၊ ဟုတ်တယ်၊ သူတို့က ကျွန်တော် ပင်ပန်းတာကို မကြည့်ရက်လို့ဆိုပြီး ပိုပေးသွားကြတာ'

ဟိုကန်းစုက ပြောပြီး ရေချိုးခန်းဆီသို့ တန်းသွားသည်။

သို့သော် သူပေးလိုက်သော ငွေများထဲတွင် စာရွက်ကလေး ပါရှိသွားသည်ကို ဟိုကန်းစု သတိမထားမိလိုက်ပေ။

ဟိုကျင်းမာသည် ငွေများရေတွက်ရာမှ စာရွက်ကလေးကို တွေ့ရှိ၍ ဖတ်ကြည့်မိလိုက်သည်။

ပြီးနောက်

တစ်ချက်ပြုံးလိုက်ပြီး

'ဟင် နင့်သူဌေးဘယ်သူလဲဆိုတာ ငါသိပါပြီ မောင်လေးရယ်၊ ငါက တော်တော်များ ပင်ပန်းလာသလားလို့ သနားနေမိတာ ဟင်း'

ဟိုကျင်းမာက ကျိတ်၍ပြုံးရင်း ခပ်တိုးတိုးလေး ပြော လိုက်သည်။

ထိုအချိန်၌ ဟိုကန်းစုသည်ကုမာလန်း၏စာ ပျောက်နေသဖြင့် မျောက်မီးခဲကိုင်မိသလို ဂနာမငြိမ်ဖြစ်နေသည် မဟုတ်ပါလား။

❀

အခန်း ၅။

## သူ့စေတနာ

ကျူးရှုံးသည် ဟိုကန်းစု၏ အခင်မင်ဆုံး သူငယ်ချင်း ဖြစ်သည်။

သူသည် ယခင်က ဟိုကန်းစုထက်ပင် ဆင်းရဲနွမ်းပါးလှ သော်လည်း ယခုအခါတွင် ငွေဝင်လမ်းကောင်း၍ စီးပွားရေး ချောင်လည်ကာ ပြောင်ပြောင်ရောင်ရောင် ဖြစ်နေသည်ကို တွေ့ရသည်။

ယခု သူ၏ မြင်းလှည်းပေါ်၌ မမျှော်လင့်ဘဲ တွေ့လိုက်ရ သောအခါ ကျူးရှုံးကပင် စတင်၍ ဝမ်းနည်းစကား ပြောလေ သည်။

'သူငယ်ချင်း ဟိုကန်းစုရယ်၊ မင်း သတင်းတွေ ငါ မြန်

ရောက်ရောက်ခြင်း ကြားရသာ နည်းနည်းမှ စိတ်မကောင်းဘူး၊ မင်းရဲ့ ဖခင်အတွက်လဲ ငါ တော်တော်စိတ်ထိခိုက်သွားရတယ်'

'အေး၊ မင်း ကြားတဲ့အတိုင်းပဲကွာ၊ ငါတို့ရဲ့ ကံကြမ္မာကိုက ဆိုးဝါးလွန်းအားကြီးပါတယ်၊ ဒါနဲ့ နေပါဦး၊ မင်း တစ်နှစ်နှစ်နှစ်လောက် ဘယ်ကို ပျောက်နေတာလဲ'

ဟိုကန်းစုက ပြန်မေးလိုက်သည်။

'အေး၊ငါ ခရီးထွက်သွားတာ မင်း မသိဘဲကိုး၊ဝူးဖန်တောင်တန်းမှာ အလုပ်သွားလုပ်တာကွ၊ အဲဒီမှာ ပါရဂူကြီးတွေက ဓာတ်သတ္တု ရှာဖွေတယ်ကွာ၊ ငါတို့က တူးဖော်ရတဲ့ အလုပ်သမားတွေပေါ့၊ပင်ပန်းတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဝင်ငွေက သိပ်များတယ်၊ ဟာ ငါ အခုမှ သတိရတယ်၊ မင်းမှာ ဒီလောက်တောင် ငွေလိုအပ်နေရင် ငါနဲ့ အလုပ်လိုက်လုပ်ပါလား၊ မင်း သုံးလေးနှစ် အတွင်း ငွေတစ်သောင်းမကဘူး နှစ်သောင်းလောက် စုမိစေရမယ်၊ ဘယ့်နှယ်လဲ'

သုံးလေးနှစ်အတွင်း နှစ်သောင်းဆိုတော့လည်း ဟိုကန်းစုံ စဉ်းစားရတော့သည်။

ဤကဲ့သို့ မြင်းလှည်း မောင်းနေလျှင် ဆယ်နှစ်ကြာမှ ငွေ တစ်သောင်းလောက် စုမိမည်။

ကျူးရှုံးနှင့်လိုက်သွား၍ အလုပ်လုပ်ပါက နှစ်နှစ် သုံးနှစ် အတွင်း နှစ်သောင်းလောက် ရမည်။

အဲဒါဆိုရင် ဖခင်ရဲ့ အကြွေးကို ခပ်မြန်မြန် ဆပ်နိုင်မည်။

'အေး၊ ငါစဉ်းစားမယ် သူငယ်ချင်း'



'မင်း စဉ်းစားမယ်ဆိုရင် အချိန်သိပ်မရှိဘူး နော်၊ တစ်ပတ်အတွင်း ငါတို့ ခရီးပြန်ထွက်မယ်'

ဟိုကန်းစုက

'ကောင်းပြီလေ၊ ငါ့ဆုံးဖြတ်ချက်ကို မကြာခင် မင်း သိရမှာပါ'

* * *

'မေမေ သဘောမတူဘူး သားလေးရယ်၊ ခုလို မြင်းလှည်းမောင်းနေတာတောင်မှ သားလေး ဒီလောက် ပင်ပန်းလှပြီ၊ ဒီလောက် စွန့်စွန့်စားစား သွားလုပ်ရမယ့် အလုပ်မျိုးကို မေမေ မကြည့်ရက်ပါလား'

'ဟုတ်တယ် မောင်လေး၊ မမတို့ တစ်နေ့ တစ်နပ်ပဲစားမယ်၊ ရသမျှငွေကို စုဆောင်းမယ်၊ မကြာခင် ကျေသွားမှာပါ၊ မောင်လေး အဲဒီကိုသွားတာ မမ မလိုလားဘူး'

'ဟာ မမေနဲ့ အစ်မ့ကလဲဗျာ၊ ကျွန်တော့်လောက် ခွန်အား မရှိတဲ့ ကျူးရှုံးငီ လူတစ်ယောက်ကတောင် လုပ်နိုင်သေးတာပဲ၊ ကျွန်တော်က ဘာလို့ မလုပ်နိုင်ရမှာလဲ၊ ကျွန်တော် အဲဒီမှာ သုံးလေးနှစ်လောက် လုပ်လိုက်ရင် အဖေ့ အကြွေးကျေတဲ့အပြင် ကျွန်တော်တို့ မိသားစု ကောင်းကောင်းမွန်မွန် နေရမှာပါဗျ'

ဟိုကျင်းမာက ဟိုကန်းစုကို ဖက်ထားသည်။

‘မသွားရဘူး၊ ငါ့မောင်လေး တစ်ခုခုဖြစ်မှဖြင့် မမ ရင်ကျိုး ရရှဲကွယ်၊ မသွားပါနဲ့နော် မောင်လေး’

‘ဟာ အစ်မရယ်၊ သုံးနှစ်လောက်ကလေး ဒုက္ခခံလိုက်ရင် အစ်မနဲ့ အမေ့ကို တင့်တင့်တယ်တယ် ထားနိုင်မှာဗျ၊ ဂေဟာကြီးကို အကြီးကြီး ပြန်ဆောက်မယ်၊ ညီလေးကို သိုင်းပညာသင် ရှောင်လင်ကျောင်းတော်ကို ပို့မယ်၊ ကျွန်တော် သွားမယ် အစ်မရယ်’

ဟိုကျင်းမာသည် ဇွတ်တရွတ် တောင်းခံနေသော ဟိုကန်းစု၏ စကားများကြောင့် မိခင် မျက်နှာကို လှမ်းကြည့်လိုက်သည်။

မိခင်မှာ ချောင်းတဟွတ်ဟွတ်ဖြင့် ပန်းနာရောဂါ ပြန်ထနေ၏။

‘အမေလဲ ကျန်းမာရေး သိပ်မကောင်းဘူး သားရယ်၊ ဖြစ်နိုင်ရင် အတူတကွပဲ လုပ်စားရအောင်’

‘အဲဒီက ငွေများများရလာတော့ သမားတော် ကောင်းကောင်းနဲ့ အမေ့ ကျန်းမာရေးကို ကျွန်တော် ကုပေးချင်လို့ပါ’

နောက်ဆုံးတွင်

‘အေးလေ၊ သားလေးက မိဘကျေးဇူး သိတတ်တဲ့သူပဲ၊ ဘေးမသီရန်မခ ပါစေနဲ့လို့ဘဲ အမေ ဆုတောင်းပြီး ခွင့်ပြုရတော့မှာပေါ့’

ဟိုကန်းစု ဝမ်းသာသွားသည်။

သူသည် ညီငယ်ဖြစ်သူ ဟိုကန်းလင်းအား



‘ညီလေး၊ အစ်ကိုမရှိတုန်း မင်းက မြင်းလှည်းကို ဂရုစိုက်မောင်းကွာ၊ နှစ်နှစ် သုံးနှစ်ထဲပါ၊ အစ်ကိုပြန်လာတာနဲ့ ငါ့ညီကို ရှောင်လင် သိုင်းပညာသင်ကျောင်းကို ပို့ပေးနိုင်ပါပြီကွ’

ဟိုကန်းလင်းက ခေါင်းညိတ်လိုက်သည်။

‘စိတ်ချစမ်းပါ အစ်ကိုရာ၊ အစ်ကို ရှာသလောက် ကျွန်တော်လဲ ရအောင်ရှာပါ့မယ်’

‘အေး၊ အဲဒါမှ ငါ့ညီကွ’

သူက ပြောပြီး အစ်မဖြစ်သူ၏ ပခုံးကို ဖက်ထားလိုက်ပြန်၏။

‘အစ်မ၊ ကျွန်တော် ကြိုးစားမယ်သိလား၊ နှစ်နှစ်နဲ့ ပြန်နိုင်အောင် ကြိုးစားမယ်၊ မပူနဲ့နော်၊ ကျွန်တော်ဘာမှ မဖြစ်ဘူး၊ စိတ်ချစမ်းပါ အစ်မရယ်’

‘ကောင်းပါပြီ မောင်လေးရယ်၊ ကောင်းပါပြီ’

❀

နွေပြီးမိုး၊ မိုးပြီးဆောင်း၊ ဆောင်းပြီးနွေ။

ရာသီစက်ဝန်းက မနားတမ်း လည်ပတ်နေသည်။

ကျူးရိုး ပြောသည့် အတိုင်းပင် ပထမ တစ်နှစ်မှာပင် ဟိုကန်းစုသည် လုပ်အားခ လေးထောင်နီးပါး စုမိနေပြီဖြစ်၏။

ဓာတ်သတ္တုများ ရှာဖွေတူးဖော်ရသည့်နေရာတွင် ကိုယ့်အစုနှင့်ကိုယ် ဖြစ်သည်။

သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ၊ ငါးယောက်
တစ်တွဲ စသည်ဖြင့် စုပေါင်း၍ ချက်ပြုတ် စားသောက်ပြီး
အတွဲလိုက် နေထိုင်ကြရသည်။

ဟိုကန်းစုတို့အတွဲတွင် စုစုပေါင်းလေးယောက် ဖြစ်သည်။

ဟိုကန်းစု၊ ကျူးရှုံး၊ ဖိလောက်ဟန်နှင့် ရန်ဝူးတို့ပင် ဖြ
လေသည်။

ဖိလောက်ဟန်နှင့် ရန်ဝူးသည် ဟိုကန်းစု မရှိစဉ်ကတည်းက
ကျူးရှုံးနှင့်အတူ တွဲလုပ်ခဲ့သူ ဖြစ်သည်။

ယခု လေးယောက် ဖြစ်သွား၏။

လုပ်ငန်းခွင်၌ လက်ရည်တူစွာ အလုပ်အတူ တွဲလုပ်ကြ
သော်လည်း ဖိလောက်ဟန်နှင့် ရန်ဝူး၏အကျင့်စရိုက်ကိုမကြို
သဖြင့် ကျူးရှုံးက ဟိုကန်းစုကို သတိပေးထားသည်။

'အဲဒီကောင် နှစ်ကောင်ကို လုပ်ငန်းအရပဲ ပေါင်းကျ
သူတို့က အကျင့်ပျက်ချင်တယ်၊ လောင်းကစားလဲ သူတို့ပဲ၊ ရွာ
ဝင်ပြီး မိန်းမတွေလဲ အပျော်လိုက်သေးတယ်၊ အရက်ဆိုတ
ကတော့ မပြောနဲ့တော့၊ ရွာထဲကမိန်းကလေးတွေနဲ့ ဘ
သောက်အထိရှုပ်တယ်ဆိုဘာ တဖြည်းဖြည်း မင်းသိလာမှာပ
စိတ်ပေါင်းကိုယ်ခွာပေါ့ကွာ၊ သူတို့ဘာလုပ်လုပ် ကိုယ်မလုပ်
အရေးကြီးတယ်'

ကျူးရှုံး၏ သတိပေးစကား။

မှန်ပါသည်၊ ကျူးရှုံးသတိပေးထားသလိုပင်—

တစ်နေ့ ရွာထဲသို့ ဟိုကန်းစုကို မရမက ခေါ်သွားသည်



ဟိုကန်းစုက အားနာလွန်း၍ ကျူးရှုံးကို အသိပေးပြီးလိုက်
သွားသည်။

အလုပ်ခွင်နှင့်ရွာက အနည်းငယ်လှမ်း၏။

မြင်းနှင့် နေ့ဝက်သွားရ၏။

ကျူးရှုံးက ရွာတစ်ရွာဟုပြောလိုက်သဖြင့် သေးငယ်သော
ကျေးရွာကလေးတစ်ခုဟု ထင်မိသည်။

မှားလေစွ။

မြေပြန့်မှမြို့ကြီးတစ်မြို့လောက် စည်းကားလှသောကျေးရွာ
ကြီးဖြစ်၏။

ဟိုကန်းစုက ရောက်တုန်းပေါက်တုန်း အသေအချာ လေ့
လာသည်။

ထိုမြို့သည် ဒုစရိုက်သမားတို့ ပျော်စံရာမြို့ဟု ဆိုလျှင် ပို၍
မှန်ကန်ပေလိမ့်မည်။

မြို့က နယ်စွန်းနယ်ဖျား၊ နယ်ခြားနှင့် နီးသောဒေသ။

လူတွေက လူတောလူပေ သူခိုးဓားပြအငယ်စားမှအကြီးစား
နာမည်ကျော် လူသတ်သမားကြီးအထိ ရှိနေသည်။

အကျဉ်းထောင်မှ ခိုးထွက်၍ လွတ်မြောက်လာသူများ။

လူသတ်၍ လာရောက်ရှောင်တိမ်းနေသူများ။

နေပြည်တော်၌ ဝရမ်းထုတ်၍ လိုက်လံ ဖမ်းဆီးခြင်းကို
ခံနေရသည့် ဝရမ်းပြေးများ။

မှောင်ခိုဈေးသည်များ။

အခြားနိုင်ငံမှ ဆိုးသွမ်းသူ သောင်းကျန်းသူများ စုံလင်လှသည်။

သူတို့အဖို့တော့ ပျော်စရာ ကမ္ဘာငယ်တစ်ခုပင်။

လိုချင်သည့်အရက်ရ၏။

လိုချင်သည့် အဝတ်အထည် အစားအသောက်ရှိ၏။

မိန်းမက ပေါလိုက်သည့်ဖြစ်ခြင်း။

သို့သော် မိန်းမကောင်းက နည်း၏။

သူ့နေရာ သူ့ဒေသနှင့် လိုက်ဖက်သော မိန်းကလေးများဟု ဆိုရမည်။

လူမျိုးက တစ်မျိုးတည်းမဟုတ်ပေ။

ဟိုကန်းစု စိတ်ထင် လေးငါးမျိုးရှိနေ၏။

အားလုံးမှာ စရိုက်ကြမ်းဝါဒသမားများသာ ဖြစ်ပေ၏။

ဖိုလောက်ဟန်နှင့် ရန်ဝူးသည် ကျူးရှုံးနှင့် မိမိတို့အပေါ် အလွန်သဘောကောင်းသူ ဖြစ်ပါသည်။

ခက်သည်က

သူတို့နှစ်ယောက်သည် သိုင်းပညာကို ဘော်ဘော်ကလေး ကျွမ်းကျင်သည်နှင့်အမျှ နေရာတကာတွင် သူတို့က အစွမ်းပြချင်သည်။



နှစ်ယောက်စလုံးသည် ဟိုကန်းစုထက် အသက်ကြီးပြီး ဗဟုသုတ အတွေ့အကြုံလည်း မိမိထက် ကြွယ်ဝသည်။

သိုင်းလောကထဲမှ အချို့ပုဂ္ဂိုလ်များက သူတို့နှစ်ဦးကို မြေစိမ်းနှင့် မြေဝါဟု ခေါ်ကြသည်။

ဖိုလောက်ဟန်သည် မြေစိမ်းဖြစ်ပြီး

ရန်ဝူးက မြေဝါဖြစ်သည်။

အချို့ခေတ်သိသူများက သူတို့ကို ရှောင်ကြသည်။

သူတို့နှစ်ဦး၏ အကြောင်းကို ထိုကျေးရွာကြီးရောက်မှ ဟိုကန်းစု ကောင်းကောင်းကြီး သိလိုက်ရတော့သည်။

သူတို့သည်

အချို့သော ဒုစရိုက်သမားများက လေးစားရသည့်ပုဂ္ဂိုလ်ကြီးနှစ်ဦးဖြစ်နေပါပြီကော။

စားသောက်ဆိုင်တစ်ခုသို့ သူတို့ ဝင်လိုက်သည် ဆိုလျှင်ပင် လူအချို့သည် ပျာပျာသလဲ နှုတ်ဆက်၍ နေရာဖယ်ပေးခြင်း မတ်တတ်ရပ် ဦးညွှတ်ကာ ဂါရဝပြုခြင်းများပင် လုပ်ကြသည်။

သူတို့နှင့်အတူပါသွားသော ဟိုကန်းစုမှာ အလိုလို မျက်နှာ ပျက် ရှိပေသည်။

'ဟိုကန်းစု မင်းက သိပ်ငြိမ်လွန်း အားကြီးတယ်၊ ဘာလဲ မင်းက သိုင်းပညာမတတ်လို့ အားငယ်နေတာလား၊ မပူနဲ့၊ မင်းမှဲ့တစ်ပေါက် မစွန်းစေရဘူး'

မြေ့စိမ်းဖိလောက်ဟန်က ပြောသည်။

'အို အစ်ကိုကြီးတို့ ရောက်နေပြီပဲ'

မိန်းကလေးသုံးယောက်။

အသက်က နှစ်ဆယ်ကျော်သုံးဆယ်နီးပါး။ မတိမ်းမယိမ်း။

အချောအလှများ မဟုတ်ကြသော်လည်း သူတို့၏ မျက်နှာများက ပြုံးပြင်ထားသဖြင့် ရုတ်တရက်ကြည့်လျှင် ချောလှသည်ဟု ထင်ရသည်။

သူမတို့သည် အဖိုးတန် သနပ်ခါးရည်များကို ချယ်သထားကြသဖြင့် သူတို့၏ ခန္ဓာကိုယ်များ မွှေးကြိုင်နေသည်ကတော့ အမှန်ပင်။

ရုတ်တရက် သူမတို့၏ ခန္ဓာကိုယ်သည် ဖိလောက်ဟန်နှင့် ရန်ဝူးတို့၏ ပေါင်ပေါ်သို့ ရောက်ရှိနေ၏။

ရင်ခွင်ထဲသို့ ရောက်ရှိနေသည်။

တစ်ယောက်နှင့် တစ်ယောက်ကြည့်၍ တခစ်ခစ် ရယ်မောသံများ ထွက်ပေါ်လာသည်။

စိမ်းနေသော အဖြစ်အပျက်၊ မြင်ကွင်းကြောင့် ဟိုကန်းစုရုတ်တရက် နားရှက်မိသည်။

ထိုစဉ် မိန်းကလေး တစ်ယောက်က ဟိုကန်းစုနား ရောက်လာသည်။

'ဟွန်း ဒီအစ်ကိုကြီးက ကျောက်ရုပ်ကြီးလိုပဲထိုင်နေလိုက်တာ'

သူမက ပြောပြောဆိုဆို ဟိုကန်းစု၏ ပခုံးပေါ်သို့ လက်တစ်ဘက် တင်လိုက်သည်။

ဟိုကန်းစုရင်ထဲ ဒိန်းခနဲ လှုပ်ရှားနေ၏။



'ဟဲ ဟဲ ကျုပ်က ဒီလိုပဲ နေတတ်လို့ပါ'

ရန်ဝူးက မိန်းကလေးအား လှမ်း၍ မျက်စိတစ်ဘက် မှိတ်ပြလိုက်ပြီး

'ဟေး ဟိုကန်းစု၊ အံ့မာ မောင်ရင်က တယ်ရှက်တတ်သကိုး၊ ဒီမှာ မင်း ဘာမှ ရှက်စရာမလိုဘူး၊ လွတ်လွတ်လပ်လပ်သာနေ'

သူတို့က ဟိုကန်းစုတစ်ယောက် သူတို့ရှေ့တွင် ထိုင်နေသည်ကို ဖုတ်လေသည့်ငပိ ရှိတယ်လို့ပင် မထင်မှတ်။

နမ်းလိုက်ကြ၊ ရှုံ့လိုက်ကြ၊ ကလိလိုက်ကြ၊ တဟားဟားရယ်လိုက်ကြ။

'ဘာ ခုနေသာ ကုမာလန်း ငါ့ကိုမြင်ရင်'

ဟိုကန်းစု အတွေးများက ကုမာလန်းထံ ပြန်ရောက်သွားပြီး လိပ်ပြာမလုံမလဲ ဖြစ်သွားသည်။

ဖိလော်ကဟန်က

'ဟေ့ ချူးချူး၊ သူ့ကိုပျော်အောင် ပြုစုလိုက်ပါ၊ သူက အစ်ကိုကြီးတို့ရဲ့ ညီပါ' ဟု လှမ်းပြောသည်။

ဟိုကန်းစုသည် ဖြစ်နိုင်လျှင် ထိုအခန်းထဲမှ ထွက်ပြေးချင်သော်လည်း ပြေး၍မဖြစ်ပါ။ ချူးချူးဆိုသည့် မိန်းကလေးသည် သူ့ကို မြွေတစ်ကောင်ကဲ့သို့ ရစ်ပတ်၍ ချော့မြှူသည်။

အရက်ကို ကိုယ်တိုင် ငှဲ့ပေး၍ သောက်စေသည်။

မထူးပါ။

ဟိုကန်းစုသည် စိတ်ထဲ၌ ကတုန်ကယင်ဖြစ်လာသောကြောင့် အရက်ကို သုံးလေးခွက် ဆက်သောက်လိုက်သည်။

## အခန်း ၆။

## အန္တရာယ်အစ

နှစ်နှစ်လွန်မြောက်၍ သုံးနှစ်အကူးသို့ ရောက်ခဲ့သည်။

ဟိုကန်းစုသည် လုပ်အားခငွေ တစ်သောင်းနီးပါး အထ[illegible] စုမိပြီဖြစ်၍ အတော်ကလေး ဝမ်းသာနေသည်။

အမှန်မှာ သူသည်တစ်သောင်းကျော်ကျော် ရရှိမည့်အခြေ[illegible] အနေမှာရှိသော်လည်း ဖိမန်ကျေးရွာကြီးသို့ ဒ...သွားအလာများ[illegible] ခဲ့သောကြောင့် ငွေတော်တော်ကလေး ကုန်ခန်းခဲ့ရသည်။

ကျူးရှုံးသည် သူ့ကိုအပြစ်မဆိုပါ။

ဤကဲ့သို့ ပင်ပန်းကြီးစွာ လုပ်ကိုင်နေရသူအဖို့ တစ်ဘက်က[illegible] အပျော်အပါးကလေးရှိနေမှလည်း သင့်တော်မည်ဟု ယူဆ[illegible] ထားသည်။



ကျူးရှုံးကိုယ်တိုင်လည်း မကာင်းပါ။

သို့သော် သူတို့သည် ဖိလောက်ဟန်နှင့် ရန်ဝူးကဲ့သို့တစ်လကို နှစ်ခေါက်သုံးခေါက်သွားခြင်း မပြုပဲ၊ နှစ်လမှတစ်ခေါက်သာ သွား၍ အပန်းဖြေ အချိန်ဖြုန်းတတ်ကြသည်။

ယခု သူတို့နှစ်ဦးသည် သုံးနှစ်ပြည့်တော့မည်ဖြစ်၍ မြေပြန့်သို့ ပြန်ရန်ကိုင်ပင်ကြသည်။

ဖိလောက်ဟန်နှင့် ရန်စူးတို့ကလည်း သူတို့ပါအလုပ်ဘစ်လနားမည်ဟုဆိုသဖြင့် လေးယောက်စလုံး မိမိနေရပ်သို့ ခေတ္တပြန်ရန် သဘောတူလိုက်ကြလေသည်။

ထို့ကြောင့် သူတို့လေးဦးစလုံး အလုပ်စခန်းမှ အသီးသီး ထွက်ခဲ့ကြပြီး ဖိမန်ရွာကြီးသို့ ထွက်လာခဲ့ကြသည်။

ထို ဖိမန်ရွာမှဖြတ်၍ ပြန်ကြရမည်ဖြစ်သည်။

နှုတ်ဆက်သည့်သဘောဟုလည်း ဆိုနိုင်သည်။

ဟိုကန်းစုကလည်း ချူးချူးကို နောက်ဆုံး နှုတ်ဆက်ချင်သေးသည်မှာ အမှန်ပင်ဖြစ်သည်မဟုတ်ပါလား။

❀

ချူးချူးက အရက်ငှဲ့ပေးရင်းမှ

'အစ်ကို ပြည်မကြီးကို ပြန်တော့မယ်ပေါ့ ဟုတ်လား'

'မကြာပါဘူးညီမရယ်၊ အစ်ကိုပြန်လာဦးမှာပါ'

ဟိုကန်းစုက နောက်တစ်ခေါက်ပြန်လာရန် လုံးဝအစီအစဉ် မရှိသော်လည်း သူမကိုကျေနပ်စေရန် ပြောနေခြင်းဖြစ်သည်။

သူက ကျေနပ်အောင်သာ ပြောနေသော်လည်း ချူးချူး ဆိုသည့် မိန်းကလေးက ဝမ်းနည်းဟန်မပြပါ။

သူမ၏ နှလုံးသားထဲတွင် မည်သူ့ကိုမှ စွဲစွဲလမ်းလမ်း ရှိမည်မဟုတ်ပေ။

ခပ်ပေါ့ပေါ့ပင် ပြုံးလိုက်သည်။

'ဒါပေါ့လေ၊ ပြည်မရောက်တော့လဲ ချစ်သူ လှလှကလေးတွေ ရှာဦးပေါ့၊ မဟုတ်ဘူးလား'

ဟိုကန်းစုက ရယ်မောနေသည်။

ထိုစဉ် သူ၏အခန်းထဲသို့ ကျူးရှံနှင့် အခြားလူကြီး နှစ်ယောက်ဝင်ရောက်လာသည်။

ကျူးရှံက ကိစ္စတစ်ခု အရေးကြီးနေဟန်ဖြင့် ဟိုကန်းစု အနားသို့ တိုးကပ်လာသည်။

'ဟိုကန်းစု ငါသူတို့ဆီက အဖိုးတန်ပစ္စည်းတစ်ခုကို ဝယ်ချင်လို့ ငါ့မှာ ငွေမလောက်ဘူး၊ အဲ့ဒီတော့ မင်းဆီက ငွေငါးထောင်လောက် ခဏလိုချင်တယ်'

ဟိုကန်းစုအဖို့ ကျူးရှံသည် ငြင်းနေရမည့်လူတစ်ယောက် မဟုတ်ပေ။

သူသည် ချက်ချင်းပင်ငွေငါးထောင်ကိုထုတ်ပေးလိုက်သည်။

ထိုမျက်နှာစိမ်း လူကြီးနှစ်ယောက်နှင့် ငွေချေပြီးသည်နှင့် ကျူးရှံက အမြန်ဆုံးခရီးထွက်ရန် ပြင်လိုက်လေသည်။

ဟိုကန်းစုက ဖိလောက်ဟန်တို့ နှစ်ယောက်ကိုလည်း ခရီးထွက်ရန်အတွက် လိုက်လံ၍ အကြောင်းကြားလိုက်တော့သည်။



ဖိမန်ရွာထဲမှ ထွက်လာခဲ့ရသော်လည်း ဖိလောက်ဟန်နှင့် ရန်ဝူးက သိပ်မကျေနပ်ချင်ပေ။

'မင်းတို့ကလဲ လောလိုက်ကြတာကွာ၊ အေးအေးဆေးဆေး တောင် အနားမယူလိုက်ရဘူး'

ကျူးရှံက ရယ်၍

'မင်းတို့တော့ မပြောတတ်ဘူး၊ ငါတို့က အိမ်ကိုလွမ်းလှပြီကွာ'

ရန်ဝူးက

'အေးလေ မင်းတို့က နောက်ပိုင်း သံယောဇဉ်တွေရှိတော့ ဟုတ်မှာပေါ့၊ တို့နှစ်ယောက်ကတော့ ဘယ်သူ့မှ သံယောဇဉ် မရှိဘူး၊ ဟား ဟား ဟား'

ဖိလောက်ဟန်က ဟိုကန်းစုကို လှမ်းကြည့်၍

'မင်းကကောနောက်တစ်ခေါက်လာဖို့စိတ်ကူးသေးသလား'

ဟိုကန်းစုက

'အခြေအနေအရပေါ့ အစ်ကိုရာ၊ စီးပွားရေးမကောင်းရင်လဲ ဒီအလုပ်ပဲ ပြန်လုပ်တန် လုပ်ရမှာပဲ'

ရန်ဝူးက ရယ်မော၍

'ဟုတ်ပါ့မလားကွာ၊ မင်းက ချူးချူးကို မခွဲနိုင်လို့ ပြန်လာချင်တာ မဟုတ်လား'

အားလုံး ဝါးခနဲ ရယ်လိုက်ကြသည်။

မည်သို့ပင်ဆိုစေ သိုင်းပညာလည်း မတတ်ရှာသော ဟိုကန်းစုကို သူတို့နှစ်ယောက်က ခင်သည်။

ကျူးရှံအနေနှင့်က ပြောစရာပင် မလိုပေ။

ငယ်သူငယ်ချင်းမို့ ခင်မင်ပြီးသား ဖြစ်သည်။

ထိုအခိုက်

သူတို့၏နောက်မှ မြင်းခွာသံများ ကြားရ၍ လှည့်ကြည့်

လိုက်ရာ

မြင်းသုံးကောင်ပေါ်တွင် လူသုံးယောက်။

သုံးယောက်စလုံး မျက်နှာများ ဖုံးအုပ်ထားသဖြင့် မည်သူ

မည်ဝါတွေမှန်း မသိရပေ။

ထိုစဉ် မြင်းသုံးကောင်နှင့် လူသုံးယောက်သည် သူတို့၏

မြင်းများကို တရကြမ်း စီးလာပြီးနောက် ကျူးရိုးတို့ကို ရှေ့

ပိတ်၍ ရပ်တန့်လိုက်သည်။

ဖိလောက်ဟာန်က သူ၏ခါးတွင် ချိတ်ထားသော ဓားရိုး

ပေါ်သို့ လက်ကိုအသင့်တင်ကာ ထိုလူသုံးယောက်ကို အကဲခတ်

ကြည့်လိုက်ရင်းမှ

'မိတ်ဆွေတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ'

ဟု ခပ်ပြတ်ပြတ်ပင် မေးလိုက်သည်။

မျက်နှာဖုံးတပ် လူသုံးယောက်အနက်မှ တစ်ယောက်

ကျူးရိုးဆီသို့ မျက်နှာမူကာ

'ဒီမှာ ကိုယ့်လူ၊ မင်း ဝယ်သွားတဲ့ အဖိုးတန် ပစ္စည်းက

ငါတို့ လက်ထဲ အပ်ပါ'

ကျူးရိုးမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

မိမိ ဝယ်ယူလာသော ပစ္စည်း၏ နောက်ကွယ်မှ အန္တရာယ်

များ ကပ်ပါလာသည်ကို သိရှိလိုက်ပြီ ဖြစ်သည်။



ဟိုကန်းစုအဖို့ မည်သည့် ပစ္စည်းမှန်း မသိရသော်လည်း ကျူးရိုး ဝယ်ယူထားသည်ကိုတော့ သိရှိထားပြီး ဖြစ်သည်။

'ကျုပ်က ဘာပစ္စည်း ဝယ်လို့လဲ၊ ခင်ဗျားတို့က ဘယ်သူ တွေလဲ'

ကျူးရိုးက ပြောပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သကဲ့သို့ ဟိုကန်းစုမှလွဲ၍ အားလုံး မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

ဖိလောက်ဟာန်တို့မှာ ဘာမှ အကျိုးအကြောင်း မသိရသေး သဖြင့် သူတို့ ပြောဆိုနေသည်ကို အသာ အကဲခတ်နားထောင် နေသည်။

မျက်နှာဖုံးနှင့်လူက အနားသို့ တိုးကပ်လာပြီး

'မင်း လူလည် မလုပ်နဲ့၊အဲဒီ ပတ္တမြားက သုံးသောင်းကျော် တန်တယ်ဆိုတာ ငါတို့ သိထားပြီးသား၊ အဲဒါကို မင်းက တစ်သောင်းတောင် မပေးပဲနဲ့ အချောင်ယူလာခဲ့တာ၊ အခု ထုတ်စမ်းကွာ'

ထိုစဉ် သဘောပေါက်သွားပြီဖြစ်သော ဖိလောက်ဟာန်က ကြားဝင်၍ မျက်နှာဖုံးစွပ်နှင့် လူသုံးယောက်ရှေ့တွင် မတ်မတ် ရပ်လိုက်သည်။

ယင်း တဒင်္ဂအချိန်အတွင်း ကျူးရိုးက ဘူးငယ်ကလေး တစ်ခုကို ဟိုကန်းစု လက်ထဲသို့ မသိမသာ ထိုးထည့်၍ တစ်စုံ တစ်ခုကို ပြောလိုက်လေသည်။

ဟိုကန်းစုက နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ် ပြလိုက်၏။

မျက်နှာဖုံးနှင့်လူများမှာ ဖိလောက်ဟာန်ကို အာရုံပြုနေသဖြင့် မမြင်မိလိုက်ပါ။

ဖိလောက်ဟာန်က

'ဒီမှာ ရောင်းသူက ကျောနပ်လို့ရောင်းတာ မင်းနဲ့ဘာဆိုင်လဲ'

'ဒီမှာ ကိုယ့်လူ၊ ဒါတွေ ကျုပ်တို့ နားမလည်ဘူး၊ ကျုပ်တို့သိတာက အဲဒီ အဖိုးတန်ပတ္တမြား ကျုပ်တို့လက်ထဲရောက်ဖို့ပဲ၊ ကဲ ကြာတယ်၊ အသေခံမှာလား ထုတ်ပေးမှာလား'

လူဆိုးသုံးယောက် ဓားကို ပြိုင်တူ ဆွဲထုတ်လိုက်သည်။

ဖိလောက်ဟာန်နှင့် ရန်ဝူးတို့ကလည်း လက်မနှေးပါ။

ဓားများ လျှင်မြန်စွာ ဆွဲထုတ်လိုက်၏။

အသက်အကြီးဆုံး ဖိလောက်ဟာန်က ဟိုကန်းစု၏အကြောင်းကို သိသည်။

'ဟေ့ကောင်လေး၊ မင်း ခပ်ဝေးဝေး ဘေးဖယ်နေ'

သိုင်းပညာ မှတတ်မှန်းသိ၍ အနားမှ ရှောင်ခိုင်းလိုက်ခြင်းဖြစ်သည်။

လူဆိုးသုံးယောက်ကလည်း ဟိုကန်းစုကို လုံးဝအရေးမစိုက်။

သူတို့သည် ကျူးရုံးကိုသာ အာရုံစိုက်နေကြ၏။

သူတို့သည် အမှတ်မထင် ပြင်းထန်သည့်တိုက်ပွဲကို ဆင်နွှဲကြလေတော့သည်။

အချို့ မြင်းများသည် လန့်၍ အနားမှ ရှောင်သွားကြသည်။

ဟိုကန်းစုသည် သူ၏ မြင်းကို အနည်းငယ် ရှောင်တိမ်းနေရာမှ



ကျူးရုံး ပြောထားသည့်အတိုင်း တချီးတည်း လစ်ပြေးလေတော့သည်။

ခပ်လှမ်းလှမ်းသို့ ရောက်ရှိသည့်အခါ ဟိုကန်းစုသည် နောက်သို့ လှည့်ကြည့်လိုက်၏။

သူတို့သည် မိမိကို အာရုံမစိုက်နိုင်ကြပါ။

သဲသဲမဲမဲ တိုက်ခိုက်နေသည်ကိုသာ တွေ့ရ၏။

ဟိုကန်းစုက မြင်းကိုမြန်နိုင်သမျှ မြန်အောင် ဒုန်းစိုင်းခဲ့၏။

'တိုက်ခိုက်နေတုန်း အခြေအနေကြည့်ပြီး လွတ်အောင်သာ ပြေးပေတော့'

ထိုစကားကို ကျူးရုံးက တိုးတိုးကပ်၍ ပြောခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့်လည်း သူသည် တစ်နေ့လုံး မြင်းကိုပင် မညှာနိုင်တော့တဲ့ မနားတမ်း ခရီးဆက်ခဲ့ရ၏။

သူသည် အလာခရီးတုန်းက တစ်ထောက်နားခဲ့သည့် ဇရပ်ပျက်ကြီးတွင် ညအိပ်၍ ကျူးရုံးတို့ လိုက်အလာကို စောင့်ဆိုင်းသည်။

သို့သော် မနက်မိုးလင်းသည့်တိုင်အောင် ကျူးရုံးတို့ လိုက်လာသည်ကို မတွေ့ရပေ။

ဟိုကန်းစုံ စိတ်ပူသွားသည်။

'သူတို့တစ်ခုခုများ ဖြစ်လေရော့သလား'

သူသည် နေ့ဝက်တိတိ ထိုနေရာ၌ စောင့်ဆိုင်းသော်လည်း မည်သူမှ ရောက်မလာကြချေ။

နောက်ဆုံးသူသည် ခရီးဆက်ရန် ဆုံးဖြတ်ပြီး ခရီးဆက်ခဲ့သည်။

နောက်တစ်နေ့တွင် သူသည် ပိုင့်အွန်တောင်တန်းသို့ရောက်ရှိခဲ့၏။

ပိုင့်အွန်တောင်တန်းကို ဖြတ်သန်းလာစဉ်မှာပင် စမ်းချောင်းကလေးနှင့် စမ်းရေအိုင်ကို တွေ့ရ၏။

သူသည် ထိုနေရာ၌ အမောဖြေ၍ တစ်ထောက်နားကာ ရေသောက်မည်ဟု ကြံစည်စဉ်မှာပင် သူ့ရှေ့မှမြင်းတစ်ကောင် ရပ်တန့်လာသည်ကို တွေ့လိုက်ရတော့၏။

မြင်းပေါ်မှလူသည် မျက်နှာဖုံးစွပ်ထားသည်။

သူက မြင်းပေါ်ကလူကို စိုး၍ စွာဖြင့် ကြည့်နေစဉ်မှာပင် ထိုလူက လက်ဝါးဖြန့်လိုက်သည်။

ဟိုကန်းစုက ကြောင်အမ်းအမ်း အမူအရာဖြင့် ထိုလူကို ပြန်ကြည့်လိုက်၏။

ထိုလူက ရယ်မောလိုက်ပြီး

'ဘာလဲဟေ့ မင်းက ငါ့ကို အကြောင်ရိုက်ချင်လို့လား၊ ဟား ဟား ဟား မရဘူးနော်၊ အဲဒီတော့ အေးအေးဆေးဆေး ပတ္တမြားလေးကို ပေးလိုက်ရင်ကောင်းမယ်နဲ့တူတယ်'

ဟု ပြောလိုက်၏။



ထိုလူ၏ စကားကြောင့် ဟိုကန်းစု မျက်မှောင်ကြုတ်သွားသည်။

ပတ္တမြား။

ဤသို့ဆိုလျှင်

ကျူးရှုံးပေးလိုက်သည့် ဘူးကလေးသည် ပတ္တမြား ဘူးကလေးဖြစ်နေသည်မှာ အထူးတွေးတောစရာ မလိုတော့ပေ။

ဟိုကန်းစုသည် ထိုလူ၏စကားထက်ပို၍ အံ့ဩနေသည်မှာ ထိုလူကိုပင် ဖြစ်၏။

အကြောင်းမှာ

မြင်းပေါ်မှ မျက်နှာဖုံးစွပ်ထားသူသည် ယောကျ်ားတစ်ယောက်အသံမဟုတ်ဘဲ၊ အမျိုးသမီးတစ်ယောက်၏အသံ ဖြစ်နေသည်မဟုတ်ပါလား။

ထိုစဉ် ထိုလူက လေသံမာဆတ်ဆတ်ဖြင့်

'ဟေ့ မင်းဘာငိုင်နေတာလဲ၊ အဖိုးတန်ပတ္တမြားဟာ မင်းလက်ထဲရောက် နေတယ်ဆိုတာ မသိဘူးများ မှတ်နေသလား၊ အေးအေးဆေးဆေး တောင်းလို့မရရင် တိုက်ခိုက်ယူရမှာပဲ'

ဟိုကန်းစုမှာ ဇောချွေးပြန်နေပေသည်။

မိမိဘာလုပ်ရမည်နည်း။

မိမိအား ယုံကြည်၍ အပ်နှံလိုက်သည်ကို မိမိက အလွယ်တကူ ရန်သူလက်ထဲသို့ ထည့်၍ ဖြစ်ပါမလား။

မဖြစ်ပါ။

မြင်းပေါ်က အမျိုးသမီးကြည့်ရသည်မှာလည်း သိုင်းပညာ

ထူးချွန်ပုံရသောကြောင့် ယှဉ်ပြိုင်တိုက်ခိုက်ပါက မိမိ၏ အသက်
သာလျှင် သေဖို့က များနေ၏။

သည်တော့ မိမိဘာလုပ်ရမည်နည်း။

မိမိ၏အသက်လည်း မသေချင် ပစ္စည်းလဲ မဆုံးရှုံးစေချင်၊

ဤသို့ဆိုလျှင် မြင်းကိုအမြန်ဆုံး မောင်းပြေးခြင်းသာလျှင်
အကောင်းဆုံးဖြစ်သည်မဟုတ်ပါလား။

ဟိုကန်းစုသည် ထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

သူသည် ထိုသို့ထွက်ပြေးနိုင်မည့် အခွင့်အရေးကို ချောင်း၍
စကားလှမ်းပြောလိုက်၏။

'နေပါဦးဗျ၊ အဲဒီပတ္တမြားဆိုတာက ဘယ်လောက်များ
အဖိုးတန်နေလို့လဲ'

'အို မင်းလို နားမလည်တဲ့လူကို ငါ ရှင်းပြနေလို့လဲ အပိုပဲ
ဖြစ်မှာပေါ့'

ဟိုကန်းစုက

'နေပါဦး၊ အဲဒီပစ္စည်းကို ကျုပ် ဝယ်လဲမဝယ်ဘူး၊ သိသဲ
မသိရပါလား'

မြင်းပေါ်မှ ရန်သူအမျိုးသမီးသည် ဒေါသ ဖြစ်လာပုံရ၏။

'ဩော် ရှင်တော်တော် စကားရှည်တဲ့လူပါလား၊ ရှင်က
သိုင်းလောကထဲကို ဝင်ဖူးတဲ့ လူတစ်ယောက် မဟုတ်ဘူး
တူတယ်'

'ဟုတ်တယ်၊ ကျုပ် သိုင်းလောကအကြောင်း မသိဘူး'

'အင်း ဒါကြောင့် ရှင်က လူနုံ လူအ ဖြစ်နေတာကိုး
သိုင်းလောကသားတွေဟာ မျက်စိရှင်တယ်၊ ဘယ်သူ့ဆီက



ဝယ်တယ်၊ ဘယ်သူ့လက်ထဲ ရောက်နေတယ်၊ ဘယ်သူတွေက
လိုက်ပြီး တိုက်ခိုက်ယူတယ်၊ အဲဒီအချိန်မှာ တစ်ဘက်လှည့်နဲ့
ဘယ်သူ့ကို ပေးလိုက်တယ်ဆိုတာကအစ သိပြီးသားပါ၊ အဲဒီ
တော့ ရှင့်လမ်းကို အေးအေးဆေးဆေး လျှောက်ချင်ရင် အဲဒီ
ပတ္တမြား ထားခဲ့ပါ'

သူမ ပြောသည့် စကားများသည် တစ်နည်း အား ဖြင့်
အတော်ပင် မှန်ကန်နေလေသည်။

မိမိထံ၌ရှိနေသော ပတ္တမြားကို သူမ လက်ထဲသို့ အပ်နှံ
လိုက်ပါက မိမိသည် အေးဆေးစွာ ခရီးဆက်သွား၍ ရမည်
ဖြစ်၏။

'ဒါတွေကို ခင်ဗျားက ဘယ်လိုထုပ် သိတာလဲ၊ သူတို့
တိုက်ခိုက်နေတုန်းက ခင်ဗျား ပါသလား'

ဟိုကန်းစု စိတ်ထဲ၌ လူဆိုးသုံးယောက်ထဲတွင် တစ်ယောက်
အပါအဝင် ဖြစ်မည်လားဟု တွေးမိလိုက်သည်။

သူ တွေးသည်မှာ မှန်သွား၏။

'ဒီလိုတော့လဲ ရှင်က တွေးတတ်သားပဲ၊ သူတို့က ဆက်ပြီး
တိုက်နေကြတယ်လေ၊ သူတို့တိုက်ပွဲက တစ်ဘက်ဘက်က သေ
ကုန်မှ အေးသွားမယ့် တိုက်ပွဲပါ၊ ငါက ဒီအကျိုးမရှိတဲ့တိုက်ပွဲ
ကို စိတ်မဝင်စားဘူး၊ အကျိုးရှိတဲ့ အလုပ်ကိုပဲ လုပ်တယ်၊
မကောင်းဘူးလား၊ ကဲ ထုတ်လိုက်စမ်းပါ'

သူမသည် မိမိ သိုင်းပညာ မတတ်သည်ကို သိထား၍
ပေါ့ပေါ့တန်တန်ပင် နေသည်။

ဟိုကန်းစုက သူ၏မြင်းကို အားကိုးသည်။

သူမကို မျက်ခြည်ပြတ်အောင် လှည့်စား၍ ပြေးနိုင်လျှင် လွတ်နိုင်သည်ဟု တွေးလိုက်သည်။

ထို့ကြောင့် ဟိုကန်းစုသည် မြင်းကို ဦးခေါင်းလှည့်ထားသည့်အတိုင်း ရုတ်တရက် ဝမ်းဗိုက်ကို ခြေနှစ်ချောင်းဖြင့် ညှပ်၍ရိုက်လိုက်သည်။

မြင်းက တစ်ရှိန်ထိုး ပြေးထွက်လိုက်၏။

သူမ လှုပ်ရှားသည်ကို မတွေ့ရပါ။

သို့သော် သူမ၏ညာဘက်လက် အသာအယာ မြောက်သွားသည်ကိုတော့ တွေ့လိုက်ရသည်။

'အား'

ဟိုကန်းစု ရုတ်တရက် အော်လိုက်မိသည်။

မီးစနှင့် ထိုးလိုက်သည့်အလား လည်ချောင်း တစ်ခုလုံး ပူသွားသည်။

ချက်ချင်းပင် မြင်းပေါ်မှ ထိုးကျသွားတော့သည်။

မြင်းပေါ်မှ အမျိုးသမီးက သူ့နားသို့ ရောက်လာသည်။

အိတ်ထဲမှဘူးကလေးကို ထုတ်ယူလိုက်သည်ကိုသာ ဟိုကန်းစု နောက်ဆုံး သိရှိလိုက်ရသည်။

မျက်လုံးများ ပြာဝေလာပြီး ပြင်းထန်သည့် ဝေဒနာတစ်ခုကို ခံစားလိုက်ရပြီး သတိလစ်သွားသည်။

ဘာဆိုဘာမှ မသိတော့ပေ။

## အခန်း ၄။

## နောက်ဆုံးအချိန်

'အဲဒီနောက်တော့ အစ်ကိုနဲ့ တွေ့ပေလို့ပေါ့၊ နို့မို့ရင် ကျွန်တော်တော့ အဲဒီအမျိုးသမီးလက်ချက်နဲ့ သေရမှာပဲ'

ဟိုကန်းစုက သူ၏ ဇာတ်လမ်းရှည်ကို ယခုကဲ့သို့ နိဂုံးချုပ်လိုက်၏။

'ခုလဲ မင်း အဲဒီ အမျိုးသမီးရဲ့အဆိပ်ကြောင့် သေရတော့မှာပါ ညီလေး' ဟု ချီလုယန်းက ပြောလိုက်ချင်သည်။

သို့သော် ပြောမထွက်ပါ။

အလိုလိုနေရင်း ချီလုယန်း ဝမ်းနည်းနေသည်။

သူ့ရှေ့၌ ကြာရှည်စွာ စဉ်းစားနေလျှင် အော်ဟစ်၍ ငိုမိတော့မည်မှာ အမှန်ပင် ဖြစ်သည်။

ချီလုယန်းသည် ဟိုကန်းစု မနက်ဖြန်တွင် သေရတော့မည် ဟူသော အသိစိတ်ကို ကြိုးစား၍ ဖြေဖျောက်နေသည်။

'ညီလေး မင်းရဲ့နောက်ကို လိုက်လာပြီး အဆိပ်အပ်နဲ့ တိုက်ခိုက်သွားတာ ဘယ်သူလို့ မင်းထင်သလဲ'

ချီလုယန်းက မေးသည်။

'အမျိုးသမီးတစ်ယောက်ပါပဲ အစ်ကို၊ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် မသိပါဘူး'

ချီလုယန်းက စဉ်းစား၍

'မင်းနဲ့ ရင်းနှီးခဲ့တဲ့ ချူးချူးဆိုတဲ့ မိန်းကလေး မဖြစ်နိုင်ဘူးလား'

ဟိုကန်းစု စဉ်းစားသည်။

ပြီးတော့ ခေါင်းကိုခါယမ်း၍

'မဖြစ်နိုင်ဘူးနဲ့ တူတယ် အစ်ကို၊ ချူးချူးရဲ့ အသံကို ကျွန်တော်က ကောင်းကောင်းမှတ်မိနေတာပဲ'

ချီလုယန်းက

'မင်းက သိုင်းလောက အတွေ့အကြုံ တယ်နည်းတာကိုး၊ အသံဆိုတာ ပြောင်းလို့ရတယ်ကွ'

'အသံကို ပြောင်းပြောလို့ရတယ် ဟုတ်လား'

ဟိုကန်းစုက အံ့သြသလို ပြန်မေးသည်။

ချီလုယန်းက

'သိုင်းပညာဆိုတာ အင်မတန် ထူးထွေ ဆန်းပြားတယ် ညီလေးရဲ့၊ တချို့ဆိုရင် အသံကို ငါးမျိုးအထိ ပြောင်းပြောလို့ ရသလို၊ တချို့ဆိုရင်လဲ တိရစ္ဆာန်အသံမျိုးကို အမျိုးမျိုးတု



အောင် အော်တတ်တယ်၊ ဒါဟာလဲ အသံလှိုင်း သိုင်းပညာရပ်တွေနဲ့ ဆက်နွယ်နေတာပဲ'

ဟိုကန်းစုသည် အလွန်စိတ်ဝင်စားလာသည်။

သူသည် ချီလုယန်းအနားသို့ တိုးကပ်၍ပင် ထိုင်လိုက်သည်။

'သိုင်းလောကဟာ အင်မတန် ထူးဆန်းတာပါပဲလား၊ ဗဟုသုတလဲဖြစ်ရအောင် အစ်ကိုသိသလောက် ပြောပြပါလား၊ ကျွန်တော် နားထောင်ချင်လို့ပါ'

အလွန်သနားစရာကောင်းသော ဟိုကန်းစုကို တစ်ချက်ကြည့်ရင်း

'မင်းရဲ့ဆန္ဒကို ငါအပြည့်အဝ ဖြည့်ပါ့မယ်ကွာ'

စိတ်ထဲမှ ရေရွတ်၍ ပြုံးပြလိုက်သည်။

'မင်းသိချင်ရင် ပြောပါ့မယ်၊ တချို့ ဒုစရိုက် သိုင်းသမားတွေဟာ မျက်နှာဖုံး စွပ်ထားကြတယ်၊ ဒါက သူတို့ ဘယ်သူဘယ်ဝါ မသိစေချင်တဲ့ သဘောပေါ့ကွာ၊ အဲသည်အခါမှာ အသံကိုပါဖျက်ပြီး ပြောလိုက်တော့ အခု မင်း ကြုံတွေ့ခဲ့ရသလို ဖြစ်သွားတာပေါ့'

ဟိုကန်းစုက ကြားဖြတ်၍

'အစ်ကို စကားကိုဖြတ်ပြီး ပြောလိုက်ဦးမယ်၊ ကျွန်တော့်စိတ်ထဲမှာ ချူးချူးတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချူးချူးသာ မှန်ခဲ့ရင် သူဟာ ကျွန်တော့်ကို သေတဲ့အထိတော့ မရက်စက်တန်ဘူး၊ သူကျွန်တော့်အပေါ် တော်တော်လေး သံယောဇဉ် ထားပါတယ်အစ်ကို'

ချီလုယန်းက ပြုံးလိုက်၏။

'ထားပါတော့လေ၊ မင်းက အတွေ့အကြုံ နုသေးတာကို ဒါပေမယ့် မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ်၊ ပစ္စည်းဥစ္စာ ပတ်သက်လာရင် သစ္စာမရှိကြဘူးကွ၊ တချို့ဆိုရင် မောင်နှမ သားချင်းတွေတောင် သတ်ကြဖြတ်ကြတဲ့အထိ ရှိသေးတာပဲ'

'ဟုတ်ကဲ့ အစ်ကိုပြောတဲ့ စကားတွေ သိပ်မှန် ပါတယ်၊ ဒါထက်အစ်ကို တချို့ဆိုရင် လူတစ်ယောက်ရဲ့မျက်နှာကို အခြား လူတစ်ယောက်က အတုယူလို့ ရတယ်ဆို ဟုတ်လား'

ချီလုယန်းက ခေါင်းညိတ်လိုက်၏။

'သိပ် ဟုတ်တာပေါ့၊ မျက်နှာကို အတုလုပ်ထားရုံတင် မက ဘူး၊ အဲဒီမျက်နှာပိုင်ရှင်ရဲ့ အသံကိုပါ ယူပြီး ပြောကြတယ်'

'သိပ်အံ့သြစရာ ကောင်းတာပဲနော်၊ အဲဒါမျိုး ကျတော့ သိုင်းသမားတိုင်းတတ်သလား'

'ဒီလိုကွ၊ တုပအယောင်ဆောင်တော့မယ့်လူဟာ အဲဒီလူရဲ့ အမူအရာနဲ့ အသံနေအသံထား စကားပြောပုံတွေကို ပထမဆုံး သိထားရမယ်၊ အတုခိုးထားရမယ်ပေါ့ကွာ၊ အဲဒီလူရဲ့ မျက်နှာ ကျတော့ မျက်နှာကို အတုလုပ်ပေးတဲ့ ပညာရှင် သပ်သပ်ရှိ တယ်'

ဟိုကန်းစုက

'အော် အော်၊ အစ်ကိုပြောတာ ကျွန်တော်သဘောပေါက် ပြီ၊ဥပမာဆိုပါတော့ အစ်ကိုက ကျွန်တော့်မျက်နှာနဲ့အယောင် ဆောင်ချင်ရင် ကျွန်တော့် အပြောအဆိုတွေကို အရင်လေ့ လာပြီး အသံတူအောင် လုပ်ရမယ်၊ နောက်တော့မှ မျက်နှာ



အတုပညာရှင်ကိုခေါ်ပြီး ကျွန်တော့် မျက်နှာနဲ့တူအောင် အဲ့ဒီ ပညာရှင်ကို ဖန်တီးခိုင်းရတာမျိုးပေါ့ ဟုတ်လား'

ချီလုယန်းက ခေါင်းညိတ်လိုက်သည်။

'အေး ဟုတ်တယ်ကွ'

ထိုအခါ ဟိုကန်းစုံ ဆက်လက်၍ ပြောလိုက်သောစကား များသည် ချီလုယန်း၏ စိတ်ကို တုန်လှုပ်သွားစေတော့သည်။

ဟိုကန်းစုက ဆက်၍ပြောသည်မှာ

'ဟာ အဲ့ဒီပညာက သိပ်ကောင်းတာပဲ၊ လူသားတွေ စိတ် မဆင်းရဲအောင်ဖန်တီးနိုင်တာပေါ့၊ ဆိုပါတော့အစ်ကိုရှ ကျွန် တော်က ရုတ်တရက်များ သေသွားခဲ့ရင် မေမေနဲ့ အစ်မကြီး ဟာ ကျွန်တော့်ကြောင့် စိတ်ထိခိုက်ပြီး သေမှာပဲ၊ အမေကလဲ ရောဂါသည်မဟုတ်လား၊ အဲ့ဒီအချိန်မှာ အစ်ကိုလို လူမျိုးတစ် ယောက်က စာနာစိတ်ရှိပြီး ကျွန်တော့်ရဲ့ မျက်နှာအတုနဲ့ သွား ပြလိုက်ရင် သူတို့ရဲ့ ဒုက္ခတွေ ဘယ်လောက်များ အေးငြိမ်းသွား မလဲလို့၊ တကယ်လို့များ ကျွန်တော်သေသွားတာကို မြင်ရရင် အစ်ကို အဲ့ဒီလိုလုပ်ပေးချင်တဲ့ဆန္ဒ မရှိဘူးလား'

ရုတ်တရက်ပြောလိုက်သော သူ၏စကားသည် ချီလုယန်း နှလုံးသားကို တုန်လှုပ်စေပါသည်။

'ဒီကောင်လေး ဘာရမှာ သိလို့ ငါ့ကို အကျပ်ကိုင်နေ တာလား'

'ဒီလိုလဲ ဟုတ်မယ်မထင်ပါဘူး။ ဒီကောင်လေးစကားဥပမာ ပြောနေတာထင်ပါရဲ့'

'သူ့ရဲ့မေးခွန်းကို ငါဘယ်လိုဖြေရပါ့မလဲ'

စသည်ဖြင့် ချိုလုယန်းသည် ရုတ်တရက် တွေးတောကာ စောချွေးပြန်လာလေတော့၏။

အတန်ကြာမှ

သူသည် ကြိုးစား၍ပြုံးပြရင်း

'အစ်ကိုက ညီလေးရဲ့မိသားစု စိတ်ချမ်းသာအောင် ကူညီပေးရမှာပေါ့ကွာ'

ဟု လိုက်လိုက်လှဲလှဲဖြေလိုက်မိသည်။

ဘာကြောင့် ထိုသို့ အဖြေပေးလိုက်မိသည်ကို ချိုလုယန်းကိုယ်တိုင်မသိပါ၊ မှည့်သို့ပင်ဖြစ်ပါစေ ချိုလုယန်း၏ စကားကြောင့် ဟိုကန်းစု၏မျက်နှာ သိသိသာသာ လန်းဆန်းပျော်ရွှင်သွားသည်။

ချိုလုယန်းသည် သက်ပြင်းရှည်တစ်ချက်ကို လေးလေးပင်ပင် ချမိလိုက်၏။

'ကဲ ညီလေး ညဥ့်နက်လှပြီ အိပ်လိုက်ဦး'

❀

အိပ်မပျော်ပါ။

ချိုလုယန်း အိပ်မပျော်ပါ။

'ခုမှ ငါဒုက္ခရောက်တာပဲ'

ဟု ချိုလုယန်းတွေးမိ၏။

ထိုသို့တွေးရင်း ချိုလုယန်းအိပ်မပျော်တော့ပေ။



ဟိုကန်းစု၏ မိသားစုဘဝက သူ့အသိအာရုံထဲသို့ တိုးဝင်လာတော့သည်။

'ငါဘယ်လိုလုပ်ရပါ့မလဲ၊ သူသေသွားရင် သူ့ကိုမှီခိုအားထားနေတဲ့ မိခင်နဲ့ အစ်မ နောက်တော့ညီလေး သူတို့ဘဝဘယ်လိုဖြစ်သွားမလဲ'

'သူသာ ပြန်မသွားရင် ကျန်းမာရေးမကောင်းတဲ့ သူ့မိခင်ကြီး သက်ဆိုးရှည်ပါ့မလား'

'ဖခင်၏အကြွေးကို မဆပ်နိုင်တဲ့အတွက် သူတို့မိသားစု နေထိုင်တဲ့ခြံနဲ့ အိမ်ကို အာမခံဌာနမှူးက သိမ်းတော့မယ်'

'အို ဒီကိစ္စတွေ ငါနဲ့ ဘာဆိုင်တာမှတ်လို့'

ချိုလုယန်းသည် သူတစ်ပါး၏ ဒုက္ခကို မိမိထံသို့အဝင်မခံလိုသဖြင့် အတွေးများကို မောင်းထုတ်ပစ်လိုက်၏။

သို့သော် အတွေးအမျိုးမျိုးဖြင့် ချိတုံချတုံ စဉ်းစားနေရာ မိုးပင်လင်းလုလေပြီ။

ထို့ကြောင့် အတွေးများကိုဖျောက်၍ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

ထိုအချိန်မှာပင်

'အစ်ကို'

တံခါးကို ခပ်ဖြည်းဖြည်းထုသံနှင့်အတူ ခေါ်သံကိုကြားရ၏။

'အစ်ကို'

ဒုတိယအကြိမ် ထပ်မံခေါ်သံကြောင့် ချိုလုယန်းက တံခါး

ဖွင့်လိုက်ရာ မျက်နှာသုတ်ပဝါစွယ်စွာဖြင့် ရပ်နေလော ဟိုကန်းစုကို တွေ့လိုက်ရသည်။

အရှက်တကွဲ၍ အလင်းရောင်ပင် ပေါ်စပြုလာပြီဖြစ်၏။

အဝေးမှ ကြက်တွန်သံကို ကြားလိုက်ရ၏။

'ဟောထိုင်ညီလေး ဘာဖြစ်လို့လဲ'

ဟိုကန်းစုသည် ငိုတော့မည့်မျက်နှာဖြင့် ချီလုယန်းအနားသို့ ဝင်၍ထိုင်လိုက်၏။

သူ၏ လက်ထဲတွင် အိတ်တစ်အိတ်ကိုဆွဲလာသည်။

ထိုအိတ်ကို ချီလုယန်းရှေ့သို့ ချပေးလိုက်ပြီး သူသည် ငို ငယ်သောမျက်နှာဖြင့် ထိုင်ချလိုက်၏။

'ကျွန်တော် အစ်ကိုထပြန်သွားကတည်းက လုံးဝ အိပ် မရသေးဘူး'

'ဟင် ဘာဖြစ်လို့လဲ၊ မျက်လုံးကြောင်နေလို့လား'

ဟိုကန်းစုက ခေါင်းယမ်းလိုက်၏။

'မဟုတ်ဘူးအစ်ကို ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီး ဖြ လာတယ်၊ လည်ချောင်းမှာလဲ တစ်ဆို့ဆို့ကြီးဖြစ်ပြီး၊တစ် တစ်ခါ သတိလစ်ချင်တယ်၊ ကျွန်တော် မနေရတော့ဘူးနဲ့ တယ်အစ်ကို'

'ဟာ မဟုတ်တာကွာ ညီလေးကလဲ အစ်ကို သမားတော် ကြီးကို သွားပြောပေးမယ်'



ဟိုကန်းစုက လှမ်း၍ တားလိုက်သည်။

'မသွားနဲ့အစ်ကို၊ ထူးခြားမယ်လို့ မထင်တော့ဘူး၊ အခု ကျွန်တော့်အသားအရေတွေ ကြည့်ပါဦး'

မှန်ပါသည်။

ဟိုကန်းစု၏ အသားအရေမှာ ဖြူဝင်းနေရာမှ ညိုမည်း လာသည်။

မျက်နှာတွင် စိမ်းဖန့်ဖန့်အရောင်များ သမ်းလာသည်။

ထို့ပြင် သူသည် ဝေဒနာတစ်ခုကို ခံ စားနေရဟန်ဖြင့် မျက်နှာရှုံ့မဲ့လာသည်။

'အစ်ကို ကျွန်တော် တကယ်လို့ များသေသွားခဲ့ရင်၊အမေ ဆီကို ရောက်အောင်သွားပြီး အကြောင်းကြားပေးပါ၊ တတ် နိုင်ရင်တော့ အစ်ကိုပြောခဲ့သလို မေမေ စိတ်ချမ်းသာအောင် ခဏဖြစ်ဖြစ် အယောင်ဆောင်ပေးပါလားဗျာ'

ချီလုယန်းက တွေဝေငေးမောနေစဉ်

ဟိုကန်းစု၏ အသားများက တဆတ်ဆတ် တုန်ယင်လာ သည်ကို တွေ့ရ၏။

'အစ်ကို ကျွန်တော်တောင်းတဲ့ ကတိလေး မပေးနိုင်ဘူး လား'

'အစ်ကို အစ်ကို တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ့ မယ်ညီလေး'

ဟိုကန်းစု ရှုံ့မဲ့နေရာမှ ပြုံးလိုက်သည်။

'ဟာ ဝမ်းသာ ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ကျွန်တော် ဘာယ်လိုဝမ်းသာမှန်းကို မသိဘူး ကျွန်တော်လေ'

'ဝိုန်း'

စကားပြောနေရင်းမှ ဝိုန်းခနဲအသံနှင့်အတူ ဟိုကန်းစုသည် ကုလားထိုင်ပေါ်မှ လဲပြိုသွားတော့သည်။

ချိုလုယန်းက ကပျာကယာ ပြေး၍ထူလိုက်၏။

သို့သော်

ချိုလုယန်း ဘာမှမတတ်နိုင်တော့ပါ။

ဟိုကန်းစု အသက် လုံးဝမရှိတော့ပါ။

'ဖြစ်ရလေ ညီလေးရယ်' ဟု ရေရွတ်ရုံမှတစ်ပါး ချိုလုယန်း ဘာမျှမတတ်နိုင်တော့ပါ။

အခန်း ၈ ။

## တာဝန်ကျေသူ

ပိုကျန်းမြို့ရှိ ခြံဝင်းတစ်ခုထဲသို့ မြင်းလှည်းကလေး တစ်စီးက အပြေးအလွှား မောင်းဝင်လာ၏။

မြင်းလှည်းမောင်းလာသူမှာ ဟိုကန်းလင်းဖြစ်၏။

ဟိုကန်းလင်းသည် မြင်းလှည်းပေါ်တွင် ပါလာသော သမားတော်ကြီးကို အိမ်ထဲသို့ ခေါ်လာခဲ့၏။

အိပ်ခန်းရှိ ခုတင်ပေါ်တွင် စွာအန်းမှာ ပက်လက်ကလေး ဖြစ်နေသည်။

သူမ၏အနားတွင် ဟိုကျင်းမာရှိနေသည်။

ဟိုကျင်းမာက မိခင်ကို ထိုင်၍ ပြုစုပေးနေ၏။

သမားတော်ကြီး ဝင်လာသည်ကို မြင်သောအခါ ဟိုကျင်းမာက နေရာဖယ်ပေးလိုက်၏။

သမားတော်ကြီးသည် လူမမာ၏ အခြေအနေကို စမ်းသပ်ကာ ဆေးဝါးအချို့ကို တိုက်ကျွေးလေ၏။

သမားတော်ကြီးက

'စွာအန်း နှင့်မှာ ဘာမှရောဂါကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ သွေးအားနည်းနေတာ တစ်ခုပဲရှိတယ်၊ ဒါကလဲ အာဟာရဖြစ်တဲ့ အစားအသောက်နဲ့ ဒီဆေးတွေစားလိုက်ရင် ပျောက်သွားမှာပါ'

ဟိုကျင်းမာက

'မေမေက အစားအသောက် သိပ်မစားဘူး ဆရာကြီးရဲ့၊ သူ့သားကိုပဲ တမ်းတနေတယ်၊ မောင်လေး ပြန်မလာတာကိုပဲ သူက တဖွဖွပြောနေတော့တာပဲ'

သမားတော်ကြီးက

'အဲဒါ ခက်တာပေါ့၊ ဘာဖြစ်လို့ စိတ်ကို ဒီလောက် ဒုက္ခပေးရတာလဲ၊ ခရီးသွားတဲ့လူဟာ အချိန်တန်ရင် ပြန်လာမှာပေါ့ စွာအန်းရယ်'

ဟိုကျင်းမာက

'ဟုတ်သားပဲ အမေကလဲ၊ သမားတော်ကြီး ပြောတာနာထောင်မှပေါ့၊ မောင်လေးလဲ ပြန်ရောက်လာတော့မယ် ဥစ္စာ'

'ကဲ ကဲ စားစရာရှိတာစား ဘာမှ စိတ်မကောင်းစရာတေ မတွေးနဲ့၊ ဆေးကိုလဲ မှန်မှန်သောက်'

သမားတော်ကြီးက ဆေးဝါးများပေး၍ ပြန်သွားသည်။



စွာအန်း၏ရောဂါမှာ သားစိတ်ကြောင့်သာဖြစ်၏။

သုံးနှစ်ပြည့်နေပြီ ဖြစ်သော်လည်း ယခုတိုင် ပြန်မရောက်လာသည့် သားအတွက်ကြောင့် အစားပျက် အအိပ်ပျက်ဖြင့် အိပ်ရာထဲ လဲခဲ့ရသူ ဖြစ်သည်။

ဟိုကျင်းမာသည်လည်း မိခင်ကိုသာ အားပေးနေရသည်။ မောင်လေးဖြစ်သူက ပြန်မရောက်သေးသဖြင့် ရင်ထဲ၌ပူနေ၏။

သည်ကြားထဲ

အာမခံဌာနမှူး စီထိသည် မကြာခဏ ရောက်ရှိလာပြီး အကြေးအကြောင်းများကို ပြောဆိုနေသောကြောင့် စွာအန်းတို့ မိသားစုမှာ အကြီးအကျယ် စိတ်ညစ်နေရသည်။

သူမက ယင်းကိစ္စများကို စဉ်းစားနေဆဲမှာပင် ခြံဝင်းထဲသို့ လူတစ်စုဝင်ရောက်လာသည်။

အာမခံဌာနမှူး စီထိနှင့် သူ၏တပည့်လက်သားများပင်ဖြစ်ပေသည်။

'ကြွပါရှင်'

ဟိုကျင်းမာက ဆီးကြို၍ နေရာထိုင်ခင်းများ ပြုလုပ်ပေးသည်။

စီထိက

'ဘယ်လိုလဲဟေ့ နင်တို့တစ်နှစ်ကို နှစ်ထောင် သွင်းပါဆိုတာလဲ နှစ်ထောင်ပြည့်အောင် မသွင်းနိုင်တဲ့အပြင် ပေးထားတဲ့ ကတိတွေကိုလဲ ခဏခဏ ချိုးဖောက်နေတော့ ငါလဲသည်းမခံနိုင်တော့ဘူး'

'ဟုတ်ကဲ့ ကျွန်မတို့ကလဲ ဆရာကြီးကို ပေးဆပ်ချင်ပါတယ် ရှင်၊ ဒါပေမယ့်'

ဟိုကျင်းမာကရှင်းပြသည်။ ဟိုကျင်းမာ၏ စကားမဆုံးမီ စီထိက လက်ကာပြလိုက်ပြီး

'အို ဒါပေမယ့်တွေ၊ ဘာတွေလုပ်မနေနဲ့၊ ကျုပ်တို့ အခု လာတာ မင်းရဲ့စကားကို နားထောင်ဖို့မဟုတ်တော့ဘူး၊ ခြံနဲ့ အိမ်ကိုသိမ်းပြီး ရောင်းရလိမ့်မယ်၊ ခဲဒီတော့ မင်းတို့မိသားစု ဒီနေရာက အမြန်ဆုံး ဖယ်ပေးဖို့ပဲ'

ဟု ပြောလိုက်၏။

ဟိုကျင်းမာက စောဒကတက်ပြန်သည်။

'မေမေက နေမကောင်းသေးတဲ့အတွက်'

'ဟာ ဒါတွေမပြောနဲ့တော့၊ ကျုပ်မှာ ဆုံးရှုံးရတဲ့ပစ္စည်း အတွက် စိုက်ပြီးလျော်ထားရတာ၊ ဒီငွေကို ပြန်ပေါ်အောင် မလုပ်နိုင်လို့ ကျုပ်ရဲ့စီးပွားရေးမှာ အခက်အခဲ တွေ့နေပြီဗျ'

ထိုအခိုက် စွာအန်းက အခန်းထဲမှထွက်လာသည်။

'သမီးရယ် တောင်းပန်လို့မှရရင်လဲ ပြောမနေပါနဲ့တော့ အမေတို့ကုသိုလ်ကံပဲလို့ မှတ်လိုက်ပါ၊ ရွှေ့ပြောင်း ပေးလိုက် ကြတာပေါ့ကွယ်'

ဟိုကျင်းမာက ရှိုက်၍ တစ်ချက်ငိုလိုက်သည်။

သမီးအဖြစ်ကိုမြင်ရတော့ မိခင်စွာအန်းမှာ သူ့ရောဂါ အသာထားပြီး သမီးကို အားပေးသည်။

'ဒါ ဝမ်းနည်းစရာ မဟုတ်ပါဘူးသမီး၊ အဟောင်းသွား ရင် အသစ်လာလိမ့်မှာပေါ့ကွယ်'



ထိုစဉ်....

ခြံဝင်းထဲသို့ မြင်းတစ်ကောင် ဝင်ရောက်လာသည်။

ထိုမြင်းပေါ်မှလူကို မြင်တွေ့ရသည်နှင့် အားလုံးမှာ အံ့အား သင့်သွားတော့သည်။

ဟိုကျင်းမာက ဝမ်းသာအားရ ပြေးလွှားသွားကာ .

'မောင်လေးလာပြီ၊ မောင်လေးပြန်လာပြီ'

ဟု အော်ဟစ်ပြီး ဆီးကြိုလိုက်သည်။

❀

ချီလုယန်း ရုတ်တရက်ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ် သွားသည်။

ဟိုကျင်းမာက ချီလုယန်း၏ လက်မောင်းကို ဖျစ်ညှစ် ဆွဲကိုင်ရင်း ဝမ်းသာအားရ အိမ်ထဲသို့ ခေါ်သွင်းလာသည်။

ချီလုယန်း ဒူးများတုန်ယင်နေ၏။

'အို ငါက ဟိုကန်းစုပဲ၊ ဒါငါ့မိသားစု'

သူက စိတ်ကိုတင်း၍ မိမိကိုယ်မိမိ အားပေးလိုက်၏။

သွားလေသူ ဟိုကန်းစုအတွက် မိမိက အစွမ်းကုန် ကြိုးစား ရမည်မဟုတ်ပါလား။

'သား သားလေး၊ ငါ့သားလေး ဝပြီးတော့တောင် လာ သေးတယ်၊ အမေဖြင့် ဝမ်းသာလိုက်တာ' ဟု စွာအန်းက ဆီး ကြို၏။

ဟိုကန်းစုအဖြစ် ဟန်ဆောင်လာသော ချီလုယန်းသည်သူ့စိတ်ကို တင်းလိုက်လေသည်။

'ငါ ဂုဏ်ဒြပ်ပျက်လို့ မဖြစ်ဘူး၊ ငါက ဟိုကန်းစုရဲ့ ပုံစံမျိုး လုပ်နိုင်မှ အလိမ်မပေါ်မှာ'

ချီလုယန်းသည် ထိုသို့တွေးပြီး စွာအန်းကိုပြုံးပြကာ

'အမေ နေကောင်းတယ်နော်၊ အစ်မလဲ နေကောင်းတယ် မဟုတ်လား'

'အစ်မက နေကောင်းပါတယ်မောင်လေးရယ်၊ အမေသာ နင့်ကို လွမ်းပြီး ဖျားနေတာ၊ ကြည့်စမ်းခုတော့လဲ မျက်နှာကို ပြုံးသွားတာပဲ'

ယခုမှ ဟိုကျင်းမာလည်း ပြုံးနိုင်တော့သည်။

'သွားရေ မင်းတို့ဦးလေးကိုလဲ နှုတ်ဆက်လိုက်ဦးလေ' ဟု စွာအန်းက ပြောလိုက်သောအခါ ချီလုယန်းသည် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

အိမ်ထဲ၌ ညွှန်သည်သုံးလေးယောက် ထိုင်နေသည်ကို တွေ့ရသည်။

ခုယ်သူဘယ်ဝါမှန်း ချီလုယန်းမသိပါ။

စွာအန်းက မင်းဦးလေးဟု ပြောသော်လည်း ထို ဦးလေးဆိုသူမှာ မည်သူ့ကို ရည်ညွှန်းမှန်း ချီလုယန်းမသိပါ။

ချီလုယန်း အကြံအိုက်နေ၏။

သို့သော်....

သူသည်၊ ညွှန်သည်သုံးယောက်ကို တစ်ချက်မျှ အကဲခတ်လိုက်ပြီး ရှေ့ဆုံးတွင် ထိုင်နေသော ညွှန်သည်ကြီးကို ပြုံးပြလိုက်၏။



'ဦးလေး နေကောင်းတယ်နော်'

ဟု နှုတ်ဆက်လိုက်၏။

ရမ်းပစ်လိုက်သောမြားသည် လိုရာကို တည့်မတ်စွာထိခဲ့၏။

စီထိက ခေါင်းညိတ်လိုက်သည်။

စီထိသည် စောစောကမျက်နှာမျိုး မဟုတ်တော့ပါ။

ဟိုကန်းစုကို မြင်ရသောအခါ သူ၏ငွေ ရတော့မည်မို့ မျက်နှာမှာ ချိုပြုံးသွားသည်။ ဆက်ဆံပုံ အချိုး ပြောင်းသွား၏။

'နေကောင်းပါတယ်ကွာ၊ငါလဲ မင်းတို့ မိသားစုအပေါ်မှာ မပြောချင်ပဲ ပြောနေရတာကွ၊ ငါ့မှာလဲ ငွေရေး ကြေးရေးက ခက်ခဲလာတော့ ခြံနဲ့အိမ်ကိုရောင်းဖို့ လာပြောနေတာကွ'

ထိုအခါ ဟိုကျင်းမာက ဝင်၍

'ဟုတ်တယ်မောင်လေး၊ဦးလေးစီထိက ငွေ ကျပ်တည်းလို့ အစ်မတို့ကို ဒီက ဖယ်ခိုင်းနေပြီ'

ချီလုယန်း သိလိုက်ပါပြီ။

ဟိုကန်းစု ဖခင်ကြီး၏ အကြွေးရှင် စီထိ။

ချီလုယန်းသည် ဝမ်းစီထိနှင့် ယှဉ်၍ ထိုင်လိုက်သည်။

'ကျွန်တော်လဲ ကိုယ်ချင်းစာပါတယ် ဦးလေး၊ အဲဒီတော့ တတ်နိုင်သမျှ ကျွန်တော်ပေးပါ့မယ်၊ လောလောဆယ် ငွေ ငါးထောင် ယူသွားပါ၊ ဦးလေး ကျေနပ်တယ် မဟုတ်လား'

ငွေငါးထောင် လုံးခနဲ ပေးမည်ဆိုတော့လည်း ဝမ်းသာ
ကျေနပ်သွားသည်။

'ဖြစ်ပါတယ် ငါ့တူရယ်၊ ဒီလောက် ဆိုရင် ဦးလေးက
လှည့်သာ ဖဲ့သာနေသေးတာပေါ့'

ချီလုယန်းတစ်ဖြစ်လဲ ဟိုကန်းစုသည် အိတ်ကြီးထဲမှငွေ ငါး
ထောင်ကို ထုတ်ပေးလိုက်လေသည်။

ထုတ်ပေးပြီးသည်နှင့်

'ဒီမှာ ဦးလေး'

'ပြောပါ ဟိုကန်းစု'

'ကျွန်တော့်ဖေဖေရဲ့ နေရာမှာ ကျွန်တော် အလုပ်ဝင်လုပ်
မယ်လေ၊အဲဒီတော့ ဦးလေးရဲ့အကြွေးကိုလဲ ခုနှိမ်လို့ရတာပေါ့၊
မကောင်းဘူးလား'

စီထိက သူ၏နံဘေးမှ ပထမတာဝန်မှူး ရိအောင့်ကို ပြုံး၍
ကြည့်လိုက်သည်။

ပထမတာဝန်မှူး ရိအောင့်က ဟိုကန်းစုကို ကြည့်ကာ ရယ်
မော၍....

'မင်းကလဲ စကားကို လွယ်လွယ်လေး တယ်ပြောတာပဲ၊
မင်းအဖေ ဟိုက်ချိုက်ဆုံလို သိုင်းပညာရှင် တစ်ယောက်တောင်
ပစ္စည်းကို လုံခြုံမှုမပေးနိုင်လို့ လူဆိုးတွေက သတ်သွားတာကို
ခံရတယ်ဆိုတာလဲ အသိသားနဲ့၊ မင်းလို ဘာ သိုင်းပညာမှ
မတတ်တဲ့ လူက ဒီနေရာ အစားဝင်လို့ ဖြစ်ပါ့မလားကွာ'

ထိုသို့ပြောပြီးနောက် ရိအောင့်ရယ်မောလိုက်၏။

ရိအောင့် ရယ်မောသဖြင့် အခြားလူများပါ ရယ်မောကြ၏



ချီလုယန်း မှက်သွား၏။

'ကျွန်တော် နည်းနည်းပါးပါးတော့ တတ်ပါတယ်ဗျာ'

'အိုး နည်းနည်းပါးပါး တတ်ရုံလောက်နဲ့ မင်းကို ငါ့ရဲ့
တပည့်နေရာမှာတောင် ပေးလို့မရသေးဘူး'

စွာအန်းက ဝင်၍

'ဟုတ်ပါတယ် သားရယ်၊သိုင်းပညာ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်
တွေမှ အဲ့ဒီလို ရာထူးမျိုးမှာ လုပ်ကြရတာကွယ့်၊ အခုလဲပဲ
ဆရာကြီးစီထိကိုပေးဖို့ သိပ် မများတော့ပါဘူး၊ နည်းနည်းပဲ
ကျန်တော့တာပဲ တခြားနည်းနဲ့ပဲ ရှာပါကွယ်'

ဟိုကန်းစု အယောင်ဆောင်ထားသော ချီလုယန်းက အား
မလျော့သေးပေ။

'ကျွန်တော် သိုင်းပညာကို အမြန်ဆုံးတတ်အောင် သင်ရင်
ကောဗျာ'

စီထိတို့က ထိုင်ရာမှ ထရင်း

'စိတ်ချပါ မင်းသာသိုင်းပညာတတ်ရင် မင်းဖခင်ရဲ့ ရာထူး
ကို ငါကိုယ်တိုင် လွှဲပေးမယ် ဟုတ်ပြီလား'

ထို့နောက်

သူတို့သည်ရယ်မောပြောဆို၍ ထွက်ခွာသွားလေတော့သည်။

ညှော်သည်များ ပြန်သွားသောအခါ ချီလုယန်းသည် အိမ်
သားများကို ပြုံးပြလိုက်၏။

ထို့နောက်

သူ၏အိတ်ထဲမှ ငွေတစ်သောင်းတိတိကို မိခင်ဖြစ်သူနှင့်
အစ်မဖြစ်သူကို ပေးလိုက်သည်။

စောစောက ငွေငါးထောင်နှင့်ဆိုလျှင် သူ့ထံ၌ ငွေ တစ်
သောင်းငါးထောင်တိတိ ပါရှိလာခြင်း ဖြစ်သည်။

အမှန်စင်စစ် ထိုငွေတစ်သောင်း ငါးထောင် လုံးသည်
ဟိုကန်းစု၏ ငွေအားလုံး မဟုတ်ပါ။

ဟိုကန်းစု၏ငွေမှာ ငါးထောင်ခန့်သာ ရှိ၏။

ချီလုယန်းသည် ချန်ဝူးမြို့၌ သူ စုဆောင်းထားသော ငွေလွှဲ
လက်မှတ် တစ်သောင်းတန်တစ်စောင်ကို ငွေသားနှင့် လဲလှယ်
ခဲ့ခြင်းဖြစ်သည်။

မိမိရှေ့၌ရှိနေသော ငွေများကိုကြည့်၍ ၊ ရှာအန်း အံ့ဩ
သွားသည်။

'အို သားရခဲ့တဲ့ငွေတွေက များလှချည့်လား၊ ဒီအတိုင်း
ဆိုရင် စောစောက စီထိကို အပြေ အလည် ပေးလိုက်မ
ကောင်းသား'

ဟိုကန်းစု ဟန်ဆောင်ထားသော ချီလုယန်းက

'ကျွန်တော် တမင်တကာမပေးတာပါ'

'ဟင် သားက ဘာဖြစ်လို့လဲ'

'ကျွန်တော် သူတို့ဆီမှာ အဖေ့လိုပဲ အမှုထမ်းချင်လို့
အကြွေးကျန်နေမှ သူတို့က အမှုထမ်းခွင့် ပေးမယ်မဟုတ်လာ'



ဟိုကျင်းမာက

'အို မောင်လေးကလဲ ဒီလောကအန္တရာယ်များတဲ့ အလုပ်
မျိုးကို မလုပ်ချင်စမ်းပါနဲ့၊ နောက်ပြီး ကိုယ် က သိုင်းပညာလဲ
တတ်တာမှ မဟုတ်ဘဲ'

'ဒီမှာ ကျွန်တော် ရှင်းရှင်းပဲ ပြောမယ်အမေ'

သူက ရုတ်တရက် ခက်ထန်စွာ ပြောလိုက်သဖြင့် သား
အမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိ
လိုက်သည်။

သူတို့၏စိတ်ထဲတွင် ဟိုကန်းစု၏ ထူးခြားသော အမူအရာကို
ပထမဆုံး မြင်လိုက်ရ၍ ဖြစ်သည်။

ဟိုကန်းစုသည်ဘောထဲ တောင်ထဲသို့ အလုပ်သွားလုပ်မီက
ဤကဲ့သို့ စိတ်ခက်ထန်ခြင်းမရှိပဲ စကားပြောရာတွင် နူးညံ့
သိမ်မွေ့သောကြောင့် ဖြစ်ပေသည်။

ဟိုကန်းစုက သူ့စကားကို ဆက်၏။

'အဖေ သေရတာ ကျွန်တော် မကျေနပ်ဘူး၊ ဒါကြောင့်
အဖေလုပ်တဲ့အလုပ်ကို ကျွန်တော် လုပ်ကြည့်ချင်တယ်'

'အို သားက သိုင်းပညာမှ မတတ်ပဲ'

'အမေရယ်၊ သိုင်းပညာဆိုတာ မခဲယဉ်းပါဘူး၊ သင်လိုက်
ရင် ခဏပါပဲ၊ ကြည့်နေပါ'

ဟိုကျင်းမာက သူ၏ လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ကိုင်၍
လှုပ်ယမ်းရင်း မေးသည်။

'မောင်လေး၊ နင် တောထဲတောင်ထဲမှာ အလုပ်လုပ်ပြီး
တော့ စိတ်ကြမ်း လူကြမ်းကြီး ဖြစ်လာတယ် ဟုတ်လား'

ဟိုကန်းစုဟန်ဆောင်ထားသော ချီလုယန်းသည် ဟိုကျင်းမာ၏ စကားကြောင့် မိမိအမှားကို သတိထားလိုက်ရသည်။

သို့သော် ချက်ချင်းပင် ဖြေ၍ ပြောလိုက်၏။

'အစ်မရယ်၊ ကြမ်းတမ်းတဲ့ တောထဲမှာနေရတော့လဲ စိတ်ပါ နည်းနည်း ကြမ်းလာတာပေါ့၊ ဘာလဲ အစ်မက မကျေနပ်လို့လား'

'ကျေနပ်ပါတယ် မောင်လေးရယ်၊ ဒါပေမယ့် နင့်မှာ အန္တရာယ်တွေ များမှာစိုးလို့ပါ'

'မပူနဲ့ အစ်မ၊ လောကကြီးမှာ ကြမ်းကဲ့လူနဲ့တွေ့ရင် ကိုယ်ကလဲ ကြမ်းတမ်းပေးရတယ်၊ ဒါမှ သဘာဝ ကျတော့မှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်'

ဟိုကျင်းမာက သူ့မောင်လေးကို လည်ပင်းမှ သိုင်းဖက်၍ နဖူးကို ရွတ်ခနဲ နမ်းလိုက်သည်။

ချီလုယန်း ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွား၏။

အကြောင်းမှာ သူသည် ဟိုကျင်းမာ၏မောင် ဟိုကန်းစု မဟုတ်သောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

'ကဲပါ အစ်မရယ်၊ ဒီနေ့ကစပြီး စိတ်ချမ်းချမ်းသာသာ နေစမ်းပါ၊ စားချင်တာဝယ်စားကြ၊ ဝတ်ချင်တာဝတ်ကြ၊ ငွေရှာဖွေပေးဖို့ တာဝန်ကို ကျွန်တော့် တာဝန်သာထားလိုက်' ဟု လေပူတစ်ချက်မှုတ်ထုတ်ပြီး ပြောလိုက်၏။

နေမကောင်းနေသော စွာအန်းမှာသည်း ယခုအခါ ရှင်လန်းသွားပြီ ဖြစ်လေသည်။



ပျော်ရွှင်နေသော မိသားစုကိုကြည့်ရင်း ဟိုကန်းစုအယောင်ဆောင်ထားသော ချီလုယန်းသည် စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

'ပါတာစန်ကျေပါတယ်နော် ညီလေး ဟိုကန်းစုရယ်' ဟူ၍ ဖြစ်သတည်း။

❀

ဟိုကန်းစုတစ်ဖြစ်လဲချီလုယန်းသည် ပိုကျန်းမြို့၏အကြောင်းကို သိလို၍ နောက်တစ်နေ့မှစတင်ကာ ဟိုကန်းလင်းကို မြင်းလှည်း မောင်းမခိုင်းတော့ပဲ သူကမောင်းသည်။

ဟိုကန်းလင်းက သူ၏အစ်ကိုပြောခဲ့သော စကားကိုမမေ့ပေ။

ရှောင်လင်ကျောင်း၌ ပညာသင်ကြားစေမည်ဟု ပြောထားသောကြောင့် ယခု ဟိုကန်းစုပြန်ရောက်လာသည့် အချိန်တွင် ပူဆာသည်။

ဟိုကန်းစုက ရှောင်လင်ကျောင်းမှာ အလွန်ဝေးကွာသည့်အတွက် စိတ်မချ၍ နီးနီးနားနား မြို့ကြီးတစ်မြို့မှ သိုင်းပညာကျောင်းသို့ အပ်နှံရန် စီစဉ်လိုက်လေသည်။

ဟိုကန်းလင်း ပျော်သွားသည်။

ဟိုကန်းစုသည် ထိုမျှသာမက အိမ်ကြီးကိုလည်း ခမ်းခမ်းနားနားဖြစ်စေရန် လက်သမားများဖြင့် ပြန်လည်ပြုပြင်စေ၏။

သူက ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်နေသည်ကို စွာအန်းတို့သားအမိမှာ အံ့ဩနေကြရ၏။

'အမေ ဟိုကန်းစုဟာ သုံးနှစ် အတောအတွင်း အရာရာပြောင်းလဲလာတာပဲနော်'

မိခင်စွာအန်းက ခေါင်းညိတ်လိုက်သည်။

'အေး ဟုတ်တယ်၊ ငွေရေးကြေးရေး သုံးစွဲတဲ့နေရာမှာလဲ အရင်ကလိုမဟုတ်ဘူး၊ သိပ်ရက်ရောတာပဲ၊ နောက်ပြီး သူ့မျက်နှာဟာ တစ်ခါတစ်ခါမှာ ခက်ထန်နေတယ်၊ အမေ့ စိတ်ထဲမှာ တစ်စုံတစ်ခုများ ဖြစ်လာသလားလို့'

ဟိုကျင်းမာက

'နောက်ပြီးတော့လဲ သူ အရက်ကို တော်တော်ကလေးသောက်တယ်အမေရဲ့ ကျွန်မက သူ့ကို အရင်ကလို ကျီစယ်တာကို သိပ်လက်မခံဘူး၊ တစ်ခါတလေ ကျွန်မ ဖက်ထားတဲ့လက်ကို ပြန်ပုတ်ချတယ်'

'အို ဒါကသမီးက မောင်လေးကို ကလေးတစ်ယောက်လိုမြင်နေပေမယ့် အသက်အရွယ်တွေက ကြီးလာပြီမဟုတ်လား၊ ဒီတော့လဲ ခပ်တည်တည် နေချင်လာတဲ့သဘောပါ'

သားအမိနှစ်ယောက် ထိုသို့ဆွေးနွေးနေချိန်တွင် ဟိုကန်းစုမှာ မြင်းလှည်းတစ်စီးနှင့် ပိုကျန်းမြို့ထဲ၌ လှည့်ပတ်နေပေသည်။

[ပြ]



သူသည် မြင်းလှည်းကို တစ်လမ်းဝင် တစ်လမ်းထွက်မောင်းနှင်နေရင်းမှ ဟိုကန်းစုပြောခဲ့သည့် စကားများအတိုင်း မြင်ယောင်နေပေသည်။

သူ၏ မြင်းလှည်းသည် ဘုံကျောင်းရှေ့သို့ ရောက်သောအခါ ဟိုကန်းစုအား မြင်းလှည်းပေါ်မှာထားခဲ့၍ ကုမာလန်းဆိုသည့် မိန်းကလေးက ဘုံကျောင်းထဲဝင်သွားပုံများကိုလည်းမြင်ယောင်မိသည်။

ယခုဆို ကုမာလန်းဆိုသည့် မိန်းကလေးနှင့် မဆုံသေးချေ။ အကယ်၍ ဆုံတွေ့လျှင် မိမိကမည်ကဲ့သို့ ပြောဆို ဆက်ဆံရမည်နည်း။

နောက်တစ်ချက်

ပွဲစားကြီး တစ်ဦး၏သား လူဝါးဆိုသူကလည်း ရှိနေသေးသည်။

ထိုသူသည် မည်ကဲ့သို့သော လူစားမျိုးနည်း။

တစ်နေ့မဟုတ် တစ်နေ့တော့ ဆုံတွေ့မှာပဲဟု ဟိုကန်းစုကစိတ်ထဲမှ စဉ်းစားထားလိုက်သည်။

သူ့ဘဝ သူ့အခြေအနေသည် အစစအရာရာကို လေ့လာထားမှ ဖြစ်ပေမည်။ သူသည် တစ်စုံတစ်ခု အမှားအယွင်းပြုလုပ်မိ၍ အယောင်ဆောင်ထားမှန်း စွာအန်းသိရှိသွားလျှင် ပထမဦးဆုံး ရင်ဆိုင်ရမည်မှာ

'မိမိ၏သား ဘယ်ရောက်သွားသလဲ'

'မိမိက ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဤကဲ့သို့ ရောက်ရှိလာရသလဲ' စသော ပြဿနာများဝင်လာနိုင်သည် မဟုတ်ပါလား။

ထိုပြဿနာကထားဦး။

ဟိုကန်းစု လောကကြီးတွင်မရှိတော့ဟုကြားလျှင် ရောဂ

ပြန်ထ၍ သေဆုံးသူမှာ စွာအန်းပင်ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်လည်း ဟိုကန်းစုအတုသည် သတိကြီးစွာထား၍

ပြုမူနေထိုင်ရန် ဆုံးဖြတ်ထားရလေသည်။

ချီလုယန်းသည် တစ်မြို့လုံးနှံ့စပ်အောင် လည်ပတ်ပြီးသည်

နှင့် စားသောက်ကောင်းမည်ဟု ထင်ရသော စားသောက်

ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့သည်။

သို့သော် ဆိုင်ဝင်ပေါက်မှစ၍ ညစ်ပတ်နေ၏။

'ငန်းဖြူ' စားသောက်ဆိုင်ထဲတွင် လူသိပ်မရှိ။

စားသောက်ခန်းမထဲ၌ လူကျဲနေပါသည်။

ဟိုကန်းစုက အရက်တစ်အိုးကို မှာလိုက်ပြီး ဆိတ်သား

ခြောက်ကင်ကို ဇိမ်ပြေနပြေ အရသာခံ၍ စားနေမိ၏။

သူ့ကို အသက်ငါးဆယ်နီးပါးရှိ လူတစ်ယောက်က စူးစူး

ဝါးဝါး ကြည့်နေသည်။

ခဏကြာသော်သူ့ကိုကြည့်နေသူသည် သူ၏စားပွဲသို့လျှောက်

လာကာ သူ့ထံ ခွင့်မတောင်းဘဲ စားပွဲ၌ ဝင်ထိုင်လိုက်၏။

ဟိုကန်းစုက ထိုလူဝင်ရောက်လာသည်ကို တွေ့ရသည်နှ

သိသိ မသိသိ သူက ပြုံးပြလိုက်၏။

သူက ထိုကဲ့သို့ ပြုံးမပြ၍ မဖြစ်ပါ။



ပိုကျန်းမြို့သည် ဟိုကန်းစု၏ မြို့ဖြစ်သည်။

သူနှင့်သိကျွမ်းသောသူများသည် များစွာရှိနေမည်ဖြစ်၍။

ထို့ကြောင့်

မိမိက စတင်၍ အပြုံးနှင့် နှုတ်ဆက်ခြင်းသည် အမှား

အယွင်းနည်းစေမည် မဟုတ်ပါလား။

ဟိုကန်းစု၏ စားပွဲ၌ဝင်၍ ထိုင်လိုက်သည့်သူသည် ဟိုကန်း

စုက အရက်နှင့် ဆိတ်သားခြောက် စားသောက်နေသည်ကို

မြင်ရသည့်အတွက် အံ့သြနေဟန်တူသည်။

'မင်းအရက်တွေ ဒါလောက်တောင် သောက်နေတာ ဘာ

ဖြစ်လို့လဲ ဟိုကန်းစု'

ထိုလူက မေးသည်။

သူ့အမည်ကိုတော့ ဟိုကန်းစုက မသိ။

အသက်က ငါးဆယ်နီးပါးခန့်ဆိုဘော့ ဦးလေးအရွယ်ဖြစ်

သည်။

'တစ်ခါတလေပါ ဦးလေးရယ်၊ဦးလေးလဲ သောက်ပါဦး'

ထိုလူက ခေါင်းကို ခါယမ်းလိုက်၏။

'ငါမသောက်တော့ပါဘူး ဒါထက်မင်းကို မေးရဦးမယ်'

ဟိုကန်းစုက မျက်မှောင်ကုတ်၍

'ဘာမေးမလို့လဲ'

'တို့ရဲ့အာမခံဌာနမှူးကြီးကို မင်းတို့ ဘယ်လောက်ပေးစရာ

ကျန်သေးလဲ'

ဟိုကန်းစု ရိပ်စားမိလိုက်ပြီ။

ထိုလူကြီးသည် မိမိ၏ဖခင်နှင့်အတူ လုပ်ကိုင်ခဲ့သည့် အာမခံ
ဌာနမှ ဖြစ်ရမည်။

အတော်ပဲ ဖြစ်သည်။

အာမခံဌာန၏တစ်စိတ်တစ်ဒေသကို သိချင်နေသောကြောင့်
အဆင်သင့်ဖြစ်သွား၏။

သူက ထိုလူကြီး၏စကားကို စဉ်းစဉ်းစားစားဖြင့် ပြန်မေး
လိုက်သည်။

'သိပ်မကျန်တော့ပါဘူး၊ သုံးထောင်ကျော်ပဲ ရှိပါတော့
တယ်၊ မကြာခင် ကြေသွားမှာပါဗျာ'

ထိုလူကြီးက သက်ပြင်းချလိုက်၏။

'အင်း အမှန်တော့ ဒီကိစ္စကို ငါမကျေနပ်ဘူးကွ'

ဟိုကန်းစုက ဆတ်ခနဲ ကြည့်၍

'ဦးလေးက ဘာကိုမကျေနပ်တာလဲ'

'သူ ငွေအလျော်တောင်းတာကို မကျေနပ်တာပေါ့ကွ'

ဟိုကန်းစုက တိတ်ဆိတ်စွာပင် နားထောင်နေသည်။

ထိုလူကြီးက ဆက်လက်၍

'မင်းစဉ်းစားကြည့်လေ၊ လူတစ်ယောက်ဟာ အလုပ်တာဝန်
တစ်ခုကို အသက်ပေးပြီး ဆောင်ရွက်သွားတယ်၊ ဒါကို ငွေ
လျော်သင့်သလား၊ ငါ့ကိုသာ တာဝန်မှူး ခန့်အပ်ရင် အဲ
စည်းကမ်းကို ပယ်ဖျက်ပစ်မှာပဲ'

'အင်း ဦးလေးပြောတာ မှန်တယ်နော်၊ တကယ်တော့သေ
သွားတဲ့ လူတစ်ယောက်အပေါ်မှာ လျော်ကြေးမတောင်းသင့်
တော့ဘူး'



ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဒါပေါ့ကွ၊ အကယ်၍ တာဝန်ခံတစ်ယောက်ဟာ ပစ္စည်း
တွေဆုံးရှုံးပြီး အသက်မသေဘူးဆိုရင်တော့ အဲဒီလူကို မသက်သာ
စရာပေါ့၊ ခုတော့ အသက်ပေးပြီး စောင့်ရှောက်သွားတာပဲ၊
အမှန်တော့ ဌာနမှူးက သေဆုံးရတဲ့လူအတွက် ကျန်တဲ့မိသား
စုကို အသက်ဖိုးတောင် လျော်ကြေးပေးရဦးမယ်၊ ငါပြောတာ
မဟုတ်ဘူးလား'

ထိုလူကြီး ပြောနေသည့်စကားများသည် အမှန်တရားများ
သာ ဖြစ်လေသည်။

အလုပ်ရှင်တစ်ဦး ပြုလုပ်သင့်သည်မှာ

အလုပ်သမားတစ်ဦးက သူ၏ပစ္စည်းကို အလွဲသုံးစားပြုလုပ်
ပါက ထိုက်သင့်သော အပြစ်ဒဏ်ပေး၍ အရေးယူရမည်သာ
ဖြစ်လေသည်။

အကယ်၍ ထိုအလုပ်သမားက သက်စွန့်ကြိုးပမ်းဆောင်ရွက်
သွားပါက ထိုသူကို ထိုက်သင့်သလောက် ဂုဏ်ပြုရမည်သာ ဖြစ်
သည်။

ဟိုကန်းစုအယောင်ဆောင်ထားသော ချီလုယန်းသည်လည်း
ထိုကိစ္စကို အစကတည်းက မကျေနပ်ပါ။

သို့သော် ဟိုကန်းစု၏ဖခင် ဟိုက်ချိုက်ဆိုက မည်သို့မည်ပုံ
ကတိခံထားမှန်းမသိသဖြင့် သူတို့မိသားစုက မငြင်းဆန်တော့ပဲ
လျော်ကြေးပေးခြင်း ဖြစ်လိမ့်မည်ဟု တွေးမိ၏။

ထိုလူကြီးက ဆက်လက်၍

'အဲသည်တုန်းက မင်းရဲ့အဖေ အပါအဝင် လူပေါင်း ငါး

ယောက်တိတိ သေဆုံးရတယ်၊ ကျုန်တဲ့ လေးယောက်ကတော့
ငယ်သားတွေမို့ ငွေလျော်ရခြင်းမရှိသော်လဲ သူတို့ရဲ့အသက်ဖို့
ပြန်မရလို့ ခုဆို မိသားစုတွေ ဒုက္ခရောက်နေတယ်၊ အာမခံ
အလုပ်သမားအဝ ဘယ်လောက်နစ်နာနေသလဲ'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ် ဦးလေး၊ ဒါပေမယ့် ခက်တာက အလုပ်သမား
တွေက ဘာဖြစ်လို့ သူပြောတာကို ခံနေကြတာလဲ'

ထိုလူကြီးက ခံပြင်းသလို မျက်နှာကို တစ်ချက်မဲ့လိုက်၏၊

'တချို့ လူတွေကြောင့် ခက်နေတာပေါ့ကွ၊ သည်မြို့မှာ
အာမခံဌာနသုံးခုရှိတယ်၊ ဝမ်းစီထိက သုံးခုလုံးကိုစည်းကမ်းတွေ
ညှိထားတော့ အလုပ်သမားတွေကလဲ အလုပ်မရှိတော့ သူတို့
စည်းကမ်းအတိုင်း ဝင်လုပ်နေရတာပေါ့'

ဟိုကန်းစုက လေးလေးနက်နက် စဉ်းစားလိုက်သည်။

အတန်ကြာအောင် စဉ်းစားပြီးသောအခါ သူက ဆုံးဖြတ်
ချက် တစ်ခုကို ပြောလိုက်သည်။

'ဦးလေးပြောတာ နည်းလမ်းကျတယ်၊ ကျွန်တော် ပိုကျုန်
မြို့မှာ အာမခံဌာနအသစ်တစ်ခု ဖွင့်လိုက်မယ်'

ထိုလူကြီးက ဝမ်းသာသွားလေသည်။

'မင်း တကယ်ပြောတာလား ဟိုကန်းစု၊ မင်းက အာမခံ
ဌာနတစ်ခု ဖွင့်မယ်ဆိုရင် ဦးလေးယုံဝှားလဲ အလုပ်တစ်ခုရတာ
ပေါ့ကွာ'

ထိုလူကြီး၏အမည်မှာ ယုံဝှားဟု သိလိုက်ရ၏။

'ဟင် ဦးလေးယုံဝှားက အခု အလုပ်မရှိလို့လား'



'အို မင်းက ဒီကိစ္စ မသိသေးဘူးလား၊ ကျုပ်က အသက်
အားက လွတ်ကင်းလို့ ပြန်ပြီးသတင်းပေးနိုင်ပေမယ့် စီထိက
သက်စွန့်ကြိုးပမ်း မဆောင်ရွက်ဘူး၊ တာဝန် မကျေဘူးဆိုပြီး
အလုပ်က ဖြုတ်ထားတယ်လေ'

ဟိုကန်းစုက နာကျည်းစွာဖြင့် 'တက်'တစ်ချက် ခေါက်လိုက်
လေသည်။

ဟိုကန်းစု အတော်ကလေးမိုးချုပ်မှ မြင်းလှည်းနှင့် အိမ်သို့
ပြန်ရောက်လာသည်။

ဟိုကျင်းမှာက မြင်းလှည်းကို ဝိုင်းဝန်းသိမ်းရန် အိမ်ထဲမှ
ထွက်လာသည်။

'အစ်မ မလုပ်ပါနဲ့၊ ကျွန်တော့်ဟာ ကျွန်တော် လုပ်မယ်'

'မင်းက ဘာလဲ၊ ငါ့ပင်ပန်းမှာ ကြောက်လို့လား'

'ဒါပေါ့၊ ကျွန်တော်ရှိနေတဲ့ နောက်တော့ အစ်မနဲ့ အမေ
ဘာမှ မလုပ်ရဘူးလို့ ပြောထားတယ် မဟုတ်လား'

ဟိုကန်းစုသည် ထိုသို့ပြောပြီး မြင်းလှည်းကို ဖြုတ်ခြင်း၊
မြင်းကို အစာရေစာကျွေးခြင်း ကိစ္စများ ကိုယ်တိုင်ကိုယ်ကျ
လုပ်ကိုင်လိုက်သည်။

မိခင်ဖြစ်သူနှင့် အစ်မဖြစ်သူ ပင်ပင်ပန်းပန်း အလုပ်ဝင်
လုပ်သည်ကို သူက လုံးဝမကြိုက်ပေ။

ဟိုကန်းစုမှာ ရေမိုးချိုး စားသောက်ပြီး၍ မိသားစုသုံးဦး၊ ဆုံသည့်အခါတွင် မိခင်ဒွာအန်းက

'ငါ့သား တောထဲမှာ အလုပ်သုံးနှစ်သွားလုပ်တာ ပြန်လာ တဲ့ နေ့ကစပြီး အမေ အံ့ဩနေမိတယ်'

ဟိုကန်းစုက မော့ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ အမေရဲ့'

'ထူးခြားလွန်းလို့လေ၊ တစ်ခါတစ်ခါ အမေ့သားကြီးမှ ဟုတ်ရဲ့လားလို့တောင် သံသယဖြစ်မိတယ်'

ဟိုကန်းစုမှာ ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားသော်လည်း ဣန္ဒြေ မပျက် ရယ်မောလိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်တော်က အမေ့ သား မဟုတ်ဘူး၊ သူစိမ်း တစ်ယောက်က အယောင်ဆောင်ပြီး လာနေတာ၊ အမေ မယုံ ဘူးလား'

ဟိုကန်းစုက ရယ်ရင်းမောရင်း မှန်ကန်သောစကားကို ဖွင့် ပြောလိုက်လေသည်။

သည်တော့လည်း

သူတို့က မယုံပြန်ပေ။

'အမေ သံသယဖြစ်တယ်ဆိုတာက ဒီလိုပါ၊ သားလေးဟာ ဟိုးအရင်ကနဲ့ လုံးဝ မတူတော့လို့ပါ'

ဟိုကန်းစုက အစ်မဖြစ်သူကို ပြုံး၍ကြည့်လိုက်သည်။

'အစ်မ ကျွန်တော်က အရင်ကနဲ့ မတူဘူးဆိုတာက ဘာတွေ ကွဲလွဲနေလို့လဲ ပြောစမ်းပါဦး'



ဟိုကျင်းမာက

'ကျန်တာတော့ အမေပြောလိမ့်မယ်၊ ငါကတော့ နင့်ကို ပြောစရာ တစ်ခုပဲ ရှိတယ်'

ဟိုကန်းစုက မျက်မှောင်ကြုတ်၍

'ဘာလဲပြော'

'ဘာရမှာလဲ၊ ငါကတော့နင့်ကို မောင်လေး တစ်ယောက် ဆိုပြီး နမ်းလိုက်ရတာ၊ ရှုံ့လိုက်ရတာ၊ နင်ကတော့ ဟိုးလွန်ခဲ့တဲ့ သုံးနှစ်ကလို အစ်မတစ်ယောက်လို သဘော မထားတော့ဘူး၊ အဲဒါ ထူးခြားတာပေါ့'

ဟိုကန်းစုက သဘောကျစွာ ရယ်မောလေသည်။

'အောင် မမဟိုကျင်းမာကလဲ ကလေးလေး ကျနေတာပဲ၊ ဒီကိစ္စများ စိတ်ကောက်ရတယ်လို့ ကဲ…ကဲ'

ဟိုကန်းစုသည် မိမိအပေါ် သံသယဝင်မည်စိုး၍ အစ်မ ဖြစ်သူကို သိမ်းကျုံးဖက်ကာ နဖူးကောပါးကိုပါ တအား နမ်းလေတော့သည်။

ထိုအခါမှ ဟိုကျင်းမာမှာ ရယ်မောရင်း

'ကဲပါမောင်လေးရယ် လွှတ်စမ်းပါဦး၊ သူ့ကို မပြောရဲ သလောက်ပဲ'

ထိုအခါ ဟိုကန်းစုက လွှတ်ပေးလိုက်သည်။

သူ၏ ရင်ထဲ၌ တလှပ်လှပ်နှင့် ခံစားသွားရ သည်ကိုတော့ မည်သူမှ မသိလိုက်ပါ။

မိခင်ဖြစ်သူက....

'ငါ့သားလေးကို အပြစ်ပြောတာမှ မဟုတ်ပဲ၊ ဟိုအရင်က ထက် အသိစိတ်ဓာတ်တွေ ကြွယ်ဝလာပြီး မိဘ ညီအစ်ကို မောင်နှမအပေါ် ပိုပြီး အနစ်နာခံလာလို့ အမေကငါ့သားကို ပိုပြီး ချစ်လာတာပါ'

ဟိုကန်းစုက စိတ်ထဲမှ တော်သေးတာပေါ့ဟု ရေရွတ်လိုက်မိသည်။

'ဒါပေမယ့် အမေရယ် သူက တစ်နေ့ ကျွန်မတို့ကို ခွဲသွားမှာပါ၊ သူချစ်တာက ကုမာလန်းမဟုတ်လား'

ဟိုကျင်းမာက ကုမာလန်းအကြောင်း ထည့်ပြောလိုက်၏။

ထိုအခါ စွာအန်းက သတိရသွားသလို

'အော် ဟုတ်ပါရဲ့၊ ဒါထက် ငါ့သားသူနဲ့တွေ့သေးသလား၊ သားမရှိတဲ့အချိန်မှာ အမေတို့ကို သူ တော်တော် စောင့်ရှောက်ထားပါတယ်၊ သူ့ခမျာသားအပေါ်လဲ သံယောဇဉ် အင်မတန်ကြီးပါတယ်'

ဟိုကျင်းမာကဝင်၍ မျက်စောင်းထိုးကာ

'ဟိုကလဲ သံယောဇဉ်ကြီးတယ်၊ အမေ့သားကလဲ သူ့ကို မခွဲနိုင်ပါဘူး၊အမေ မယုံရင်ကြည့်နေပါ၊သူ့မြင်းလှည်းပေါ်က ကို ဆင်းမှာ မဟုတ်ဘူး'



ဟိုကန်းစုက ထိုမိန်းကလေးကို မမြင်ဖူးသေးပါ။

'အစ်မက ကျွန်တော့်ကို အထင်သေးတယ် ဟုတ်လား၊ ငါ့မိသားစုထက်ပိုပြီး ဘယ်သူ့ကိုမှ မချစ်ပါဘူး'

ဟိုကျင်းမာ မဲ့ပြုံးပြုံးလိုက်သည်။

'ကြည့်ရသေးတာပေါ့ မောင်လေးရယ်'

## အခန်း ၉

## သင်္ချိုင်းထဲအိပ်ပျော်နေသူများ

ဟိုကန်းစုကနေ့လည်စာစားပြီးသည်နှင့် သူ၏ မြင်းလှည်းကို အရိပ်ကောင်းသော သစ်ပင်ဓာတ်ပင်အောက်တွင် ရပ်တန့်ထား သည်။

သူသည် မြင်းမောင်းသည့်ကျာပွတ်ကိုကိုင်ရင်း မျက်လုံး မှိတ်ကာ မှိန်းနေသည်။

ထိုစဉ်

မြင်းလှည်းပေါ် လူတစ်ယောက် လှမ်း တက်လိုက်သဖြင့် သိမ့်ခနဲ ဖြစ်သွားသည်။

ဟိုကန်းစု မျက်လုံး ဖွင့်လိုက်သည်။

မိန်းကလေးတစ်ယောက်။



ငယ်ငယ်ရွယ်ရွယ်နှင့်ချောမောလှပသည့် မိန်းကလေး တစ်ယောက်။

သူမက မြင်းလှည်းပေါ် တက်ထိုင်လိုက်သည်။

ဟိုကန်းစုက ကပျာကယာ မြင်းလှည်းမောင်းသည့်နေရာသို့ ရွှေ့ထိုင်လိုက်သည်။

'ဘယ်သွားမလဲ ညီမလေး'

'သင်္ချိုင်းကို'

ဟိုကန်းစုက ဆတ်ခနဲ သူမကို လှည့်ကြည့်လိုက်သည်။

သို့သော် ခရီးသည် မိန်းကလေးက သူ့ကိုမကြည့်ပဲ ခပ်တည်တည်ပင် ထိုင်နေသဖြင့် သူ၏စိတ်ထဲတွင် ဂူတစ်ခုခုကို သွားရောက်ကန်တော့မည့် မိန်းကလေးဖြစ်မည်ဟု ထင်လိုက် သည်။

သူသည် မြင်းလှည်းကို လမ်းမကြီးပေါ်သို့ မောင်းတင်ကာ မြို့ပြင်လမ်းဆီသို့ ဦးတည်လိုက်လေသည်။

ထိုမှတစ်ဆင့်

သင်္ချိုင်းကုန်းဆီသို့ သွားသည့်လမ်းကို ဖြတ်ချိုးကာ ကုန်း တက်လမ်းကလေးအတိုင်း မြင်းလှည်းကို မောင်းလိုက်သည်။

သင်္ချိုင်းအဝတွင် ဝင်းတံခါးတစ်ခုရှိနေ၏။

ယင်းတံခါးဝရှေ့၌ မြင်းလှည်းကို ရပ်တန့်လိုက်သည်။

ပြီးမှ ဟိုကန်းစုက ခရီးသည် မိန်းကလေးကို လှည့်ကြည့် လိုက်၏။

'ရောက်ပြီမဟုတ်လား မိန်းကလေး'

မိန်းကလေးက နှုတ်ခမ်းစူ၍ သူ့ကို မျက်စောင်းထိုးကြည့်လိုက်သည်။

'ဒီသချိုင်းမဟုတ်ဘူး'

'ဗျာ ဘယ်သချိုင်းရှိသေးလို့လဲ'

ဟိုကန်းစုက အံ့ဩစွာဖြင့် ပြန်မေးလိုက်သည်။

'ရှိတယ် နင့်ကို မြှုပ်ထားတဲ့ သချိုင်း အဲဒီကိုမောင်း'

မိန်းကလေးသည် မိမိကိုလှည့်၍ ရန်တွေ့နေသဖြင့် စိတ်ထဲ၌ ထောင်းခနဲ ဒေါသဖြစ်သွားမိသည်။

'ဒီမှာ မိန်းကလေး၊ ခင်ဗျား ကျုပ်ကိုမစော်ကားနဲ့၊ အခု မြင်းလှည်းပေါ်ကဆင်း'

မိန်းကလေးသည် ဟိုကန်းစု၏မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

သူမသည် တစ်ချက် မျက်မှောင်ကုတ်သွား၏။

ဟိုကန်းစု တစ်စုံတစ်ခု ဖြစ်နေသည်ဟုလည်း စိတ်ထဲကထင်လိုက်သည်။

'ဟိုကန်းစုံ နင်ငါ့ကို ကျီစယ်တာ အားမရသေးလား၊ ဒီလောက်တောင်ပဲ စိမ်းစိမ်းကားကား ကျီစယ်ရသလား'

မိန်းကလေးက ရုတ်တရက် ဝမ်းနည်းသည့်လေသံနှင့် ပြောလိုက်မှ မိမိသည် တစ်ချက်မှားသွားမှန်းဟိုကန်းစုသိလိုက်သည်။

သို့သော်

သူမသည် မည်သူနည်း။

ဟိုကန်းစု၏ ရိုးရိုးမိတ်ဆွေလား။

သို့မဟုတ်ပါက



သူ၏ချစ်သူ ကုမာလန်းဆိုသည့် မိန်းကလေးပေလော။

သူက ထိုသို့တွေးနေစဉ် မိန်းကလေးက သူ့လက်မောင်းကို ကိုင်လှုပ်၍

'နင်ဘာတွေ ငိုင်နေတာလဲ ပြောစမ်း၊ ဘာလဲ နင်ကငါ့ကို လုံးဝ စကားမပြောချင်တော့ဘူးပေါ့ ဟုတ်လား'

ဟိုကန်းစု ရုတ်တရက် ဦးနှောက်ခြောက်နေသည်။

သို့သော် သူက ဖြတ်ထိုးဉာဏ်သုံးလိုက်၏။

'နင်က ငါ့ကိုသာအပြစ်ပြောနေတယ်၊ ငါ အိမ်ပြန်ရောက်ကတည်းက နင့်ကို တစ်ခါမှ မတွေ့ရဘူး'

ထိုအခါမှ သူမက ပြုံးလိုက်သည်။

'အော် နင်က ဒါကြောင့် ငါ့ကိုစိမ်းစိမ်းကားကားဆက်ဆံနေတာပေါ့လေ၊ ဟုတ်လား၊ ငါကတော့ဒီလိုမထင်ဘူး'

'နင်က ဘယ်လိုထင်လို့လဲ'

'ဘယ်လို ထင်ရမှာလဲ၊ နင်က စီးပွား အရှာကောင်းတယ်မဟုတ်လား၊ စီးပွားရေး ချောင်လည်သာတော့ ငါ့ကိုတောင် သတိမရတော့ဘူးလို့ ထင်နေတာ၊ ဟုတ်တယ် မဟုတ်လား၊ ဒီက ကုမာလန်းတို့ကတော့ သုံးနှစ်လုံးလုံး သူ့ကိုလွမ်းလိုက်ရတာ မသေရုံတမည်ပဲ ရှိတော့တယ်'

ကုမာလန်း။

ဟိုကန်းစု၏ချစ်သူ ကုမာလန်းဖြစ်သည်မှာ သေချာသွားသည်။

သူသည် ရဲတင်းစွာပင် သူမကိုကြည့်လိုက်သည်။

အတော်လှသည့် မိန်းကလေးပေပဲ။

ပွင့်သင်းသည်၊ ရဲရင့်သည်၊ ဖျတ်လတ်သည်ဟု ဟိုကန်းစုံ
ပြောခဲ့သော စကားများကို သတိရမိသည်။

သူမကိုကြည့်ရသည်မှာလည်း ထိုလက္ခဏာမျိုး အမှန်ရှိပေ
သည်။

ဟိုကန်းစု၏ ချစ်သူဆိုတော့-

ယခုအခါ သူ၏ ချစ်သူပင်ဖြစ်သည်။

'သဏ္ဍာန်လုပ်တော့ သရုပ်တူရပေမပေါ့ ချီလုယန်းရယ်'

သူက ထိုကဲ့သို့တွေးပြီး၊ သူမကို စေ့စေ့ ကြည့်လိုက်သည်၊

'ငါနှင့်ကို နောက်နေတာပါ ကုမာလန်းရယ်၊ သတိမရပဲ
နေပါ့မလား၊ အမြဲသတိရနေတာပဲ'

'တော်ပါ၊ တွေ့မှ သေအောင်လွမ်းတဲ့ လူစားမျိုး'

သူမက နှုတ်ခမ်းစူမျက်စောင်းထိုး၍ပြောသည်။ ထို့နောက်
သူမ၏ခေါင်းကို ဟိုကန်းစုံပခုံးမှာ မှီထားလိုက်၏။

ဟိုကန်းစု ရင်ထဲ၌ နွေးခနဲ ဖြစ်သွားသည်။

'ငါ့အဖြစ်က မိန်းကလေးတွေနဲ့ကို မကာင်းပါလားနော်'

ရင်ထဲမှ တွေးမိလိုက်ပြီး မိမိ၏ဘဝကို ကျေနပ်ရတော့
မလို၊ ဝမ်းနည်းရတော့မလို ဖြစ်သွား၏။

သို့သော် ထိုကိစ္စများသည် ကြည်နူးကြေနပ်စရာ မဟုတ်
မိမိသည် အတုအယောင် တစ်ယောက် ဖြစ်သည်ကို မမေ့
ဟိုကန်းစု အမြဲတမ်း နှလုံးသွင်းနေရသည်။

ထို့ကြောင့်လည်း ဟိုကန်းစုသည် တစ်စုံတစ်ရာကို စဉ်းစာ
းထားသည်။

သူ စဉ်းစားထားသည်မှာ အခြားမဟုတ်။



ဟိုကန်းစုအစစ်သည် ယခုအခါ လောကကြီး၌ မရှိတော့
ပါ။

ထို့ကြောင့် ဟိုကန်းစုနှင့်ပတ်သက်သည့် အချို့သောကိစ္စ
များသည် လောကကြီး၌ မရှိသင့်တော့ပေ။

ဟိုကန်းစုနှင့် ပတ်သက်သည့်အရာများကို **တစ်ခုချင်း** တစ်ခု
ချင်း ဖြတ်တောက်သင့်ပြီဟု သူက ထင်လိုက်လေသည်။

'ဟိုကန်းစု'

ဟိုကန်းစုက တွေးငေးနေစဉ် သူမက ရုတ်တရက် ခေါ်
လိုက်သည်။

'ဟင်၊ ဘာလဲ'

'နင် ဘာတွေ တွေးငေးပြီး ငိုင်နေတာလဲ'

'ဒီလိုပေါ့၊ လူမှုရေး၊ စီးပွားရေးဆိုတာ အမြဲတွေးနေရတဲ့
ကိစ္စတွေပဲ'

ကုမာလန်းက

'အဲဒီ လူမှုရေးထဲမှာ တို့ကိစ္စကော မပါဘူးလား'

ဟိုကန်းစုက သက်ပြင်းချလိုက်၏။

'ဖြည်းဖြည်းပေါ့ကွာ၊ အဓိကအရေးအကြီးဆုံးက စီးပွား
ရေး မဟုတ်လား'

'ဒါဖြင့် ငါတို့ကိစ္စကို နင်က လုံးဝထည့်မစဉ်းစားတော့ဘူး
ပေါ့၊ ဟုတ်လား'

'ဒီလိုလဲ မဟုတ်ပါဘူး၊ အေးအေးဆေးဆေး စီစဉ်ကြဖို့
ပြောတာပါ'

ကုမာလန်းက မကျေနပ်။

'ဒီကိစ္စကို အေးအေးဆေးဆေးလုပ်လို့ မရတော့ဘူး'

ဟိုကန်းစုက သူမကို ဆတ်ခနဲကြည့်ကာ

'ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး'

'ဘာဖြစ်ရမှာလဲ လူဝါးနဲ့ငါနဲ့က မကြာခင် လက်ထပ်ရတော့မယ် အခြေအနေမျိုး ဖြစ်နေပြီ၊ ငါကလဲ လူဝါးကို နည်းနည်းမှ ကြည့်လို့မရဘူး'

ဟိုကန်းစုသည် သက်ပြင်းမသိမသာချကာ အဝေးသို့ ငေးနေသည်။

သူမက

'အမေက ဒီလောက်အရေးမှုကြီးဘူး၊ အဖေ့ကိုတော့ ငါကြောက်တယ်၊ သူက အလိုလိုက်ရင် သူများထက် အလိုလိုက်တယ်၊ အဲ သူစိတ်ဆိုးလာရင်လဲ မလွယ်ဘူးဆိုတာ ငါသိတယ်'

ဟိုကန်းစုက

'ဒီအတိုင်းမှန်ရင် ငါလဲ နင့်ကို လက်ထပ်ရမှာ ခပ်ခက်ခက်ပဲ'

'ဘာဖြစ်လို့လဲ'

'နင့်အဖေကမှ မကျေနပ်ပဲ'

ကုမာလန်းက

'နင် ပြောလိုက်ရင် ပေါကျှားမဟုတ်သလိုပဲ၊ မိဘဆိုတာ ဒီလိုပဲပေါ့၊ ပထမတော့ သူတို့သဘောကျတဲ့လူနဲ့ စီစဉ်တာပဲ ဒါပေမယ့် နောက်ပိုင်းမှာ ဖြစ်လာသလို ကျေနပ်ရတာပဲ မဟုတ်လား၊ အဲဒီတော့ တို့တစ်နယ်တစ်ကျေးကို ခဏသွားကြတာပေါ့'



ဟိုကန်းစု ရယ်မောနေသည်။

သူမ စိတ်ပျက်သွားအောင် မည်ကဲ့သို့ပြောလျှင် ကောင်းမည်နည်းဟု တွေး၍ စဉ်းစားလိုက်ပြန်သည်။

'အဲဒီလိုတော့ မဖြစ်သေးဘူး ကုမာလန်း'

'နင် သတ္တိမရှိဘူး မဟုတ်လား'

'နင် ထင်ချင်သလိုထင်နိုင်တယ်၊ ငါ့မှာ တခြားစီးပွားရေး လုပ်ရမယ့်ကိစ္စတွေ ရှိနေသေးလို့ လောလောဆယ် လက်ထပ်ဖို့ မဖြစ်နိုင်သေးဘူးလို့ ပြောထားတယ် မဟုတ်လား'

ကုမာလန်းက သူ့စကားကို လုံးဝ မကျေနပ်ပေ။

'တော်ပြီ ဟိုကန်းစု၊ ဒီလောက်သိရရင် နင့်သဘောထား ငါသိသွားပြီ၊ နင်ဟာ ငါ့ကို သက်သက် ကျောရရှုံ ကြံတဲ့ အကောင်ပဲ'

သူမက စိတ်ဆိုးမာန်ဆိုးဖြင့် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

'အို ပြန်တက်ပါ ငါပြန်ပို့ပေးပါ့မယ်'

'မလိုပါဘူး၊ နင့်မြင်းလှည်းကို ငါဒီနေ့ကစပြီး လုံးဝမစီးဘူး'

သူမက ဒေါသဖြင့်ပြောပြီး လျှောက်သွားသည်။

ထိုစဉ်အခိုက်

လူလေးယောက်က ဟားတိုက်ရယ်မော၍ ထွက်လာသည်ကို တွေ့လိုက်ရတော့၏။

'ဟား ဟား ဟား'

❀

လေးယောက်စလုံးက သူမရှေ့တွင် ရပ်တန့်လိုက်၏။

ထိုအထဲမှ အရပ်ထောင်ထောင်မောင်းမောင်းနှင့် မျက်နှာ ပေါက် အနည်းငယ်ဆိုးသည့် လူတစ်ယောက်က

'ဘာဖြစ်တာလဲ ကုမာလန်း၊ ဒီကောင်က သချိုင်းကိုခေါ် လာပြီး နင့်ကို ဘာလုပ်တာလဲ ပြောစမ်း'

ကုမာလန်းက ထိုလူကို တစ်ချက်ကြည့်၍ မဲ့ပြုံးပြုံးလိုက်၏။

'နင့်အလုပ် ဘာမှမရှိဘူး လူဝါး၊ နင့်လမ်းနင် သွားပါ'

ဟိုကန်းစုသည် လူဝါးအမည်ကြားလိုက်ရ၍ ထိုလူကို သေ သေချာချာ ကြည့်လိုက်မိ၏။

ဟိုကန်းစုကို တစ်ချိန်က အနိုင်ကျင့်ဖူးသည့် လူဝါးကိုတွေ့ လိုက်ရပြီဖြစ်သည်။

သို့သော် မိမိအနေဖြင့် ဘာသိဘာသာပင် နေလိုက်လျှင် ကောင်းမည်ဟု စဉ်းစားမိလိုက်၏။

လူဝါးက ကုမာလန်းကို သေသေချာချာကြည့်၍

'မဟုတ်သေးပါဘူး၊ နင့်မျက်နှာလဲမကောင်းဘူး၊ နောက် ပြီး ဒီသချိုင်းကို ဒီကောင်က ခေါ်လာတာ ဘာရည်ရွယ်ချက် နဲ့လဲ၊ ဒါကိုသိချင်တယ်'

ကုမာလန်းက

'ဒါ နင့်အလုပ်မဟုတ်ဘူးလို့ ငါပြောပြီးပြီ၊ ငါ့ရှေ့က ဖယ်စမ်း'

လူဝါးတို့သည် ကုမာလန်းကို ဘာမှ ဆက်မမေးတော့ပါ သူမ သွားသာအောင် လမ်းဖယ်ပေးလိုက်ကြသည်။



သို့သော် လေးယောက်စလုံး မြင်းလှည်းနားသို့ တစ်လှမ်း ချင်း လျှောက်သွားကြသည်။

ဟိုကန်းစုသည် မြင်းလှည်းပေါ်၌ ငြိမ်သက်စွာ ထိုင်လျက် တေးသီချင်းတစ်ပုဒ်ကို လေချွန်နေ၏။

'ဟေ့ ခွေးကောင် မင်းက မခန့်လေးစားနဲ့ ကုမာလန်းကို မင်းဘာဖြစ်လို့ ဒီသချိုင်းထဲ ခေါ်လာတာလဲ မှန်မှန်ပြောစမ်း'

ထိုအချိန် ကုမာလန်းသည် ခပ်ဝေးဝေးသို့ရောက်ရှိနေပြီးမှ တစ်စုံတစ်ခုကို သတိရသွားသည်။

သူသည် ချက်ချင်း ပြန်လှည့်လာ၏။

'ဟေ့ လူဝါး နင်သူ့ကို ဘာလုပ်ဦးမလို့လဲ'

'ကုမာလန်း နင်ပြန်စရာရှိရင် ပြန်ပါ၊ ဒီကောင့်ကိုငါ ဆုံးမ လိုက်ပါ့မယ်'

ကုမာလန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဩော် နင်က တော်တော်သတ္တိကောင်းပါလား၊ သိုင်း ပညာမတတ်တဲ့သူကို လေးငါးယောက်က ဝိုင်းပြီး တိုက်ခိုက် ချင်တယ်ပေါ့ ဟုတ်လား'

လူဝါးက ပြုံး၍

'ဒီကောင့်ကို လေးငါးယောက် ဆုံးမစရာ မလိုဘူးဆိုတာ ငါသိပါတယ်၊ နင်ပြန်မှာသာ ပြန်ပါ'

'ငါမပြန်တော့ကော နင်တို့က ဘာလုပ်ချင်လဲ'

ကုမာလန်းသည် လူဝါးအနီးသို့ တိုးကပ်သွားသည်။

လူဝါးက ကုမာလန်းကို ဂရုမစိုက်ဘဲ မြင်းလှည်းပေါ်တွင် ထိုင်နေသော ဟိုကန်းစုကို လည်ကုပ်မှ လှမ်းဆွဲလိုက်၏။

သို့သော် လူဝါး၏လက်က ဟိုကန်းစုကို လှမ်းဆွဲမမိခင်
ကုမာလန်းက ဖြတ်၍ ရိုက်ချလိုက်၏။

'ဟေ့ လူဝါး၊ ဒီကိစ္စမှာ နင်နဲ့မဆိုင်ဘူးလို့ ပြောတာ မရ
ဘူးလား'

လူဝါးသည် ကုမာလန်းကို ပြန်ကြည့်၍

'နင် အဲဒီစကားမျိုးမပြောနဲ့ ကုမာလန်း၊ နင်နဲ့ငါနဲ့မကြာ
ခင်မှာ လက်ထပ်ရမယ်ဆိုတာ မေ့နေပြီလား'

ကုမာလန်းက မဲ့ရွဲ့ပြသည်။

'ဟေ့ လူကြီးတွေက စီစဉ်ပေးမယ့် ငါက မကြိုက်ရင် နင်
လက်ထပ်လို့ရမယ် ထင်သလား'

လူဝါးသည် ဟိုကန်းစုကို တစ်ချက်လှမ်းကြည့်၍

'ဟင် နင်က ဒီကောင်ရှိလို့ အဲဒီလို ဖြစ်နေတာမဟုတ်
လား၊ ဒီတော့ လူဝါးအကြောင်း ပြရသေးတာပေါ့'

လူဝါးသည် မြင်းလှည်းကို ရုတ်တရက် ဆွဲခါလိုက်သည်။

မြင်းလှည်းမှာ ခါယမ်းသွားလေသည်။

'နင့်ကို ငါပြောနေတာ မရဘူးလား'

ကုမာလန်းက ဝင်ပြောသည်။

လူဝါးသည် ကုမာလန်းကို ရုတ်တရက် တွန်းထုတ်လိုက်၏။

ကုမာလန်းသည် တစ်ချက် ယိမ်းယိုင်သွားသဖြင့် မျက်နှာ
တစ်ခုလုံး နီမြန်းသွားလေသည်။

သူမသည် လူဝါး၏မျက်နှာကို တစ်ချက် လှမ်းရိုက်ချလိုက်
လေသည်။

'ဟာ'



လူဝါး၏ အဖော်သုံးယောက်သည် အံ့သြ ထိတ်လန့်သွား
လေသည်။

လူဝါးသည် ပြင်းထန်စွာ အရိုက်ခံလိုက်ရသဖြင့် ဒေါသ
ခြောင်းခြောင်း ထွက်လာလေတော့သည်။

သူသည် ဟိုကန်းစုကို စိတ်မဝင်စားနိုင်တော့ပဲ ကုမာလန်း
ကို ရုတ်တရက် ခုန်အုပ်လိုက်တော့၏။

သူမက ရှောင်သည်။

ရိုးရိုးရှောင်ခြင်း မဟုတ်။

အနည်းငယ်ခုန်၍ ရှောင်လိုက်ရင်းမှ ညာခြေဖြင့် ပတ်၍
ကန်ပစ်လိုက်လေသည်။

'ဝုန်း'

လူဝါး ထိတ်ထိတ်ပျာပျာ ရှောင်လိုက်သော်လည်း တင်ပါး
ကို အနည်းငယ် ကန်ချက်မိသွားသည်။

လူဝါး၏ တိုက်ခိုက်မှုမှာ ပြင်းထန်လာသည်။

လူဝါးသည် ပထမတွင် ညာသော်လည်း နောက်ပိုင်း၌
မညှာတာပဲ ရက်ရက်စက်စက် တိုက်ခိုက်သည်ကို တွေ့လာရ၏။

လူဝါး၏တိုက်ကွက်ကိုကြည့်၍ဟိုကန်းစုအံ့အားသင့်သွား၏၊

အဘယ်ကြောင့်ဆိုသော် လူဝါး၏သိုင်းကွက်များမှာ လင်း
ကျားခေါ် နာမည်ကျော် တိုက်ကွက်များ ဖြစ်နေသည်။

လင်းကျားဂိုဏ်းသည် သုံးနှစ်အတွင်း အလွန်ထင်ရှား ကျော်
ကြားသော ဂိုဏ်းတစ်ခု ဖြစ်သည်။

သူတို့၏ 'ဇမ္ဗူတစ်လူတိုက်ကွက်'သည် အကွက်ဆန်းကိုးကွက်
တိတိပါသည်။

တစ်ကွက်လျှင် တိုက်ချက်ပေါင်း ဆယ်ချက်မျှရှိပြီးပြင်းထန်လှသည်။

ယခု လူဝါးသည် ဒုတိယတိုက်ကွက်ကို သုံးနေ၏။

သူ၏လက်မောင်းနှစ်ဘက်စလုံးဆီသို့ အားများကို စုထည့်လိုက်ပြီး ရင်ဘတ်တွင် ကြက်ခြေခတ်လိုက်၏။

ထို့နောက် ညာလက်ကို ပြန်ဆန့်ကာ ဘယ်ခြေနှင့် ရှေ့သို့ ခုန်ဝင်ကာ အရှိန်အဟုန်ပြင်းပြင်းနှင့် ကုမာလန်း၏ခေါင်းကို ရိုက်ချလိုက်သည်။

'ဗုန်း'

ကုမာလန်းက သွက်လက် လျင်မြန်စွာ ရှောင်သော်လည်း ပခုံးစွန်းကို ထိထိမိမိ ရိုက်မိသွားသည်။

ကုမာလန်း ဖင်ထိုင်လျက် လဲကျသွားသည်။

သူမက ကုန်း၍ ထလိုက်စဉ်မှာပင် လူဝါးသည် ရင်ဝဆီသို့ ဘယ်ခြေဖြင့် လှမ်း၍ကန်ချလိုက်လေသည်။

'ဖျတ်'

ထိုအသံမှာ ကုမာလန်းအား ရင်ဝသို့ ကန်မိလိုက်သည့်အသံ မဟုတ်ပါ။

မြင်းလှည်းပေါ်မှ ရုတ်တရက် ခုန်ဆင်းလာသည့် ဟိုကန်းစုက ခြေထောက်နှင့် ထိုးခံလိုက်သဖြင့် ခြေထောက်ချင်း ရိုက်မိသွားသည့်အသံ ဖြစ်လေသည်။

လူဝါး အံ့သြသလို မော့ကြည့်လိုက်သည်။

မထီလေးစားနှင့် ဟိုကန်းစုက ရပ်တန့်နေသည်။

'ဩော် မင်းက လူစွမ်းကောင်း ဝင်လုပ်တာကိုး' -



ဟိုကန်းစုက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက ဘယ်ဆိုးလို့လဲ၊ မိန်းမတစ်ယောက်ကို အနိုင်တိုက်ခိုက်နိုင်တယ်ဆိုတော့ လူစွမ်းကောင်းကြီးပေါ့ ဟုတ်လား'

ကုမာလန်းက မတ်တတ်ရပ်လိုက်သည်။

သူမက ဟိုကန်းစုအတွက် စိုးရိမ်နေသည်။

သို့သော်လည်း ဟိုကန်းစုကသာ ခြေထောက်တစ်ဘက် ဝင်ရောက်မထိုးခံလျှင် စောစောက ကန်ချက်သည် မိမိ၏ ရင်ဝသို့ ထိထိမိမိ ကန်မိမည်မှာ သေချာသည်။

ခါတိုင်း ဤကဲ့သို့ ဘက်ပြိုင်မတိုက်ဝံ့သည့် ဟိုကန်းစုကို ကုမာလန်းသည် အနည်းငယ် အံ့သြနေဟန်ဖြင့် ရပ်ကြည့်နေမိ၏။

လူဝါးက ဟိုကန်းစုအနားသို့ တစ်လှမ်းချင်းသွားကာ

'မင်းလိုကောင်မျိုးကများ ငါ့ကို အာခံချင်တယ်ပေါ့ ဟုတ်လား၊ သည်တော့ ပညာပေးရမှာပေါ့ကွာ'

သူသည် ပြောရင်းမှ အရှိန်ပြင်းသော လက်သီးတစ်လုံးကို ဟိုကန်းစု မျက်နှာဆီသို့ ပစ်သွင်းလိုက်သည်။

ဇမ္ဗူတစ်လူ တိုက်ကွက်မှ တတိယတိုက်ကွက်။

'ဖတ်'

လူဝါး၏လက်သီးက မျက်နှာကိုမထိဘဲ ဟိုကန်းစုလက်ဝါးထဲသို့ ဖတ်ခနဲကပ်သွားသည်။

လူဝါးလက်ကောက်ဝတ်ကို တစ်ချက်ဆွဲဆောင့်လိုက်၏။

ရှေ့သို့ ငိုက်လာသည်။

ထိုအခါ ဟိုကန်းစု၏ ဘယ်လက်က မေးစေ့အောက်ဆီသို့ အရှိန်ပြင်းထန်စွာ ပင့်တင်ပေးလိုက်သည်။

လူဝါးမြောက်တက်သွားသည်။ ခြေလွတ်လက်လွတ် ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားခြင်း ဖြစ်သည်။

ပြန်ကျလာ၏။ ခြေလွတ်လက်လွတ် ခန္ဓာကိုယ်တစ်ခုလုံးပြန်ကျလာခြင်း ဖြစ်၏။

'ဝုန်း' ဟူသောအသံနှင့်အတူ ဖုန်မှုန့်များ အနည်းငယ်ထသွား၏။ လူဝါးမလှုပ်တော့ပေ။ မြေပေါ်၌ ဖွဲ့အိတ် တစ်အိတ်လို ငြိမ်သက်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တဒင်္ဂမျှငြိမ်သက်သွား၏။

❀

လူဝါး၏ ရောင်းရင်းသုံးယောက်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ထို့နောက် ပြိုင်တူဝင်လာသည်။

သုံးယောက်စလုံး သိုင်းသမားများဖြစ်သည်ကို ဟိုကန်းစုသိရှိလိုက်သည်။

သူသည် ခြေကိုခပ်ကားကား ရပ်တန့်ထားရင်းမှ ပြိုင်တူဝင်လာသော သုံးယောက်ကို ရင်ဆိုင်လိုက်၏။

သိုင်းကွက် ခြောက်ကွက်တိတိ ဆက်တိုက် တိုက်ချလိုက်သည်။

'အား'

'အွန့်'



'အင့်'

ပွဲသိမ်းက မြန်လွန်းသည်။

သုံးယောက်စလုံး မှောက်သွား၏။

ကုမာလန်းသည်မျက်လုံးများပြူး၍ ဟိုကန်းစုကို ငေးကြည့်နေမိသည်။

ဟိုကန်းစု မြင်းလှည်းကို လာလမ်းအတိုင်း ပြန်လှည့်လိုက်သည်။

မျက်လုံးပြူးကျယ်ကျယ်နှင့်သူ့ကိုကြည့်နေသောကုမာလန်းအား....

'တက်'

ဟု မြင်းလှည်းပေါ်သို့ မေးထိုးပြလိုက်၏။

ကုမာလန်း မြင်းလှည်းပေါ် ကပျာကယာ တက်ထိုင်လိုက်သည်။

သုသာန်ထဲ၌ လူသေတွေချည့်ပဲ ရှိသည် ဆိုသည့် စကားသည် လောလောဆယ်အားဖြင့် မမှန်ပါ။

အိပ်ပျော်နေသူသုံးယောက်လည်း ရှိပါသည်။

❀

## အခန်း ၁၀။

## အပြောင်းအလဲ

ပိုကျန်းမြို့၏ ဒုတိယလမ်းမကြီးပေါ်တွင် လှပသပ်ရပ်သော အိမ်တစ်လုံးရှိနေသည်။

ထိုအိမ်ကြီးရှေ့တွင် ကြီးမားသော ကြော်ငြာ ဆိုင်းဘုတ် တစ်ခုကို ကပ်ထား၏။

ထိုစာရွက်ကို လူအတော်များများက ဖတ်ရှု သွားကြပြီ ဖြစ်၏။

ယခုအချိန်ထိလည်း လူအချို့က ဖတ်ရှုနေကြဆဲပင်။

ကြော်ငြာစာမှာ

သင့်အတွက်စိတ်အချရဆုံးအာမခံပေးနေသည်မှာ 'စေတနာ' အာမခံဌာနပင် ဖြစ်သည်။ စေတနာအာမခံဌာနနှင့်ဆက်သွယ် သူတိုင်း စိတ်ချမ်းသာစေရမည်။လျှင်မြန်စွာ ရောက်ရှိရမည်။



အားပေးသူတိုင်းကို ကူညီမည့် 'စေတနာ' အာမခံဌာန။ ဟူ၍ပင် ဖြစ်သည်။

ပိုကျန်းမြို့မှ လူအတော်များများ စိတ်ဝင်စားလာကြတော့ သည်၊ အာမခံဌာနသုံးခုရှိခဲ့၏၊မကြာခဏ ပစ္စည်းများပျောက် ရှခြင်း၊ လုယက်ခံရခြင်းများ ရှိခဲ့ဖူး၏။

ထို့ကြောင့် အချို့သောလူများမှာ ထိုအာမခံဌာနသုံးခုကို စိတ်ပျက်နေစဉ် ယခုကဲ့သို့ အာမခံဌာနအသစ်တစ်ခု တိုးလာ သဖြင့် ဝမ်းသာသွားကြသည်။

မကြာလိုက်ပါ။

ထိုအာမခံဌာန ဖွင့်လှစ်၍ တစ်ပတ်အကြာမှာပင်

စိထိ အာမခံဌာနမှ ဌာနမှူး ဝမ်းစီထိ ရောက်ရှိလာသည်။

အကောင်း ရောက်ရှိလာခြင်း မဟုတ်ပါ။

သူ၏ အာမခံဌာနအပါအဝင် အခြားအာမခံဌာန နှစ်ခု ကိုယ်စားလှယ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် ရှေးဦးစွာ လုပ်ငန်းအကြောင်းကိုမပြောသေးဘဲ၊ ဟိုကန်းစုအား ပုဂ္ဂိုလ်ရေးအရဖြစ်သော အကြွေးအကြောင်းကို ပြောသည်။

'ဩော် မင်းက အာမခံဌာနကြီးတစ်ခုတောင် တည်ထောင် နိုင်တယ်ဆိုတော့ ငါ့ကိုပေးစရာရှိနေတဲ့ အကြွေးလဲ မျှော်လင့် ချက်ရှိသွားပြီပေါ့ ဟုတ်လား'

ဟိုကန်းစုက ပြုံးလိုက်၏။

'ဆရာစီထိမှားသွားပါပြီ၊ ခင်ဗျားကသာ ကျွန်တော်တို့ မိသားစုပေးခဲ့တဲ့ ငွေတွေကို ပြန်ပေးရမှာပါ'

ဝမ်းစီထိ ထောင်းခနဲ ဒေါသထွက်လာတော့သည်။

'မင်းဘာစကားပြောတယ်' .

ဟိုကန်းစုက ပြုံး၍

'သိပ်လဲ ဒေါသမကြီးနဲ့လေ၊ ခင်ဗျားဟာ အာမခံဌာနမှူး ဆိုတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ၊ ဒီတော့ အေးအေး ဆေးဆေး ဆက်ဆံပြောဆိုလဲရပါတယ်'

ဝမ်းစီထိက

'အံမာ မင်းက လူပါးဝလိုက်တာ၊ မနေ့တစ်နေ့ကမှ လူဖြစ်လာတဲ့ကောင်က၊ ငါ့ကိုများ ဆရာလုပ်ဦးမလို့လား'

ဟိုကန်းစုက ခေါင်းယမ်းလိုက်သည်။

'ကျွန်တော်က ကိုယ့်ထက်အသက်ကြီးတဲ့ လူတွေကို ဆရာလုပ်စရာအကြောင်းမရှိပါဘူး၊ ဒါပေမယ့် တရားဥပဒေဆိုတာ ရှိတယ်၊ မှန်ကန်တဲ့လမ်းကြောင်းအတိုင်း ဖြစ်ရမှာပေါ့၊ တရားဥပဒေကနေပြီးတော့ ဒီငွေတွေကို ကျွန်တော်တို့ မိသားစုက လျော်ရပါမယ်လို့ ဆုံးဖြတ်ရင် ကျွန်တော်လျော်ပေးရပါမယ် အခုတော့ ခင်ဗျားဟာ ခင်ဗျား ဆုံးဖြတ်ထားတဲ့ကိစ္စကို ကျွန်တော် မလျော်ပေးနိုင်ပါဘူး၊ ဒါ့အပြင် ပြန်ရဖို့နဲ့ ခင်ဗျားက ကျွန်တော့်အဖေအတွက် အသက်လျော်ကြေးပေးဖို့လဲ စဉ်းစားစမ်းပါဦး'

ဝမ်းစီထိသည် မျက်နှာကြီး နီမြန်း၍ ခက်ထန်သွားသည်။



ပိုကျန်းမြို့တွင် သူ့ကိုမည်သည့်အလုပ်သမား ခေါင်းဆောင်ကမှ မတော်လှန်ရဲပေ။ ယခု ဘာမဟုတ်သည့် အလုပ်သမား တစ်ဦး၏သားက ယခုလို ပြောလာသောအခါ အလွန်အမင်း ဒေါသဖြစ်လာတော့သည်။

'အေး မင်းတစ်နေ့ ငါ့အကြောင်းသိရမယ်'

ဟိုကန်းစုက

'ဟုတ်ကဲ့၊ ကျွန်တော့်အကြောင်းလဲ ဆရာစီထိသိရမှာပါ'

ဟိုကန်းစုက

သူပြောထားသည့်အတိုင်းပင် ပိုကျန်းမြို့ တရားသူကြီး ချန်လှ ထံသို့ တိုင်ကြား တရားစွဲဆိုလေတော့သည်။

ဟိုကန်းစုက တိုင်ကြားတရားစွဲဆိုသည့် အချက်များမှာ စီထိအာမခံဌာနမှ ဌာနမှူး ဝမ်းစီထိသည် လက်အောက်ငယ်သား အလုပ်သမားများကို မတရားသဖြင့် ဖိနှိပ်၍ ခိုင်းစေခြင်း၊ ထိုအထဲတွင် မိမိ၏ဖခင်ပါနေ၍ တိုင်ကြားရခြင်း။

မိမိ၏ဖခင်သည် သူ၏အာမခံလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။

သို့သော် မိမိ၏ဖခင်မှာ အသက်ဆုံးရှုံးသွားရသည့် အခါတွင်လူမှုရေးအရ ကျန်ခဲ့သော မိသားစုကို ထောက်ပံ့ ကူညီမှု မပေးသည့်အပြင် ခေါ်ပြတိုက်၍ ဆုံးရှုံးသွားသော ပစ္စည်း၏

တန်ဖိုးသုံးချိုးတစ်ချိုးကိုပင် ဆင်းရဲနွမ်းပါးသော မိသားစုက လျော်ပေးရသည်ဆိုခြင်းမှာ တရားမျှတမှု ရှိမရှိ ဆုံးဖြတ်ပေး ရန်ပင်ဖြစ်၏။

ဌာနမှူး စီထိက ခပ်သွက်သွက်ပင် ထုချေ၏။

အလုပ်သမားဆိုသည်မှာ အလုပ်ရှင်၏ စည်းကမ်းကို လိုက် နာရမည်ဖြစ်ကြောင်း အလုပ်သမားတစ်ဦးဖြစ်သူ ဒုတာဝန်မှူး ဟိုက်ချိက်ဆုံသည် သူ့ထံ၌ အလုပ်ဝင်လုပ်ရာဝယ်

မတော်တဆ သေဆုံးလျှင် အသက်ဖိုး လျော်ကြေးမရပါ။

ဆုံးရှုံးရသောပစ္စည်းများအတွက်လည်း သုံးချိုးတစ်ချိုး ပေးဆပ်ရမည်။

ထိုသို့စည်းကမ်းချက်များကို သေချာစွာသိရှိပြီးမှ သဘော တူ၍ ဝင်ရောက်လုပ်ကိုင်ခြင်း ဖြစ်သည့်အတွက် မိမိကသာ မှန် ကန်ပါသည်ဟု ထုချေလေ၏။

ငါးရက်မျှကြာသောအခါ

တရားသူကြီး ချန်လွ်ီ၏ ဆုံးဖြတ်ချက်မှာ ပိုကျန်းမြို့ အလုပ်ရှင်များအားလုံး မျက်လုံးပြူးသွားရတော့၏။

အလုပ်ရှင်များသည် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှ မသိနားမလည်သော အလုပ်သမားများကို လည်းကောင်း၊ သိ နားလည်သော်လည်း အလုပ်လက်မဲ့ဖြစ်နေ၍ ဖြစ်ချင်ရာဖြစ်ပ စေတော့ဟု သဘောထားပြီး ဝင်ရောက်လုပ်ကိုင်သည့် အလု သမားများကိုလည်းကောင်း ဖိနှိပ်ခိုင်းစေခြင်းပြုသည်မှာ အလွ ပင် မှားယွင်းသောအချက် ဖြစ်ပေ၏။

သာဓကကိုပြရလျှင်



တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းမြတ်သည် အလုပ်ရှင် တစ်ဦးဖြစ်သည် မည်၏။

သူ၏လက်အောက်၌ အမှုထမ်းနေကြသော မင်းမှုထမ်းများ သည် အလုပ်သမားမည်ပေ၏။

ထိုမင်းမှုထမ်းများကို ထိုက်သင့်သည့် လစာငွေပေးပြီးသည့် အပြင် အနားရယူရန် ရက်များသတ်မှတ်ထားပေ၏။

ထို့ပြင် အမှုထမ်းရင်း သေဆုံးရသော မင်းမှုထမ်းများ အတွက် ထိုက်သင့်သော ကရုဏာ ကြေးငွေများကို ကျန်ရစ်သူ မိသားစုများအား ထောက်ပံ့ခဲ့သည်။

ဤအချက်များကိုထောက်ရှု၍ အလုပ်ရှင်ဟူသမျှသည် မိမိ၏ ကိုယ်ကျိုးတစ်ခုတည်းကိုမကြည့်ဘဲ မိမိ၏ စီးပွားရေးအလို့ငှာ ဝင်ရောက်လုပ်ကိုင်ပေးနေသူများ၏ အကျိုးကိုလည်း ကြည့်ရ မည် ဖြစ်သည်။

ယို့ကြောင့် တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားရသော ဒုတိယတာဝန်မှူးဖြစ်သူ ဟိုက်ချိက်ဆုံကို လူမှုရေးအရတာဝန် ရှိသူမှာ စီထိသာလျှင်ဖြစ်သည့်အတွက် လျော်ကြေးငွေ လုံးဝ တောင်းရန် မလိုပါ။

ထို့ပြင် မှန်မြတ်သော စိတ်စေတနာဖြင့် လူသားအချင်းချင်း ယိုင်းပင်းသောအားဖြင့် ဟိုက်ချိက်ဆုံအတွက် အသက်၏တန်ဖိုး ငါးထောင်ကို ကျန်ရစ်သူမိသားစုအား ထောက်ပံ့စေရမည်။

အကယ်၍ မိမိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက နေပြည် တော် တရားရေးဌာနကြီးထံအထိ တက်ရောက်နိုင်ပေ၏။

ထိုဆုံးဖြတ်ချက် အမိန့်ကြောင့် ဝမ်းစီထိသာမက အခြားသော အလုပ်ရှင်များပါ မျက်လုံးပြူးသွားရလေတော့သည်။

ပိုကျန်းမြို့ရှိ အလွှာအသီးသီးမှ အလုပ်သမားအများစုသည် ဟိုကန်းစုကို ကျေးဇူးတင်မဆုံး ရှိသွားကြ၏။

ယခင်က မည်သို့မှ အကျိုးခံစားခွင့်မရှိသော အလုပ်သမားအများစုမှာ ယခုအခါ အချို့အားလပ်သည့် နေ့ရက်များ ရရှိသွားသည်။

အချို့မှာ ဆုငွေများ ရရှိသွားသည်။

ဝမ်းစီထိအာမခံဌာနတွင်မူ-

အလုပ်သမားများ မကျေနပ်၍ အလုပ်ထွက်ကုန်ကြ၏။

ထိုအာမခံဌာနမှ အလုပ်သမား အချို့သည် စေတနာအာမခံဌာနသို့ ချက်ချင်းကူးပြောင်း၍ တာဝန်ထမ်းဆောင်ကြသည်။

သူတို့သည် အာမခံဌာနများကို ဖျက်သိမ်းလိုက်ရလေသည်။

နောက်တစ်နေ့တွင် တရားစီရင်ရေးဌာနမှ တာဝန်ရှိ လူကြီးအချို့သည် စီထိထံမှ ပေးစရာရှိသော ငွေများကို ဟိုကန်းစုတို့မိသားစုအား လာရောက်ပေးသွားလေသည်။

ထိုကိစ္စသည် အလွန်ပင် ကောင်းမွန်သော ကိစ္စဖြစ်ခဲ့သော်လည်း နောက်ပိုင်း၌ ဟိုကန်းစုအတွက် အကြီးအကျယ် ဒုက္ခ



ပေးခြင်းခံရတော့မည်ကို ယခုအခါ မည်သူမျှ မရိပ်စားမိကြပါချေ။

ခြောက်လ။

ခြောက်လတည်းဟူသော အချိန်ကာလသည် သိပ်ပြီး ကြာမြင့်သည်ဟု မဆိုနိုင်ပါ။ သို့သော်လည်း

ထိုခြောက်လတည်းဟူသော အချိန်ကာလ ကလေးမှာပင် ပိုကျန်းမြို့၏ တစ်ခုတည်းသောအာမခံလုပ်ငန်းဖြစ်သည့်စေတနာအာမခံဌာနသည် တစ်ရှိန်ထိုး နာမည်ကျော်ကြားသွားသည်။

အောင်မြင်ကျော်ကြားမှုနောက်ကွယ်တွင် အရိပ်တစ်ခုကဲ့သို့ ကပ်ပါလာသည့်အရာမှာ ငွေကြေးပင် ဖြစ်တော့သည်။

ငွေကြေးကြွယ်ဝလာသည်နှင့်အမျှ မြို့မျက်နှာဖုံးတစ်ယောက်အဖြစ် အလိုအလျောက် ကျော်ကြားလာလေသည်။

စေတနာအာမခံဌာနမှူး သူဌေးလေး ဟိုကန်းစု ဖြစ်လာခဲ့ရသည်။

ထို့အတူ မိသားစုမှာလည်း အဆင့်အတန်းက အလိုလို မြင့်မားသွားတော့သည် မဟုတ်ပါလား။

ဇိတ်မောလူမောနှင့် အလွန်ပင်ပန်းနေသူမှာ ဟိုကန်းစုပင် ဖြစ်လေသည်။

ဟိုကန်းစုသည် ပစ္စည်းများ ပို့ဆောင်ရာတွင် သူ ကိုယ်တိုင် ကြပ်မတ်ပို့ဆောင်ရသည်။

နားရက် မရှိလောက်အောင်ပင် အနယ်နယ် အရပ်ရပ်သို့ သွားလာနေရ၏။

သူ၏ လက်ထောက်ဌာနမှူးမှာ သူ၏ဖခင်နှင့် အတူလုပ်ခဲ့သူ မိတ်ဆွေကြီး ယုံဝှားမင်ဖြစ်သည်။

စားသောက်ဆိုင်၌ စိုင်ပင်ကြစဉ်ကပင် ဟိုကန်းစုက ယုံဝှားကို လက်ထောက်ဌာနမှူးခန့်မည်ဟု စဉ်းစားခဲ့သည် မဟုတ်ပါလား။

လက်ထောက်ဌာနမှူး ယုံဝှားမှာလည်း မအားလပ်ပါ။

သူလည်း အနယ်နယ်အရပ်ရပ်သို့ သွားလာနေရသူဖြစ်သည်။

ခြောက်လအတွင်း ပင်ပင်ပန်းပန်း အလုပ် လုပ်ခဲ့ရသော အမှုထမ်းများအား ယနေ့ တစ်ရက်ကို အားလပ်ခွင့် ပေးလိုက်သည်။

အခြားသော အားလပ်ခွင့်ထက် ယနေ့ အားလပ်ခွင့်မှာ ဟိုကန်းစုက အထူးတလည် ခွင့်ပြုလိုက်ခြင်း ဖြစ်သည့်အပြင် အမှုထမ်းတစ်ယောက်လျှင် ငွေ တစ်ထောင်ထက် မနည်းသော ဆုကြေးငွေများကိုလည်း ထုတ်ပေးလိုက်ခြင်းကြောင့် အလုပ်သမားများမှာ အလွန်အမင်း ပျော်ရွှင်သွားတော့သည်။

သူတို့၏ အသိစိတ်ထဲတွင်

စေတနာ အာမခံဌာနမှ လုပ်ငန်းများကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါမည်ဟု မည်သူမှမတိုက်တွန်းရဘဲ အလိုလို ဖြစ်ပေါ်သွားစေတော့သည်။



'သားလေး သိပ်ပိန်သွားတယ်ကွယ်၊ အမေဖြင့် စိတ်ထဲက နည်းနည်းမှ မကောင်းဘူး'

မှန်သည်။ ဟိုကန်းစုသည် အလုပ်ပင်ပန်း၍ သိသိသာသာ ပိန်လှီသွားသည်။

'ဟုတ်တယ်မောင်လေး၊ နင့်လုပ်ငန်းကို စိတ်ချရတဲ့ လူနဲ့ လွှဲလို့ မဖြစ်ဘူးလား၊ ကိုယ့်ကျန်းမာရေးလဲ ဂရုစိုက်ပါဦးဟဲ့'

အစ်မဟိုကျင်းမာကလည်း နဖူးဆံစများကို သပ်တင်ပေးရင်း ပြောလိုက်သည်။

ယခုဆိုလျှင် သူမတို့မိသားစုမှာ ပင်ပန်း ဆင်းရဲသည်ဟူ၍ မရှိတော့ပါ။ ဂေဟာမှူး စားဖိုမှူးမှအစ ဥယျာဉ်မှူးများနှင့် ခြံဝင်း၏ အစောင့်အကြပ်များကိုပါ ခေါ်ထားနိုင်သည့်အဆင့်သို့ ရောက်ရှိနေသောကြောင့် သောကဟူသမျှသည် သူမတို့ထံ မရှိတော့ပါ။

စွာအန်းအနေဖြင့်

သူမ၏ သားဖြစ်သူ ဟိုကန်းစုသည် ဤသို့သော စီးပွားရှာမှုဖြင့် ချမ်းသာ ကြွယ်ဝလာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ပေ။

သို့သော် ဟိုကန်းစုအဖို့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသကဲ့သို့ သူ့အကြောင်း သူသာသိပေသည်။

ဟိုကန်းစုသည် သိုင်းပညာ ထူးချွန်စွာ တတ်သည်ဟူသော သတင်းကို ကူမာလန်းက လာရောက်ပြောစဉ်က ဟိုကျင်းမာတို့ သားအမိမှာ မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်ခဲ့ရသည်။

ကုမာလန်းက သေသေချာချာ တိတိကျကျ ပြောပြသော အခါတွင် သူမတို့က ယုံကြည်သွားသည်။

ဟိုကန်းစုအား မေးသောအခါတွင် သူသည် သုံးနှစ်လုံးလုံး အလုပ် သွားလုပ်စဉ်က သိုင်း ပညာရှင်ကြီး တစ်ယောက်နှင့် တွေ့၍ သင်ကြားခဲ့သည်ဟု ပြောလိုက်သောအခါ စွာအန်းတို့မှာ ယုံကြည်ရပြန်တော့သည်။

❀

'သားရယ် အမေ တစ်ခုပြောစရာရှိလို့'

'ဘာပြောမလို့လဲ အမေ'

ဟိုကန်းစုက ဟိုကျင်းမာကိုကြည့်ရင်း မိခင်ကိုပြန်မေးသည်။

'သားလဲ အသက်မငယ်တော့ပါဘူး၊ အိမ်ထောင်ပြုဖို့ စိတ် မကူးသေးဘူးလား'

စွာအန်းက ကုမာလန်းကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ် သည်။

ဟိုကန်းစုက အစ်မဖြစ်သူကို ပြုံး၍ကြည့်ကာ

'အစ်မ၊ နင် အရင်ပြုပါ၊ ပြီးမှငါပြုမယ်၊ ဘယ့်နှယ်လဲ'

'သွား အကောင်စုတ်၊ ငါ့မှာ ချစ်သူမရှိသေးဘူး၊ ရှာလို့ မရှာဘူး၊ နင့်မှာသာ'

ဟိုကန်းစုက

'ငါ့မှာလဲ ဘယ်မှာရှိလို့လဲ'



'ကုမာလန်းကို ဘယ် သွားထားမလဲ'

'သွားစမ်းပါ၊ သူ့ကို ငါ မယူချင်ပါဘူး'

ထိုအခါ စွာအန်းကဝင်၍

'သား မင်းဘာပြောတယ်၊ ကုမာလန်းကို လက်မထပ်ဘူး ဟုတ်လား'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် လက်မထပ်နိုင်ဘူး'

'အို ကလေးမလေးက စိတ်ကောင်းရှိရှာပါတယ်၊ သူ့မှာ ဘာအပြစ်တွေ ရှိနေလို့လဲ သားရယ်၊ အမေကတော့ သူနဲ့ဆိုရင် မကန့်ကွက်ဘူး သိလား'

'ကျွန်တော်မှ အိမ်ထောင်မပြုချင်သေးဘဲ'

မိခင်ဖြစ်သူ စွာအန်း ဘာမှ ထပ်မပြောနိုင်တော့ပါ။

❀

အခန်း ၁၁။

## လှုပ်ရှားရသည့်စိတ်များ

ပြတင်းပေါက်မှ တစ်ဆင့် အေးမြသော လရောင်သည် အခန်းထဲသို့ ချဉ်းနင်းဝင်ရောက်လာ၏။

ထိုလရောင်သည် သူ၏ မျက်နှာပေါ်သို့ ထိုးကျနေသည်။

နဖူးပေါ် လက်တင်၍ လှဲလျောင်းနေသော ချီလုယန်းသည် တော်တော်နှင့် အိပ်မပျော်ပါ။

သူသည် သူ၏ဘဝကို ပြန်လည်၍ ဆန်းစစ်နေခြင်း ဖြစ်သည်။

ယခု မိမိလုပ်ဆောင်နေရသည့်အလုပ်သည် သေသေချာချာ စဉ်းစားကြည့်ပါက မိမိကိုယ်ကျိုးအတွက် လုံးဝ မဟုတ်ပေ။ ဟိုကန်းစု ဆိုသော သနားစရာကောင်းသည့် လူငယ်က



အပေါ် စေတနာထားမိရာက ဤမိသားစုကို လာရောက်ကူညီနေခြင်းပင် မဟုတ်ပါလား။

ထိုကဲ့သို့ လာရောက်ကူညီရာမှ အခြေအနေနှင့် အကျိုးပေးလေးက ကောင်းသဖြင့် စီးပွားရေးတိုးတက်လာပြီး ဤအန်းတို့မိသားစုမှာ ဘဝ အာမခံချက် ရသွားပြီ ဖြစ်သည်။

မိမိ၏ ဘဝကား မရေမရာ ဘဝမဟုတ်ပါလား။

မိမိဘာဆက်လုပ်မည်နည်း။

သည်အတိုင်းပဲ ဘဝကိုမြှုပ်နှံ၍ စခန်းသွားနေမည်လား။

သို့မဟုတ်

ကိုယ့်ဘဝကိုယ်ဆက်၍ လျှောက်တော့မည်လား။

ထိုအချက်ကို တိကျခိုင်မာစွာ ဆုံးဖြတ်ဖို့ အချိန်ကျပြီဟု ချီလုယန်း တွေးတောနေမိတော့သည်။

သူသည် တစ်ခုချင်း တစ်ခုချင်း ပြန်လည် သုံးသပ်နေ၏။

ဦးစွာပထမ မိမိ၏ဘဝကို ပြန်လည်သုံးသပ်လိုက်သည်။

ကိုယ့်ဘဝကို ကိုယ်ပြန်လည်၍ သုံးသပ်လိုက်သည်နှင့် ကျင်းဖုံး၏မျက်နှာက အလိုလို သူ့စိတ်ထဲ ပေါ်လာတော့သည်။

ကျင်းဖုံး။

ကျင်းဖုံးသည် လောကပေါ်၌ အလှဆုံး မိန်းကလေးတစ်ယောက်ဟု ချီလုယန်း၏ စိတ်ထဲမှာ ထင်ထားသည်။

ထို့ကြောင့်လည်း သူသည် ကျင်းဖုံး၏ချစ်သူဘဝကို ရောက်ရှိအောင် မရမက ကြိုးစားခဲ့လေသည်။

သူသည် ကျင်းဖုံးကိုချစ်သူဘဝသို့ရောက်ရှိအောင် ခြောက်လ ခုနစ်လ ကြိုးစားခဲ့ရသည်။

ချစ်သူ ဘဝသို့ ရောက်ရှိသော်သည်း ပျော်လိုက်သည့်ဖြစ်ခြင်း။

နှစ်ယောက်သား မိုးမမြင် လေမမြင် လျှောက်လည်ခဲ့ကြသည်။

မမောနိုင် မပန်းနိုင် ချစ်စကားတွေ သီကြူးခဲ့ကြသည်။

ထိုစဥ်အခါတုန်းက

သူ၏ ချစ်သူ ကျင်းဖုံးသည် နန်းကင်းနန်းတော်ထဲ၌ အရေးပါ အရာရောက်သော ဘဏ္ဍာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သမီးတစ်ယောက်ဖြစ်မှန်း လုံးဝပင် မသိရှာပါ။

သူသည် နှစ်ကူးပွဲတော်နေ့တစ်နေ့၌ သူမနှင့်ဆုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ထိုနေ့ကို ချီလုယန်း မမေ့ပါ။

နှစ်သစ်ကူးပွဲတော် နေ့တစ်နေ့။

နဂါးကပွဲများသည် လမ်းတိုင်းလမ်းတိုင်း၌ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိနေ၏။



လမ်းမကြီးတစ်ခုပေါ်တွင် လှုပသော နဂါးကြီး၏လှည့်ပတ်က နေမှုကို လူတွေက ကြိတ်ကြိတ်တိုး ဝိုင်းအုံကြည့်နေကြသည်။

ထိုလူများထဲတွင် ချီလုယန်းလည်း ပါရှိ၏။

သူသည် ထိုကဲ့သို့ ကြည့်ရှုနေရာမှ

'အား'

ဟူသော အသံနှင့်အတူ သူ၏ရှေ့မှ ပန်းနုရောင် ဝတ်စုံ လှလှကလေးနှင့် မိန်းကလေးတစ်ယောက် မှူး၍ လဲကျသွားသည်။

ချီလုယန်းက ကပျာကယာပွေ့၍ ယပ်ခတ်ပေးလိုက်၏။

ပွဲကြည့်ပရိသတ်များမှာ သူတို့ ယခုကဲ့သို့ဖြစ်သည်ကို သတိမထားနိုင်ကြပါ။

နဂါးရုပ်ကြီးဆီသို့သာ အာရုံစိုက်နေကြသည်။

ချီလုယန်းသည် မိန်းကလေးကို လူကြားထဲမှ ပွေ့ထုတ်ခဲ့၏။

လူအနည်းငယ်ရှင်းသောနေရာသို့ ရောက်သည်နှင့် အသာအယာချ၍ ရှူဆေးများ အရှူခိုင်းလိုက်သောအခါ သူမသည် ကောင်းစွာ သတိရသွား၏။

သူမ၏ မျက်လုံးရွဲကြီးများနှင့် ချီလုယန်းကို မော်ကြည့်ကာ

'အစ်ကို ကျေးဇူးတင်ပါတယ်'

ချီလုယန်း၏ ရင်ခွင်မှ ရုန်းထွက်ရင်း မပွင့်တပွင့် ပြောလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ညီမသက်သာပြီနော်'

'ဟုတ်ကဲ့'

'အဖော်တွေ မပါဘူးလား'

'ပါပါတယ်ရှင်၊ လူကွဲသွားလို့ လိုက်ရှာရင်း မူးသွားတာပါ'

ချီလုယန်းက

'ဒါဆို အစ်ကိုလိုက်ပို့ပေးမယ်၊ ဘယ်မှာနေသလဲ'

မိန်းကလေးက ဆတ်ခနဲမော့ကြည့်၍

'အို မဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်'

ချီလုယန်းက

'မင်းရဲ့အိမ်ကို လိုက်ပို့ပေးတာပဲ၊ ဘာဖြစ်လို့မဖြစ်တာလဲ'

'ဟာ မဖြစ်လို့ပါအစ်ကို'

ချီလုယန်းသည် သူမ၏မျက်နှာလေးကို စူးစိုက်ကြည့်ကာနေမိသည်။

လှလိုက်သည့်ဖြစ်ခြင်း။

ယဉ်လိုက်သည့် ဖြစ်ခြင်း။

ဤမျှလှပယဉ်ကျေးလွန်းသော မျက်နှာမျိုးကို ချီလုယန်းတစ်ခါမှ မမြင်ဘူးပေ။

မျက်ဝန်းကလေးကစိုင်းစက်၍ ကြည်လင် တောက်ပလွန်းလှသည်။

ပေါ်လွင်သော နှာကံကလေးနှင့် အသားအရေကဖြူဝင်းနေသည်။

'ဒါဖြင့် မင်းပွဲလဲမကြည့်တော့ဘူးပေါ့'

မိန်းကလေးက ခေါင်းယမ်းလိုက်သည်။



'မကြည့်တော့ပါဘူး'

'မင်းရဲ့အဖော်တွေကို ကျုပ်က ကူညီပြီးရှာပေးမယ်လေ'

'နေပါစေအစ်ကိုရယ်၊ မရှာတော့ပါဘူး၊ ကျွန်မသွားတော့မယ်နော်'

သူမ၏ နှုတ်ဆက်သံကလေးက ချိုလွင်လွန်းလှသည်။

ချီလုယန်း၏ နားထဲသို့ စိမ့်ပြီး ဝင်သွားသည်။

'နာမည်ကလေးတော့ ပြောခဲ့ဦးမှပေါ့'

'အို'

သူမသည် နာမည်ပြောရမည်ကိုပင် ဝန်လေးနေပုံရသည်။ တစ်စုံတစ်ရာကို ထိတ်လန့်စိုးရွံ့နေသည်မှာလည်း ထင်ရှားလွန်းလှ၏။

'နာမည်ကလေးတော့ သိပါရစေ ညီမရယ်'

မိန်းကလေးက ချီလုယန်းကို ငေးငေးကလေး ပြန်ကြည့်သည်။

သူမ စူးစိုက်၍ ကြည့်လိုက်ခြင်းသည် ချီလုယန်း၏ နှလုံးသားကို ချမ်းမြေ့သွားစေပေ၏။

'ပြောပါ ညီမရယ်'

သူမက မပွင့်တပွင့် ပြောသည်။

ချီလုယန်း သိပ်ဝမ်းသာသွားသည်။

'ကျင်းဖုံး ဒီနာမည်ကို အစ်ကို စွဲစွဲမြဲမြဲ မှတ်ထားပါ့မယ်၊ ကျုပ်နာမည်ကလေ ချီလုယန်းတဲ့ မှတ်ထားနော်'

မိန်းကလေးက ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်ပြလိုက်သည်။

'ညီမ ကျင်းဖုံး၊ ဘယ်မှာနေလဲဟင်'

သူမသည် သက်ပြင်းချလိုက်သည်။

'ဒီမြို့မှာပေါ့'

'ဒါတော့သိတာပေါ့၊ ဘယ်နားမှာလဲ၊ အစ်ကိုလိုက်ပို့ပေး မယ်လေ'

သူမ၏ လှပသော လက်ကလေးဖြင့် ကပျာကယာကာယမ်း လိုက်ပြန်၏။

'ဟင့်အင်း မပို့နဲ့ ဖြစ်တယ်'

သူမက နောက်ဆုံး ပြုံးပြပြီး သူ့အနားမှခွာသွားသည်။

ချီလုယန်း မတားတော့ပါ။

သို့သော် သူမအနားသို့ ပြေးလိုက်သွားပြီး

'မနက်ဖြန်၊ ကျုပ်ဒီမှာ စောင့်နေမယ်၊ ညီမကို မတွေ့ရရင် မိုးလင်းတဲ့အထိ မပြန်ဘူး၊ ညီမလာခဲ့ပါနော်'

ကျင်းဖုံးသည် ချီလုယန်းကို တွေတွေကလေးကြည့်၍ သတ် ခနဲ လမ်းမပေါ်သို့ လျှောက်သွားတော့သည်။

ထို့နောက် လူတွေကြားထဲ၌ ပျောက်ကွယ်သွားသည်။

မိန်းမချောကလေးများနှင့် အတော်များများ ကြုံဖူးပ သည်။

ချီလုယန်း ယက်ယက်ပက်ပက် စိတ်ဝင်စားခြင်း မရှိခဲ့၊ တုန်လှုပ်ခြင်းလည်း မရှိခဲ့။



စွဲလမ်းခြင်း၊ မက်မောတွယ်တာခြင်း ဤမျှလောက်မရှိ။

ကျင်းဖုံးဆိုသည့် မိန်းကလေးကိုမှ ဘာကြောင့် မက်မက် မောမော စွဲလမ်းမိပါလိမ့်ဟု ချီလုယန်းသူ့ကိုယ်သူ တွေး နေမိသည်။

သည်မိန်းကလေးမှပဲလား။တခြားမိန်းကလေး မရှိတော့ဘူး လား။

ထိုမေးခွန်းကိုလည်း သူ့ကိုယ်သူ ပြန်မေးမိသည်။

သို့သော် ချီလုယန်း၏ အဖြေမှာ ကျင်းဖုံးသည် အခြား မိန်းကလေးများနှင့် မတူသော အသွင် ရှိနေသည်ဟူ၍ပင် ဖြစ် ပါသည်။

ချီလုယန်းသည် နေ့လည်လောက်ကတည်းက ဝီရိယကြီးစွာ ဖြင့် ထွက်လာခဲ့သည်။

ဤနေရာတွင် ပွဲတော်တမျှ စည်ကားသည်ကား ညဘက် ဖြစ်သည်။

ချီလုယန်းက ကျင်းဖုံးဆိုသည့်မိန်းကလေးကို တွေ့လိုဇော နှင့် နေ့လည်ကတည်းက ရောက်ရှိနေသည်။

ထိုအနီးအနားဝန်းကျင်တစ်ဝိုက်တွင် ယောင်လည်လည်နှင့် လျှောက်သွားနေသည်။

သူ၏မျက်စိထဲ၌ ပန်းနုရောင် ဂါဝန်ကလေးနှင့် ရွှဲနေသော မျက်လုံးကလေးနှင့် ကော့နေသော မျက်တောင်ကလေးနှင့် ပြောရလျှင် ဆုံးမည်မထင်ပါ။ အဖက်ဖက်က ပြည့်စုံနေသည့် ကျင်းဖုံးကိုသာ လျှောက်၍ရှာနေသည်။

သူ့ကိုယ်သူလည်း အပြစ်တင်လိုက်၏။

'ငါက တော်တော်အတဲ့ကောင်ပဲ၊ ညက သူ့နောက်က နေပြီး နောက်ယောင်ခံလိုက်သွားရင် ရလျက်သားနဲ့၊ ငါဘာလို့ မလိုက်သွားမိပါလိမ့်'

'ညကသာ သူ့အိမ်သိခဲ့ရရင် ခုလောက်ဆို သွားလည်လို့ ရတာပေါ့'

ချီလုယန်း တစ်ယောက်တည်း စဉ်းစားနေသည်။

သူ့မျက်လုံးက မိန်းကလေးများ၏ မျက်နှာတိုင်းကို လိုက်ကြည့်နေသည်။

ချိန်းထားသည်ကညဘက်။

သူ ယခုရှာဖွေနေသည်က နေ့ဘက်။

ဘယ်မှာ လာတွေ့နိုင်မှာလဲ။

စဉ်းစားမိပြီး၊ ချီလုယန်း ပြုံးလိုက်မိတော့သည်။

ညဖနပိုင်း နေကလေးချိုလာသည်နှင့် တစ်ပြိုင်နက် စည်ကားစပြုလာသည်။

တရုတ်အမျိုးသားတို့၏ နှစ်သစ်ကူးပွဲတော်သည် ဆယ့်ငါးရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိကြသည်။

ဆယ့်ငါးရက်လုံးလုံး ပျော်ပွဲရှင်ပွဲများနှင့် ပြည့်နှက်နေတတ်သည်။



ချီလုယန်းသည် မိုးချုပ်၍ မီးရောင်များ ပေါ်လာသည်နှင့် သူသည် ဖနေ့က သူမကို ပြုစုပေးခဲ့ရသည့် နေရာကလေးတွင် ရပ်တန့်နေမိသည်။

ရှုးတယ်ပဲဆိုဆို၊ မိုက်မဲရာကျသည်ပဲဆိုဆို၊ ချီလုယန်းကတော့ သူမကို စောင့်စားနေမိသည်။

ချီလုယန်းသည် သိုင်းသမားတစ်ယောက်ဖြစ်သည်။

သိုင်းသမားမှ အဓိပတိသိုင်းသမား၊ လူစွမ်းကောင်းဘွဲ့ကို ချန်ကြူးမြို့၌ ရရှိထားသူ ဖြစ်၏။

သိုင်းသမားဟူသည် ဇွဲရှိတတ်၏။

သူတို့သည် အရာရာကို ဇွဲကောင်းကောင်းနှင့် ပြုလုပ်တတ်ကြသည်။

ချီလုယန်း၏ ဖခင် ချီယုံဖေးသည်လည်း ဘုရင့်ကိုယ်ရံတော်တပ်မှ တပ်မှူးချုပ်ကြီးဖြစ်သည်။

ယခု မကြာသေးမီအချိန်ကပင် အသက်နှင့် ကျန်းမာရေးကြောင့် အနားယူလိုက်ရသည်။

တပ်မှူးချုပ်ကြီးတစ်ဦး၏သားဖြစ်သူ လူစွမ်းကောင်းလေး ချီလုယန်းသည် မိန်းကလေးတစ်ယောက်ကို ချစ်မိ၍ ဇွဲကောင်းကောင်းနှင့် ရပ်စောင့်နေသည်ဟုသာ အချို့လူက သိလျှင် ချီလုယန်းကိုကြည့်၍ ဝိုင်းဝန်းရယ်ကြမည်သာဖြစ်သည်။

မိမိအား လာခဲ့ပါမည်ဟု အတိအကျ ပြောဆိုခြင်း မရှိခဲ့သော မိန်းကလေးတစ်ယောက်ကို စောင့်စားရသည်မှာ ရာခိုင်နှုန်း ကိုးဆယ့်ကိုး သည် ချီလုယန်းအတွက် မသေချာပါ။

သို့သော် ချီလုယန်းက ဇွဲကောင်းသည်။

သူမ လာကိုလာရမည်ဟု ချီလုယန်း ထင်ထားသည်။

ချီလုယန်း၏ စိတ်အထင်ကိုသာပြောရလျှင် ကိုးဆယ့်ကိုးရာခိုင်နှုန်းက လာဖို့ သေချာပါသည်ဟု ဖြေပေမည်။

အဘယ်ကြောင့်ဆိုသော် မိန်းကလေးလာရမည်ဟု သူကတစ်ထစ်ချ ယူဆထားသောကြောင့် ဖြစ်သည်။

ဆိုင်းသံ ဗုံသံများသည် ဆူညံနေ၏။

လှပလွန်းသော ရောင်စုံ မီးပုံးကြီးငယ်တို့သည်လည်း လမ်းတိုင်း လမ်းတိုင်းတွင် ပြည့်နှက်နေပေသည်။

ထိုအလှအပများကို ချီလုယန်းက လုံးဝ မခံစားတော့ပါ။

သူရှာဖွေနေသည့် အလှအပမှာ ကျင်းဖုံးသာလျှင် ဖြစ်ပေသည်။

အချိန်ကနည်းနည်းကလေး ကြာလာသောအခါ ချီလုယန်းရင်ထဲတွင် ဗလောင်ဆူလာသည်။

'လာမှလာပါ့မလား၊ ဒီညမှထပ်တွေ့ရပါတော့မလား' ဟူသောအတွေးများက သူ့စိတ်ကို ဗလောင်ဆူစေတော့၏။

သူသည် ဤနေရာသို့ ဖြတ်သန်းလျှောက်လာသူ မိန်းကလေးမှန်သမျှကို ငေးမော၍ လိုက်ကြည့်သည်။

သူက ထိုကဲ့သို့ ငေးမောနေသည်နှင့်အမျှ လူတွေကြားထဲမှ မျက်လုံး တစ်စုံကလည်း သူ့ကို အံ့သြသလို ငေးကြည့်နေသည်။



မိန်းကလေးတစ်ယောက်ပင်ဖြစ်သည်။ အပြာရောင်ဝတ်စုံကို ကြွကြွရွရွကလေး ဝတ်ဆင်ထား၏။

သူမသည် လူအချို့နှင့် ကွယ်၍ ချီလုယန်းကို ကြည့်နေမိသော်လည်း စိတ်ထဲ၌ လုံခြုံမှုမရှိပါ။

ချီလုယန်းသည် တစ်ယောက်မှ အလွတ်မပေးဘဲ ကြည့်ရှုနေသဖြင့် နောက်ဆုံး၌ အပြာရောင်ဝတ်စုံနှင့် မိန်းကလေးကိုလည်း တွေ့သွားလေတော့သည်။

'ဟာ သူ သူ လာတယ်'

ချီလုယန်း ပြေးသွားသည်။

သူမ၏လက်ကို ပိုင်စိုးပိုင်နင်းဆုပ်ကိုင်၍

'မင်းလာတယ်နော်၊ ကျုပ် ကျုပ် ဝမ်းသာလိုက်တာ'

'အို'

သူမ၏ လက်ကို ချီလုယန်းက တင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် ကျင်းဖုံးက 'အို' ဟု ယောင်ယမ်း၍ ထွက်သွားသည်။

ချီလုယန်းသည် သူမ၏လက်ကို မလွတ်တမ်းဆုပ်ကိုင်ထားရင်း လူတွေကြားထဲမှ ကွေ့ပတ်ကာ စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ခဲ့လေသည်။

စားသောက်ဆိုင်ထဲ၌ လူများစွာ ရှိနေသော်လည်း စားပွဲအလွတ်များ ရှိနေပေသည်။

ချီလုယန်းသည် နောက်ဆုံးစားပွဲရှိရာသို့ ခေါ်သွား၏။

'တို့လက်ကို လွှတ်ပါဦး'

ကျင်းဖုံးမှာ အသံတိုးတိုးဖြင့် လက်ကို ဆောင့်ရုန်းလိုက်၏။

ပြီးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'အစ်ကို ဘာပြောမလို့လဲပြော၊ ကျွန်မအချိန်မရဘူး'

ချိုလုယန်းက ကုလားထိုင်နှစ်ခုကို ပူးပူးကပ်ကပ် ထား လိုက်သည်။

'အို အဲဒီလိုမလုပ်ပါနဲ့ ညီမရယ်၊ အစ်ကို မနက်မိုးလင်း ကတည်းက ဒီမှာ လာစောင့်နေတာပါ'

ကျင်းဖုံးက အံ့သြစွာ မော့ကြည့်လိုက်၏။

'အစ်ကိုက ဘယ်သူ့ကို လာစောင့်နေတာလဲ'

'မင်းကိုပေါ့ ညီမရယ်'

'ဟင် ကျွန်မက လာမယ်လို့ ပြောခဲ့တာမှ မဟုတ်ဘဲ'

ချိုလုယန်းကပြုံး၍

'အခုလာတာပဲ မဟုတ်လား'

'ကျွန်မမှာ တခြားကိစ္စနဲ့ပါ၊ အချိန်မရဘူး အစ်ကိုရယ်၊ ကျွန်မ ပြန်ပါရစေ'

'နေပါဦး ညီမရယ်၊ မျက်နှာကိုတောင် ကြည့်လို့မဝသေး ဘူး'

'အို အစ်ကိုကလဲ'

ချိုလုယန်းက သူမ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

'မလုပ်နဲ့လေ၊ လူတွေနဲ့'

'ချစ်လို့ပါ'

သူမသည် ရှက်လွန်း၍လားမသိပါ၊ အသားများ တဆတ် ဆတ်တုန်၍ လက်ဖျားများ အေးနေသည်။

'အို ကျွန်မ ဒါတွေ မသိဘူးရှင့်'



'ဟင်း ဟင်း ညီမ ညာနေတာ၊ မျက်လုံးတွေက ချစ်ပါ တယ်လို့ ဝန်ခံနေတယ်'

'အို'

'ဘာသုံးဆောင်ကြမလဲ ခင်ဗျ'

ဆိုင်လုလင်က ခပ်ပြုံးပြုံးနှင့် မေးသည်။

'စားစရာမှန်သမျှ အားလုံး ယူလာခဲ့ကွာ'

ချိုလုယန်းက စိတ်မရှည်သလို ဆိုင်လုလင်ကို ပြောလိုက်၏။

'ညီမ'

'ဟာလဲ အစ်ကိုရယ်၊ ကျွန်မ ပြန်ချင်ပြီ'

'ဘယ်လိုဖြစ်ရတာလဲ ညီမရယ်၊ အစ်ကို့အတွက် အချိန် ကလေးတော့ ပေးဦးမှပေါ့၊ အစ်ကို တစ်နေ့လုံး စောင့်နေရ တာပါ'

ကျင်းဖုံးက သက်ပြင်းချလိုက်လေသည်။

'အစ်ကို နောက်ကို မစောင့်ပါနဲ့၊ ကျွန်မ ဘယ်တော့မှ မလာဘူး'

'အဲဒီလို မစိမ်းပါနဲ့ ညီမရယ်၊ အစ်ကို ညီမကိုလေ တကယ် ချစ်တာပါ၊ ညီမ မလာရင် နန်ကင်း နေပြည်တော်ကြီးတစ်ခုလုံး တစ်အိမ်တက်ဆင်းလိုက်ရှာမှာ'

'ခစ် ခစ်'

ကျင်းဖုံးက ရယ်လိုက်သည်။

'ဘာရယ်တာလဲ၊ မယုံလို့လား'

'အစ်ကို့ကို လူတွေက အရူးကြီးလို့ ပြောမှာပေါ့'

'ပြောပါစေ၊ ညီမအစ်ယောက်တည်းကမပြောရင်ပြီးတာပဲ'

သူမတို့ စကားပြောနေစဉ်ဝယ် စားပွဲပေါ်သို့ လှမ်းကြည့်လိုက်ရာ စားစရာမျိုးစုံနှင့် နွားနို့များ အငွေ့တထောင်းထောင်းနှင့် ရောက်လာသည်။

❀

'အို စားစရာတွေကလဲ'

ချီလုယန်းက နွားနို့တစ်ခွက်ကို သူမလက်ထဲသို့ ထည့်ပေးသည်။

'ရော့ ပူပူကလေး သောက်လိုက်၊ ဟောဒီမုန့်လဲစား'

ချီလုယန်းသည် မုန့်တစ်ခုကို ဖဲ့၍ ကျင်းဖုံး ပါးစပ်ထဲသို့ ခွံ့ပေးသည်။

'အို အဲ့သည်လို မလုပ်နဲ့၊ ညီမ ရှက်တယ်'

'ဒါ ရှက်စရာ မဟုတ်ဘူး၊ ချစ်လို့ ကျွေးတာ၊ စားရတယ်'

'အို ခက်တာပဲ အစ်ကိုရယ်၊ ကျွန်မ ပြန်ပါရစေတော့'

ချီလုယန်း ခေါင်းယမ်းလိုက်သည်။

'ဘာရမလဲ၊ ဒီည တစ်ညလုံး လျှောက်လည်မယ်၊ မနက်မိုးလင်းမှ ပြန်ရမယ်'

ကျင်းဖုံး မျက်လုံးပြူးသွားသည်။

'မဖြစ်နိုင်တာ၊ အစ်ကို့ အကြောင်း ဘာမှ မသိဘဲနဲ့'

'လောကမှာ မဖြစ်နိုင်တာ ဘာမှ မရှိဘူး၊ ကဲ အစားအသောက် ဝအောင်စားပြီး တို့လျှောက်လည်မယ်'



ကျင်းဖုံးက သက်ပြင်းချလိုက်သည်။

'အစ်ကို ကျွန်မကို မချစ်ပါဘူး'

'ဟင် ဘာလို့ မချစ်ရမှာလဲ၊ ချစ်လွန်းလို့ ဟောသည် ပါးစပ်ထဲတောင် ငုံထားချင်တယ်'

'ချစ်ရင် အလိုလိုက်ရမှာပေါ့၊ ကျွန်မ စိတ်ဆင်းရဲအောင် မလုပ်ရဘူး'

ချီလုယန်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

'အင်း ဒါတော့ ဟုတ်တယ်၊ ကဲ ညီမ ဘာဖြစ်စေချင်သလဲ ပြော'

ကျင်းဖုံးက ပြုံး၍

'အစ်ကိုဟာလေ တစ်မျိုးပဲ'

'ဒါဖြင့် နှစ်မျိုးဖြစ်အောင် နေပြပါ့မယ်'

'ကြည့်ပါလားလို့'

'ဒါထက် ပိုကြည့်ရရင်လဲ မျက်လုံးနှစ်လုံးကွယ်ဖို့ပဲ ရှိတော့တာ'

'သူများ စိတ်ဆိုးလိုက်မယ်နော်'

'ဘုံးချင်သလောက်ဆိုး၊ အစ်ကိုက အလိုလိုက်ပါတယ်ဗျာ'

ကျင်းဖုံး ပါးစပ်မိတ်ထားလိုက်တော့သည်။

❀

'အစ်ကို ကျွန်မကို ပြန်ခွင့်ပေးပါ'

စားသောက်ပြီး၍ ကျင်းဖုံးက ပြောသည်။

'ညီမ ဘာဖြစ်လို့ သည်လောက် လောနေရတာလဲ၊ အစ်ကို အိမ်အထိ လိုက်ပို့ပေးမယ်'

'အို'

သူမ အထိတ်တလန့် ဖြစ်သွားပြန်သည်။

သူမကို ထိုစကားပြောတိုင်း သူမက လက်မခံဘဲ အထိတ်တလန့်ဖြစ်သွားတတ်သည်။

'ဘာလဲညီမ၊ မိန်းကလေးတစ်ယောက်ကို အိမ်ရောက်အောင် လိုက်ပို့ပေးတာယဉ်ကျေးတဲ့လူတွေရဲ့အလုပ်ပဲ၊ ဘာဖြစ်သို့လဲ'

'မဖြစ်လို့ပါ၊ ကျွန်မတို့အိမ်က'

ချီထူယာန်းက တစ်စုံတစ်ရာတွေးမိ၍ ပြုံးလိုက်သည်။

သူမတို့၏နေအိမ်သည် အနည်းငယ် အိုမင်းဆွေးမြည့်နေ၍ပဲလား၊ သို့တည်းမဟုတ် ဆင်းရဲသားရပ်ကွက်က အိမ်ငယ်ကလေးတစ်လုံးပဲ ဖြစ်နေ၍လားဟု တွေးမိ၏။

'ဘာလဲ၊ ညီမတို့အိမ်က မကောင်းလို့ အားငယ်သွားတာလား၊ ဘာမှမဆိုင်ဘူး၊ အစ်ကိုချစ်တာ ညီမကိုချစ်တာ၊ အိမ်တို့ အအောင်အယောင်တို့ ပကာသနတို့ အစ်ကို့မှာဘာမှမရှိဘူး၊ အစ်ကို့စေတနာနဲ့မေတ္တာကို ယုံပါညီမရယ်'

ကျင်းဖုံး ရင်မောသွားသည်။

'အစ်ကို့ကြောင့် ခက်တာပဲ'

'ဘာခက်တာလဲ'

'ဒါထက် အစ်ကို့မိဘတွေကရော ဘယ်သူလဲဟင်'

ကျင်းဖုံးကလည်း ပြန်လည်၍ မေးလိုက်သည်။

'အာ ဟုတ်တာပေါ့၊ ဒါတွေဟာ ညီမ သိထားသင့်တဲ့



ကိစ္စတွေပဲ၊ အစ်ကို့ အဖေက ချီယုံဖေးလေ၊ ဘုရင့်ကိုယ်ရံတော် တပ်မှူးချုပ်ကြီး ချီယုံဖေး'

ထိုစကားသံကိုကြားရသည်နှင့်ကျင်းဖုံးတစ်ယောက်မျက်လုံးပြူးကျယ်သွားကာ အံ့သြသွားလေတော့သည်။

'ညီမ ဘာဖြစ်လို့လဲ'

ကျင်းဖုံးက မဖြေပါ။

'ပြောပါ၊ညီမ ဘာဖြစ်သွားတာလဲ၊ တပ်မှူးတစ်ယောက်ရဲ့သားဟာ ဘာမှအထင်ကြီးစရာ မရှိပါဘူးညီမရယ်'

'အစ်ကိုက လူစွမ်းကောင်း ချီလုယန်းဆိုတာပေါ့ဟုတ်လား'

'ဟုတ်ပါတယ်၊ ညီမ အစ်ကို့ကို သိတယ်ဟုတ်လား'

'ကြားဖူးတာပါ'

ကျင်းဖုံးက တစ်လုံးချင်း ပြန်ဖြေလိုက်သည်။

## အခန်း ၁၂။

### မမျှော်လင့်သောလူတစ်ယောက်

'ချွတ်'

ချွတ်ခနဲဟူသောအသံကို ကြားလိုက်ရသည်။

ထိုအသံကြောင့် ဟိုကန်းစု အတွေး ပြတ်သွားသည်။

တိတ်ဆိတ်သောညတွင် ပေါ်ထွက်လာသော အသံကြောင့် အတိတ်၏အတွေးများ၌ နစ်မျောနေရာမှ သူသည်လက်ရှိအခြေအနေကို ပြန်လည်သတိရလိုက်၏။

သို့ဖြစ်၍ ရုတ်တရက်ထွက်ပေါ်လာသောအသံကို အာရုံပြုနားစိုက်နေလိုက်မိ၏။

'ချွတ်ခနဲ' မြည်သံသည် သူ၏အခန်း ညာဘက်တွင် ထွက်ပေါ်လာခြင်းဖြစ်လေသည်။



သူ၏အခန်းညာဘက်တွင် လုပ်ငန်းနှင့် ပတ်သက်သည့် ပို့ဆောင်ရမည့် ပစ္စည်းများထားသည့် အခန်းဖြစ်သည်။

ဘိုသော်·လောလောဆယ်တွင်ပို့ဆောင်ရမည့်ပစ္စည်းတစ်ခုမျှ မရှိ၍ သူခိုးဖြစ်နေလျှင်လည်း အကြောင်းမဟုတ်ပါ။

သူ၏ ဘယ်ဘက်မှ အခန်းတွင် မိခင်စွာအန်းရှိပြီး စွာအန်းနှင့် အခန်းချင်းကပ်လျက် အခန်းမှာ ဟိုကျင်းမာ၏ အခန်းဖြစ်သည်။

ယခုကြားလိုက်ရသောအသံမှာ သူ၏ညာဘက် ပစ္စည်းထားသည့် အခန်းဘက်မှဖြစ်သည်။

လရောင်သည် ပြတင်းပေါက်မှ တစ်သင့် ထိုးကျဆဲ ဖြစ်သည်။

လရောင်ကြောင့် မိမိ၏အခန်းသည်လင်းနေသဖြင့် အကယ်၍ ရန်သူ ဝင်ရောက်လာပါက မိမိ၏လှုပ်ရှားမှုကို မြင်တွေ့သွားပေမည်။

ထို့ကြောင့် ဟိုကန်းစုသည် ပြတင်းတံခါးကို အသာထ၍ ပိတ်လိုက်သည်။

သူသည် ပြတင်းတံခါးကိုပိတ်ပြီးသည်နှင့် သူ၏ အိမ်ခန်းတံခါးကို အသာဖွင့်ကာ အပြင်သို့ လှမ်းထွက်လိုက်သည်။

'ရှပ် ရှပ်'

တီးတိုးသံနှစ်ခု ထပ်ကြားလိုက်ရသည်။

အမှောင်ထဲမှ ထိုအသံထွက်ပေါ်လာသည်နှင့် ဟိုကန်းစုသည် သူ၏လက်ကို ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။

သူသည် အင်္ကျီလက်ရှည် ပွပွကြီးကို ဝတ်ဆင် ထားသော

ကြောင့် လက်နှစ်ဘက်ကို မြှောက်၍ ဝှေ့ယမ်းလိုက်သည်ဆိုသည်နှင့် သူ၏ ခန္ဓာကိုယ်မှာ အကာအကွယ် ရသွားတော့သည်။

ထို အ ချိန် မှာ ပင် လရောင်နှင့် မြင် တွေ့ လိုက်ရသည်က ပြတင်းပေါက် တစ်ခုမှ မည်းမည်းအရိပ်တစ်ခု လွှားခနဲ ခုန်ချသွားသည်။

ဟိုကန်းစု ပြတင်းပေါက်ဆီသို့ ပြေးလွှား ရောက်ရှိချိန်၌ မည်းမည်းသဏ္ဍာန် အရိပ်သည် ပန်းဥယျာဉ်ကိုဖြတ်၍ ခြံစည်းရိုးကို ကျော်လွှား ထွက်သွားတော့သည်။

လှုပ်ရှားသံအချို့ ကြောင့် စွာအန်းနှင့် ဟိုကျင်းမာတို့လည်း နိုးလာသည်။

သူမတို့သည် မီးတိုင်ကို ထွန်းညှိ၍

'သား ဘာဖြစ်တာလဲ'

ပြတင်းပေါက်မှ ငေးကြည့်နေသည့် ဟိုကန်းစုကို စွာအန်းက လှမ်း၍မေးသည်။

'ရန်သူတစ်ယောက် ခုန်ထွက်သွားတယ်'

'ဟင်'

ဟိုကျင်းမာ မျက်လုံးပြူး၍

'ဟင် မောင်လေး နင် ဘာ ဖြစ်သွားသေးသလဲ'

စိုးရိမ်တကြီး လှမ်းမေးလိုက်၏။

စွာအန်းကလည်း မီးပုံးကိုကိုင်၍ အနားသို့ရောက်လာသည်။

'ရန်သူဟုတ်လား၊ သားလေး ဘာဖြစ်သွားလဲ'

'ကျွန်တော် ဘာမှ မဖြစ်ပါဘူး'

ထိုစဉ် ဟိုကျင်းမာက



'မောင်လေး နင့်'

ဟု ပြောရင်း ဟိုကန်းစု၏ လက်မောင်းကို စိုးရိမ်တကြီး လှမ်းကိုင်လိုက်ရာ ဟိုကန်းစုက

'ဟာ အစ်မ မကိုင်နဲ့'

ဟု အော်ဟစ်ရင်း ဟိုကျင်းမာကို ဟန့်တားလိုက်၏။

ဟိုကန်းစု၏ အပြုအမူကြောင့် ဟိုကျင်းမာသည် ရုတ်တရက် အံ့အားသင့်သွား၏။

အမှန်မှာ

စောစောက ရန်သူသည် ဟိုကန်းစုကို လက်နက်ပုန်း တစ်စုံတစ်ရာနှင့် ပစ်ခဲ့၏။

ဟိုကန်းစုက မိမိ၏ အင်္ကျီလက်ဖြင့် ကာကွယ်လိုက်ရ၏။

အကယ်၍ လက်နက်ပုန်းသည် အဆိပ် လက်နက်ပုန်း ဖြစ်နေပါက ကိုင်မိသူအဖို့ ဒုက္ခရောက်နိုင်သဖြင့် ယခုကဲ့သို့ အော်ဟစ်ဟန့်တားလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ဟိုကန်းစုသည် အင်္ကျီကို ကပျာကယာ ချွတ်လိုက်သည်။

မီးရောင်ဖြင့် သူ၏ အင်္ကျီလက်နေရာတွင် တစ်စုံတစ်ရာကို သေသေချာချာ ရှာဖွေ နေမိ၏။

မိမိကို ရန်သူက လက်နက်ပုန်းဖြင့် ပစ်လိုက်ကြောင်း ဟိုကန်းစု သေသေချာချာ သိလိုက်သည်။

ထိုလက်နက်ပုန်းသည် မိမိ၏ အင်္ကျီလက်ဖြင့် ရိုက်ခတ်မိပြီး ကြမ်းပြင်ပေါ်သို့ ကျရောက်သည့် အသံမျိုးလည်း မကြားခဲ့ရပေ။

သို့ဖြစ်၍

ဘယ်လို လက်နက်ပုန်းဖျိုးပါလိမ့်ဟု တွေးတောရင်း ရှာဖွေနေမိခြင်းဖြစ်သည် မဟုတ်ပါလား။

ခဏအကြာတွင် အင်္ကျီလက်နေရာတွင် စိမ်းဖန့်ဖန့် အရာကလေး နှစ်ခု ကပ်နေသည်ကို ရှာဖွေ တွေ့ရှိလေတော့၏။

သေသေချာချာ မီးရောင်ဖြင့် ကြည့်လိုက်သောအခါ ထို အရာနှစ်ခုသည် သေးငယ်သော အဆိပ်အပ်ကလေးနှစ်ချောင်း ဖြစ်နေ၏။

'အဆိပ်အပ်'

ဟိုကန်းစု တီးတိုးရေရွတ်လိုက်၏။

နှစ်လက်မနီးပါးရှည်သည့် အဆိပ်အပ်ကလေး နှစ်ချောင်း။

အသေအချာ ကြည့်မည်ဆိုလျှင် ထို သေးငယ်သော အပ်ကလေးတွင် မြောင်းကလေးများရှိနေ၏။

ထို မြောင်းကလေးထဲတွင် ပြင်းထန်သော အဆိပ်ရည်များ ရှိနေသည်မှာ မည်သို့မျှ ယုံမှားသံသယဖြစ်ရန် မလိုတော့ပါ။

ထိုအပ်ကို မြင်လိုက် သည်နှင့် စောစောက ရန်သူသည် မိန်းကလေးတစ်ဦး ဖြစ်ရမည်ဟု ဟိုကန်းစု ရိပ်စားမိလိုက်ပြီး စိတ်ထဲမှ ထိတ်လန့် တုန်လှုပ်သွား၏။

အကြောင်းမှာ ထို အဆိပ်အပ်ကလေးသည် သေဆုံးခဲ့ပြီး



ဖြစ်သော ဟိုကန်းစုအစ်စစ်၏ လည်ချောင်းထဲမှ အပ်နှင့် တစ်ပုံစံတည်း ဖြစ်နေသည် မဟုတ်ပါလား။

ထို အပ်နှစ်ချောင်းထဲ၌ အဆိပ်ရည်များ ရှိနေမည်။

လူသား၏ ခန္ဓာကိုယ်ထဲကို မဝင်ရောက်ရသေးသဖြင့် ထို အဆိပ်ရည်များသည် ပျောက်ပျက်သွားခြင်း ရှိမည် မဟုတ်သေးပါ။

ဟိုကန်းစုသည် ဘူးကလေး တစ်လုံးကို အမြန်ဆုံး ယူ၍ အပ်နှစ်ချောင်းကို အသားနှင့်မထိစေပဲ ဘူးထဲထည့်လိုက်သည်။

အချိန်ရလျှင် သူသည် ဟိုကန်းစုကို ကုသပေးသည့် သမားတော်ကြီးထံသို့ ယူဆောင်သွားရန် စိတ်ကူးထားသည်။

'အဲဒါ အဆိပ်အပ်တွေ ဟုတ်လားသားလေး'

စွာအန်းကဟိုကန်းစုလုပ်ကိုင်နေပုံကိုကြည့်နေရင်းမှ ကြောက်ရွံ့တုန်ယင်စွာ မေးလိုက်၏။

သူမ၏သားဖြစ်သူ ဟိုကန်းစုသည်ထိုအဆိပ်အပ်နှင့် သေဆုံးခဲ့ရပါသည်ဟုသာ ဖွင့်ပြောလိုက်လျှင် သူမ မည်ကဲ့သို့ ခံစားရမည်မသိပါ။

သို့သော် ဟိုကန်းစုမပြောမိပါ။ သူပြောလိုက်သည်က

'ဟုတ်တယ်အမေ သိပ်ပြင်းထန်တဲ့ အဆိပ်မျိုးပဲ' ဟုဖြစ်၏။

ဟိုကျင်းမာက ရင်ဘတ်ကို လက်နှင့် ဖိထားရင်း

'အို ဘုရား ဘုရား မောင်လေးရယ် ဒီအပ်သာ ထိလိုက်ရရင် မောင်လေးတော့ ဒုက္ခပဲ'

'သားမှာ ရန်သူတွေ ရှိနေပြီနဲ့တူတယ် ဒုက္ခပါပဲ'

စွာအန်း ထိတ်လန့်နေသည်။

ဟိုကန်းစုက

'စိတ်မပူပါနဲ့ အမေရယ်၊ ကျွန်တော့်မှာ ရန်သူမရှိပါဘူး၊ သူခိုးတစ်ယောက်က ခိုးဖို့လာတာဖြစ်ပါလိမ့်မယ်၊ လန့်နိုးသွား လို့ ခုလိုလက်နက်ပုန်းနဲ့ ပစ်သွားတာပါ'

ဟိုကန်းစုသည် စိတ်သက်သာရာရအောင် ပြောလိုက်၏။

သူတို့၏ ပြောသံဆိုသံများကြောင့် အစောင့်နှစ်ယောက် ပြေးဝင်လာသည်။

'သခင်လေး ဘာဖြစ်လို့လဲ'

စွာအန်းက အစောင့်နှစ်ယောက်ကို ဒေါသဖြင့် ကြည့် လိုက်ပြီး

'မင်းတို့က အခုမှလာတယ်၊ ဘယ်သွားနေကြတာလဲ'

ဟု ကြိမ်းမောင်းလိုက်၏။

အစောင့်နှစ်ယောက်သည် အပြစ်ရှိနေသဖြင့် မျက်နှာ ငယ် ငယ်ဖြင့် ဟိုကန်းစုကို ကြည့်နေမိသည်။

ဟိုကန်းစုက ပြုံးလိုက်ပြီး

'အမေရယ် သူတို့မှာ အပြစ်မရှိပါဘူး၊ သူခိုးဆိုတာ အစောင့်ဘယ်ယောက်ရှိလဲ မသိအောင်ဝင်တတ်တာပဲ၊ နောက် ပြီး ဒီနေ့သူတို့ကို အားလုံးလျှောက်လည်ခွင့် ပြုထားတယ်လေ' ဟု အစောင့်များဘက်မှဝင်၍ ဖြေပေးလိုက်၏။

မိခင်စွာအန်း ဘာမှဆက်မပြောတော့ပေ။

❀



ဟိုကန်းစု သူ၏အခန်းထဲသို့ဝင်ရောက်လိုက်ပြီးနောက်ထိုင်၍ စဉ်းစားနေသည်။

ရန်သူသည် ဟိုကန်းစုထံမှ ပတ္တမြားယူသွားသည့် အမျိုးသမီးသာ ဖြစ်ရမည်။

ဟိုကန်းစုကို သူမက အသေသတ်ခဲ့ပြီး ဖြစ်သည်။

ဟိုကန်းစုသည်လည်း သေသွားပြီဖြစ်သည်။

မိမိက အတု။ ဟိုကန်းစု အတု။

ထိုအတုဖြစ်သော မိမိကို ဟိုကန်းစုအနေဖြင့် သူမက ဘာ၍ သတ်ခြင်းမှာ စဉ်းစားစရာဖြစ်နေသည်။

သို့မဟုတ်

သူမကဲ့သို့ အဆိပ်အပ်မျိုးကို သုံးသည့် အခြားရန်သူတစ်ယောက်က မိမိကို လုပ်ကြံတာလည်း ဖြစ်နိုင်၏။

ထိုအဆိပ်သည် ဟိုကန်းစု သေဆုံးရသော အဆိပ်မျိုး ဟုတ် မဟုတ် သမားတော်ကြီး ဟူစင်းသာသိပေလိမ့်မည်။

ထိုအဆိပ်ကို ဟူစင်းထံသို့ သွားရောက်ပြသရန် လိုအပ်မည်ဟုလည်း သူက စဉ်းစားမိ၏။

ထို့ပြင် နောက်ထပ်စဉ်းစားမိသည်မှာ

မိမိ အာမခံဌာန ဖွင့်လှစ်ပြီးသည်နှင့် ပျောက်ချင်းမလှ ပျောက်သွားကြသော အာမခံဌာန သုံးခုမှ ဌာနမှူးများက လုပ်ကြံတာလည်းဖြစ်နိုင်၏။

သူတို့ကို ချိုလုယန်း အံ့ဩမိ၏။

အဘယ်ကြောင့် သူတို့က အာမခံဌာနများကို ပိတ်ပစ်၍ ပြောင်းရွှေ့သွားကြပါသနည်း။

အကယ်၍ စီးပွားရေး မကောင်းလျှင် အခြားလုပ်ငန်းကို ပြောင်းလုပ်ရန်သာ ရှိသော်လည်း ယခုအခါ ဝမ်းစီထိမှ အစ အားလုံး ပြောင်းရွှေ့သွားကြသည်။

သူတို့ဘယ်ကို သွားကြသနည်း။

ဘာကြောင့် ပိုကျန်းမြို့တွင် မရှိတော့သနည်း။

ထိုအချင်းအရာများသည် ကောင်းသော လက္ခဏာ တစ်ခု မဟုတ်မှန်း ဟိုကန်းစု စဉ်းစားမိလာ၏။

သူတို့ ကွယ်ပျောက်နေခြင်းမှာ သွေးရိုးသားရိုး ပျောက် နေခြင်းလော။

သို့မဟုတ်။

ဟိုကန်းစုသည် အင်္ကျီချွတ်လိုက်ပြီး ခုတင်ပေါ်၌လဲလျောင်းကာ စဉ်းစားနေ၏။

ရုတ်တရက် အခန်းထဲသို့ ဟိုကျင်းမာ ဝင်လာ၏။

'ဟင် အင်္ကျီက ဘာလို့ပြန်မဝတ်သေးတာလဲ၊ ဒီအတိုင်း အိပ်ပျော်သွားရင် အအေးပတ်နေတော့မှာပဲ'

သူမက ပြောရင်း ဟိုကန်းစုအနားတွင်အသားချင်း ထိကပ်၍ ထိုင်ချလိုက်၏။

'နင့်မှာ ရန်သူတွေများ ရှိနေသလား မောင်လေးရယ်၊ ငါ စဉ်းစားပြီး အိပ်လို့မပျော်ဘူး'

'မရှိပါဘူး အစ်မရယ်၊ နင်သွားအိပ်ပါတော့ အလကား စိတ်ပူနေတယ်'

'ဟဲ့ ပူရတာပေါ့၊နင့်အတွက်မပူလို့ ငါက ဘယ်သူ့ အတွက် ပူရဦးမှာလဲ'



သူမကပြောရင်းမှ သူ၏ခန္ဓာကိုယ်ကို ဟိုကျန်းစု၏ကိုယ်ပေါ် သို့ပင် မှီထားလိုက်သည်။

ထို့နောက် မျက်နှာနား ကပ်၍ မေးသည်။

'ငါ့ အမေ့ကိုမပြောပါဘူး မောင်လေးမှန်မှန် ပြောစမ်း၊ ရန်သူရှိရင် အစောင့်တွေ ပိုပြီး ခေါ်ထားဖို့ မေးတာပါ'

'မရှိပါဘူး အစ်မရယ်'

'နင်မညာနဲ့ ငါစိုးရိမ်လို့'

'ဟာ အစ်မကလဲဗျာ'

ဟိုကန်းစုက ပြောရင်း ဟိုကျင်းမာကို အသာအယာ တွန်းဖယ်သည်။ သို့သော် 'သူ၏လက်သည် တွန်းဖယ်သကဲ့သို့မဟုတ်ဘဲ ဖက်ထားသကဲ့သို့ ဖြစ်နေသည်။

ဟိုကန်းစု စိတ်ကို မထိန်းနိုင်အောင် ဖြစ်နေ၏။

သူသည် ရုတ်တရက်ထထိုင်ပြီး ဟိုကျင်းမာ၏ လက်မောင်းနှစ်ဘက်ကို ကိုင်ကာ သူ၏ရင်ခွင်ထဲသို့ အတင်းဖက်၍ ထားလိုက်သည်။

ဟိုကျင်းမာစိတ်ထဲ ကျေနပ်နေ၏။

ဟိုကျင်းမာက ပြန်၍ထပြီး နဖူးကို မနာအောင် ထုလိုက်သည်။

ထို့နောက် ဟိုကျင်းမာသည် စောင်တစ်ထည်ဆွဲ၍ ဟိုကန်းစုအား ခြုံပေးပြီး အခန်းထဲက ထွက်သွားသည်။

'ရင်မောရပါပြီ၊ ဟိုကျင်းမာရယ်'

ဟိုကန်းစု စိတ်ထဲမှ ညည်းညူမိလိုက်လေတော့သည်။

ဒုတိယ ဌာနမှူး ယုံဂွားက ဧည့်ခန်းထဲသို့ ဝင်ရောက်လာပြီး 'မိန်းကလေးတစ်ယောက်က ဌာနမှူးကို မေးနေတယ်၊ ပစ္စည်း ပို့ချင်လို့တဲ့၊ သူက ဌာနမှူးနဲ့ တွေ့ပြီးမှ အပ်မှာယ်လို့ ပြောတယ်'

ဟိုကန်းစုက

'ဦးလေး ယုံဂွား သူ့ကို ဧည့်ခန်းထဲ လွှတ်လိုက်ပါ'

ယုံဂွားက ပြန်ထွက်သွားပြီး ပြောလိုက်သဖြင့် လှပသေသပ်စွာ ဝတ်စားထားသော အမျိုးသမီးတစ်ဦး ဧည့်ခန်းထဲသို့ ဝင်လာသည်။

သားအမိ သုံးယောက်စလုံး အမျိုးသမီးကို ငေးကြည့်နေကြသည်။

အမျိုးသမီးသည် ဧည့်ခန်းထဲသို့ ရောက်သည်နှင့် ဟိုကန်းစုကို မြင်တွေ့သွားသည်။

သူမ၏ နှုတ်ခမ်းကလေးသည် ဝလုံး တစ်လုံးကဲ့သို့ ချွန်၍ ဝိုင်းစက်သွားလေသည်။

'အို ဟိုကန်းစု၊ အာမခံဌာနမှူးက ရှင်လား'

သူမက မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ကို တွေ့လိုက်ရသည့်ပမာ ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

- ဟိုကန်းစု စိတ်ထဲ

'ဟာ ဒုက္ခပဲ၊ ဒီအမျိုးသမီးကို ငါလဲ မသိဘူး၊ ဟိုကန်းစုနဲ့ ဘယ်လိုပတ်သက်ပါလိမ့်'

ဟိုကန်းစုသည် စွာအန်းနှင့် ဟိုကျင်းမာကို လှည့်ကြည့်လိုက်မိ၏။ သူတို့လည်း သိရှိဟန် မတူပေ။



အမျိုးသမီးက

'ဟိုကန်းစု၊ ရှင် ဘာငေးနေတာလဲ၊ ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား၊ ဖိမန်ကျေးရွာက ချူးချူးလေ'

'ဟိုက်'

ဟိုကန်းစု ချက်ချင်း သတိရသွားသည်။

ဖိမန်ကျေးရွာသည် ဟိုကန်းစု အလုပ် သွားရောက် လုပ်ကိုင်စဉ်က ရွာကြီးဖြစ်သည်။

ချူးချူး။ သူမသည် ဟိုကန်းစုနှင့် ပျော်ပါးခဲ့သည့် မိန်းကလေး။

'ဩော် ချူးချူး၊ ရုတ်တရက်ဆိုတော့ ကျုပ် မမှတ်မိဘူးဗျာ၊ ထိုင်ပါ'

ချူးချူးက ဝင်ထိုင်ရင်း စွာအန်းတို့ သားအမိကို ကြည့်သည်။

'ရှင်က မိတ်ဆက်မပေးတော့ဘူးလား'

ဟိုကန်းစုက ရယ်မော၍

'ဩော်…ဟုတ်ပါရဲ့၊ ဒါက ကျုပ်ရဲ့ မိခင်ပါ၊ ဟောဒါက ကျုပ်ရဲ့အစ်မ ဟိုကျင်းမာပါ၊ အစ်မ သူက ငါ အလုပ် သွားလုပ်ခဲ့တဲ့ ဖိမန် ရွာကပါ၊ နာမည်က ချူးချူးတဲ့'

'ဩော်…သားအလုပ်သွားလုပ်ခဲ့တဲ့ဆီက မိတ်ဆွေကိုး'

ချူးချူးက ရဲတင်းသည်။ သူမသည် ခေါင်းကို ဆတ်ခနဲ ညိတ်၍

'ဟုတ်ပါတယ် အဒေါ်၊ ကျွန်မနဲ့ သူက တော်တော်

ရင်းနှီးပါတယ်၊ မကြာခင် ပြန်လာဦးမယ်ဆိုပြီး ပေါ်မလာတော့ဘူး’

‘ကျွန်မမောင်လေးကို တောထဲတောင်ထဲကို မလွှတ်ချင်တော့ဘူးလေ၊ ဒါကြောင့် ဒီမှာ အာမခံဌာနဖွင့်ထားတာ၊ ရှင် မတွေ့ဘူးလား’

ဘာရယ်လို့ မသိ၊ ဟိုကျင်းမာ စိတ်ထဲ၌ သိပ်ပြီး သဘောမတွေ့လှသဖြင့် ဘုဆတ်ဆတ်ပင် ဝင်၍ ပြောလိုက်သည်။

ချူးချူးသည် ဟိုကန်းစု၏ ပေါင်ကို ဆတ်ခနဲပုတ်၍ အနားတွင် ကပ်ထိုင်လိုက်ရာတည်းက ဟိုကျင်းမာ၏စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

ထို့ကြောင့်လည်း ဘုဆတ်ဆတ် ပြောလိုက်ခြင်းဖြစ်သည်။

‘ဩော်.. ဟုတ်တာပေါ့ရှင်၊ ဒီလုပ်ငန်းက ကောင်းတာပေါ့၊ ကျွန်မက သူ့ကို သတိရနေလို့သာ ပြောရတာပါ’

ဟိုကျင်းမာသည် ဣန္ဒြေပျက်အောင်ပင် နှုတ်ခမ်း စူလိုက်သည်။

‘ချူးချူး၊ အခုလာတာ အလုပ်ကိစ္စပဲလား’

‘ဩော် ဟုတ်ပါရဲ့၊ ရှင့်ကို တွေ့တာနဲ့ အရာရာကို မေ့သွားတော့တာပဲ’

ချူးချူးသည် ဟိုကျင်းမာကို စကားဖြင့် တမင် ကလိလိုက်သည်။ ပြီးမှ သူမက ဆက်၍

‘ပစ္စည်းတစ်ခု ပို့ချင်လို့ပါ၊ အမြန်ဆုံးပေါ့ရှင်’

ဟိုကန်းစုက

‘ဘယ်ကိုလဲ၊ အဲဒီ ဖိမန်ကျေးရွာကိုပဲလား’



‘ဟုတ်ပါတယ်’

ဟိုကန်းစုက

‘ခရီးကတော့ ဝေးတယ်နော်၊ ဈေးကြီးလိမ့်မယ်နဲ့ တူတယ်’

ချူးချူးက လှလှပပ ပြုံးလိုက်သည်။

‘ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူးရှင်၊ မြန်မြန်ဆန်ဆန် ရောက်ဖို့က အရေးကြီးနေပါတယ်’

‘ကောင်းပါပြီ၊ ပစ္စည်းပြပါ’

သူမက အိတ်ထဲမှ စက္ကူဘူးလေးတစ်ခု ထုတ်ပေးလေသည်။

မည်သည့်ပစ္စည်းမှ မပါသည့်အတိုင်းပင် ပေါ့ပေါ့ကလေးဖြစ်နေ၏။

ဟိုကန်းစု အံ့သြသွားသည်။

‘အို ပစ္စည်းက’

ချူးချူးက ဝင်၍

‘အဖိုးမတန်ပါဘူးရှင်၊ စာတစ်စောင် ရေးထည့်ထားတာပါ’

‘ဩော် စာက တော်တော် အရေးကြီးတယ်နဲ့ တူတယ်’

ချူးချူးက ခေါင်းညိတ်လိုက်သည်။

‘အမှန်ပါပဲ၊ ရှင်တို့ အာမခံဌာနကလဲ အင်မတန် လုံခြုံမှုရှိတယ်ဆိုတာ သတင်းကြားထားရလို့ ခုလို လာခဲ့တာပါ’

ဟိုကန်းစုက

‘ကြားရတဲ့သတင်းမှန်ပါတယ်၊ ကျုပ်တို့မှာ စည်းကမ်းတော့ ရှိပါတယ်၊ အဖိုးတန်ပစ္စည်းဆိုရင်လဲ ပါးစပ်ကပြောရုံနဲ့ လက်မခံပါဘူး၊ မျက်စိနဲ့ သေသေချာချာ မြင်ရပြီးမှ လက်ခံပါတယ်၊

အရေးကြီးတဲ့စာတွေကိုတော့ လုံးဝပေါက်ကြားမှု မရှိစေဘဲ ပို့ပေးပါတယ်'

'သိပ်ကောင်းတာပေါ့ရှင်၊ ဘယ်လောက်ကျပါသလဲ'

'ငါးရာကျပါတယ်'

ဟိုကန်းစုပြောလိုက်သည့်ဈေးမှာ ယူသင့်ယူထိုက်သည်ထက် နှစ်ဆပို၍ ယူလိုက်ခြင်း ဖြစ်သည်။

သို့သော် ချူးချူးက မငြင်းပါ။

သူမ၏အိတ်ထဲမှ ငွေခြောက်ရာတိတိကို ထုတ်ယူလိုက်သည်။

'ကျွန်မက တစ်ရာပိုပြီးပေးပါ့မယ်၊ အမြန်ဆုံးရောက်အောင် ပို့ပေးပါ'

'ဟာ ခုလိုအားပေးတာ ဝမ်းသာစရာပဲ၊ ဆက်ဆက်ပို့ပေးပါ့မယ်'

'ရှင်ကိုယ်တိုင်ပဲ သွားမှာလား'

ဟိုကန်းစုက အနည်းငယ်စဉ်းစား၍

'ဟုတ်ကဲ့၊ သိပ်အရေးကြီးတယ်ဆိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ သွားဖို့ စိတ်ကူးပါတယ်'

'ကောင်းပါတယ်ရှင်၊ ဒါဖြင့် ဒီညညစာကို ကျွန်မနဲ့အတူ စားရအောင် ဆက်ဆက်လာခဲ့ပါ၊ နေ့ငင်းဖြူမှာ ကျွန်မစောင့် နေမယ်၊ ဆက်ဆက်နော်'

ချူးချူးက ကြားရသူအမြင်ကတ်အောင် စကားကို တမင် ချွဲချွဲပျစ်ပျစ်ပြော၍ ဖိတ်ခေါ်လိုက်လေသည်။

'ကျွန်မမောင်လေး အားမယ်မထင်ဘူး'

ဟိုကျင်းမာက ဝင်ပြောသည်။



ချူးချူးက ပြုံး၍

'ကျွန်မအတွက်ဆိုရင် သူက အားပါတယ်၊ မယုံရင် မေးကြည့်ပါလား' ဟု ပြောပြီး ဟိုကန်းစုကို မျက်စိမှိတ်ပြ၍ သူမ၏ တင်ပါးကို တမင်ခါယမ်းကာ ထွက်သွားလေသည်။

ဟိုကျင်းမာသည် လက်သီးနှစ်ဘက်စလုံးဆုပ်၍ သူ့ပေါင်သူ ပြန်၍ထုလိုက်သည်။

'ဘယ်လိုကောင်မပါလိမ့်၊ မျက်စိထဲ ကြည့်လို့ကိုမရဘူး'

'အို သမီးလေးရယ်'

စွာအန်းက နှစ်သိမ့်လိုက်ရသည်။

အခန်း ၁၃။

## ထူးဆန်းသောစာ

ချူးချူးဆိုသည့် အမျိုးသမီးကို ပိုကျန်းမြို့၌တွေ့ရခြင်းသည် ဟိုကန်းစုအဖို့ တွေးတောစရာတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်လာတော့သည်။

ဟိုကန်းစုအား အဆိပ်အပ်ဖြင့် လုပ်ကြံသတ်ဖြတ်သည့်လူကို စဉ်းစားရာ၌ ပထမဆုံးထင်မိသည်မှာ ချူးချူး ဖြစ်မည်ဟု ပြောဆိုခဲ့စဉ်က ဟိုကန်းစုသည် မိမိအား ငြင်းဆန်ခဲ့၏။

ချူးချူးသည် မိမိအပေါ် ဤကဲ့သို့ ကြံစည်လုပ်ကိုင်မည့်သူ မဟုတ်ပါကြောင်း ဟိုကန်းစုအား ပြောခဲ့သည်။

ဟိုကန်းစု၏အဆိုအရချူးချူးသည် သူ့အပေါ် သံယောဇဉ်ရှိပါသည်ဟု ဆိုသည်၊ ဟုတ်သည်မဟုတ်သည်ကို ယခုနေ့အခါ ခတ်ရလိမ့်မည်ဟု ဟိုကန်းစု စဉ်းစားထားသည်။



ချူးချူးကို ကြည့်ရသည်မှာ ဟိုကန်းစုံ သေဆုံးသည်ကို သိရှိပုံမရ၊ သို့မဟုတ်သိရှိလျှင်လည်း မိမိကို အကြောင်းရိုက်နေခြင်းပင်လော။

တစ်နေ့ညက မိမိကို အဆိပ်အပ်ဖြင့်ပစ်သွားသူသည်မည်သူဖြစ်သနည်း။

ယခု ချူးချူးကို တွေ့ရသည်။

တိုက်ဆိုင်ခြင်းပင်လား။

မည်သည့်စာမျိုးကို သူမက လာရောက်ပို့သနည်း။

ထိုစာသည် မည်သူ့ထံသို့ ပို့သည့်စာဖြစ်မည်နည်း။

ယင်း စက္ကူဘူးထဲမှစာကို ဟိုကန်းစုသည် အလွန်သိချင်သည့်စိတ် ဖြစ်ပေါ်လာသည်။

အာမခံဌာနသည် ဤကိစ္စမျိုးကို မလုပ်သင့် မလုပ်ထိုက်သော်လည်း မိမိကိစ္စများနှင့် တစ်မျိုးတစ်မည် ပက်သက်နေမလားဟု တွေးမိသည်။

ထို့ကြောင့် ဟိုကန်းစုသည် သူ၏အခန်းထဲ၌ ချူးချူးပေးပို့သောစာထည့်ထားသည့် ဘူးကလေးကို သေသေချာချာဖွင့်လိုက်သည်။

ဘူးထဲမှ အလွန်သေးသော စာရွက်ကလေးတစ်ရွက် ထွက်လာသည်။

စာပို့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

သူသည် စာရွက်ကိုဖတ်ကြည့်လိုက်၏။

မြင်ရပါပြီ။

စာက ထိုမျှသာဖြစ်သည်။

ထိုစာအောက်မှာ ပိုကျန်းမြို့ဟု ရေးသားထား၏။

သူမ ပေးပို့သူ၏ အမည်မှာ တစ်လုံးတည်း ဖြစ်လေသည်။

ထိုလူအမည်မှာ 'ဆရာကျိုး ဖိမန်ကျေးရွာကြီး' ဟု လိပ်စာ တပ်ထားသည်ကို တွေ့ရသည်။

စာကို ရှုတ်တရက် ကြည့်မည်ဆိုပါက မည်သို့မျှ အရေးကြီး ဟန်မတူပါ။

'မြင်ရပါပြီ' ဆိုသောစကားလုံးသည် ဘာမျှ မထူးဆန်း ပေ။

သို့သော် သေသေချာချာ စဉ်းစားကြည့်လျှင် အလွန် နက်နဲနေ၏။

ချူးချူးက ဘာကို 'မြင်ရတာလဲ'

သူမသည် တစ်စုံတစ်ယောက်ကို လိုက်ရှာနေသဖြင့် မြင်တွေ့ ရသည်ကို အကြောင်းကြားသည်လည်း ဖြစ်နိုင်ပါသည်။

ချူးချူးက 'မြင်ရပါပြီ' ဆိုသော တစ်စုံတစ်ယောက်သည် မည်သူဖြစ်နိုင်ပါသနည်း။

ဟိုကန်းစု တွေးရင်း ခေါင်းမူးလာသည်။

သူသည် စာရွက်ထည့်ထားသော ဘူးကလေးကို သေချာစွာ ပြန်သိမ်းလိုက်၏။

ပထမတွင် ထိုကိစ္စကို ယုံ့ဝှားအား လွှတ်မည်ဟု စဉ်းစားမိ သေး၏။ သို့သော် မိမိကိုယ်တိုင်သွားလျှင် ပို၍များ ကောင်း မည်လားဟု တွေးတောမိလိုက်ပြန်သည်။



သူမ ပေးခဲ့သည့် အခကြေးငွေကလည်း ကျေနပ်စရာပင် ဖြစ်သည်။ သူမအဖို့ အင်မတန်အရေးကြီးနေသည်မှာ ထင်ရှား နေတော့၏။

'ငန်းဖြူ' စားသောက်ဆိုင်။

ငန်းဖြူ စားသောက်ဆိုင်ထဲသို့ ဟိုကန်းစု ဝင်ရောက်လာ သည်။

သူက ဆိုင်လုလင်ကလေး တစ်ဦးကို မေးလိုက်သောအခါ ဆိုင်လုလင်ကလေးက ကြိုတင် သိရှိထားသည့်အတိုင်း

'ဟုတ်ကဲ့ခင်ဗျာ၊ ချူးချူး ဆိုတဲ့ မိန်းကလေးက အစ်ကို ကြီး လာရင် အခန်းနံပါတ် သုံးကို လာခဲ့လို့ မှာထားပါတယ်'

ဆိုင်လုလင်ကလေးက ပြောရင်းမှ လက်ညှိုး ညွှန်ပြလိုက် သည်။

ဟိုကန်းစုသည် အခန်းနံပါတ် သုံးရှိရာသို့ တန်းတန်း မတ်မတ်ပင် လျှောက်ခဲ့၏။

သူက တံခါးကို အသာအယာ ခေါက်လိုက်သည်။

'ဒေါက် ဒေါက်'

မည်သည့်အသံမျှ တုံ့ပြန်မှုမရှိပေ။

တံခါးကို သေသေချာချာ ကြည့်လိုက်သောအခါ အထဲမှ ပိတ်မထားပါ။ တံခါးကို စေ့ထားခြင်းသာ ဖြစ်သည်။

'အပြင်များ ထွက်သွားသလား'

ဟိုကန်းစုက ထိုသို့တွေးပြီး တံခါးကို အသာဟ၍ အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

အပြင်ထွက်သွားခြင်း မဟုတ်ပါ။

ချူးချူး အိပ်ပျော်နေဟန် တူသည်။

သူမကို ခုတင်ပေါ်၌ တွေ့လိုက်ရ၏။ ဟိုကန်းစုက အထဲသို့ ဝင်ရောက်သွားပြီး သူမကို အသံပြုမည်ဟု ကြံလိုက်စဉ်မှာပင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဟိုကန်းစု တစ်ကိုယ်လုံး အကြောအခြင်များ ရပ်ဆိုင်းသွားသည်ဟု ထင်လိုက်ရတော့သည်။

'ဟိုက်'

ချူးချူး မျက်နှာတစ်ခုလုံးသည် ပြာနှမ်းနေပေသည်။

သူမ၏ သေဆုံးပုံသည် အသားအရေများကို ကြည့်ရခြင်းဖြင့် ဟိုကန်းစု သေဆုံးသည်နှင့် တစ်ထေရာတည်း တူနေပေသည်။

ဟိုကန်းစု အကြီးအကျယ် ထိတ်လန့်သွားသည်။

သူသည် သေသေချာချာ အလောင်းကို ကြည့်လိုက်သောအခါ ဟိုကန်းစုကဲ့သို့ပင် လည်ပင်း၌ အဆိပ်အပ်စိုက်ဝင်ပြီး သေဆုံးနေသည်ကို တွေ့ရသည်။



ဟိုကန်းစုကိုသတ်ပုံနှင့် ချူးချူးကိုသတ်ပုံမှာ တစ်ပုံစံတည်းပင် ဖြစ်လေသည်။

သူသည် ချူးချူးအပေါ် သံသယဝင်မိသည်မှာ လုံးဝမှားယွင်းနေကြောင်း ချက်ချင်းသိလိုက်သည်။

ချူးချူး သူ့ကိုဖိတ်ခေါ်ခြင်းမှာ ဖိခန်ရှာမှာကဲ့သို့ပင် ပျော်ပါးရန် ခေါ်ခြင်းသာ ဖြစ်ပေမည်။

ယခု မိမိ မည်ကဲ့သို့ပြုလုပ်ရမည်နည်း။

ဟိုကန်းစုက

အခန်းထဲမှ ကပျာကယာထွက်လာပြီး ငန်းဖြူဆိုင်တာဝန်ခံကို သွားရောက်ခေါ်ခဲ့၏။

သူက အဖြစ်မှန်ကို အကျိုးအကြောင်း ပြောပြပြီး အခန်းထဲသို့ ခေါ်လာခဲ့၏။

ဆိုင်တာဝန်ခံသည် ချူးချူး၏ အလောင်းကိုကြည့်၍ စိတ်ရှုပ်ထွေးသွားပုံရ၏။

'ခက်တာပဲဗျာ၊ ကျွန်တော့် ဆိုင်တော့ နာမည်ပျက်တော့မှာပဲ၊ ဒီကိစ္စအတွက် လူဆိုးထိန်း ချီတန်းကို မခေါ်လို့ မဖြစ်တော့ဘူး'

လူဆိုးထိန်း ချီတန်းရောက်လာလျှင် မိမိလည်း အစစ်ခံရမည်ဖြစ်၍ ဟိုကန်းစုသည်လည်း ရုတ်တရက် အကျပ်ရိုက်သွားသည်။

'ခင်ဗျား ဒီလိုလုပ်ပါလား'

ဟိုကန်းစုက အကြံပြု၏။

ဆိုင်တာဝန်ခံက

'ဘယ်လိုလဲ'

'အခု ဒီကိစ္စက ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်ပဲ သိသေ
တာပဲ၊ ဒီကိစ္စကို ဖုံးဖိထားပြီး အလောင်းဖျောက်လိုက်ရင်'

ဆိုင်တာဝန်ခံသည် ဟိုကန်းစု၏မျက်နှာကို သေသေချာချာ
စူးစိုက်ကြည့်၍ အကြံထုတ်နေ၏။

'ဒီမှာ သူဌေးလေး ဟိုကန်းစု'

'ပြောပါ'

'ခင်ဗျားသတ်တာတော့ မဟုတ်ပါဘူးနော်'

ဟိုကန်းစုက

'ဟာ ခင်ဗျားကလဲ၊ ကျုပ်က ဒီလိုလုပ်မယ့် လူစားလာ
ဗျာ'

ဆိုင်တာဝန်ခံက

'စိတ်မရှိပါနဲ့၊ ကျွန်တော်ကတော့ ခင်ဗျားကို မထင်ပ
ဘူး၊ ဒါပေမယ့် ဒီအမျိုးသမီးဟာ စောစောကတင်ပဲ အသ
ရှင်လျက်ရှိနေသေးတာဗျ၊ အခု ခင်ဗျားရောက်ရောက်ချင်း သေ
ဆုံးတယ်ဆိုတော့'

ဟိုကန်းစု စိတ်ပျက်သွားတော့၏။

'ကျုပ်က ရုတ်ရုတ်သဲသဲဖြစ်ပြီး ခင်ဗျားဆိုင် နာမည်ပျ
မှာစိုးလို့ပြောတာပါ၊ လူဆိုးထိန်းကို အကြောင်းကြားချင်
လဲ ခင်ဗျားသဘောပဲ'



ဆိုင်တာဝန်ခံက

'ကျုပ်တို့သူဌေးက အခုလို ထိန်ဝှက်ထားတာကို ကြိုက်မှာ
မဟုတ်ဘူးဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် အကြောင်းတော့ကြားရမှာ
ပဲ၊ ဒါပေမယ့် ဒီကိစ္စကို သိုသိုသိပ်သိပ်ဖြစ်အောင် လုပ်ပေးဖို့
လူဆိုးထိန်း ချုပ်တန်းကို ပြောရမှာပဲ'

'ဒါတော့လဲ ခင်ဗျားသဘောပဲဗျာ'

ဟိုကန်းစုက ပြောပြီး စိတ်ရှုပ်ထွေးစွာဖြင့် ငန်းမြူမှထွက်
လာခဲ့တော့သည်။

အချိန်မှာ အတော်ကလေး ညဉ့်နက်နေပြီ ဖြစ်သော်လည်း
ဟိုကျင်းမာ အိပ်မပျော်သေးပါ။

သူမသည် ဟိုကန်းစုပြန်မလာသေးသဖြင့် သူ၏အခန်းထဲသို့
ဝင်ပြီး သူ၏ခုတင်ပေါ်၌ပင် တုံးလုံးလှဲ၍ စောင့်နေခြင်းဖြစ်
သည်။

ဟိုကျင်းမာသည် ချူးချူးဆိုသည့် မိန်းကလေးကို လုံးလုံး
မကျေနပ်ပေ။

ဟိုကန်းစုကို ပြောပုံဆိုပုံနှင့် နေပုံထိုင်ပုံကို မြင်ရသောအခါ
ဟိုကျင်းမာ အတော်ပင် ဒေါသထွက်သွားမိသည်။

ယခုလည်း ချူးချူးက ချိန်းဆိုထား၍ သွားနေသည်ကို
သူမသည် စိတ်ဆိုးနေသဖြင့် ပြန်လာလျှင် ရန်တွေ့မည်ဟု အား

ခဲ့ပြီး သူ၏ အခန်းထဲသို့ လာရောက် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

ထိုသို့ စောင့်ဆိုင်းရင်းမှ သူမသည် အတွေးတစ်ခုကို လေးလေးနက်နက် တွေးမိနေခြင်းဖြစ်သည်။

ထိုအတွေးမှာ အခြားမဟုတ်ပေ။

သူမ၏ မောင်ငယ်ဖြစ်သူသည် အခြားမိန်းကလေးများနှင့် ရောရောနှောနှောနေသည်ကို သူမက ဘာကြောင့် အလိုလိုနေ၍ မနာလို ဖြစ်မိရပါသလဲဟု မိမိကိုယ်ကိုမိမိ အကြိမ်ကြိမ်အဖန်ဖန် ဆန်းစစ်နေခြင်းဖြစ်သည်။

တချို့တဝက်သော အဖြေကို သူမရရှိပါသည်။

သူမသည် မောင်တစ်ယောက်အပေါ် အားလည်းကိုး၏။ ချစ်လည်းချစ်သည်။ ဖခင်မရှိသည့်နောက်ပိုင်း ဟိုကန်းစုကသာ အစစအရာရာ အိမ်ထောင်ကို ထိန်းသိမ်း၍ ရှာဖွေခဲ့သဖြင့် မိမိတို့ဘဝ လုလုပပနေရသောကြောင့် အခြားလက်ထဲသို့ ပါသွားမည်ကို စိုးရိမ်ပြီး သဝန် တိုနေခြင်းသာ ဖြစ်သည်ဟု အဖြေရှာသွားသည်။

ထိုစဉ်အခိုက် ခြေသံကြားရသည်။

ဟိုကျင်းမာသည် စောင်ကို ဆွဲခြုံလိုက်၏။

❀

'အို အစ်မက ဒီမှာလာအိပ်နေပါလား'

အိပ်ပျော်နေသည်ထင်၍ ဟိုကန်းစုက ခပ်တိုးတိုးပြောပြီး သူမ၏လက်မောင်းကိုကိုင်၍ နှိုးသည်။



'အစ်မ အစ်မထဗျာ'

'မထဘူး နင်ဟိုကောင်မနဲ့ချိန်းပြီး ဘာတွေလုပ်ခဲ့သလဲ၊ မှန်မှန်ပြော'

ဟိုကျင်းမာက သူ့ခန္ဓာကိုယ်ကို လှုပ်ယမ်း၍ မေးတော့၏။ ချူးချူး သေဆုံးနေသည်ကို သူမ မသိနိုင်ပါ။

'ငါမေးတာပြောလေ၊ နင်ဘာငိုင်နေတာလဲ၊ အဲ့ဒီကောင်မဟာ ငါ့စိတ်ထဲမှာ မိန်းမကောင်းလို့ မထင်ဘူး'

'အစ်မကလဲဗျာ ကဲ ညဉ့်နက်လှပြီ သွားအိပ်ပါတော့'

'မသွားဘူး၊ နင်ဒီကောင်မဆီကို ထပ်သွားဦးမှာပဲ မဟုတ်လား၊ ငါဒီမှာပဲ အိပ်မယ်'

ဟိုကန်းစုက စိတ်ရှုပ်သွားသည်။

ထိုစဉ်အိမ်တံခါးခေါက်သံကြားရပြီး အစောင့်တစ်ယောက်၏ ခေါ်သံကိုပါ ကြားလိုက်ရသည်။

❀

'သခင်လေး ဧည့်သည်က တွေ့ချင်လို့'

အစောင့်က အပြင်မှ လှမ်းပြောနေသဖြင့် ဟိုကန်းစုက တံခါးဖွင့်ပေးလိုက်သည်။

ရုတ်တရက် မြင်တွေ့လိုက်ရသူမှာ လူဆိုးထိန်း ချူတန်းဖြစ်နေပေသည်။

ဟိုကန်းစု အံ့အားသင့်သွားသည်။

'ခင်ဗျားကလဲ ညတွင်းချင်းပါလား၊ ကျုပ် ထင်တာက ဒီကိစ္စကို မနက်မှ ခင်ဗျားလာလိမ့်မယ်လို့ ထင်တာ'

လူဆိုးထိန်း ချီတန်းသည် ပိန်ပိန်ပါးပါးနှင့် အရပ်ရှည်သူ ဖြစ်သည်။

သူသည်အလုပ်တစ်ခုကို တိတိကျကျ ဆောင်ရွက်တတ်သည့် အသွင်မျိုးရှိလေသည်။

ညကြီးမင်းကြီး လူဆိုးထိန်းရောက်ရှိလာသဖြင့် ဟိုကျင်းမာသည် ထိတ်လန့်စိုးရိမ်စွာဖြင့် ငေးမောကြည့်နေမိသည်။

လူဆိုးထိန်းက ဧည့်ခန်း၌ပင် မထိုင်ဘဲ

'ချူးချူး သေဆုံးတာကို ခင်ဗျားသိခဲ့တယ်နော်' ဟု ခရီးရောက်မဆိုက် မတ်တတ်ပင် မေးလိုက်သည်။

'အို'

ဟိုကျင်းမာထံမှ ခပ်တိုးတိုး ထွက်သွားခြင်း ဖြစ်၏။

ဟိုကန်းစုက

'ဟုတ်ကဲ့ကျွန်တော်ကိုယ်တိုင်ပဲ၊ ဆိုင်တာဝန်ခံကိုအကြောင်းကြားခဲ့ပါတယ်'

လူဆိုးထိန်း ချီတန်းသည် ဟိုကန်းစုကို စေ့စေ့ကြည့်လိုက်ပြီးနောက်

'ခင်ဗျား အခုပဲ ပြန်ရောက်တယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'စိတ်မရှိပါနဲ့၊ ခင်ဗျား အဝတ်အစားလဲ မလဲရသေးဘူး မဟုတ်လား'

'ဟုတ်ကဲ့ ဒီအတိုင်းပဲ ရှိပါသေးတယ်'



ဟိုကန်းစုက သွေးရိုးသားရိုးပင် ဖြေလိုက်သည်။

လူဆိုးထိန်း ချီတန်းသည် ဟိုကန်းစုအနားသို့ ကပ်သွားပြီး အင်္ကျီအိတ်များကို ရှာဖွေလိုက်သည်။

ထိုအခါ ဟိုကန်းစု၏ အိတ်ထဲမှ ဘူးကလေးတစ်လုံးကိုတွေ့ရှိသဖြင့် သူသည် ဖွင့်၍ မီးရောင်ဖြင့်ကြည့်လိုက်သည်။

ထိုဘူးကို မြင်တွေ့လိုက်မှ ဟိုကန်းစုသည် မျက်လုံးအကြီးအကျယ် ပြူးသွားတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုဘူးကလေးထဲ၌ မိမိကို လုပ်ကြံစဉ်က ရရှိထားသော အဆိပ်အပ်နှစ်ချောင်းကို ထည့်ထားသည် မဟုတ်ပါလား။

'ခင်ဗျား ဘာငြင်းဦးမလဲ ဟိုကန်းစု'

လူဆိုးထိန်း ချီတန်း၏အသံက မိုးခြိမ်းသံကဲ့သို့ နားထဲသို့ ဝင်သွားသည်။

ချူးချူးသေရသည်မှာ အဆိပ်အပ်နှင့် သေရသည်ကို သူက သိရှိခဲ့ပုံရပြီး ယခု မိမိထံ၌လည်း အဆိပ်အပ်ကို တွေ့နေရသည် ဖြစ်ရာ ဟိုကန်းစု မည်သို့မည်ပုံ ဖြေရှင်းမည်နည်း။

'မောင်လေး ဘယ်လိုဖြစ်တာလဲ ငါ့ကိုပြောစမ်းပါ'

ဟိုကျင်းမာက ထိတ်တလန့်ဝင်၍ မေးသည်။

ထိုစဉ် လူဆိုးထိန်း ချီတန်းက

'သူက ခင်ဗျားရဲ့မောင်မဟုတ်လား'

'ဟုတ်ပါတယ်'

'သူဟာ ချူးချူးဆိုတဲ့ မိန်းကလေးဆီကို သွားတယ်ဆို တာ ခင်ဗျားသိသလား'

ဟိုကျင်းမာက သိရှိသော်လည်း ထိုအဖြေကို မပေးလို၍ ဟိုကန်းစုကို မော့ကြည့်လိုက်သည်။

'အစ်မ အမှန်အတိုင်းသာ ပြောပါ၊ ဘာမှစိုးရိမ်ရာမရှိဘူး'

'ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးက နေ့လယ်က လာချိန်း သွားလို့ ကျွန်မမောင်လေး သွားတာပါ'

'အဲဒီအမျိုးသမီးဟာ လည်ပင်းမှာ အဆိပ်အပ်ဝင်ပြီး သေ ဆုံးနေတယ်၊ အဲဒီအဆိပ်အပ်ဟာလဲ ဟောဒီ ခင်ဗျားရဲ့မောင် ဟိုကန်းစုဆီက အဆိပ်အပ်နဲ့ အတူတူပဲ'

ဟိုကျင်းမာက ခေါင်းခါယမ်း၍

'အို ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အဲဒီဘူးထဲက အဆိပ် အပ်ဟာ ဟိုတစ်နေ့ညက ဟိုကန်းစု လုပ်ကြံခံရတဲ့ အဆိပ်အပ် ရှင့်'

ဟိုကန်းစုက ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

'ကိုင်း ခင်ဗျား ဘာပြောချင်သေးသလဲ' ဟူသည့် သဘော ပင်ဖြစ်၏။

ချီတန်းက မျက်မှောင်ကြုတ်၍ ဟိုကျင်းမာကို ကြည့်လိုက် သည်။

'ခင်ဗျား စောစောက ဘာပြောတာလဲ၊ သေသေချာချာ ပြောပါဦး'



ဟိုကျင်းမာက ဟိုကန်းစုလုပ်ကြံခံရသည့် အကြောင်းစုံကို ပြောပြလိုက်သည်။

ထိုအချိန်မှာပင် စွာအန်းကလည်း အိပ်ရာမှ နိုးထလာပြီး ထိုကိစ္စအမှန်ပင်ဖြစ်ကြောင်း ဝင်၍ ပြောလိုက်ပြန်သည်။

လူဆိုးထိန်း ချီတန်းက တစ်ချက်စဉ်းစား၍ တွေဝေသွား သည်။

ပြီးမှ သူက ရုတ်တရက်...

'အဲဒီတုန်းက အပ်ဘယ်နှစ်ချောင်းရသလဲ'

ဟု ဟိုကျင်းမာကို မေးလိုက်သည်။

ဟိုကျင်းမာက လက်နှစ်ချောင်း ထောင်ပြသည်။

'နှစ်ချောင်း'

ဟု ဖြေလိုက်၏။

ဘူးထဲတွင် အပ်နှစ်ချောင်းလည်း ရှိနေသည်။

လူဆိုးထိန်း ချီတန်းသည် သူရခဲ့သည့် အပ်နှင့် ဘူးထဲမှ အပ်နှစ်ချောင်းကို သေသေချာချာ တိုက်ဆိုင် စစ်ဆေးပြီး ကုလားထိုင်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

ချီတန်း၏ တပည့်များက အပြင်ဘက်၌ပင် ရပ်တန့်၍ စောင့်ဆိုင်းနေကြသည်။

ချီတန်းက

'ဒီကိစ္စကို ကျုပ်အနေနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားရ

ခက်သွားတယ်၊ အမှန်တော့ တရားခံဟာ ခင်ဗျားပဲဆိုတာ ညွှန်နေတယ်ဗျ’

‘အို– မဖြစ်နိုင်တာရှင်၊ မောင်လေး ဟိုကန်းစုဟာ ဒီလိုသတ်တဲ့ဖြတ်တဲ့ကိစ္စမျိုး ဘယ်တော့မှ မလုပ်ခဲ့ဘူးဆိုတာ ရှင်တို့လဲ သိပါတယ်’

ချိုတန်းက အေးဆေးသော အမူအရာဖြင့်

‘ခင်ဗျားတို့ဘက်ကလဲ အမှန်ပြောနေတယ်ဆိုတာ ကျုပ်ယုံကြည်တယ်၊ ကျုပ်ဘက်ကလဲ စုံစမ်းတဲ့အခါမှာ ပထမ ချူးချူးဆိုတဲ့ အမျိုးသမီးဟာ နယ်ခြားဒေသက လာတာဖြစ်တယ်၊ အဲဒီဒေသမှာ မောင်ရင်ရယ်၊ ကျူးရှိန်း ဆိုတဲ့ လူရယ် အလုပ်သွားလုပ်ခဲ့ကြတယ် မဟုတ်လား’

ဟိုကန်းစု အံ့သြစွာဖြင့် ခေါင်းညိတ်လိုက်သည်။

လူဆိုးထိန်း ချိုတန်းသည် အင်မတန် တော်သည့် စုံစမ်းရေးသမားတစ်ဦးဖြစ်သည်ဟု ဟိုကန်းစု မှတ်ချက်ချလိုက်သည်။

‘အဲဒီတော့ အခု ချူးချူးက ဒီကိုရောက်လာတယ်၊ မောင်ရင်နဲ့ လာတွေ့တယ်၊ နောက် ငန်းဖြူကိုလာဖို့ ချိန်းတယ်၊ မောင်ရင် ငန်းဖြူကို သွားတယ်၊ မောင်ရင်ရောက်သွားတော့ ချူးချူး သေဆုံးနေတယ်၊ ဒီတော့’

လူဆိုးထိန်း ချိုတန်းက မေးစေ့ကိုပွတ်ရင်း ဟိုကန်းစုကို စေ့စေ့ကြည့်ကာ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်ထားသည်။

‘ကျွန်တော်ရောက်တော့ သူဇာ သေနေပြီပဲ၊ ကျွန်တော် ရိုးရိုးသားသားပဲ တာဝန်ခံကို အသိပေးခဲ့တာပဲဗျာ’



‘မောင်ရင် အသိမပေးလို့လဲ မရဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ရင် အခန်းနံပါတ် သုံးကို ဝင် လာ တာ ဟာ ဆိုင်လုလင်တစ်ယောက်လုံး သိထားတယ် မဟုတ်လား’

စွာအန်းတို့ သားအမိမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်လုံးပြူးနေသည်။

ချိုတန်းသည် ကုလားထိုင်ကို နောက်မှီ၍ ထိုင်နေရာမှ ရှေ့သို့ အနည်းငယ် ကုန်းကာ ဟိုကန်းစုအား

‘ဒီအပ်ဟာ ခင်ဗျားလုပ်ကြံခံရတဲ့အပ်ဆိုတာဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ချူးချူး သေရတာကတော့ ခင်ဗျားကိုပဲ ကျုပ်က စွပ်စွဲချင်တယ်ဗျာ’

ဟိုကန်းစုက

‘ကျွန်တော်သတ်ပါတယ်လို့ အကြောင်းခိုင်လုံချက်မပြဘဲနဲ့ ကျွန်တော့်ကို စွပ်စွဲဖို့မသင့်ဘူးနဲ့ တူပါတယ်’

‘ကျုပ် ခင်ဗျားကို မေးမယ်’

‘မေးပါ’

‘ချူးချူး ဒီကိုလာတာ ခင်ဗျားဆီကို သက်သက် လာတာ မဟုတ်လား’

ထိုမေးခွန်းကို ဟိုကန်းစု မည်ကဲ့သို့ဖြေရမည်လဲဟု စဉ်းစားရပြန်သည်။

မိမိထံသို့ သက်သက် လာပါသည်ဟု ဖြေလျှင်လည်း အကြောင်းရှိ၍သာ လာသည်။ ထိုအကြောင်းကြောင့် မိမိ သွားသတ်သည်ဟု ထင်မည်ဖြစ်၏။

အလုပ်ကိစ္စနှင့်လာသည်ဟုဆိုလျှင်လည်း ထိုအလုပ်ကို ပြသ ရမည်။

မည်သို့ ဖြေရပါမလဲ။

သူက အမြန်တွေးနေရသည်။

ထိုစဉ် ချိတန်းက

'ခင်ဗျား ဒီလောက် စဉ်းစားကတည်းက မဟုတ်တော့ဘူး ဗျာ၊ ကျုပ် အလုပ်လက်ခံစာရင်း ကြည့်ချင်တယ်'

မငြင်းသာတော့ပေ။ ဟိုကန်းစု ပြသလိုက်ရ၏။

လူဆိုးထိန်း ချိတန်းသည် အလုပ်လက်ခံစာရင်းကိုကြည့်၍ ကျေနပ်သွားလေသည်။

'ကဲ ချူးချူးအပ်တဲ့ ပစ္စည်းပြပါ'

ဟိုကန်းစုက

'ဘူးနဲ့ ထည့်ထားတဲ့ စာတစ်စောင်ပါ၊ ထုတ်ယူကြည့်ခွင့် တော့ မရှိဘူးလို့ ထင်ပါတယ်'

ချိတန်းက ပြုံး၍

'ကျုပ်ဟာ တာဝန်နဲ့လာတဲ့လူပါ၊ ခင်ဗျားတို့လုပ်ငန်းအ စည်းကမ်းရှိနေပေမယ့် ကျုပ်ရဲ့ အလုပ်သဘောအရ အဲဒီစာ ကို ကြည့်ရမှာပါပဲ'

ဟိုကန်းစုက စာထည့်ထားသော ဘူးကလေးကို ထုတ်ပေး လိုက်ရသည်။



လင်းစာပေ

ချိတန်းသည် စာထည့်ထားသော စက္ကူဘူးကို ဖွင့်၍စာကို ထုတ်ရှုလိုက်၏။

ထို့နောက် သူ့ဘာသူ ပြုံးလိုက်ပြန်၏။

'စာထဲမှာ ဘာရေးထားတယ်ဆိုတာ ခင်ဗျားသိပြီး ဖြစ် တယ်လို့ ကျုပ်ကပြောရင် ခင်ဗျားငြင်းမလား'

ဟိုကန်းစုက

'ဒါဟာ ကျုပ်တို့ရဲ့ အာမခံ အလုပ်သဘောအရ အားလုံး ကို သိထားရတာပဲဗျာ၊ သူတို့က ပါးစပ်က ပြောရုံနဲ့ ကျုပ် တို့က လက်ခံလို့ရတဲ့ အလုပ်မျိုးမှမဟုတ်တဲ'

ချိတန်းက ခပ်ပြုံးပြုံးဖြင့်

'ဒါဖြင့် စာထဲမှာ ဘာရေးထားသလဲ၊ ချူးချူးက သူ မြင်ရပါပြီ လို့ ရေးသားထားတယ် မဟုတ်လား'

'ဟုတ်တယ်လေ အဲ့ဒါ သူတို့ကိစ္စပဲ'

ချိတန်းက

'တစ်ဦးတစ်ယောက်သော သူက ချူးချူးကို တစ်စုံတစ် ယောက်ရှာဖို့ လွှတ်လိုက်တယ်၊ ချူးချူးက အဲဒီလူကို တွေ့ သွားတယ်၊ ဒါကြောင့် 'မြင်ရပါပြီ' လို့ ခိုင်းစေ ညွှန်ကြားသူ ကိုအကြောင်းကြားတယ်၊ ချူးချူးဟာ ဘယ်သူ့ကို တွေ့သွား သလဲဆိုတော့မောင်ရင့်ကိုတွေ့သွားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့် မောင်ရင်က ချူးချူးကို သွားပြီး နှုတ်ပိတ်တာ မဖြစ်နိုင်ဘူး လား'

ဟိုကန်းစုက ယခုအခါ ရယ်မောလိုက်၏။

'ဒီမှာ လူဆိုးထိန်းကြီး၊ ခင်ဗျားကျွန်တော့်ဆီမှာ ဘာဖြစ်

လို့ လေ့ကျက်ခံနေရတာလဲဗျာ၊ အဲဒီမှာ လိပ်စာပါသားပဲ၊ အဲ့ဒီ လူကို သွားမေးလိုက်ရင် အဲဒီလူက ချူးချူးကို ရှာခိုင်းတာ ဘယ်သူဘယ်ဝါ ဖြစ်ပါတယ်၊ ချူးချူးကိုသတ်တဲ့ လူဟာလဲ ဘယ်သူဘယ်ဝါဖြစ်နိုင်ပါတယ်လို့ ခင်ဗျားကို ပြောမြှမှာပေါ့ ပိုပြီး မရှင်းသွားဘူးလား'

ရုတ်တရက် ချီတန်းပါးစပ် ပိတ်သွားသည်။

အတန်ကြာမှ ချီတန်းက

'ချူးချူးဆိုတဲ့ မိန်းကလေးဟာ ဒုစရိုက်လောကထဲကလို့ ကျုပ်တင်မိတယ်၊ ဒီတော့ သူ့ကို ကြိုးကိုင်တဲ့လူဟာလဲ ဒုစရိုက် သမားပဲ ဖြစ်နိုင်တယ်၊ ဒီလူမျိုးတွေကို သွားစုံစမ်းလို့ကတော့ အရှုံးဖြစ်သွားနိုင်တယ်'

ဟိုကန်းစု မျက်မှောင်ကြုတ်၍ ကြည့်ရင်း

'ဟင် ဒါဖြင့် ဆရာချီတန်းက ကျုပ်ကို သဲသဲမဲမဲ စွပ်စွဲ တော့မယ်ဆိုပါတော့၊ ခင်ဗျားတစ်ခုစဉ်းစားပါ ဆရာချီတန်း၊ သူဟာ နေ့လယ်က ကျွန်တော့်အိမ်ကို ရောက်လာပါတယ် ဒီမှာ နှစ်ယောက်တည်း ကျွန်တော်နဲ့စကားတွေပြောနေဘာပဲ အလွယ်တကူသတ်နိုင်တာပေါ့ဗျာ၊ ဘာဖြစ်လို့ တည်းခိုခန်းမှာ သွားပြီး သတ်နေဦးမှာလဲ'

သူက စကားကိုဖြတ်ပြီး ချီတန်းကို တစ်ချက် ကြည့်ပြီးမှ ဆက်၍ ပြောသည်။

'နောက်တစ်ချက်ကလဲ သူ့ကို အိမ်မှာ မလုပ်ကြံချင်လို့ တည်းခိုဆိုင်မှာ ခုလိုလုပ်ကြံချင်တယ်ဆိုပါတော့၊ ခုလိုလူသ



ရှင်ကြားတော့ ကျုပ်မလုပ်ကြံဘူး၊ ဆရာချီတန်း သဘော ပေါက်ဖို့ ကောင်းပါပြီ'

လူဆိုးထိန်း ချီတန်းသည် ဟိုကန်းစုကို အရမ်းကာရော မဖမ်းရဲသည်မှာ အကြောင်းရှိပေသည်။

သူသည် မြို့မျက်နှာဖုံးကြီး တစ်ဦးဖြစ်သော ဝမ်းစီထိကို ပင် တရားရုံးတော်၌ အချက်အလက် အကိုးအကားများနှင့် တင်ပြပြောဆိုသွားသည့်အခါ ဝမ်းစီထိသည် မည်သို့မျှ ချေပ နိုင်စွမ်းမရှိဘဲ ငွေများကို ပေးလျော်ရသည်အထိ အမှု ရှုံးခဲ့ ရလေသည်။

ထိုစဉ်က ဟိုကန်းစု၏ နောက်ကွယ်တွင် တာဝန်ရှိလူကြီး များနှင့် တရားသူကြီးပြောသည့် စကားအချို့ကို ချီတန်း တစ်စေ့တစ်စောင်းကြားမိသည်။

'ဥပဒေကို အလွဲသုံးစားလုပ်ထားတဲ့လူနဲ့ဥပဒေကိုနားလည်တဲ့ သူနဲ့ ယှဉ်လို့ ဘယ်တော့မှမရဘူး၊ ဟိုကန်းစုဆိုတဲ့လူငယ်ဟာ ဥပဒေကို လေးစားလိုက်နာပြီး သူကိုယ်တိုင်လဲ တတ်သိနား လည်တော့ တစ်ဘက်လူအဖို့ ဘယ်လွယ်ပါ့မလဲ'

စသည့် ဝေဖန်သံကိုပါ ကြားဆားရသည်။

ယခုလည်း သူကပင် ဖြစ်နိုင်သည့် အလားအလာ များကို နိမိတ်ပြု၍ လမ်းကြောင်း ပေးနေသည်မှာ ဥပဒေ ဘောင် အတွင်းမှ စကားများဖြစ်နေသည်။

သို့သော် ချီတန်းသည် အလျှော့မပေးပါ။

ဟိုကန်းစုကို မသင်္ကာမှုဖြင့် ဖမ်းဆီးထားရန် စိတ်ကူးလိုက် သည်။

'ဒီမှာ ဟိုကန်းစု၊ ကျုပ်အနေနဲ့ ကတော့ ဝတ္ထုရားအရခင်ဖျား ကို မသက်သမှုနဲ့ ဖမ်းထားရမှာပဲ'

ဟိုကန်းစုက

'ကျွန်တော့်ကို ဖမ်းမယ်ဆိုရင်လဲ ဖမ်းပါ၊ ဒါပေမယ့် ချူးချူးနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ သဲလွန်စ တစ်ခု ရထားပါတယ်'

'သဲလွန်စဟုတ်လား ပြစမ်းပါဦး'

ဟိုကန်းစုက သူ၏အိတ်ထဲမှ ခပ်ဝိုင်းဝိုင်း အရာဝတ္ထုပြား တစ်ခုကို လူဆိုးထိန်း ချိတန်းအား ထုတ်ပြလိုက်သည်။

လူဆိုးထိန်း ချိတန်းသည် ထိုအရာဝတ္ထုကလေးကို တွေ့မြင် လိုက်သည်နှင့် အံ့ဩသွားသည်။

သူသည် ဟိုကန်းစု၏မျက်နှာကို တစ်ချက် မော်ကြည့်ကာ ထိုအရာဝတ္ထုကို ကပျာကယာ ပြန်အပ်လိုက်သည်။

ပြီးနောက်

'ကျွန်တော် ပြန်ဦးမယ်ဗျာ၊ ခင်ဗျား အိပ်ရေး ပျက်နေ ပါမယ်၊ အိပ်လိုက်ပါဦး'

ချိတန်း သူ့တပည့်များခေါ်၍ ကပျာကယာ ပြန်ထွက် သွားကြသည်။

စေတနာ အာမခံလုပ်ငန်းက အချိန်အနည်းငယ် အတွင်း တွင်ကျယ်လာသည်။



လက်ထောက်ဌာနမှူး ယုံဝှားသည် ပေးပို့ရမည့် ပစ္စည်း များကို ခွဲခြားသတ်မှတ်နေ၏။

ထိုသို့ သတ်မှတ်ပြီးသည်နှင့် ခရီးလမ်းအစီအစဉ်၊ လုံခြုံမှု အစီအစဉ်ရေးဆွဲပြီးအလုပ်သမားများကို မြို့အသီးသီးစေလွှတ် လေတော့၏။

အဖိုးတန် ပစ္စည်းများပါလျှင် သုံးယောက်တစ်တွဲ၊ လေး ယောက်တစ်တွဲ လွှတ်ပေးသည်။

ပစ္စည်းကလည်းအဖိုးမတန် လမ်းခရီးကလည်း အန္တရာယ် ကင်းလျှင် တစ်ယောက်တည်းသာ သွားစေသည်။

ယုံဝှားသည် ပစ္စည်းများအနက်မှ ချူးချူး ပေးပို့သော စက္ကူဘူးကလေးကိုကြည့်၍ မည်သူ့ကို စေလွှတ်ရမည်နည်းဟု စဉ်းစားနေသည်။

ဟိုကန်းစုက အနားသို့ ရောက်ရှိလာပြီး

'ဦးလေး ယုံဝှား၊ အဲဒီပစ္စည်းကို ကျွန်တော်ကိုယ်တိုင်သွားပို့ မယ်'

ချူးချူး ထိုပစ္စည်းလာရောက်ပို့စဉ်က ယုံဝှားမရှိပါ။

ထို့ကြောင့် သူသည် ထိုပစ္စည်း၏ရာဇဝင်ကို လုံးဝမသိ ပေ။

'အို သခင်လေးကလဲ ဒီပစ္စည်းက ဘာအဖိုးတန်တာမှတ်လို့၊ အထဲမှာ စာပဲပါတယ် မဟုတ်လား၊ တစ် ယောက် ယောက် လွှတ်လိုက်လို့ ရပါတယ်'

ဟိုကန်းစုက ခေါင်းယမ်းလိုက်၏။

'ကျွန်တော် အဲဒီနယ်ကို သွားစရာရှိနေလို့ပါ၊ ဦးလေးယုံ ဝှားအနေနဲ့ အာမခံဌာနကို ဖိဖိစီးစီးလေး ကြိုးစားဆောင်ရွက် ပေးပါ'

'စိတ်ချပါ သခင်လေး'

အခန်း ၁၄။

## ဆရာကြီးကျူး

ချီလုယန်းသည် ဟိုကန်းစု အသွင်ဖြင့် ခရီးထွက်လာခဲ့သည်။

သူသည် ဝူးဖန်တောင်တန်းဆီသို့ နားနားနေနေ လာရောက်ခဲ့ရာ ရှစ်ရက်မြောက်နေ့တွင်ပင် ဖိမန် ကျေးရွာကြီးသို့ ချောချောမောမော ရောက်ရှိခဲ့လေသည်။

ဟိုကန်းစုသည် ရွာလယ် လမ်းမကြီး အတိုင်း မြင်းကို ခပ်မှန်မှန်ပင် စီးနင်း၍လာခဲ့သည်။

ထိုအခိုက်

အဝတ်အစားက ဟောင်းနွမ်းသော်လည်း ဗလကောင်း၍ သန့်စွမ်းပုံရသော လူနှစ်ယောက်သည် စူးစူးဝါးဝါး ငေးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများ၏ မျက်နှာများတွင် အလုပ်ကြမ်း လုပ်ကိုင်ထားရသောကြောင့် နေလောင်ထားခြင်း ခံထားရပေသည်။

ဟိုကန်းစု ရုတ်တရက် ထိုလူနှစ်ယောက်ကို မသကာ ဖြစ်သွားသည်။

'ဒီကောင်တွေကြည့်ပုံက တစ်မျိုးပဲ၊ ရန်သူများလား'

သူက ထိုကဲ့သို့တွေးနေစဉ်မှာပင် ထို လူနှစ်ယောက်က အားရဝမ်းသာဖြင့် သူ၏မြင်းနားသို့ အပြေးအလွှား ရောက်ရှိလာသည်။

'ဟေး မိုကန်းစု၊ ဟာ မင်းရုပ်ကို မနည်းပြန်ဖမ်းယူရတယ်၊ ဘယ်လိုလဲ၊ အလုပ်လုပ်ဖို့ ပြန်လာတာလား'

ဟိုကန်းစု ပြုံးလိုက်မိသည်။ သူပြုံးလိုက်ခြင်းမှာ ဟိုကန်းစုသည် ဤဒေသ၌ အလုပ်လာရောက်လုပ်ကိုင်ပြီး ဤကျေးရွာတွင် ချူးချူးနှင့် တွေ့ခဲ့သည်ကို ရုတ်တရက် မေ့နေခြင်းဖြစ်သည်။

ထိုလူနှစ်ယောက်သည် သူ၏ လုပ်ဖော်ကိုင်ဖက် အလုပ်သမားနှစ်ယောက် ဖြစ်ပေသည်။

သို့သော် သူ့အနေဖြင့် နာမည်ကို မသိနိုင်ပါ။

သူက ပြုံးပြ၍

'လုပ်ချင်ပါတယ်ကွာ၊ ဒါပေမယ့် အခြေအနေက မပေးဘူးကွ'

'ဟင် ဒါဖြင့် မင်းဘာလာလုပ်တာလဲ'

ဟု တစ်ယောက်က မေး၏။

'မင်းတို့ကို သတိရလို့ အလည်လာတာပေါ့ကွာ'



ထိုလူနှစ်ယောက်မှာ သဘောကျသွားသည်။

'အား၊ မင်းက တို့ကိုသတိရတယ်ဆိုတော့ ဒီနေ့ အရက်အဝတိုက်မယ်နဲ့တူတယ် ဟုတ်လား'

အခြားတစ်ယောက်က

'ဟုတ်မှာပေါ့ကွ၊ သူ့ကို ကြည့်ပါလား၊ တကယ့် သူဌေးသားလေး တစ်ယောက်ဖြစ်နေတာပဲ'

ဟိုကန်းစုက အကြံရသွားပြီး

'ကဲကွာ တို့သောက်နေကျဆိုင်ကို သွားရအောင်'

❀

ဖိမန်ကျေးရွာကြီး၏ စားသောက်ဆိုင်များအနက် ဆိုင်ကြီးတစ်ဆိုင်။

ဤဆိုင်ကြီးသည် ဟိုကန်းစု စားသောက် ခဲ့သည့် ဆိုင်။ ချူးချူးနှင့် တွေ့ဆုံနေကျဖြစ်သည့် ဆိုင်သာ ဖြစ်ရမည်ဟု ဟိုကန်းစု သိလိုက်သည်။

အလုပ်သမားကြီး နှစ်ယောက်၏နာမည်မှာ သူတို့စကားပြောရင်း ထွက်ပေါ်လာခဲ့သည်။

တစ်ယောက်မှာ ကျောက်ရှူးဖြစ်ပြီး၊ တစ်ယောက်မှာ အာဝါးဟု သိရလေသည်။

ဗလကြီးသူမှာ အာဝါးဖြစ်ပြီး အနည်းငယ် ပိန်သူမှာ ကျောက်ရှူးဖြစ်လေသည်။

'မင်းက ပြည်မမှာ အလုပ်အကိုင် ကောင်းသွားလို့ ကျုပ်တို့ကို မေ့နေပြီထင်တာ'

အာဝါးက ပြောခြင်း ဖြစ်သည်။

ကျောက်ရှူးက

'ခုလဲ တို့ကို သတိရလို့လာတာ မဟုတ်ပါဘူးကွာ၊ သူ့အသည်းစွဲ ချူးချူးဆီကိုလာတာ ဖြစ်မှာပေါ့၊ ဒါပေမယ့် ချူးချူးက ဒီမှာမရှိဘူးမောင်'

ဟိုကန်းစုက တအံ့တဩဟန်ဖြင့်

'ချူးချူးက ဘယ်ရောက်သွားလို့လဲ' ဟု မေးလိုက်သည်၊

အာဝါးက

'ဒါတော့ ဘယ်သိမလဲကွာ၊ သူ့အပေါင်းအဖော်တွေ အများကြီး ရှိတာပဲ၊ အဲဒီမှာ စုံစမ်းကြည့်ဦးပေါ့၊ ဒါပေမယ့် ချူးချူးထက် လှတဲ့ဟာတွေ အများကြီးပါကွာ၊ ဟား ဟား ဟား'

အာဝါးက ပြောပြီး ကျယ်လောင်စွာ ရယ်မောလေသည်။

ကျောက်ရှူးက

'ဒါနဲ့ မင်းတို့အဖွဲ့က တစ်ဖွဲ့လုံး တစ်ယောက်မှ ပြန်မလာကြတော့ဘူး၊ သူတို့ကော အခု မင်းတို့နဲ့ အတူတူပဲလား'

ကျောက်ရှူးက မေးသည်မှာ ကျူးရှုံး၊ ဖိလောက်ဟန်နှင့် ရန်ဝူးတို့ပင် ဖြစ်မည်ဟု ဟိုကန်းစု နားလည်လိုက်သည်။

'ဟုတ်လား၊ သူတို့လဲ ပြန်မလာကြဘူးလား၊ ကျုပ်နဲ့တော့ အတူတူ မဟုတ်ပါဘူး'

အာဝါးက ဝင်၍



'သူတို့လဲ မင်းလိုပဲ ပြည်မမှာ ကြီးပွားသွားကြလို့ ဖြစ်မှာပေါ့ကွာ'

သူတို့ပြောသည့် အခါမှ

ဟိုကန်းစုသည် ကျူးရှုံးနှင့် ဖိလောက်ဟန်တို့ကို ရုတ်တရက် ပြန်စဉ်းစားမိသည်။

ကျူးရှုံးသည် အဖိုးတန် ပတ္တမြားကို ဝယ်ယူသူ ဖြစ်၏။

ရန်သူများက တိုက်ခိုက်စဉ် ကျူးရှုံးက ထိုပတ္တမြားကို ဟိုကန်းစုအား ပေးလိုက်၏။

သူတို့သုံးယောက်က ရန်သူများကို တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့သည်။

ယခုချိန်ထိ ကျူးရှုံးသည် ဟိုကန်းစုထံသို့ ဆက်သွယ်ခြင်းလည်း မပြု၊ သူတို့၏ သတင်းကိုလည်း မကြားရတော့ပေ။

သူတို့သုံးယောက် မည်သည့်နေရာသို့ ရောက်ရှိနေကြသနည်း။

အားလုံးပင် ရန်သူ့လက်ချက်ဖြင့် သေဆုံးကုန်ကြပြီလား။

ဟိုကန်းစုက တွေးနေသည်။

ကျောက်ရှူးနှင့် အာဝါးသည် အရက်ကိုသာ ဖိ၍ သောက်နေကြ၏။

'ဒါထက် အာဝါး၊ ဒီနယ်မှာ ဆရာကြီးကျိုးဆိုတာ မင်းတို့ သိသလား'

အာဝါးတို့သည် ဟိုကန်းစုကို ပြိုင်တူကြည့်၍၊ ကျောက်ရှူးက—

'ဆရာကြီးကျိုးဆိုတာ ဒီနယ်ရဲ့အရှင်သခင်ကြီး တစ်ယောက်ဆိုတာ မင်းက မေ့သွားပြန်ပြီလား'

ဟိုကန်းစုက

'အို ဟုတ်သား၊ ငါက အမှူမဲ့အမှတ်မဲ့ နေခဲ့တော့ မသိ
လိုက်ဘူး'

အာဝါးက

'အခု မင်းက ဘာကြောင့် မေးတာလဲ'

'သူ့ဆီ စာတစ်စောင် လူကြုံပါးလိုက်လို့ပါ၊ သူနဲ့ ငါ တွေ့
ချင်တယ်'

ကျောက်ရှူးက ခေါင်းယမ်းလိုက်သည်။

'ဟာ မလွယ်ဘူးနဲ့ တူတယ်၊ သူ့နာမည်သာ ကြားဖူး
တာ၊ တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး၊ ဒါပေမယ့် မင်း မှုပုံ
နဲ့၊ ကွိဝှားဆိုတဲ့ မိန်းကလေးကိုတွေ့ရင် အဆင်ပြေပါလိမ့်မယ်'

ဟိုကန်းစု မျက်မှောင်ကြုတ်လိုက်သည်။

'ဟာ နာမည်က တယ်လှပါလား၊ ကွိဝှား(နှင်းဆီပန်း)
ဆိုတော့ ရုပ်လဲ တော်တော်လှမယ့် မိန်းကလေးနဲ့တူတယ်၊ သူ့
ကို ဘယ်မှာတွေ့ရမှာလဲကွ'

သူတို့က ကျယ်ကျယ်လောင်လောင် စကားပြောနေသော
ကြောင့် အနားသို့ ရုတ်တရက် ရောက်ရှိလာသော မိန်းကလေး
တစ်ယောက်ကို သတိမထားမိပါချေ။

'ကွိဝှားဆိုတာ ကျွန်မပဲ'

သာသာယာယာ နွဲ့နွဲ့နှောင်းနှောင်း ပြောလိုက်သော အသံ
ကြောင့် ဟိုကန်းစု အထိတ်တလန့် မော့ကြည့်လိုက်မိသည်။

❀



ကွိဝှားသည် သူ့ကို အခန်းတစ်ခုထဲသို့ ခေါ်ခဲ့သည်။

အခန်းတစ်ခုလုံး သပ်သပ်ရပ်ရပ်မရှိဘဲ ရှုပ်ပွနေသော်လည်း
ခုတင်ကိုတော့ လှပသန့်ရှင်းအောင် ပြုပြင်ထားသည်ကို တွေ့
ရ၏။

ဟိုကန်းစုသည် အခြားဘာကိုမှ စိတ်မဝင်စားပါ။

သူသိချင်သည်မှာ ဆရာကြီးကျီးဆိုသည့် ပုဂ္ဂိုလ် ကိုသာ
ဖြစ်သည်။

ကွိဝှားသည် အခန်းထဲသို့ ရောက်သည်နှင့် သူမ၏အဝတ်
အစားများကို လဲလှယ်နေပေသည်။

မကြာမီ သူမက ပိုးပျော့ဝတ်စုံတစ်ထည်ကို ဝတ်ဆင်လိုက်
ပြီးမှ ဟိုကန်းစုအနီးသို့ လျှောက်လာကာ သူမ၏လက်ကို ဟို
ကန်းစု၏ပခုံးပေါ်သို့ လှမ်းတင်လိုက်၏။

ပြီးမှ

'ကဲ ရှင် ကျောက်ရုပ်ကြီးလိုပဲ ထိုင်နေတော့မှာလား'

ဟိုကန်းစု ရုတ်တရက် ဆံပင်များထောင်သွား၏။

အကြောင်းမှာ သူမက လည်ပင်းကို သိုင်းဖက်၍ ခုတင်
ပေါ်သို့ ဆွဲခေါ်သွားခြင်းကြောင့် ဖြစ်သည်။

သေဆုံးသွားသော ဟိုကန်းစု ချူးချူးကို စွဲလမ်းခဲ့သည်မှာ
ယင်း အပြုအမူများကြောင့်သာ ဖြစ်ပေလိမ့်မည်ဟု ဟိုကန်းစု
စဉ်းစားမိလေသည်။

'ကွိဝှား ကျုပ် ခင်ဗျားနဲ့ တွေ့ချင်တာ တခြားကိစ္စ တစ်ခု
ကြောင့်ပါ'

ကွီဝှား၏ လှပသောမျက်နှာသည် ချက်ချင်း အရုပ်ဆိုးအကျည်းတန်စေအောင် ဒေါသလွှမ်းသွားတော့သည်။

'ဘာ တခြားကိစ္စဟုတ်လား'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

သူမသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဟိုကန်းစုကို တွန်းထုတ်လိုက်တော့သည်။

'ကဲ ရှင် အခု ထွက်သွားပါတော့၊ ကျွန်မက ပိုက်ဆံရတဲ့အလုပ်ကလွဲပြီး တခြား ဘာမှမလုပ်ဘူး'

သူမ ကျယ်ကျယ်လောင်လောင် ပြောနေသဖြင့် ဟိုကန်းစုသည် အခြားလူများ ကြားသွားမည်စိုးသောကြောင့် သူမ၏ပါးစပ်ကို ကပျာကယာ လှမ်းပိတ်လိုက်လေသည်။

'ဒီမှာ တိုးတိုးပြောစမ်းပါဗျာ'

'အို မပြောနိုင်ဘူး၊ ဒီနေရာဟာကျယ်ကျယ်ပြောလဲ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး'

ဟိုကန်းစုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး သူမ၏ပါးစပ်ကို အမြန်ဆုံးပိတ်စေသည့် နည်းလမ်းကို ရှာဖွေလိုက်၏။

တခြားနည်းလမ်း မဟုတ်ပါ။

သူ၏အိတ်ထဲမှ တစ်ရာထက်မနည်းသော ငွေများကို သူမရှေ့သို့ ပစ်ချပေးလိုက်သည်။

ကွီဝှား၏မျက်လုံးများက ခုတင်ပေါ်မှ ပိုက်ဆံများဆီသို့ ချက်ချင်း ရောက်ရှိသွားသည်။



မျက်နှာလည်း ချက်ချင်း ကြည်လင်သွားသည်။ လေသံပြောင်းသွားသည်။

သူမသည် ဟိုကန်းစု၏လက်ကိုဆွဲ၍ ခုတင်ပေါ်တွင် ထိုင်စေလိုက်၏။

'အစ်ကို ဘာသိချင်တာလဲဟင်'

ဟိုကန်းစုသည် သူမ၏ပါးကို ရိုက်ပစ်လိုက်ချင်စိတ် ပေါ်လာသော်လည်း စိတ်ကို မနည်း ချုပ်တည်းထားလိုက်သည်။

'မင်းရဲ့ အဓိကအလုပ်က ငွေရဖို့ပဲ မဟုတ်လား'

'ဟုတ်ပါသတဲ့ရှင်'

'ကဲ အခုမင်းငွေရပြီ၊ ငါ့ကို ကူညီစမ်းပါ'

'ပြောလေအစ်ကို'

'ဆရာကြီးကျိုးဆိုတာ ဘယ်မှာရှိသလဲ၊ အဲဒါ ငါသိချင်လို့ပါ'

သူမသည် ခုတင်ပေါ်မှ ပိုက်ဆံများကို ကပျာကယာကောက်၍ ဟိုကန်းစုလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

'ကျေးဇူးပြုပြီး ထွက်သွားပါတော့ရှင်'

ဟိုကန်းစု အကြီးအကျယ် အံ့ဩသွားပြန်သည်။

'ဘာဖြစ်သွားတာလဲဟ'

'ဆရာကျိုး ဘယ်သူဘယ်ဝါ ဖြစ်တယ် ဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှ မသိဘူးရှင့်'

'ဟင်'

ဟိုကန်းစု စိတ်ညစ်သွားသည်။

'ဒါဖြင့် သူ့ဆီကို ပစ္စည်းတစ်ခု ပို့ချင်တယ်ဆိုတာ ဘယ်လိုလုပ်ရမလဲ'

'ရှင် စောစောက အဲ့ဒီလိုပြောပါလား၊ အဲဒါက အလွယ်ကလေးပဲ၊ ဒီစားသောက်ဆိုင်ပိုင်ရှင် ခုံးတိကျား ကို သွားတွေ့လိုက်ရုံပါပဲ'

'ခုံးတိကျား ဟုတ်လား'

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

အခန်း ၁၅။

## အန္တရာယ်စက်ကွင်း

စားသောက်ဆိုင် ပိုင်ရှင် ခုံးတိကျား ဆိုသူမှာ အဘိုးကြီးတစ်ယောက်ပင် ဖြစ်သည်။

သူ့ကို ကုလားထိုင်ကြီးတစ်လုံးပေါ်၌ အခန့်သားထိုင်ရင်း တစ်စုံတစ်ခုကို ပါးစပ်မှ ဝါးနေသည်ကို တွေ့လိုက်ရ၏။

ခုံးတိကျားသည် သူ၏ကျဉ်းမြောင်းသော မျက်လုံးများဖြင့် ဟိုကန်းစုကို ကြည့်ရင်းမှ

'မောင်ရင်က'

'ကျွန်တော်က ပိုကျွန်းမြို့ အာမခံဌာနကပါ'

'မောင့်ရင့် ကိစ္စကို ပြောပါ'

ခုံးတိကျားသည် စကားများများ ပြောဆိုသည်ကို နှစ်သက်တန်မကူဘဲ၊ လိုရင်းကိုသာ မေးနေ၏။

'ဆရာကျီးအတွက် ပစ္စည်းလာပို့တာပါ၊ သူ့ကိုကျွန်တော် ဘယ်မှာတွေ့နိုင်ပါသလဲ'

ခုံးတိကျားက သူ၏ လက်ဝါးကို ဖြန့်လိုက်၏။

'ကျုပ်ကိုပေး...'

'ကျွန်တော့် တာဝန်...'

သူကလက်ကို ဆတ်ခနဲဖမ်း၍...

'အို ကျုပ်ကိုပေးခဲ့ဆို ပြီးတာပဲ၊ မင်းတို့ အာမခံဌာနက လူတွေက စကားကိုရှည်တယ်'

ဟိုကန်းစု စိတ်ပျက်သွားမိပြန်သည်။

သူသည် စာရွက်ပါလာသောဘူးကလေးကို ပေးရကောင်းနိုးနိုး မပေးရကောင်းနိုးနိုးဖြင့် ချင့်ချိန်နေသည်။

'အာမခံဌာနက ဆရာကျီးလက်ထဲကို ထည့်ရမယ်လို့မှာလိုက်ပါတယ်'

ခုံးတိကျားက စိတ်မရှည်သလို ဟိုကန်းစုအား မျက်လုံးပြူး၍ကြည့်ကာ

'ဟေ့ သူငယ် ငါ့လက်ထဲအပ်ခဲ့ရင် မင်းတို့ အာမခံဌာနရဲ့ တာဝန် ကျေပြီလို့ ဘယ်နှစ်ခါ ပြောရမလဲ'

အတိုးကြီး ဒေါပွလာပြီဖြစ်၍ ဟိုကန်းစု စောဒကမတက်တော့ပါ၊ အိတ်ထဲမှ စက္ကူဘူးကလေးကို ထုတ်ပေးလိုက်လေသည်။



အချိန်က နေဝင်စ။

ဟိုကန်းစုသည်ချုံပုတ်နောက်မှနေ၍ အိမ်ထဲမှထွက်လာမည့် ခုံးတိကျားကို ချောင်းမြောင်းနေပေသည်။

သူ၏အကြံအစည်မှာ ခုံးတိကျားသည်စာကိုယူ၍ ဆရာကြီးကျီးထံသို့ သွားမည်မှာ သေချာလှသည်။

ထိုအခါ မိမိက ဆရာကြီးကျီး နေထိုင်ရာကိုသိရှိရန် နောက်ယောင်ခံလိုက်သွားရန်သာ ရှိသည်မဟုတ်ပါလား။

တစ်နာရီကျော်ကျော်လောက် ကြာပြီးမှ ခုံးတိကျားသည် အိမ်ထဲမှ ထွက်လာခဲ့၏။

ခုံးတိကျားသည် သူ၏အိမ်ခြေရင်းဘက်၌ အသင့်ရပ်တန့်ထားသော မြင်းပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်လေသည်။

ထို့နောက်အိမ်ရှေ့မှထွက်ကာ ကျဉ်းမြောင်းသော လမ်းအတိုင်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန် စီးသွားသည်။

ဟိုကန်းစုအဖို့ သူ့နောက်မှ လိုက်ရန်ပင် ရှိတော့သည်။

သူသည် နောက်ယောင်ခံလိုက်ရန် ချုံကွယ်မှ ထွက်လိုက်စဉ်

'ဒုတ်'

မာကျောသော အရာဝတ္ထုတစ်ခုနှင့်သူ၏ခေါင်းကို ပြင်းထန်စွာ ရိုက်ချလိုက်သည်ကို ဟိုကန်းစု သိလိုက်သည်။

မျက်လုံးထဲမှ ကြယ်ပွင့်များဖြာထွက်သွားသည်။

ထို့နောက်

မှောင်အတိကျပြီး ဘာမှမသိတော့ပေ။

ဟိုကန်းစု သတိပြန်ဝင်လာသည်။

သူသည် ရှေးဦးစွာ မျက်လုံးကိုဖွင့်လိုက်ရာ နံရံတွင် ချိတ်ထားသော မီးအိမ်ကြီးကို ရှေးဦးစွာ လှမ်းမြင်ရသည်။

သူသည် အကျအန ခင်းထားသော အိပ်ရာ တစ်ခုပေါ်ရောက်ရှိနေသည်ကိုလည်း သတိပြုမိလိုက်သည်။

သူက သေသေချာချာ ကြည့်လိုက်သောအခါမှ ဤအခန်းသည် ကွီဝှား၏အခန်းဖြစ်ပြီး ကွီဝှားသည်အတွင်းခံအင်္ကျီကို မလုံ့တလုံ ဝတ်ဆင်ထားပြီး အရက်သောက်နေသည်ကို လှမ်း၍ မြင်လိုက်ရသည်။

သူက လှဲလျောင်းနေရာမှ ငုတ်တုတ်ထထိုင်၍ ချီစောင်းကို စမ်းကြည့်လိုက်သည်။

ထိုအခါ ချီစောင်း၌နှအဖုကြီးတစ်ခုကို စမ်းသပ်မိလိုက်၏။

ကွီဝှားက သူ့ကိုလှည့်ကြည့်၍

'ဩော် ရှင် နိုးလာပြီလား၊ ရှင်က အိပ်စရာရှားလို့ လမ်းလယ်ခေါင်မှာ အိပ်နေတာလား'

'ကျုပ်ကို တစ်ယောက်ယောက်က ရိုက်လိုက်တာဗျ'

ဟု ပြောလိုက်ချင်သည်။

သို့သော် သူသည် ထိုသို့မပြောဘဲ သူမအနားရှိ ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ထိုင်ကာ

'မင်းက ငါ့ကို စားဖို့သောက်ဖို့ မပြောတော့ဘူးလား'

ကွီဝှားက ပြုံးစိစိလုပ်၍

'မသိဘူးလေ ရှင်ကရှ တတ်တဲ့လူများ ဖြစ်နေမလားလို့ပါ၊



တာဖြစ်လို့လဲ ဆိုတော့ ကျွန်မ အသားကိုတောင် ထိရမှာ ကြောက်နေတဲ့လူ မဟုတ်လား'

သူမ၏စကားကို ဟိုကန်းစု သဘောကျသွားသည်။

သူသည် သဘာဝတရားကို သဘောပေါက်နားလည်ထားသူ ဖြစ်ပါသည်။

သူသည် ချီလုယန်းဘဝနှင့် လူမျိုးစုံ အလွှာမျိုးစုံ ပေါင်းသင်း ဆက်ဆံခဲ့ဖူးသည်။

သူမတို့သည် သူဌေးသားတစ်ဦးဖြစ်စေ၊ မင်းညီမင်းသား တစ်ယောက်ဖြစ်စေ၊ အထင်မကြီးပါ၊ ဂရုလည်းမစိုက်ပါ။

သို့သော် သူမတို့နှင့် ပေါင်းသင်း ဆက်ဆံနေသူ များကိုမူ လိုအပ်သည့် အကူအညီပင် ပေးတတ်ကြလေသည်။

ထိုသဘောတွေကို ဟိုကန်းစု သိပါသည်။

မလွှဲသာ မရှောင်သာတော့လည်း ဟိုကန်းစုသည် သူမတို့နှင့် နပန်းလုံးတန် လုံးရပေတော့မည်။

❀

သူမသောက်နေသည့် အရက်သည် တန်ဖိုးကြီးပြီး အလွန်ပြင်းသည့် အရက်ဖြစ်သည်။

ဟိုကန်းစုသည် ကွီဝှားကိုကြည့်၍ စိတ်ထဲ၌ မသင်္ကာသလို ဖြစ်လာသည်။

ဤ စားသောက်ဆိုင်၌ရှိသည့် အမျိုးသမီးများသည် တစ်စုံတစ်ယောက်၏ အသုံးချခြင်းကို ခံနေရသည်ဟု ထင်မိသည်။

သူမတို့သည် လူပေါင်းစုံနှင့် ဆက်ဆံ နေရ သော်လည်း ဆင်းရဲ နွမ်းပါး၍ ဝမ်းရေးအတွက် ဤအလုပ်ကို လုပ်နေကြဟန် မတူပေ။

အဘယ့်ကြောင့်ဆိုသော်

ချူးချူးသည် တစ်ချိန်က ဤနေရာ၌ပင် အလုပ်လုပ်ခဲ့၏။

ဟော ယခု ပိုကျန်းမြို့သို့ တစ်စုံတစ်ယောက်က လွှတ်၍ သွားရသည်။ ပိုကျန်းမြို့တွင် သူမ လုပ်ကြံခံလိုက်ရ၏။

ယခု ကွိဝှားကိုကြည့်ပါ။

အဝတ်အစားများက အဖိုးတန်အဝတ်အစား။

သောက်သည့်အရက်က တန်ဖိုး အကြီးမားဆုံး ပေးရသည့် အရက်မျိုး။

မိမိ၏ဝမ်းရေးအတွက် လုပ်ကိုင် စားသောက်သူသည် ဤကဲ့သို့ အဆင့်မြင့်မြင့် နေနိုင်ပါမည်လော။

'ဘယ်လိုလဲ၊ ရှင် ကျွန်မတိုက်တဲ့ အရက်ကို သောက်ဖို့ ဆုံးဖြတ်ပြီးပြီလား၊ မသတီဘူးဆိုရင်တော့ မသောက်နဲ့နော်၊ အားနာပါးနာနဲ့တော့ မသောက်နဲ့'

ဟိုကန်းစု ရယ်လိုက်သည်။

'ကျုပ် ဘာလို့မသောက်ရမှာလဲ၊ ဒီမှာ ကျုပ်ချူးချူးနဲ့ အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ဖူးတာပဲ'

ချီလုယန်းသည် သူ့ကိုယ်သူ ဟိုကန်းစုအစစ်၏ နေရာတွင် ဝင်၍ သရုပ်ဆောင်လိုက်တော့သည်။

ကွိဝှားက မျက်လုံးပြူး၍ သူ့ကိုကြည့်သည်။



'အို ရှင်က ဒီမှာနေသွားတဲ့လူလား၊ ရှင် အဲဒီကိစ္စတွေကို ဘာဖြစ်လို့ ကျွန်မကို စောစောက မပြောတာလဲ၊ နို့နေပါဦး၊ ရှင် ဘယ်တုန်းက ဒီမှာ နေခဲ့ဖူးသလဲ'

ဟိုကန်းစုက လွန်ခဲ့သည့် တစ်နှစ်နီးပါးကမှ ဤဒေသမှ ခွာသွားရသည့်အကြောင်းနှင့် ချူးချူးကို သူ အလွန် ရင်းနှီးခဲ့ကြောင်းများကို ပြန် ပြောပြလိုက်သည့်အခါ ကွိဝှားသည် အလွန်အမင်း အံ့ဩသည့်အသွင်သို့ ရောက်ရှိသွားတော့သည်။

'အို အဲဒီအချိန်တုန်းက ကျွန်မ ဒီမှာရှိနေသားပဲ၊ ဘာလို့ ရှင့်ကိုမသိပါလိမ့်၊ ကြော် ရှင်က ချူးချူးနဲ့ အမြဲတမ်း တိတ်တဆိတ်ပဲ တွေ့ကြတယ်နဲ့တူတယ်'

သူမကပြောပြီး အသံထွက်အောင် ရယ်လိုက်သည်။

ထို့နောက် သူမသည် အရက်တစ်ခွက်ကို ငှဲ့၍ ဟိုကန်းစုကို လှမ်းပေးလိုက်သည်။

ဟိုကန်းစုကလည်း မငြင်းတော့ပါ။ ဗိုက်ထဲ၌ ဆာဆာလောင်လောင် ရှိသည်နှင့် အရက်ကိုသောက်ပြီး စားစရာအချို့ကို စားပစ်လိုက်သည်။

ကွိဝှားအနေဖြင့်တော့ မပြောတတ်ပါ။

ဟိုကန်းစုသည် တစ်ခွက် သောက်ရုံ နှင့်ပင် ခေါင်းထဲ၌ အတော်ကလေး မူးဝေလာလေသည်။

ထိုစဉ် သူ့ကိုငေးကြည့်နေသော ကွိဝှား၏ မေးခွန်းတစ်ခုကြောင့် ဟိုကန်းစု ခေါင်းနပန်း ကြီးသွားမိတော့သည်။

ကွိဝှားက မေးလိုက်သည်မှာ

‘လောကပေါ်မှာ ဟိုကန်းစုဆိုတဲ့လူ ဘယ်နှစ်ယောက်များ ရှိနေသလဲရှင်’ ဟု မေးလိုက်သောကြောင့်တည်း။

❀

ဟိုကန်းစုသည် ရင်ထဲ၌ လှုပ်ရှားသွားသော်လည်း မည်သို့မှ မဖြစ်သည့် အမူအရာမျိုးဖြင့်

‘နာမည်တူတွေကတော့ အများကြီးရှိမှာပေါ့၊ ဘာဖြစ်လို့ မင်း ဒီလိုမေးရတာလဲ’

‘ဟင်း... ဟင်း’

သူမက မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်သည်။

‘ကျွန်မ နည်းနည်း အမူးလွန်နေပြီလားမသိဘူး၊ ဟုတ်တာပေါ့ နာမည်တူသူတွေကော လူတူတွေကော ရှိတတ်ကြတာပဲ’

❀

မိမိသည် အပျက်အပျက်နှင့် အန္တရာယ်စက်ကွင်းသို့ ချဉ်းကပ်လာပြီကို သိရှိလိုက်သည်။

ကွိဝှား အရက်ရှိန်ကလေး ရနေသည်ကို ဟိုကန်းစု သိရှိလိုက်သည်။

သူသည် သူမအတွက် အရက်ငှဲ့၍ ကမ်းပေးလိုက်သည်။



သူမက ပြုံး၍

‘ရှင့်ကိုကြည့်ရတာ ကျွန်မကို စိတ်ဝင်စားလာပြီနဲ့တူတယ်’

‘ဟဲ... ဟဲ ကျုပ်လဲ လူထဲက လူပါပဲ၊ စိတ်ဝင်စားစရာရှိရင် မျက်နှာ လွှဲမနေတတ်ဘူး’

ကွိဝှားသည် အရက်ကိုသောက်ချလိုက်ပြီး ခွက်ကို စားပွဲပေါ်သို့ လှမ်းတင်ကာ

‘ကျွန်မ အရက်တွေသိပ်များသွားရင် ရှင့်အတွက် အဓိပ္ပာယ်မဲ့ သွားလိမ့်မယ်နော်’

‘မင်းကိုကြည့်ရတာ ဘယ်လောက်သောက်သောက် မူးမယ့်ပုံမပေါ်ပါဘူး ကွိဝှားရယ်’

သူမက ပြုံး၍

‘ရှင် ဘယ်ဆိုးလို့လဲ၊ လူတစ်ယောက်ရဲ့အကဲကိုခတ်နိုင်သားပဲ၊ တခြားကျွန်မမှာ ဘယ်လိုအခက်အခဲတွေ ရှိနေတယ်ဆိုတာကော ရှင် ခန့်မှန်းတတ်ရဲ့လား’

‘အဲဒါတော့ ကျုပ် မသိဘူးဗျာ’

သူမက ရယ်လိုက်သည်။

‘ကဲ ရှင် ကျွန်မအကြောင်းမသိရင် ရှင့်အကြောင်း ကျွန်မ မေးရတော့မယ်’

‘ဗျာ ကျုပ်အကြောင်း ဟုတ်လား’

‘သိပ်ဟုတ်တာပေါ့၊ ရှင် မှန်မှန်ကန်ကန် ပြောလိမ့်မယ်လို့လဲ ကျွန်မ ယုံကြည်ထားတယ်၊ တစ်ခုတော့ သတိ ပေးမယ်နော်၊ ကျွန်မကိုညာမယ် ဒါမှမဟုတ် ဖုံးကွယ်ထားမယ် ဆိုရင်တော့ ကျွန်မအဆိုး မဟုတ်ဘူး’

ထိုစကားနှင့် လေသံသည် ဟိုကန်းစုအတွက် အန္တရာယ်၏ အငွေ့အသက်ကို ရစေ၏။ အကြောင်းမှာ

သူမသည် တိတိလင်းလင်းပင် ခြိမ်းခြောက်လာပြီ မဟုတ်ပါလား။

ဟိုကန်းစုက ပခုံးကိုတွန့်၍

'ဟာ ကျုပ်မှာ ဘာအကြောင်းမှ မရှိပါလား'

'ဒီလိုဆိုရင် ရှင့်ကို ပုံပြင်တစ်ခု ပြောပြမယ် နားထောင်'

သူမက မှင်သေသေဖြင့် ပြောပြသည်မှာ

'လွန်ခဲ့တဲ့နှစ်က ဟောဒီဖိမန်ရွာကြီးမှာ လူတစ်စုဟာ အဖိုးတန် ပတ္တမြားကြီးတစ်လုံးကို လုယက်တိုက်ခိုက်ပြီး ရလာခဲ့ကြတယ်'

ဟိုကန်းစု စိတ်ဝင်စားသွားသည်။

'ဩော် ဟုတ်ကဲ့ ဆက်ပါဦး'

'အဲဒီလူတစ်စုထဲက တစ်ယောက်က အဖိုးတန်မှန်း မသိတဲ့ ကျူးရှုံးဆိုတဲ့လူကို ရောင်းစားလိုက်တယ်၊ ကျူးရှုံးဟာ အဲဒီ ပတ္တမြားကြီးကို အချောင်ရလိုက်တာနဲ့ တစ်ပြိုင်နက် သူ့အဖော် တစ်စုနဲ့ ဒီနယ်က အမြန်ဆုံး ထွက်ခွာသွားကြတယ်၊ ကျူးရှုံးရဲ့ အဖော်တစ်စုထဲမှာ ဘယ်သူတွေ ပါတယ်ဆိုတာ ရှင်က ဖြည့်စွက်ပြီး ပြောပါလား'

. ပတ္တမြားကိုစွ…

ဟိုကန်းစုသေဆုံးသွားရတဲ့ ပတ္တမြားကိစ္စ။

'ဩော် ဟုတ်တယ် ဟုတ်တယ်၊ ဒီနယ်မြေကနေ ကျူးရှုံနဲ့ အတူ ပြန်သွားကြတုန်းက ကျုပ်လဲပါတယ်၊ နောက်ပြီး မြေ



နှစ်ကောင်လဲ ပါတယ်၊ မြေစိမ်းဖိုလောက်ဟာန်နဲ့ မြေဝါ ရန်ဝူး တို့ပေါ့၊ ဒါပေမယ့် အဲဒီ ပတ္တမြားကိစ္စ ကျုပ် မသိရပါလား'

ကွီဝှားက ဟိုကန်းစုကိုကြည့်၍ ရယ်ကာ

'ရှင် ကျွန်မကိုလိမ်လို့ ဘာအကျိုးထူးမှာလဲ၊ အမှန်အကန် ပြောပြတာက ရှင့်အတွက် အကျိုး ထူးလာနိုင်သေးတယ်'

ဟိုကန်းစုက တစ်ချက် ဟန်ဆောင် ရယ်မောလိုက်ပြီး

'ကဲ ကျုပ် လိမ်နေမှန်းသိရင်လဲ မင်းပဲ ဆက်ပြောပါဦး'

ကွီဝှားက ခေါင်းကိုဆတ်ခနဲညိတ်၍

'ရှင်တို့ထွက်သွားတာနဲ့ တစ်ပြိုင်နက် အဲဒီပတ္တမြားကို လိုချင် တဲ့အဖွဲ့တစ်ခုက လိုက်တောင်းတယ်၊ အဲဒီအခါမှာ ကျူးရှုံးရဲ့ ညွှန်ကြားတစ်ခုကို ခံလိုက်ရတယ်၊ အဲဒါကတော့ သိုင်းပညာ တတ်တဲ့ ဟိုကန်းစုကို အဲဒီပတ္တမြားပေးပြီး ရှောင်တိမ်းခိုင်း လိုက်တာပဲ'

ထိုကိစ္စများကို ကွီဝှားက သိထားသဖြင့် ဟိုကန်းစုသည် အလွန်အမင်း အံ့သြနေတော့သည်။

သူမက ဆက်ပြောသည်။

'ဒါပေမယ့် ဟိုကန်းစုဆိုတဲ့လူလဲ မလွယ်ပါဘူး၊ ရန်သူရဲ့ တိုက်ဖြစ်ခြင်းကို ခံလိုက်ရတယ်၊ သူ့ဆီက ပတ္တမြားကိုလဲ ရန်သူက ရရှိသွားတယ်၊ ကဲ ကျွန်မပြောတာ မမှန်ဘူးလား'

ဟိုကန်းစု အံ့သြငေးမောစွာဖြင့် ခေါင်းညိတ်လိုက်၏။

'မင်းပြောတာတွေ အားလုံးမှန်တယ်၊ ဆက်ပြောပါဦး'

ကွီဝှားက

'ကောင်းပြီ၊ ကျွန်မဆက်ပြောမယ်၊ ဒါပေမယ့် ကြားဖြတ်

ပြီးတော့ မေးပါရစေ၊ ဟိုကန်းစုသေဆုံးသွားတာ မှန်ပါသျက်
အခုကျွန်မရှေ့မှာ ရောက်နေတာက ဘယ်လိုဖြစ်တာလဲ'

ထိုမေးခွန်းသည် မေးသင့်သည့် မေးခွန်းမင်ဖြစ်သည်။

ဟိုကန်းစုက

'ကျုပ်ကလဲ ကြားဖြတ်ပြီးမေးပါရစေ၊ ဒီလိုဆိုရင် ပတ္တမြား
ကိုလိုချင်လို့ ကျူးရှုံးနေခက်ကို လိုက်ပြီး ကျုပ်ကိုပါ သတ်ပစ်
ခဲ့တာ မင်းကိုယ်တိုင်များ ဖြစ်နေမလား၊ ဒါမှမဟုတ် အဲဒီ
အဖွဲ့အစည်းထဲမှာ မင်းဟာ တစ်ယောက်အပါအဝင်လား'

သူမက ခေါင်းကို ဆတ်ခနဲညိတ်၍

'ဒါဟာ အင်မတန် မေးသင့်တဲ့ မေးခွန်းပါ၊ သစ်ပင်ကြီး
တစ်ပင်မှာ ပင်စည်ရယ်၊ အကိုင်းအခက်ရယ်ဆိုတာ ရှိပါတယ်၊
ကျွန်မတို့ဟာ အကိုင်းအခက်တွေပဲ ဆိုပါတော့'

'အိုး ဒါဆိုရင်၊ ပင်စည်က ဆရာကြီး ကျူးဆိုတာပဲ ဖြစ်
မယ်'

'ရှင် သိပ်သဘောပေါက်လွယ်တာပဲ၊ ဦးနှောက်လဲ အရမ်း
ကောင်းတယ်၊ အဲ တစ်ခုပဲပြောစရာရှိတယ်'

'ဟင် ဘာလဲ'

'ရှင်နည်းနည်းကံကောင်းသွားတယ်၊ ဒါကြောင့် အခုချိန်
အထိ အသက်ရှင်နေတာ'

'ဒါဖြင့် ကျုပ်ငယ်ထိပ်ကို ရိုက်တာ'

'ဟဲ ဟဲ ကျွန်မပါ'

ဟိုကန်းစု ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။



သူမသည် ထက်မြက်သော သိုင်းပညာရှင်မတစ်ဦး ဖြစ်နေ
သည်မှာ သေချာနေပေတော့သည်။

သူမကဆက်၍

'ရှင်ကံကောင်းတယ်ဆိုတာက စောစောကပြောတဲ့ ပင်စည်
ကြီးကသာ ရှင်ဟာ သေရွာပြန် ဟိုကန်းစုမှန်း သိသွားရင်
ကျွန်မကို ခွားနဲ့ဆုံးမဖို့ ညွှန်ကြားမှာအမှန်ပဲ'

'သူတို့က မင်းကို ဘယ်လိုညွှန်ကြားလိုက်လို့လဲ'

'သူတို့ တစ်ချက်သတိလစ်သွားပုံရတယ်၊ စာလာပို့တဲ့အာမခံ
ဌာနကအကြောင်းအေးအေးဆေးဆေးကိုယ့်လမ်းကိုယ်ပြန်မသွား
သေးရင် လှဲသိပ်လိုက်ပါဆိုလို့ ကျွန်မလှဲသိပ်ရုံတင် လှဲသိပ်ပြီး
ဒီကို ခေါ်လာခဲ့တာပေါ့၊မနက်မိုးလင်းရင် ရှင်လာခဲ့တဲ့ လမ်း
အတိုင်း ပြန်လွှတ်ဖို့လေ'

'အခုရော'

'အခုတော့ ဘယ်ပြန်လွှတ်ရတော့မလဲရှင်၊ကျွန်မတို့ရဲ့ပင်စည်
ကြီးဖြစ်တဲ့ သခင်ကြီးကျူးက သိပ်နားပါးတယ်၊ မျက်စိရှင်
တယ်ရှင့်'

မိမိသည် အန္တရာယ်တွင်းကြီးထဲသို့ကျရောက်နေပြီကို ရိပ်စား
မိလာတော့သည်။

'ကဲ စောစောက စကားကို ကျုပ်တို့ပြန်ဆက်ရအောင်'

'ရှင့်မှာ မရှင်းလင်းတာတွေရှိရင်လဲ မေးပါ'

'ကောင်းပါပြီ၊ ကျူးရှုံးတို့ကို တိုက်ခိုက်တဲ့အထဲမှာ မင်း
ပါသလား'

သူမက ခေါင်းယမ်းလိုက်သည်။

F 5

'မပါဘူး'

'ဟိုကန်းစုကို သတ်တာရော၊ မှင်းပဲလား'

သူမက ခေါင်းယမ်း၍

'မဟုတ်ပါဘူး'

'ဒို့ မင်းက အကုန်သိနေပါလား'

'ကျွန်မတို့က ပင်စည်ရဲ့ အကိုင်းအခက်တွေလေ၊ မသိဘဲ နေပါ့မလား'

'ကောင်းပါပြီ၊ ဟိုကန်းစုဆိုတဲ့ ကျုပ်ဟာ ရန်သူက သတ်သွားပြီး ကျုပ်လက်ထဲက ပတ္တမြားကို လုယူသွားတယ်၊ ဒါပေမယ့် ကျုပ်က မသေဘူး၊ ကယ်ဆယ်တဲ့လူနဲ့ တွေ့လို့ ကံကောင်းထောက်မပြီး အသက်ရှင်တယ်၊ အဲဒီအခါမှာ ကျုပ်ဟာကျုပ်ပိုကျုန်းမြို့ကိုပြန်ပြီး မိသားစုနဲ့အတူ အာမခံ လုပ်ငန်းကို လုပ်တယ်၊ ကျုပ်တာဝန်က ပစ္စည်းဖြစ်စေ၊ စာကိုဖြစ်စေ ပို့ပေးရတယ် အခု ပစ္စည်းလာပို့ပေးတယ်၊ ကဲ ကျုပ်ကို ခင်ဗျားတို့ရဲ့ ဂိုဏ်းက ရန်ငြိုးဖွဲ့စရာ ဘာရှိတော့လို့လဲ'

'အင်း ရှင်ပြောတာတွေဟာ နားထောင်လို့လဲ ကောင်းတယ်၊ ကျွန်မလဲ ယုံသင့်ရင် ယုံရမှာပဲ၊ ဒါပေမယ့် သခင်ကြီးကျီးက ယုံမှာတဲ့လား'

'အမှန်အတိုင်း ပြောတာမှ မယုံရင် သူဟာ ဦးနှောက် မရှိလို့ပေါ့'

ကွဲ့ဝှားက အသံလွင်လွင်ကလေးဖြင့် ရယ်သည်။

ထို့နောက် အရက်နှစ်ခွက် ငှဲ၍ သူမလည်း သောက်သည်။ ဟိုကန်းစုကိုလည်း လှမ်းပေးလိုက်၏။



'ဩော် ဟိုကန်းစု၊ ကျွန်မပြောရင် ရှင် ခံချင်မှာတော့ ဟုတ်ဘူး၊ ရှင်ဟာ အင်မတန် သနားစရာ ကောင်းနေပြီ'

'ဟင် ဘာဖြစ်လို့ ကျုပ်က သနားစရာ ကောင်းရမှာလဲ'

'ရှင် ဘာမှမသိလို့ သနားစရာကောင်းတယ်လို့ ပြောတာ၊ ရှင်မသိတာတွေက အများကြီးပဲ၊ ဥပမာဆိုပါတော့၊ ရှင့်အနေနဲ့ ကျွန်မကို နိုင်အောင် တိုက်နိုင်ပါ့မလား၊ နိုင်တယ်ပဲထားဦး၊ ပြတင်းပေါက်တံခါးနဲ့ ဟိုတံခါးမကြီးကို သွားဖွင့်ကြည့်စမ်းပါ၊ ဘာမှ မသိတဲ့ ရှင့်အဖို့ အံ့ဩသွားလိမ့်မယ်'

သူမ ခြိမ်းခြောက်နေသည်ထင်၍ ဟိုကန်းစုသည် ပြတင်းပေါက်မှတစ်ဆင့် သွားရောက် လှမ်းကြည့်လိုက်သည်။

လား လား၊ ဆယ်ယောက်ထက်မနည်းသော သိုင်းသမားတစ်စုက အရက်သောက်ရင်း ခစောင့်နေကြပါကလား။

သူသည် အဝင်အထွက် တံခါးမကြီးကိုလည်း အသာဖွင့်ကာ တွန်း၍ ကြည့်လိုက်သည်။

ဟိုကန်းစု အမှန်ပင် ထိတ်လန့် အံ့ဩသွားလေတော့သည်။ စကြိုလမ်းမတစ်လျှောက် ဓားကိုယ်စီနှင့် သိုင်းသမားများ စုဝေး၍ အရက်သောက်နေကြသည်ကို တွေ့ရသည်။

ပင်စည်ကြီး၏ အကိုင်းအခက်များက ဝေဆာလွန်းလှပါကလား။

ကွဲ့ဝှားက ခပ်ပြုံးပြုံးဖြင့်

'ကျွန်မ ရှင့်ကို မညာပါဘူး'

သူမသည် ပြောပြီး သက်ပြင်းချလိုက်၏။

ဟိုကန်းစုမှာ သူမကို စကားပြောရမှာ လန့်လာတော့၏။

'ကျုပ်ကရော ဘာညာလို့လဲ'

'ကျွန်မ ပြောပြီးပါပြီကော၊ ရှင့်စကားကို ကျွန်မသာ ယုံမယ်၊ သခင်ကြီး ကျိုးက ဘယ်တော့မှ ယုံမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သမားတော်ကြီး ဟူစင်းကိုယ်တိုင်က ဟိုကန်းစုရဲ့ မြေပုံကို ပြသလိုက်လို့ ဒီမြေပုံထဲက ဟိုကန်းစုရဲ့ အလောင်းကိုထုတ်ပြီး ပတ္တမြားကို ရှာဖွေသေးတယ်ဆိုတာ ရှင်က မသိလေတော့ ရှင့်အဖြစ်က သနားဖို့ ကောင်းတယ်လို့ ပြောနေတာပေါ့'

ဟိုကန်းစုမှာ နှုတ်ဖူးမှ ချွေးစေးများပင် ကျလာတော့သည်။

မိမိသည်ဟိုကန်းစုအယောင်ဆောင်ထားသည့်လူတစ်ယောက် ဖြစ်မှန်း ကျူဝှားက သိရှိသွားပြီး ဖြစ်ရလေသည်။

သူမ သိရှိလျှင် သူမကတစ်ဆင့် သခင်ကြီး ကျိုးဆိုသူထံ အကြောင်းကြားတော့မည်မှာ အမှန်ပင် ဖြစ်သည်။

သူမအနေဖြင့် မိမိသည် ဟိုကန်းစုမဟုတ်မှန်း သိပြီဆိုသည်ကို ငြင်းပယ်၍ မရသော်လည်း မိမိ ချီလုယန်းဆိုသည်ကိုတော့ သိထားဟန် မတူပေ။

သို့သော် မသေချာသေးပါ။

သိလျှင်လည်း သိနိုင်လောက်၏။

'ဒီလောက်တောင် မင်းက အစအဆုံး သိနေမှတော့ ကျုပ် ကလဲ သိချင်တာလေး ပြန်မေးပါရစေ'

'မေးပါ မေးပါ၊ ကျွန်မ လိမ်ညာပြီး မပြောတတ်ဘူး ဆိုတာ လက်တွေ့ ပြပါ့မယ်'



'ကောင်းပါပြီ၊ မင်းကို လေးစားပါတယ်၊ ကျူးရှုံးနဲ့ မြစိမ်းမြေဝါတို့က ဘယ်ရောက်ကုန်ပြီလဲဗျ'

'အဲဒါတော့ ကျွန်မ အတိအကျ မသိဘူးရှင့်၊ သူတို့ဟာ သေဆုံးသွားကြဖို့ လမ်းများနေပါတယ်'

ဖြစ်နိုင်ပါသည်။

'နောက် ဒီဆိုင်ရှင် ခုံးတိကျားဆိုတဲ့ အဘိုးကြီးဟာ ဘယ် သူလဲ'

'ခုံးတိကျားဟာ ခုံးတိကျားပဲပေါ့၊ ဒီဆိုင်ပိုင်ရှင် တစ် ယောက်ဖြစ်သလို အကိုင်းလား အခက်လားတော့ ကျွန်မ မသိဘူး၊ တစ်ခုခုပဲ'

'မင်းအနေနဲ့ ပင်စည်လို့ မမြင်ဘူးဆိုတာ အမှန်ပဲလား'

'မှလိမ်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ'

'ကဲ နောက်တစ်ခု ကျုပ်မေးမယ်၊ ဟိုကန်းစုဟာ သေ သွားတာ အမှန်ပဲလား၊ ကျုပ်နဲ့ မသေခင်ကလေးတင် သူနဲ့ တွေ့ရတယ်၊ အဲဒီအခါမှာ သူ့ရဲ့ အကြောင်းတွေ ကျုပ်ကို ပြောပြခဲ့တယ်'

သူမက ဆတ်ခနဲ ခေါင်းညိတ်၍

'ဒီလိုတော့လဲ ရှင်က အမှန်တွေ ပြောနေသားပဲ၊ သမား တော်ကြီး ဟူစင်းဆီက သိထားရတာက လူငယ် တစ်ယောက် ဟာ သူ့ဆီကို အဆိပ်မိတဲ့လူတစ်ယောက် ဟိုကန်းစုပါလော၊ ရောက်ရှိလာတယ်၊ သူ့ကို ကုသပေမယ့် ဟိုကန်းစု သေဆုံး သွားတယ်၊ နောက်ပိုင်းတော့ အဲဒီလူငယ်လဲ ပျောက်သွားတယ်၊ ဒါပဲ သမားတော်ဟူစင်းဆီက သိခဲ့ရတယ်'

'အခုတော့ မင်းဘယ်လိုဘင်သလဲ'

'ရှင်းပါတယ်၊ အဲဒီလူငယ်ဟာ ရှင်ဖြစ်တဲ့ အပြင် ဟိုကန်းစုရဲ့ မျက်နှာဖုံးကိုစွပ်ပြီး အကြံအစည်တစ်ခုနဲ့ ဒီကိုရောက်လာတယ် ဆိုတာ ကျွန်မသိရပါပြီ၊ အဲ ရှင် ကံကောင်းတယ် ဆိုတာက သခင်ကြီးကျိုး မသိသေးတာပဲ၊ သခင်ကြီးကျိုးအခုလိုသိတာနဲ့ ရှင့်ကို ဘယ်လို သဘောထားမလဲ စဉ်းစားပါ'

ဟိုကန်းစုသည် ပဝါဖြင့် နဖူးမှချွေးများကို သပ်ချလိုက်၏။ သူသည် အရက်တော်တော်များများ သောက်ထားသော်လည်း မမူးနိုင်တော့ပါ။

'ကျုပ်ကို ဟိုကန်းစု အတုတစ်ယောက်အနေနဲ့ သခင်ကြီးကျိုး တွေ့သွားပြီဆိုပါတော့ ဘယ်လို အရေးယူမှာလဲ'

'ရှင် ဒါကို မစဉ်းစားမိဘူးလား၊ ဟိုကန်းစုဟာ အသတ်ခံရတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒီတော့ဟိုကန်းစုဟာ သတ်တဲ့လူကို ကျေနပ်ပါ့မလား'

ဟာ သူ သေပြီပဲ

'သူသေပေမယ့် အတုဖြစ်ကဲ့ရှင်က ရောက်လာတာပဲ၊ ရှင် သေးရိုးသားရိုးနဲ့ ရောက်လာတာပါလို့ သူတို့ မယုံဘူး၊ မယုံတဲ့ အပြင် ရှင်ဟာဟိုကန်းစုကို သမားတော်ဆီ ခေါ်သွားတဲ့လူမှန်း သိရင် ရှင့်ဆီမှာ ပတ္တမြားကို မရမကတောင်းဦးမှာပဲ'

'အို ပတ္တမြားက'

'နေပါဦးလေ၊ ကျွန်မစကား မဆုံးသေးပါဘူး၊ အကယ်၍သာ ဟိုကန်းစုကို သတ်လိုက်တဲ့လူရဲ့ဆီမှာ ပတ္တမြားပါသွားရင် အဲ့ဒီလူကလဲ ရသွားတဲ့ ပတ္တမြားကို သခင်ကြီး ကျိုးထံ



အပ်လိုက်ရင် အခုနောက်ပိုင်း ပြဿနာတွေဟာ ဘာ တစ်ခုမှ ပေါ်ပေါက်လာစရာ အကြောင်းမရှိတော့ဘူး'

ဟိုကန်းစု လက်ကာပြလိုက်သည်။

'နေဦး နေဦး၊ ကျုပ်နားမရှင်းဘူး၊ တစ်ခုစီမေးပါရစေ'

'အင်း မေးပါ'

'ဟိုကန်းစုဆီက ပတ္တမြားကိုလုယူသွားတဲ့ လူဟာ အမျိုးသမီးမဟုတ်လား'

'မှန်တယ်၊ ဟိုကန်းစုကိုသတ်ပြီး ပတ္တမြား ယူသွားတာဟာ အမျိုးသမီးတစ်ယောက်ပဲ'

'ကောင်းပြီ၊ အဲ့ဒီအမျိုးသမီးက ဘာဖြစ်လို့ ပတ္တမြားကို သခင်ကြီးကျိုးရဲ့လက်ထဲ မအပ်တာလဲ'

ကွဲဝှား ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပြီ၊ အဲဒီတာဝန်ပေးခံရတဲ့ အမျိုးသမီးက သခင်ကြီးကျိုးကို အကြောင်းကြားလိုက်တာက သူရရှိထားတဲ့ ပတ္တမြားကို တခြား မျက်နှာဖုံး တပ်ထားတဲ့ လူတစ်ယောက်က လုယူသွားပါတယ်၊ အဲဒီလူကို သူက ဆက်လက် စုံစမ်းနေပါတယ်လို့ အကြောင်းကြားတယ်၊ ဒါကိုသခင်ကြီးက လုံးဝမယုံဘူး၊ ဒါကြောင့် အဲဒီ အမျိုးသမီးကို စုံစမ်းထောက်လှမ်းဖို့ ချူးချူးကို တာဝန်ပေးလိုက်တဲ့အပြင် အခြား လူတစ်စုကိုလဲ ဟိုကန်းစုကို ကယ်ဆယ်ခဲ့တဲ့ လူနောက်ကို လိုက်ဖို့ လွှတ်ထားပါတယ်၊ ခုတော့ အဲဒီလူဟာ ရှင်ဖြစ်နေတော့'

သူမက စကားကို ရပ်တန့်ထားစဉ်

ဟိုကန်းစုက

'ဒါဆိုရင် သခင်ကြီးကျီးရဲ့စိတ်ထဲမှာ ဒီ ပတ္တမြားကြီးဟာ ကျုပ်လက်ထဲမှာလိုလို၊ ဟို အမျိုးသမီးရဲ့လက်ထဲမှာလိုလို၊ အဲဒီလို ဖြစ်နေတယ်ပေါ့ ဟုတ်လား'

ကွီဝှားက ခေါင်းညိတ်လိုက်သည်။

'အမှန်ပေါ့ရှင်၊ သခင်ကြီး ကျီးက ဒီ ပတ္တမြားဟာ ဟို အမျိုးသမီးက အမှန်အတိုင်းပြောတာဆိုရင် ရှင့်ဆီမှာရှိရမယ်၊ ဒါမှမဟုတ်ရင် အဲဒီအမျိုးသမီးက တစ်ပတ်ရိုက်တာဖြစ်ရမယ်၊ အဲဒီလို ယူဆထားတယ်'

ပြဿနာက အတော်ကလေး ရှင်းလာပြီ ဖြစ်သည်။

'ဒီလိုဆိုရင် ကျုပ်ကိုရှာဖွေတဲ့လူဟာ နှစ်ယောက် ဖြစ်နေတာပေါ့'

ကွီဝှားက ခေါင်းကို ညိတ်လိုက်၏။

'ဖြစ်နိုင်ပါတယ်၊ သခင်ကြီးကျီး လွှတ်လိုက်တဲ့ လူရယ်၊ အမျိုးသမီးရယ်၊ သူတို့ကတော့ ရှင့်ကို စုံစမ်းနေကြမှာပဲ'

ဟိုကန်းစုသည် မိမိအိတ်ထဲရှိ အဆိပ်အပ်နှင့် လုပ်ကြံခံရမှုမှာ ရှင်းသွားပြီဖြစ်သည်။

ဟိုကန်းစုကို သတ်သည့် အမျိုးသမီးသည် သူ၏လက်ထဲမှ တစ်စုံတစ်ယောက်က လုယူသွားသည်ကို သူမ၏စိတ်ထဲ၌ ဟိုကန်းစုကို ကယ်တင်ခဲ့သည့်လူပဲ ဖြစ်ရမည်ဟု ထင်ကောင်းထင်နေပေလိမ့်မယ်။ ထို့နောက် ပတ္တမြားကို စုံစမ်းရှာဖွေရင်း မိမိကို အဆိပ်အပ်နှင့် ပစ်သွားသည်။

ဒုတိယအချက်လည်း ရှင်းသွားပါပြီ။



ချူးချူး၏ စာထဲတွင် မြင်ရပါပြီဟုရေးသား၍ သခင်ကြီးကျီးထံသို့ ပို့ခြင်းမှာ သူမသည် ပတ္တမြားယူသွားသည့်အမျိုးသမီးကို တွေ့ရှိပါပြီဟု အကြောင်းကြားခြင်း ဖြစ်သည်။

ချူးချူး မိမိကိုခေါ်ခြင်းမှာ ယခု ကွီဝှားက မေးမြန်းသကဲ့သို့ မေးမြန်းရန်ပင် ဖြစ်ကြောင်း သိရှိလိုက်သည်။

သို့သော်မိမိမရောက်ခင် ပတ္တမြားယူသွားသည့်အမျိုးသမီးက ချူးချူး သူ့ထံသို့ လိုက်လာမှန်းသိ၍ သတ်ပစ် လိုက်ခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် သူမသည် ပတ္တမြားကို ဖျောက်ထားသည်မှာ အမှန်ပင် ဖြစ်ရမည်။

အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် သွေးရိုး သားရိုး ဆိုပါလျှင် ချူးချူးကို အမှန်အတိုင်း ရှင်းပြရုံသာ ရှိသည်။ သတ်ပစ်ရာမလိုပေ။

တစ်ဖန် မိမိထံသို့လာရောက်ခြင်းမှာလည်း ပတ္တမြား ခိုးယူဖို့ လာခြင်း မဟုတ်တော့ပါ။

သူမ၏စိတ်ထဲတွင် ဟိုကန်းစုသေပြီဟုထင်မှတ်နေရာမှ မိမိကို မြင်တွေ့ရသောအခါတွင် ပတ္တမြားကိစ္စပေါ်မည်စိုး၍ ဒုတိယ အကြိမ်သတ်ဖြတ်ခြင်းသာလျှင် ဖြစ်ပေတော့သည်။

ရှင်းသွားပါပြီ။

ထိုအခိုက်၊ သူမက

'ကဲ ရှင့်ဆီမှာ ပတ္တမြားမရှိပါဘူးလို့ ပြောမလား'

'မင်းက ကျုပ်ကိုအမှန်အတိုင်း ပြောပြတဲ့အတွက် ကျုပ်

ကလဲ မင်းကို ဘာကြောင့် ဟိုကန်းစုရဲ့ဘဝ ပြောင်းလဲရပါ သလဲဆိုတာ အမှန်အတိုင်း ပြောပြပါ့မယ်'

ချီလုယန်းက သူသည် ချီလုယန်းဟူသော လူစွမ်းကောင်း စုံစမ်းရေးသမားတစ်ယောက်ဖြစ်သည်ဆိုသည့် အချက်ကလွဲ၍

ဟိုကန်းစုကို အဆိပ်ဒဏ်ရာနှင့်တွေ့ရပုံ၊ ဟိုကန်းစုက သူ၏ ဘဝများကိုပြောပြပုံကအစ သနားစရာကောင်းသော ဟိုကန်းစု၏ မိသားစုအဖြစ်ကိုမကြည့်ရက်၍ ဤသို့ သရုပ်ဆောင် ထားပုံနှင့် အာမခံလုပ်ငန်း၏ တာဝန်အရ လာခဲ့ရပုံများကို အမှန်အတိုင်း ပြောပြလိုက်တော့သည်။

❀

အခန်း ၁၆။

## အမှောင်လမ်း

ဟိုကန်းစု ပြောလိုက်သော အကြောင်းအရာများကို သူမသည် ဂရုတစိုက် နားထောင်နေသည်။

သူမ၏မျက်နှာကို ကြည့်ရသည်မှာ ယုံကြည်မှုများ ရှိသည်ဟု လည်း ထင်ရပေသည်။

သူမသည် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချလိုက် သည်။

'ရှင် အမှန်အတိုင်း ပြောပြတယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒါပေမယ့် ရှင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ် ဆိုတာတော့ ထည့်မပြောမသေးဘူးနော်'

ဟိုကန်းစုက ခေါင်းကို မသိမသာကုတ်၍

'ကျုပ်ဟာ သာမန်လူသား တစ်ယောက်ပါပဲ'

'ခက်တာပဲ၊ ရှင်ဟာ ကျွန်မကို ခုထိလိမ်ချင်ပြန်ပြီ၊ ရှင်ဟာ ဘယ်နည်းနဲ့မှ သာမန်လူတစ်ယောက်မဟုတ်ဘူး၊ ကျွန်မရှင့် မျက်နှာကို အခုဖျက်ပြီး ကြည့်ရမလား'

ဟိုကန်းစု လက်ကာလိုက်သည်။

သူမကို လိမ်၍ညာ၍ ရမည်မဟုတ်မှန်းလည်းသိလိုက်၏။

အကယ်၍ မလွဲမရှောင်သာ တိုက်ခိုက် ရလျှင်လည်း ဖြစ်ချင်ရာဖြစ် တိုက်ခိုက်ရပေတော့မည်။

'ကျုပ်နာမည် ချီလုယန်းပါ'

သူမသည် တစ်ချက်စဉ်းစားလိုက်ပြီး ရုတ်တရက်အံ့သြသွားသလို ဆတ်ခနဲကြည့်လိုက်သည်။

'အို ချန်ကြူးမြို့မှာ နာမည်ကြီးသွားတဲ့ စုံစမ်းထောက်လှမ်းရေးသမား ချီလုယန်းကိုး၊ ရှင့်ဖခင်က တပ်မှူးချုပ်ကြီး မဟုတ်လား'

'မင်းကို ကျုပ် သိပ်အံ့သြသွားပြီ၊ မှန်ပါတယ်၊ မင်းရဲ့ ဗဟုသုတနဲ့အသိဉာဏ်က တော်တော်ကောင်းတာပဲ၊ ဒါပေမယ့်'

သူမက မဲ့ပြုံး ပြုံးလိုက်သည်။

'ရှင်ရဲ့ ဒါပေမယ့်ဟာ ဘာဆက်ပြောမယ် ဆိုတာ ကျွန်မ သိတယ်'

'အို တယ်ဟုတ်ပါလား'

'ရှင်ပြောချင်တာက ကျွန်မကို ဒီဒုစရိုက်ဂိုဏ်းထဲကို ရောက်နေတာ၊ ဒီအလုပ်မျိုးကို လုပ်နေတာရယ်၊ ဟင်း ဟင်း ဒါပဲ မဟုတ်လားရှင်'



သူမသည် ပြောပြီးသည်နှင့် အရက်ကရားထဲမှ အရက်များကို ငှဲ၍ တစ်ချီတည်း သောက်ချလိုက်လေသည်။

သူမသည် အရက်ဝမ်းထဲသို့ ရောက်သွားသည်နှင့် ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

သူမသည် ပြတင်းပေါက်မှတစ်ဆင့် တစ်စုံတစ်ယောက်ကို ခေါ်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်

သူမကို ဟိုကန်းစုက လက်ဖမ်းဆွဲ၍ သူ့ထံသို့ ဆွဲခေါ် လိုက်သည်။

ကဒ္ဒဝါးသည် အမှန်ပင် မူးနေပြီဖြစ်သည်။

ယိမ်းယိုင်၍ ပါလာသော်လည်း သူမက ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ ဟိုကန်းစုလက်ထဲမှ ရုန်းထွက်လိုက်၏။

လျင်လျင်မြန်မြန် သွက်သွက်လက်လက်ပင် ဖြစ်သည်။

'မင်းဘာလုပ်မလို့လဲ'

'ရှင့်ကိုတော့ ကျွန်မအနေနဲ့ ဘာမှမလုပ်ရက်ပါဘူး၊ သခင်ကြီးကျူးအနေနဲ့ကတော့ ရှင့်ကို အလိုရှိနေမှာအမှန်ပဲ၊ ဒီတော့'

'ဒါဖြင့် မင်းက၊ မင်းရဲ့လူတွေနဲ့ ကျုပ်ကို ဖမ်းမယ်ဆိုပါတော့'

ကဒ္ဒဝါးက

'ရှင့်ကို ပြန်လွှတ်ပေးလိုက်ရတဲ့အတွက် ကျွန်မ အသက်တော့ အသေမခံနိုင်ဘူးရှင်ရယ်'

'ကျုပ် မင်းဆီကို ရောက်နေတာ ဘယ်သူက သိလို့လဲ'

'ရှင့်ကို ထိန်းချုပ်ထားဖို့ ခုံးတိကျွးက ညွှန်ကြားတာရှင့်'

ဟိုကန်းစု ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

သူ စဉ်းစားရပြီ ဖြစ်သည်။

သခင်ကြီးကျိုးရဲ့ လူတွေကို တိုက်ခိုက်ရင်း ပြေးမလား။

ပြေး၍လွတ်နိုင်၊ မလွတ်နိုင်။

ဒုတိယအချက်

သခင်ကြီးကျိုးဆိုသူသည် မိမိအား မည်ကဲ့သို့ သဘောထားမည်နည်း။

သခင်ကြီးကျိုးသည် မည်သူနည်း။

ဟိုကန်းစု စဉ်းစားရင်း အကျပ်ရိုက်နေသည်။

ထို့နောက် သူသည် တစ်မျိုးစဉ်းစားမိသွားသည်။

'ကောင်းပြီလေ၊ ကျုပ်က အပြစ်ရှိတဲ့လူမှ မဟုတ်ဘဲ၊ မင်းတို့သခင်ကြီးကျိုးကို ရင်ဆိုင်ရဲပါတယ်၊ ဒါပေမယ့်ကျုပ်ကိုအချိန်တော့ ပေးပါဦးဗျာ'

ကွ ီဝှားက မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်က ညဏ်များဖို့ အချိန်တောင်းတာလား'

'မင်း ကျုပ်ကို မယုံဘူးနဲ့တူတယ်၊ ကျုပ်ပြောပြီးပြီမဟုတ်လား၊ မင်းတို့ရဲ့ ပင်စည်ကြီးကို ကျုပ်ရင်ဆိုင်ပါ့မယ်လို့၊ ဒါဆိုရင် မင်းရဲ့တာဝန်ကျေပြီပဲ၊ နောက်ပြီး ကျုပ်နဲ့ သခင်ကြီးကျိုးနဲ့က ရန်သူတွေမှ မဟုတ်ဘဲ၊ ပြဿနာတက်စရာအကြောင်းမရှိပါဘူး'

'ဒါကတော့ ရှင့်အကြောင်းပဲလေ၊ ကျွန်မကိုတော့ ရှင်ခွင့်လွှတ်စေချင်ပါတယ်'

'အင်း မင်းရဲ့တာဝကို ငါနားလည်ပါတယ်'



သူမက ဆတ်ခနဲ ကြည့်လိုက်သည်။

'ဘယ်လိုရှင့်၊ ကျွန်မဘဝကို နားလည်တယ် ဟုတ်လား၊ ဟား ဟား ရယ်ချင်လိုက်တာ၊ ရှင် ကျွန်မဘဝကို ဘာနားလည်တာလဲ၊ မိန်းမပျက်တစ်ယောက် ဖြစ်နေတာကိုပဲ ပြောမှာမဟုတ်လား'

ဟိုကန်းစု သက်ပြင်းချ၍ ခေါင်းယမ်းလိုက်သည်။

'မင်းအစစအရာရာကို ကြောက်နေရတဲ့ လူတစ်ယောက်လို့ ပြောချင်တာပါ'

'ဟင်း ဟင်း၊ တော်သေးတာပေါ့၊ ရှင် အချိန်တောင်းတာ ဘာလုပ်ဖို့လဲ'

ဟိုကန်းစုသည် အတန်တန်စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချလိုက်သည်။

'သန်းခေါင်လဲ ကျော်နေပြီဗျာ၊ ဒီတော့ ကျုပ်အဲဒီခုတင်ပေါ်မှာ စိတ်အေးလက်အေးနဲ့ တစ်ရေးလောက် အိပ်ချင်တယ်'

ကွ ီဝှား သူ့ကို တစ်ချက်ငေးကြည့်လိုက်သည်။

'အန္တရာယ်ကြားထဲမှာ တစ်ရေးလောက် အိပ်ချင်သေးတယ်ဆိုတာတော့ ကျွန်မအံ့သြတာအမှန်ပဲ၊ ဒါဆို ကျွန်မက အပြင်ကို ရှောင်သွားပေးရမှာလား'

ဟိုကန်းစုသည် ခုတင်ပေါ်သို့ ပစ်လှဲလိုက်သည်။

'ငါ့ဆန္ဒကိုပြောရင်ရော မင်းက ယုံမှာမှမဟုတ်ဘဲ'

သူမ မျက်မှောင်ကြုတ်၍ ကြည့်သည်။

'ပြောပါဦး၊ ရှင့်ဆန္ဒက'

ဟိုကန်းစုသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

‘ကျုပ်ဆန္ဒအမှန်ကို ပြောရမယ်ဆိုရင်၊ မင်း ကျုပ်အနား မှာပဲ အိပ်နိုင်ပါတယ်၊ မင်းသဘောမတူတဲ့ ကိစ္စကို ငါတစ်ခုမှ မချိုးဖောက်ပါဘူး’

သူမက ထူးဆန်းသည့်စကား ကြားရသကဲ့သို့တစ်ချက်ပြုံး လိုက်လေသည်။

‘ကျွန်မက သဘောတူတယ်ဆိုရင်ရော’

ဟိုကန်းစုက သူမကို ပြုံးပြလိုက်၏။

‘မင်းက သဘောတူရင်တော့ ခေတ္တခဏကလေးပဲဖြစ်ဖြစ် ပျော်ပျော်ကလေးနေချင်တယ်ဗျာ’

သူမသည် မဲ့ပြုံးတစ်ချက်ပြုံး၍ စားပွဲဆီမှ ကုလားထိုင် တွင် ဝင်ထိုင်လိုက်သည်။

ထိုနောက် အရက်အိုး အသစ်တစ်လုံးကိုဖောက်၍ ကရား ထဲသို့ထည့်သည်။ ကရားထဲမှ တစ်ဆင့် ပန်းကန်လုံးထဲသို့ငှဲ့ထည့် ကာ မသောက်သေးဘဲ ငေးငိုင် စဉ်းစားနေသည်ကို ဟိုကန်းစု သတိပြုမိသည်။

သို့သော် ဟိုကန်းစုသည် သူ့စကားအတိုင်းပင် စောင်ကို ခြုံ၍ တစ်ဘက်သို့လှည့်ကာ အိပ်ပစ်လိုက်တော့၏။

❀

ကွိဝှားသည် အရက် တစ်ခွက်နှင့် တစ်ခွက်ကို အချိန် အတော်ကြာမှ သောက်သည်။ ယခု အရက်နှစ်ခွက်တိတိ ကုန် သွားသည်။



သူမ စိတ်အထင်မှာ

ဟိုကန်းစုအသင့် ဆောင်ထားသည့် ချိုလုယန်းသည် သူမ အပေါ် ဉာဏ်နီဉာဏ်နက်ထုတ်၍ တစ်စုံတစ်ရာ ပြုလိမ့်မည်။

သို့မဟုတ်

သူမထံမှအရာကို အာသာငမ်းငမ်းဖြင့် တောင်းဆိုလိမ့် မည်ဟု ထင်ထားသည်။

သို့သော် သူမက သူ့ထံသို့ မသွားသောအခါ သူ့စကား အတိုင်းပင် တောင်းဆိုခြင်းမပြုတော့ဘဲ စိတ်ချလက်ချ အိပ်နေ သည်ကို တွေ့ရသည်။

ခပ်လှမ်းလှမ်းဆီမှ အစောင့်တစ်ဦး၏ သမ်းဝေလိုက်သော အသံကိုလည်း ကြားလိုက်ရလေသည်။

ကွိဝှားသည် အဆင့်မြင့် သိုင်းသမားတစ်ဦး ဖြစ်သည်။ သူမအနေဖြင့် လူတစ်ယောက် အမှန်တကယ် အိပ်ပျော်မပျော် အသက်ရှူသံကို နားထောင်ရုံနှင့် သိသည်။

အသက်ရှူသံ၏ ထွက်သက်နှင့် ဝင်သက်မှာ လုပ်ကြံမှုမရှိ ပကတိမှန်မှန်ပင် ရှူနေသည်ကို တွေ့ရသည်။

‘ဘယ်လိုလူစားမျိုးပါလိမ့်၊ အန္တရာယ်တွေ ဝိုင်းထားမှန်း သိလျက်နဲ့ ပျော်အောင် အိပ်နိုင်တယ်’

ကွိဝှား စိတ်ထဲမှ တွေးမိသည်။

သူမသည် မီးရောင်ကို ထပ်မံ၍မြှင့်ကာ ဟိုကန်းစု၏မျက်နှာ ကို အနီးကပ်သွား၍ ကြည့်လိုက်သည်။

သူမ၏ စိတ်ထဲတွင် ဝေဒနာတစ်မျိုး ခံစားသွားရသည်။

ချိုလုယန်းဆိုသူ၏ရုပ်သွင်သည် မည်သို့မည်ပုံရှိသည်ကို သူမ မသိနိုင်ပါ။

ယခု ဟိုကန်းစု၏အသွင်ဖြင့် အိပ်ပျော်နေသည်မှာ အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်နှင့်တူနေသည်ဟု သူမ ခံစားမိသည်။

ထိုသို့ ခံစားမိသည်နှင့်အမျှ သူမသည် တစ်စုံတစ်ရာကို သတိရလာပြီး မျက်လုံးအိမ်၌ မျက်ရည်များ ဝိုင်းလာသည်။

ထိုအဖြစ်ကိုတော့ ဟိုကန်းစု မသိနိုင်ပါ။

အိပ်ချင်ယောင် ဆောင်နေသည့် တိုင်အောင် မျက်လုံးကို စုံမှိတ်ထားသဖြင့် မြင်တွေ့နိုင်မည် မဟုတ်ပါ။

သူမသည် ဟိုကန်းစု ခြုံထားသောစောင်ကို ပြန်၍ ခွာချလိုက်သည်။ ဟိုကန်းစုမှာ လုံးဝ မနိုးသော်လည်း ဟိုဘက်သို့ စောင်းအိပ်ရာမှ သည်ဘက်သို့လှည့်စောင်းလိုက်သည်။

သူမက ဟိုကန်းစုမျက်နှာကို တစိမ့်စိမ့် ကြည့်နေရင်းမှ သူမ၏လက်သည် မီးတိုင်မှ အတင်အချခလုတ်ကို နှိပ်လိုက်သည်။

မီးရောင်က ခပ်မှိန်မှိန်ကလေးသာ ကျန်တော့သည်။

ထိုအချိန်၌သာ ဟိုကန်းစုက မျက်လုံးဖွင့်ကြည့်မည် ဆိုပါလျှင် သူမသည် မီးရောင်မှိန်မှိန်အောက်၌ သူမ၏ အတွင်းခံအင်္ကျီကို ချွတ်ပစ်လိုက်ပုံနှင့် အောက်ပိုင်း၌ ဝတ်ဆင်ထားသည့် အဝတ်တန်ဆာများကို တစ်ခုချင်း ခွာချလိုက်သည်ကို ရင်ဖိုစွာ တွေ့မြင်ရမည် ဖြစ်ပေသည်။

ထိုကိစ္စပြီးသည်နှင့် ကွီ/ဝှားသည် ဟိုကန်းစု၏ခန္ဓာကို သွား



ရောက်၍ဖက်ထားလိုက်သည်။ ထို့နောက် ဟိုကန်းစု၏မျက်နှာနှင့် သူမ၏မျက်နှာကို နီးကပ်စွာ ဖိကပ် ထားလိုက်လေသည်။

ထိုအခါ

ဟိုကန်းစု လက်များက လှုပ်ရှားလာသည်။

မကြာမီမှာပင် သူမသည် ဟိုကန်းစု၏ ရင်ခွင်ထဲ၌ တွန့်လိန် လူးလွန့်နေသည်ကို တွေ့လိုက်ရလေသည်။

သူမ၏လက်တစ်ဘက်က အနားတွင် ချိတ်ထားသောအဝတ်တစ်ခုကို ဆုပ်ကိုင်လိုက်ပြီး တစ်နေရာသို့ ပစ်ပေါက်လိုက်သည်။

မီးတိုင်က ဖျတ်ခနဲ ငြိမ်းသွားတော့၏။

အရာရာသည် မှောင်အတိဖုံးလွှမ်းသွားတော့သည်။

အခန်း ၁၃။

## ' ထွက်လမ်း '

အချိန်က အလွန်တိတ်ဆိတ်နေသော အချိန်ဖြစ်သည်။

စားသောက်ဆိုင် တစ်ခုလုံး ဧည့်ခိုသူများနှင့် စားကြသောက်ကြသူများလည်း အသီးသီး အိပ်မောကျကုန်ကြပြီဖြစ်သည်။

စားသောက်ဆိုင်၏ အစောင့်များ၊ သို့မဟုတ် ....

ပင်စည်ကြီး၏ အခက်အလက်များဟု ထင်ရသောသူ အချို့ထံမှသာ ဟူးဟူးဝါးဝါး သမ်းဝေလိုက်သည့်အသံနှင့် သီချင်းဆိုသံများ ကြားမိသည်။

တစ်နာရီကျော်ကျော်၊ သို့မဟုတ် နှစ်နာရီနီးပါး။

နှစ်ဦးသား လေ သံ က လေး များ နှင့် စကားပြောလိုက်



တခစ်ခစ် ရယ်မောလိုက်နှင့် အချိန်များ ကုန်လွန်ပြီးသည့်နောက်ပိုင်းတွင်-

ကွဲ ဝှားမှာ မောပန်းစွာ ငြိမ်သက်သွားလေသည်။

အိပ်ပျော်သည်၊ အိပ်မပျော်သည် မသိပါ။

သူမ ငြိမ်သက်သွားသည်မှာ အမှန်ပင် ဖြစ်၏။

မှုန်ပျပျအလင်းရောင်နှင့် ဟိုကန်းစုသည် စားပွဲဆီသို့ထလာပြီး ကုလားထိုင်တွင်ထိုင်ကာ သူမကိုပြန်ကြည့်လိုက်သည်။

သူမကား တုတ်တုတ်မျှ မလှုပ်ပါ။

ဟိုကန်းစုသည် ထိုသို့ငေးကြည့်ရင်းမှ

'ငါ မှားပြီလား၊ ငါလူ့ ကျင့်ဝတ်ကို ဖောက်ဖျက်မိပြီလား၊ ငါ မသူတော်တစ်ယောက် ဖြစ်သွားပြီလား'

သူသည် ချောက်ချားစွာ တွေးရင်းမှလည်း

'ခွင့်လွှတ်ပါ ကျင်းဖုံးရယ်'

ဟုလည်း လွမ်းလွမ်းဆွတ်ဆွတ် တိုင်တည်မိလိုက်သည်။

ကျင်းဖုံး၊ ချီလုယန်းချစ်ရသော ကျင်းဖုံး။

သူ၏စိတ်က တစ်ခဏချင်း ကျင်းဖုံးထံသို့ ရောက်ရှိသွားရပြန်တော့သည်။

❀

'ကျင်းဖုံး'

'ရှင် အစ်ကို'

'မနက်ဖြန်ကျရင် နှစ်သစ်ကူး နောက်ဆုံးနေ့မို့ အစ်ကို ဒီ နေရာကပဲ စောင့်နေမယ်နော်၊ ဟော ဒီ ဆိုင်ထဲမှာ မနက် မိုးလင်းကတည်းက လာထိုင်စောင့်နေမယ် ဟုတ်လား'

'တော်ပြီ အစ်ကို၊ ကျွန်မ ဒီတစ်ခါတော့ သေသေချာချာ မှာခဲ့ပါရစေ၊ အစ်ကို့ကို ကျွန်မ ထပ်တွေ့ခွင့်ပေးနိုင်မှာမဟုတ် တော့ဘူး၊ ဒါမှ အစ်ကိုက လာစောင့်နေမယ်ဆိုရင်တော့ ကိုယ့် ဒုက္ခ ကိုယ်ရှာတာနဲ့ အတူတူပါပဲ၊ ကဲ ကျွန်မ သွားတော့မယ်'

'ညီမ ဘာပဲပြောပြော အစ်ကိုကတော့ မနက် မိုးလင်း ကတည်းက ဟောဒီဆိုင်မှာ လာထိုင်နေမှာဘဲဗျ၊ ညီမက မသနားလို့ မချစ်လို့မလာရင်လဲကိုယ့်ထိုက်နဲ့ကိုယ့်ကံပါပဲ၊ ဟောဒီ ဆိုင်ထဲမှာပဲ ရက်တွေတာယ်လောက်ကြာကြာ လတွေဘာယ်လောက် ကြာကြာ ထိုင်စောင့်နေတော့မယ်'

ကျင်းဖုံးက

'ဒါကတော့ အစ်ကို့သဘောပါပဲရှင်၊ ကဲ ကျွန်မ ပြန်မယ်'

ဟု ပြောဆိုကာ ကျင်းဖုံးသည် သွက်သွက်ကလေးပင် ဆိုင် ထဲမှ ထွက်သွားလေတော့သည်။

အပြင်တွင် ဆိုင်းသံဗုံသံများက ဆူညံနေပေသည်။

❀

နှစ်သစ်ကူးပွဲတော်၏ နောက်ဆုံးနေ့။

ချီလုယန်းသည် အများက ကဲတယ်ပဲပြောပြော၊ သူသည် နောက်တစ်နေ့၌ မိုးလင်းကတည်းက ရောက်ရှိနေပေသည်။



သူသည် ထိုဆိုင်၌ပင် မနက်စာရော ညစာပါ မှာယူ စား သောက်ပြီး ထိုင်စောင့်နေခြင်း ဖြစ်သည်။

ထိုညတစ်ညလုံး စောင့်နေ၏။

ညဉ့်နက်လာလေ၊ ချီလုယန်း၏စိတ်များက လှုပ်ရှားလာလေ ဖြစ်လာသည်။

'ဩော် သူတကယ် ငါ့ကို မညှာတာပါလား'

'သည်လိုလဲ ဟုတ်မယ်မထင်ပါဘူး၊ သူ့မှာ အခက်အခဲတွေ များ ရှိနေသလားမှ မသိဘဲ'

ချီလုယန်း သူ၏စိတ်ကို အမျိုးမျိုးဖြေသိမ့်၍စောင့်ဆိုင်း၏။

သန်းခေါင်ကျော်တော့ ဆိုင်ရှင်က သတိပေးမှ သူသည် ဆိုင်ရှေ့တွင်ထွက်၍ ထိုင်လိုက်သည်။

ဆိုင်တံခါးက ပိတ်သွားသည်။

ထိုည မိုးလင်းသည်အထိ သူမသည် အမှန်တကယ်ပင် မလာ တော့ပါ။

❀

နောက်တစ်နေ့ ဆိုင်တံခါး ဖွင့်သောအခါ ဆိုင်တာဝန်ခံ မှာ ချီလုယန်းကို မျက်လုံးကြီး ပြူး၍ ကြည့်လိုက်တော့သည်။

'အို ခင်ဗျား တစ်ညလုံး ဒီမှာပဲ အိပ်နေတယ် ဟုတ်လား'

ချီလုယန်းက ရယ်မော၍

'ဟုတ်တယ်ဗျ၊ ခင်ဗျားဆိုင်မှာ နေရတာ စိတ်ချမ်းသာလို့'

ဆိုင်တာဝန်ခံသည် ချီလုယန်းကို လူထူးလူဆန်းတစ်ယောက်ကဲ့သို့ ငေးကြည့်နေမိသည်။

ချီလုယန်းက ဂရုမစိုက်ပါ။

သူသည် ဆိုင်ထဲသို့ ဝင်ကာ စောစောစီးစီးပင် နံနက်စာကို မှာကြားလိုက်လေတော့သည်။

ချီလုယန်းသည် အလွန် ဇွဲကြီးသည်ဟု ဆိုရမည်။

သူသည် ပြောသည့်အတိုင်းပင် ယနေ့လည်း တစ်နေ့လုံး ထိုဆိုင်ထဲက လုံးဝ ထွက်မသွားပါ။

သူသည် နေ့လည်စာ စားပြီးကတည်းက စားပွဲပေါ်သို့ လက်နှစ်ဘက် ယှက်တင်ကာ မျက်နှာကိုမှောက်၍ အိပ်နေတော့သည်။

သူ၏ ဆုံးဖြတ်ချက်သည် ကျင်းဖုံးနှင့် မတွေ့ရမချင်း ဤဆိုင်မှာပင် နေမည်ဟု အမှန်တကယ် ဆုံးဖြတ်ထားပေသည်။

သို့သော် ချီလုယန်း ကံကောင်းသည်။

ညနေစောင်း၌ မိန်းကလေးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာကာ တိုကြည့်သည်ကြည့်နှင့် တစ်စုံတစ်ယောက်ကို ရှာနေသည်။

ထိုစဉ် သူမကို မှတ်မိသော ဆိုင်တာဝန်ခံက စားပွဲပေါ် မှောက်လျက်သား အိပ်နေသည့် ချီလုယန်းကို လက်ညှိုးထိုးပြ၍

'ဩော် မိန်းကလေး၊ ခင်ဗျားရဲ့ မိတ်ဆွေကတော့ ဟိုတစ်နေ့ ခင်ဗျားပြန်သွားကတည်းက ဒီဆိုင်ဟာ သူ့ဆိုင် ဖြစ်နေပြီ၊ ခင်ဗျား မြင်တဲ့အတိုင်းပဲ'

ကျင်းဖုံး တအံ့တသြဖြင့်



'ဟင်' ဖြစ်ရလေ အစ်ကိုရယ်'

သူမက ခပ်တိုးတိုးညည်းတွား၍ စားပွဲသို့ လျှောက်သွားသည်။

'အစ်ကို'

နှစ်ခါ မခေါ်ရပါ။ နားပါးလှသည့် ချီလုယန်း ဆတ်ခနဲ မော့ကြည့်သည်။

ကျင်းဖုံးကို မြင်လိုက်သည်နှင့် ထခုန်လိုက်၏။

'ဩော် ညီမ၊ ညီမ လာတာယ်နော်၊ ဝမ်းသာလိုက်တာ-ဟင်'

သူသည် ဝမ်းသာအားရ ပြောလိုက်ပြီးမှ သူမ၏ မျက်နှာကို သေသေချာချာကြည့်၍ ဟင်-ဟု အံ့သြသွားခြင်း ဖြစ်လေသည်။

ယင်းသို့ ဖြစ်ရသည့်အကြောင်းမှာ ကျင်းဖုံး၏ ဖွေးဥနေသော မျက်နှာကလေးတွင် အချို့နေရာများ၌ ဖူးရောင်ညိုမည်းနေသော နေရာကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

'ဟင် ညီမမျက်နှာ'

သူ့စကား မဆုံးမီ ကျင်းဖုံးသည် ဝမ်းနည်းပက်လက် ချုံးပွဲချ၍ ရှိုက်ငိုပါတော့သည်။

'ကျင်းဖုံး၊ ညီမ ဘာဖြစ်လာတာလဲ၊ အစ်ကို့ကို ပြောပြစမ်းပါ'

သူမသည် ကျိတ်၍ငိုယိုနေဆဲ ဖြစ်သောကြောင့် ချီလုယန်းက သူ၏မေးခွန်းကို ရပ်တန့်၍ သူမ၏ လက်ကလေးကို ဖျစ်ညှစ်ကာ အားပေးလိုက်သည်။

'ညီမ့၊ အစ်ကို့ကို ပြောပြပါ၊ ဘာဖြစ်လို့လဲဟင်'

'မသိချင်ပါနဲ့ အစ်ကိုရယ်၊ အစ်ကို တစ်ညလုံး တစ်နေ့လုံး ဒီမှာ ဒုက္ခခံနေတာကိုပဲ ကျွန်မ စိတ်မကောင်းပါဘူး'

ချီလုယန်းက လက်ယမ်းလိုက်သည်။

'ထားစမ်းပါ၊ အစ်ကိုက ဘာဒုက္ခမှ မရောက်ဘူး၊ ညီမ ဘာဖြစ်လာသလဲ ပြောပါ'

မေးလွန်းမက မေး၍ သူက ဖျစ်ညှစ်၍ ပြောလိုက်သည်။

'အစ်ကို ဒီမှာ စောင့်မယ်ဆိုတာ ယုံတယ်၊ ဒါကြောင့် ကျွန်မ အိမ်က ခိုးထွက်တာ သိသွားလို့ အရိုက်ခံရတာ'

'ဟာ အစ်ကို စိတ်မကောင်းပါဘူး ညီမရယ်၊ ဒီမှာညီမ အစ်ကို့ကို ချစ်ရင် ဖွင့်ပြောလိုက်ပါ၊ အစ်ကို့ ဖေဖေ ကို ခေါ်ပြီး လူကြီးချင်း စကားပြောပါ့မယ်'

'အို မဖြစ်ဘူး၊ မဖြစ်ဘူးအစ်ကို'

သူမ ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။

'ဟင် ဘာလို့ မဖြစ်တာလဲ၊ အစ်ကိုက သူခိုး ဂြမ်းပိုး တစ်ယောက်မှ မဟုတ်ဘဲ၊ မိကောင်းဖခင် သားသမီးပီပီ လက်ထပ်ယူမှာပါ'

'ဒီမှာအစ်ကို၊ အစ်ကို လက်လျှော့လိုက်ပါ၊ မဖြစ်ဘူးနဲ့ တူပါတယ်'

'အို မဖြစ်ဘူးဆိုတာ ရှိကို မရှိဘူး၊ အစ်ကို ကိုယ်တိုင် လိုက်ပြီး ဖွင့်ပြောမယ်'

'အစ်ကို၊ ကျွန်မကို ချစ်တယ်ဆို'

'ချစ်တာပေါ့'



'ချစ်ရင် ကျွန်မစကား နားထောင်ဦးလေ'

'ကောင်းပါပြီ ပြောပါ'

'အစ်ကို့ကို ကျွန်မချစ်ပါတယ်'

'ယုံပါပြီ ယုံပါပြီ'

ချီလုယန်းနှင့် ကျင်းဖုံးတို့၏ အချစ်သည်— အများတကာထက် ပိုလွန်းသည်ဟု ဆိုချင်ဆိုနိုင်ပါသည်။ တစ်ယောက်အပေါ် တစ်ယောက် ငုံထားမဘတ် ချစ်နေမိကြ၏။

သူတို့သည်

ယခုအခါ စမ်းချောင်း ကလေးအနီး၌ ထိုင်၍ ချစ်တင်းနှီးနှောနေကြသည်။

ချီလုယန်း၏ ပေါင်ပေါ်၌ ကျင်းဖုံးကခေါင်းတင်၍ လှဲနေသည်။

ချီလုယန်း၏လက်ထဲမှ မြက်ပင်ကလေးတစ်ပင်က သူမ၏ မျက်နှာကို နေရာအနှံ့ ပွတ်သပ်နေ၏။

'ဟာ အစ်ကိုကလဲ၊ မျက်နှာယားတာပေါ့'

'ဒါဖြင့် ဒီမြက်ပင်ကလေးနဲ့ မပွတ်ဘူး၊ နှာခေါင်းနဲ့ ပွတ်မယ်လေ'

'ဟာ အစ်ကိုမကောင်းဘူး၊ ပါးစပ် သိပ်သရမ်းတာပဲ'

'ချစ်တာကိုးဗျ'

'ချစ်တာ ဒီလိုပဲ ပြောရသလား အစ်ကိုရဲ့'

'ဒါထက်ပိုပြီး ပြောရတယ်ဗျ'

'ဟင်း သူပြောလေ ကဲလေပဲ'

'ညီမ အစ်ကိုတို့ လက်ထပ်ကြမယ်၊ကြာရှည်အစ်ကိုမစောင့်နိုင်တော့ဘူး'

သူမသည် မျက်နှာညှိုးသွားပြီး လွှဲလျောင်းနေရာမှထထိုင်လိုက်သည်။

'စောင့်ပါဦးလား အစ်ကိုရယ်'

'ဒီမှာညီမ၊ အစ်ကို ဘယ်လောက်အထိ မေတ္တာထားတယ်ဆိုတာ ညီမသိပါတယ်နော်'

'သိပါတယ်ကွယ်'

'ဒါပေမယ့် ညီမက အစ်ကို့ကို ညှဉ်းဆဲထားတယ်၊ခုချိန်ထိ ညီမဘယ်မှာနေမှန်း မသိရအောင် လျှို့ဝှက် နိုင်လွန်းတယ်၊ နောက်ပြီး မိဘဆွေမျိုး ဘယ်သူဘယ်ဝါဆိုတာလဲ ခုထိပြောမပြဘူး၊အစ်ကိုစုံစမ်းရင် ညီမကမုန်းမှာပဲဆိုလို့ အစ်ကိုမစုံစမ်းပါဘူး၊ နောက်ပြီး တစ်လမှ တစ်ခါပဲ တွေ့ခွင့်ပေးတယ်ဆိုတော့ မလွန်လွန်းဘူးလား'

'အစ်ကိုက ကျွန်မမျက်နှာ ဖူးရောင်နေတာကို မြင်ချင်လို့လားဟင်'

ချီလုယန်း သက်ပြင်း ချလိုက်သည်။

'အဲဒါကို မမြင်ချင်လို့ အစ်ကို ဒီလောက်အထိ သည်းခံတာပေါ့ ညီမရယ်၊ နို့မို့လား၊ ညီမနဲ့ပတ်သက်ရင် ဘာမဆိုရင်ဆိုင်မယ် သိလား'



သူမက ပြုံး၍

'ကြမ်းလှချည့်လား၊ စိတ်ကိုခဏတော့ လျှော့ထားပါ'

'ဟင့်အင်း အစ်ကို စိတ်ကို ဆက်လက်ပြီး မထိန်းနိုင်တော့ဘူး'

'အို ကြောက်စရာကြီးပါလား'

ကျင်းဖုံးသည် ထိုသို့ပြော၍ သူ့အနားမှထပြီးပြေးသည်။ စမ်းချောင်းကလေးအတိုင်း ရှေ့မှပြေးသည်။

'ဩော် တော်တော်ဆိုးတဲ့ကောင်မလေးပဲ၊ တာရမလဲ'

ချီလုယန်းက နောက်မှပြေးလိုက်သည်။

သာယာသော ညနေဆည်းဆာအချိန်ကလေးကို ကျင်းဖုံး၏ ခပ်သဲ့သဲ့ ငိုရှိုက်နေသံက ဖုံးလွှမ်း၍ အကျည်းတန် သွားစေပေသည်။

'ညီမ မငိုပါနဲ့ကွယ်၊ ဒါငိုစရာလား'

ကျင်းဖုံး နှုတ်ဆိတ်နေ၏။

ငိုရှိုက်သံသာလျှင် ထွက်ပေါ်နေ၏။

'ညီမ၊ ကျင်းဖုံး၊ မငိုနဲ့လေကွယ်၊ အစ်ကို စိတ်မကောင်းအောင် မလုပ်ပါနဲ့'

ငိုရှိုက်သံက တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်။ ထို့နောက် သူမ၏တိုးညင်းသောအသံထွက်ပေါ်လာသည်။

'အစ်ကို'

'ပြောလေ၊ ညီမ'

'အစ်ကို ညီမကို တကယ်ချစ်တယ်နော်'

'အို ပြောစရာ လိုသေးသလားကွယ်'

'အစ်ကို ညီမကလွဲပြီး ဘယ်သူ့ကိုမှမယူပါဘူး၊ မဖောက်ပြန်ပါဘူးလို့ သစ္စာပြုမလား'

'အံမာလေးစိတ်ချ၊ ပြုစံ့ပါတယ်၊ အစ်ကို ညီမကလွဲပြီး ဘယ်သူ့ကိုမှ မမျှော်မှန်းပါဘူးကွယ်'

'အစ်ကို တကယ်ပြောတာနော်'

'တကယ်မဟုတ်ဘူး၊ နှစ်ကယ်'

သူမက ပြုံးလိုက်ပြီး

'ဒါဖြင့် ညီမအိမ်မပြန်တော့ဘူး'

ချီလုယန်း အံ့သြလွန်း၍ နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

'ပြန်ပြောစမ်း၊ ညီမ ဘာပြောတယ်'

'ညီမ မပြန်တော့ဘူး၊ တခြားနယ်မှာ လက်ထပ်ပြီးနေကြမယ်'

ချီလုယန်း ပါးစပ်ဟလိုက်သည်။

'ဟာ တကယ်လား၊ ညီမတကယ်ပြောတာလား'

ကျင်းဖုံးက ခေါင်းညိတ်၍

'တကယ်ပေါ့အစ်ကိုရယ်၊ ညီမ မညာပါဘူး၊ အစ်ကိုနဲ့ မခွဲချင်တော့ဘူး ဖြစ်သလို ရင်ဆိုင်ဝံ့ပါတယ်'



'ဟော့ ငါ့လောက်ကံကောင်းတဲ့လူ လောကမှာ မရှိတော့ဘူးကွ၊ ငါဒီနေ့ ဝမ်းအသာဆုံးပဲ'

ချီလုယန်းသည် ထခုန်ရင်း ဝမ်းသာအားရပြောလိုက်သည်။

သူသည် ကျင်းဖုံးကို ဖက်ထားရင်းမှ တဲအပြင်ဘက်သို့ ထွက်လာခဲ့၏။

ထိုစဉ် ရုတ်တရက်

ချီလုယန်းသည် ထူးဆန်းသောမြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ချီလုယန်းကသာ ထူးဆန်းသည်ဟု ထင်လိုက်သော်လည်း ကျင်းဖုံး၏ မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူဖပ် ဖြူရော် ဖြစ်သွားလေတော့သတည်း။

❀

ဟိုကန်းစု အံကိုကြိတ်၍ မျက်နှာကို စားပွဲပေါ်သို့ မှောက်ချထားလိုက်သည်။

သူ ဆက်လက်၍ မတွေးချင်တော့ပါ။

မတွေးဝံ့တော့ပါ။

သူ၏အတိတ်ဆီက အတွေးများကို ထိုနေရာ၌ပင် ရပ်တန့်၍ ထားလိုက်တော့သည်။

'ငါ ကတိပျက်သွားရပြီပေါ့၊ ကျင်းဖုံးရယ်'

သူသည် အတွေးကို ရပ်ပစ်လိုက်ပြီး ခပ်တိုးတိုး ညည်းရင်းမှ

ခုတင်ပေါ်တွင် အိပ်နေသည့် ကွိဝှားကို လှမ်းကြည့်လိုက်မိသည်။

ကွိဝှားကား အိပ်ပျော်သွားခြင်း မရှိပါပေ။

သူမသည် ပင်ပန်းနွမ်းနယ်၍သာ ခေတ္တခဏလေး မှိန်းနေခြင်း ဖြစ်ပေသည်။

သူမသည် ငြိမ်သက်စွာ မှိန်းနေရင်းမှ

ဟိုကန်းစု၏ အမူအရာကို တစ်စေ့တစ်စောင်း အကဲခတ်နေခြင်းသာလျှင် ဖြစ်တော့သည်။

ဟိုကန်းစု အမည်ခံ ချီလုယန်းသည် ဘယ်လိုလူစားပါလိမ့်။

မိမိသည် အမှန်ပင် ပင်ပန်းနွမ်းနယ်စွာဖြင့် ခေတ္တခဏ မှိန်းသွားခြင်းဖြစ်သည်။

ထိုအချိန်ကို အခွင့်ကောင်းယူ၍ ပြေးလျှင်လည်း ပြေးပါစေတော့ဟူ၍ပင် မိမိက သဘောထားလိုက်သည်။

သို့သော် သူသည် မပြေးသည့်အပြင် အရက်ကိုပင် စိမ်ပြေနပြေ သောက်၍ ငိုင်နေသည်ကိုတွေ့ရသောအခါ အံ့သြသွားသည်။

သူသည် ပေးထားသည့်ကတိအတိုင်း မိမိ၏တာဝန်ဝတ္တရား ပျက်ကွက်မည်စိုး၍ မိမိအား ဒဏ်ခတ်မည်ကိုစိုးရိမ်၍ မပြေးခြင်းပင် ဖြစ်လေသလား။

သို့တည်းမဟုတ်၊ သူသည် သခင်ကြီး ကျိုး ဆိုသူနှင့်ပင် အမှန်တွေ့လို၍ ဖြစ်ချင်ရာဖြစ်ဆိုပြီး နေခြင်းပေလား။

သူမသည် ခွဲခြား၍ သိချင်လာသည်။



အကယ်၍ သခင်ကြီး ကျိုးကို တွေ့ချင်သည် ဆိုလျှင်တော့ ထိုကိစ္စကို လက်လျော့ပါဟု တိုက်တွန်းလိုက်ချင်သည်။

အဘယ့်ကြောင့်ဆိုသော် သခင်ကြီး ကျိုး ဆိုသည့်ပုဂ္ဂိုလ်ကို သူမကိုယ်တိုင်ပင် တစ်ကြိမ်တစ်ခါမှတွေ့ခွင့်မရသောကြောင့် ဖြစ်လေသည်။

နောက်တစ်ခု၊ ကွိဝှားမှာ ထူးထူးခြားခြား ခံစားချက် တစ်ခုပေါ်ပေါက်သွားရသည်။

သူမ၏ ဘဝကို သူမ မရှက်နိုင်ပါ။

အမှန်အတိုင်းကို ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် သူမ၏ ဘဝသည် ချီလုယန်း အပါအဝင် ယောကျ်ား ငါးယောက်မျှနှင့် ဆက်ဆံခဲ့ဖူးပါသည်။

လူတိုင်း လူတိုင်းသည် လူသားဆန်သော စိတ်ထားမျိုးမရှိကြပါ။

ချီလုယန်းထက် ဦးစွာ တွေ့ခဲ့ရသော လူလေးယောက်သည် ကွိဝှားကို ငွေပေးသည်မှာ ရက်ရောပါ၏။

ထိုသို့ ရက်ရက်ရောရော ပေးရသည့် အတွက်ကြောင့်လည်း ထိုသူသည် ကွိဝှားကို အရုပ်တစ်ရုပ်ကဲ့သို့ သဘောထားကာ လုံးဝ ညှာတာမှုမရှိခဲ့ပေ။

အလွန်ကြမ်းတမ်းသည်။ အလွန်ရက်စက်သည်။

ယုတ်စွအဆုံး သူတို့စိတ်တိုင်းမကျလျှင် ကွိဝှားကို ဆောင့်ကန်၏။

လည်မျိုကိုညှစ်၏။

သူမအဖို့ အဖျက်အဆီးခံ အညှဉ်းဆဲခံ စက်ရုပ်တစ်ရုပ် ဖြစ်ခဲ့ရသည်။

ညှာတာမှုကင်းလှသည့် လူသားများ။

ဟိုကန်းစုသည် လူသားများထဲက လူသားတစ်ယောက်ပင် ဖြစ်ပါသည်။

သို့သော် မတူပါ။

သူသည် သူမအပေါ်၌ ပန်းလှလှကလေး တစ်ပွင့်ကို ရရှိထားသော မိန်းကလေးတစ်ဦးကဲ့သို့ နူးနူးညံ့ညံ့ ဆက်ဆံ၏။

မြတ်နိုးစရာအရုပ်ကိုရရှိထားသည့် ကလေးတစ်ယောက်ကဲ့သို့ ဆက်ဆံ၏။

ကွာပါဘိခြင်း။

အစစအရာရာ ကွာခြားပါဘိခြင်း။

သည်တော့

ဟိုကန်းစုကို ကွီဝှားအနေဖြင့် အဆိုးထဲမှ အကောင်းနတ် ဆိုသကဲ့သို့ လေးစားလာရသည်။

သူသည် သာမန်ယောကျ်ားတစ်ဦးဖြစ်သောကြောင့် အတွေ့ကို မရှောင်ကြဉ်နိုင်သော်လည်း

ယဉ်ကျေးသည်၊ သိမ်မွေ့သည်၊ လူသားဆန်သည်။

သည်တော့လည်း တစ်ဘက်သားမှာ စိတ်ချမ်းသာမှု အပြည့်အဝနှင့် ကြည်နူးရသည်။

သူသည် တစိမ့်စိမ့်တွေးရင်းမှ အဝတ်အစားအချို့ကိုပြန်၍ ဝတ်ဆင်လိုက်သည်။

ဟိုကန်းစုမှာတော့ ရောမပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိ



လိုက်[illegible]ည့်[illegible] [illegible]နောင်တ [illegible]စ်သီ[illegible]ဘန်းကြီးနှင့်တွေးတော ငေး[illegible]နေသည်။

'အမ်ကဲ'

ဟု ကွီဝှားက မိမိ၏အနားတွင်ထိုင်၍ ခေါ်လိုက်မှ ဟိုကန်းစု သတိဝင်လာသည်။

'ဩြော် ကွီဝှား၊ ရော့ ကျုပ် အရက်ငှဲ့ထားပေးတယ်'

သူက ကြည်ဖြူစွာပင် အရက်ခွက်ကို လှမ်းပေးသည်။

'မိုးလင်းတော့မယ်၊ အစ်ကို မအိပ်သေးဘူးလား'

'မိုးလင်းတော့မှာမို့ မအိပ်တာပါ'

သူမက ခပ်ငေးငေးကလေး သူ့ကိုပြန်ကြည့်ကာ

'ဘာယ်လို အစ်ကို ဘယ်လိုပြောတယ်'

'မိုးလင်းတော့မယ်လေ၊ မင်းမှာ ဝတ္တရားရှိတဲ့အတိုင်း ဆက်လုပ်ပေါ့ဗျာ၊ ကျုပ်က ကတိဖျက်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ'

ကွီဝှား သက်ပြင်းချ၍ ခေါင်းကို တဖြည်းဖြည်း ခါယမ်းကာ ဟိုကန်းစုကို မြတ်မြတ်နိုးနိုး ငေးမောကြည့်နေမိသည်။

နှလုံးသားစစ်ဆင်ရေး။

ထိုနှလုံးသားစစ်ဆင်ရေးသည် ချီလှယန်း စုံစမ်း ထောက်လှမ်းရေး သင်တန်းမှ ပို့ချချက် တစ်စိတ်တစ်ဒေသ ဖြစ်သည်။

သင့်အဖို့ အမျိုးသမီးတစ်ဦး၏ စက်ကွင်းထဲသို့ ရောက်ရှိပါက လွတ်မြောက်ရန် နည်းလမ်းအချို့ ရှိပါသည်။

မည်မျှပင် ကြမ်းတမ်းခက်ထန်သည့် အမျိုးသမီးဖြစ်ပါစေ၊ သူတို့ကို ဒေါသနှင့်မကြည့်ပါနှင့်၊ ဒေါသနှင့် မဆက်ဆံပါနှင့်၊ လုပ်ချင်ရာလုပ်ပါဗျာ၊ ကျုပ်ရဲ့အသက်ရော အသည်းရော နှလုံး

ရော အပ်နှင်းပါတယ်ဆိုပြီး သတ်မည့်ဆဲဆဲ သူမရဲ့ရှေ့မှာ အပူအပင်ကင်းစွာဖြင့် အိပ်ပစ်လိုက်ပါ။ သင့်မျက်နှာကို တစ်ကြိမ်တော့ ထိုအမျိုးသမီးကကြည့်မိပါလိမ့်မည်။ ထိုအခါမှာကိုးဆယ်ရာခိုင်နှုန်း သူမအနေဖြင့် သတ်ဖို့ ဝန်လေးသွားပေလိမ့်မည်။

အကြောင်းမှာ-

ထိုသတ်မည့်သူသည် အမျိုးသမီး ဖြစ်နေခြင်းကြောင့် သင့်ထက် အသက်ကြီးလွန်းသူဖြစ်ပါက မိခင်စိတ် ဝင်သွားပါလိမ့်မည်။

မိခင်စိတ် ကင်းသော အမျိုးသမီးကား ခပ်ရှားရှားပင်။

သင့်ထက် အသက်အနည်းငယ်သာ ကြီးပါက အစ်မကြီးတစ်ယောက်၏စိတ်မျိုး ဝင်သွားတတ်ပြီး အပြစ်မှ ခွင့်လွှတ်တတ်သည်။

သင့်အသက်နှင့် တူညီနေပါက ချစ်သူစိတ်ဝင်၍ ခွင့်လွှတ်တတ်သည့်သဘော ရှိသောကြောင့် အမျိုးသမီး ရန်သူနှင့်တွေ့ရှိပြီး အကျပ်အတည်း ကြုံတွေ့ပါက ထိုနည်းကို သုံးကြည့်ပါ။ ကိုးဆယ်ရာခိုင်နှုန်း အောင်မြင်နိုင်သည်။

ကျန်သော ဆယ်ရာခိုင်နှုန်းမှာ အလွန်တရာ အကြင်နာကင်းမဲ့သော အမျိုးသမီးသာ ဖြစ်ရပေမည်။

သတိပြုစရာမှာကား ယောကျ်ားရန်သူကို ဤနည်းသုံး၍မရပါ။ ချီလုယန်းသည် ထိုနည်းဖြင့် ယခု အောင်မြင်သည်ဟု ဆိုရပေမည်။

သူမသည် ဟိုကန်းစုကိုစေ့စေ့ကြည့်၍ ဒုက္ခပေးလိုစိတ်များလွင့်ပျောက်နေပါသည်။



သူမ၏ရင်ထဲ၌ ချီလုယန်းကို မိခင်တစ်ယောက်၏ စိတ်မျိုးနှင့်လား၊ သို့မဟုတ် အစ်မကြီး တစ်ယောက်၏ စာနာမှုမျိုးနှင့်လား၊ သို့မဟုတ်ချစ်သူတစ်ယောက်လို သနားသွားခြင်းလား၊ အတတ်မပြောနိုင်ပါ။

ဟိုကန်းစုအနေဖြင့်လည်းသူမှန်းဆ၍ပစ်လိုက်သောမြားသည် သူမ၏ရင်ဝတည့်တည့်သို့ စိုက်ဝင်နေပြီ ဖြစ်ကြောင်း သဘောပေါက်နေပါသည်။

သူစိတ်အနည်းငယ်မကောင်းဖြစ်သွားသည်ကချစ်သူကျင်းဖုံးကြောင့်သာ ဖြစ်ပါသည်။

သူမသည် တစ်ချက်ပြုံး၍ သူ့ကိုကြည့်ကာ

'ဟုတ်တယ်၊ မိုးလင်းတော့မယ်၊ အစ်ကို လာလမ်းအတိုင်းပြန်တော့နော်'

ဟိုကန်းစုက တကယ်ပင် အံ့သြသွားသည်။

သူမ ဤမျှအထိ ခွင့်ပြုမည်ဟု မထင်ပါ။

'ဟင် မင်းကို အပြစ်ပေးမှာပေါ့၊ မင်း ဘယ်လိုရင်ဆိုင်မလဲ'

'အစ်ကို ကျွန်မကို အဲဒီကုလားထိုင်နဲ့ မညှာမတာ တစ်ချက်တော့ ရိုက်ရမှာပဲ'

ဟိုကန်းစု သဘောပေါက်သွားသည်။

သူမကို ရိုက်နှက်ပြီး ထွက်ပြေးသွားသည့်သဘော။

ဟိုကန်းစုကပြုံး၍ ခေါင်းယမ်းလိုက်သည်။

'ကျုပ် မင်းကို ရိုက်လဲမရိုက်ရက်ဘူး၊ နောက်ပြီးမင်းနာမည်လဲ လုံးဝမပျက်စေရဘူး၊ မင်းတာဝန်အရ ကျုပ်ကို ဖမ်းပို့ပါ၊ နောက်ပိုင်းဖြစ်လာသမျှဟာ ကျုပ်ကြောင့်ပါပဲ'

ကွီဝှား သက်ပြင်းချလိုက်သည်။

'အစ်ကို စဉ်းစားနော်၊ သခင်ကြီးကျူးဟာ အင်မတန်အဖိုးထိုက်တန်တဲ့ ပတ္တမြားကြီးကို လိုချင်တဲ့ စိတ် သိပ်ပြင်းထန်နေတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်လာသမျှ မှားတာမှန်တာအပထားသူက ရက်စက်မှာတော့သေချာတယ်၊ ဒါကြောင့် ရှောင်ရှားခိုင်းတာပါ'

'ကျုပ်ကို အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ မင်းကိုလဲ ကျုပ်တစ်ခုပြောပါရစေ'

'ဘာလဲဟင်'

'မင်း သူတို့ရဲ့ ညှန်ကြားခိုင်းစေမှု ခံနေရတဲ့ဘဝက လွတ်အောင် အမြန်ဆုံးရုန်းထွက်ပါ၊ ချူးချူးတော့ သေသွားရှာပြီ'

'ရှင် ချူးချူး သေသွားပြီဟုတ်လား၊ ဘယ်သူသတ်တာလဲ' ထိုအခါ

ချူးချူးနဲ့ တွေ့ရပုံ၊ ချူးချူးသေရပုံနှင့် မိမိလည်းလုပ်ကြံခံရပုံကိုပါထည့်၍ ရှင်းလင်း ပြောပြလိုက်တော့သည်။

---

ကွီဝှား သိသိသာသာ တုန်လှုပ်သွားသည်။

သူမ အံကိုကြိတ်ထားသည်ကို မြင်တွေ့ရ၏။

ထိုအချိန်တွင်



အမွှေးဆီမှ ရောင်နီကလေးက သမ်းနေပြီဖြစ်သည်။

သူမ စဉ်းစား၍

'ပတ္တမြား ယူသွားတဲ့ အမျိုးသမီးက ချူးချူးကို သတ်ပစ်လိုက်တယ်ဆိုတော့ အဲဒီပတ္တမြားဟာ အဲဒီအမျိုးသမီးဆီမှာ ရှိနေမယ်နဲ့တူတယ်'

ဟိုကန်းစု ခေါင်းညိတ်လိုက်သည်။

'အဲဒီအတိုင်းပဲ ယူဆရမှာပဲ၊အကယ်၍ သူမသာ ရှိုးရှိုးသားသားဆိုရင် ချူးချူးကိုတွေ့တဲ့အခါ ရှင်းပြရမှာပေါ့၊ မဟုတ်ဘူးလား၊ အဲ ကျုပ်ကို လုပ်ကြံတာကလဲ၊ ဟိုကန်းစု အစစ်ပဲဆိုပြီး အဲဒီကိစ္စပေါ်မှာစိုးလို့ ဒုတိယအကြိမ် လာသတ်တာပဲ၊ အခု ကျုပ်မသေဘူး၊ သူဟာအဆိပ်အပ်နဲ့ ကျုပ်ကို စောင့်စားနေဦးမှာ သေချာတယ်'

'အဲ့ဒီအကြောင်းအစ်ကိုက ဒီကျမှ ရိပ်စားမိတာပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်ပြန်သွားရင်တော့ ရင်ဆိုင်ရမှာ အမှန်ပါပဲ၊ ဒါထက် အဲဒီအမျိုးသမီးနာမည် ဘယ်သူလဲ'

သူမက စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

'ခက်တယ်အစ်ကို၊ သခင်ကြီးကျူးရဲ့ ကိုယ်ပွားတွေကို စုံစုံစိစိ ကျွန်မတို့ မသိတာအမှန်ပဲ'

ဟိုကန်းစု သက်ပြင်းချမိပြန်သည်။

အတန်ကြာမှ ဟိုကန်းစုက

'ဘယ်သူဟာ သခင်ကြီးကျူးဆိုတဲ့ ပုဂ္ဂိုလ်ကို သိနိုင်မလဲ၊

ဒီစားသောက်ဆိုင်ပိုင်ရှင် ခုံးတိကျားဟာ သခင်ကြီးကျူးကို သိနိုင်ဖို့ အနီးစပ်ဆုံးသူလား'

ကွိဝှားက ခေါင်းယမ်းလိုက်သည်။

'သူက သခင်ကြီးကျူးကို သိဖို့မပြောနဲ့၊ အစ်ကိုလာပို့တဲ့ ပစ္စည်းကို သူကလက်ခံလိုက်တယ်မဟုတ်လား၊ သူ့ဆီကတစ်ဆင့် နောက်ထပ် ငါးဦးလောက် လက်ပြောင်းပြီးမှ ရောက်မှာ'

ဟိုကန်းစု လေကလေးတစ်ချက် ချွန်မိလိုက်သည်။

'အို ဒီလောက်တောင်ပဲလား၊ သူဟာ ဒီစာရတာနဲ့ ဟိုအမျိုးသမီးနောက်လိုက်တော့မယ်နဲ့တူတယ်'

သူမက ပခုံးတစ်ချက်တွန့်၍

'ကိုယ်တိုင်တော့ သွားမယ်မထင်ပါဘူး၊ သူ့မှာ အင်မတန်ကြီးမားတဲ့အကိုင်းကြီးတွေ ရှိနေပါတယ်၊ အဲဒီအကိုင်းက လှုပ်ယမ်းရုံနဲ့ ဒီအရွက်ကြွေနိုင်ပါတယ်'

'အင်း သခင်ကြီးကျူးဟာ တိုင်းပြည်ရဲ့ တကယ့်အန္တရာယ်ကြီးပါလား'

ကွိဝှားက သူ့ရင်ဘတ်ကို ပုတ်ပြ၍

'အို ဒီမှာ အရွက်တစ်ရွက်လုံး ရှေ့မှာ အစ်ကို ဒီစကားပြောရဲသလား'

ဟိုကန်းစုက ပြုံး၍

'ဒီအရွက်က မစိမ်းပါဘူး၊ ဖြူဖွေးတဲ့အရွက်မို့ ကျုပ်က မကြောက်ပါဘူး'

'သူရဲကောင်းကြီးက ကဗျာဆန်တဲ့စကားလဲ ပြောတတ်သားပဲ'



သူမကပြောရင်းမှ မြတ်မြတ်နိုးနိုးပင် ဟိုကန်းစု၏ပါးစပ်ကို နမ်းရှုံ့လိုက်တော့သည်။

အလင်းရောင်က တဖြည်းဖြည်း ပေါ်ထွက်လာပြီ ဖြစ်၏။

အလင်းရောင် ပေါ်ထွက်လာသည်နှင့်အမျှ မကျေးငှက်သာရကာတို့၏ နံနက်ပိုင်း တေးသံနှင့်အတူ ဖိမန် ကျေးရွာသည်လည်း အိပ်ရာမှ နိုးထလာပြီ ဖြစ်လေသည်။

ကွိဝှား၏အလှသည်လည်း ပြန်လည်၍တောက်ပလာသည်။

သူမသည် စောစီးစွာပင် ကြော့မော့နေအောင် ဖြီးလိမ်းပြင်ဆင်၍ ထား၏။

သူမသည် ဟိုကန်းစုကို အပြုံးနှင့် နှုတ်ဆက်ကာ တိုးတိုးလေး ကပ်၍ ပြောလိုက်သည်။

'အစ်ကို ဒီရွာမှာ နေစရာ အကြောင်းမရှိတော့ဘူး၊ ပြန်တော့နော်'

သူမက ပြော၍ ချာခနဲ လှည့်ထွက်သွားသည်။

ဟိုကန်းစုသည် ပြောစရာစကားအချို့ ရှိသည်ကို မပြောဖြစ်တော့ဘဲ သူမထွက်သွားရာသို့ လှမ်းကြည့်မိလိုက်သည်။

သူမက အရေးတကြီး ပုံစံနှင့် ခပ်သွက်သွက်ထွက်သွားသောကြောင့် ဟိုကန်းစု ကြောင်၍ကြည့်နေမိသည်။

သူမသည် စားသောက်ဆိုင်ကြီး၏ အရှေ့ညာဘက် လမ်းချိုးအတိုင်း ထွက်သွားသည်။

သို့သော် ဟိုကန်းစုသည် နာမည်သာ ဟိုကန်းစုဖြစ်နေ၏။ သူ၏ ပဓာနကျသော လုပ်ငန်းတာဝန်တစ်ရပ်သည် ချိုလုယန်းအပေါ်၌ ရှိနေသည်မဟုတ်ပါလား။

ဟိုကန်းစု၊ သူမ၏အခန်းထဲမှ လျင်မြန်စွာထွက်၍စားသောက်ခန်းကို ဖြတ်ကျော်ကာ သူမ ထွက်သွားသော လမ်း အတိုင်း လျှောက်သွားမိသည်။

ဖိမန်ဇကျေးရွာကြီးသည် ထင်ထားသည်ထက် ကြီးမားကျယ်ပြန့်လွန်းသော ရွာကြီးဖြစ်သည်။

ချိုင့်ဝှမ်းတစ်လျှောက်တွင် အိမ်များရှိနေသကဲ့သို့ ကုန်းဂမူအသီးသီးတွင်လည်း ကြီးမားသော အဆောက်အအုံများ ရှိနေသည်။

တောင်ပေါ်ရွာကြီးတစ်ရွာ။

တိတိကျကျနှင့် ရှင်းရှင်းလင်းလင်းဆိုရပါလျှင် အလွန်လွတ်လပ်ပြီး ဥပဒေကင်းကွာနေသည့် နယ်ခြားအနီးက တောင်ပေါ်ရွာကြီးဟု ဆိုရမည်။

သို့သော် ထိုကြီးမားသော ရွာကြီး၌ မမြင်ရသော အရှင်သခင်တစ်ယောက် ကြီးစိုးနေသည်မှာ အံ့ဩစရာကောင်းလှ၏။

ထို အရှင်သခင်သည် ဆရာကြီးကျူးဟူ၍ အမည်တွင်ထား



ခြင်းဖြစ်၏။ သို့သော် ဆရာကြီးကျူးကို မြင်ဖူးသလားဟူ၍ မေးလျှင် ဘယ်သူမှမမြင်ဖူးပေ။

ဆရာကြီးကျူးသည် ဤနေရာ ဤဒေသ၌လည်း ရှိနေလိမ့်မည်မဟုတ်ဟု ဟိုကန်းစု စဉ်းစားမိသည်။

သူသည် ကွိဝှားသွားသော လမ်းကလေးအတိုင်း အတက်တွေလိုက်၊ အဆင်းတွေလိုက်နှင့် လျှောက်လာခဲ့သည်။

တချို့တောင်ကုန်းပေါ်တွင် ဆောက်လုပ်ထားသော အိမ်များမှာ အလွန်သပ်ရပ်ပြီး လှပသကဲ့သို့ ချိုင့်ဝှမ်း လျှိုမြောင်ကြားထဲ၌ရှိသော အိမ်များမှာလည်း ကြီးမားခိုင်ခံ့လှသည်ကို တွေ့ရသည်။

ဤကျေးရွာမှ လူသားများသည် အလုပ်မျိုးစုံ လုပ်ကိုင်စားသောက်နေကြသည်ကို တွေ့ရလေသည်။

အချို့ယာခင်းစိုက်ပျိုးမှုများ၊ ဂျုံ၊ ပဲ၊ နှမ်းစသည့်စိုက်ပျိုးခင်းများ၊ တိရစ္ဆာန်မွေးသူများနှင့် တောင်ခြေနှင့် ခပ်လှမ်းလှမ်းတွင် ဆန်စပါးစိုက်သူများ တွေ့ရှိရသည်။

ထိုစဉ် ဟိုကန်းစုသည် သူမကို မျက်ခြည်ပြတ်သွားသည်။ သူ၏ရှေ့တွင်လည်း ပုပုပျပ်ပျပ် အုတ်ကြွပ်မိုး အိမ်တစ်လုံးကိုသာတွေ့ရ၏။

ကွိဝှား ထိုအိမ်ကလေးကလွဲ၍ အခြားဝင်စရာအနီးအနား၌ မရှိပါပေ။

အားလုံး တိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့ရ၏။

တိတ်ဆိတ်ပွန်းသောနေရာသည်အန္တရာယ်၏ အငွေ့အသက်များသာ ဖြစ်သည်ဟု ဟိုကန်းစု နားလည်ထား၏။

နေရာတိုင်းကိုတော့ မဆိုလိုပါ၊အချိန်အခါနှင့်ဒေသအလိုက်ဖြစ်ပေါ်တတ်သည့်သဘော။

ဟိုကန်းစု ထိုအိမ် ပုပုပျပ်ပျပ်ကလေးထဲသို့ လိုက်ဝင်သွားရကောင်းမည်လားဟု တွေးလိုက်သည်။

သို့သော်အတွင်း၌ မည်သူမည်ဝါ ရှိနေမှန်းမသိဘဲ အရမ်းကာရော ဝင်၍မဖြစ်နိုင်ပါ။

သူသည် ခြံထဲသို့ ခိုးဝင်ရန် တောင်မြောက်ဝဲယာကို လှည့်ပတ်ကြည့်လိုက်သည်။

သူ၏အဝတ်အစားမှာ အဖြူရောင် ဖြစ်သည့်အတွက် ရုတ်တရက် ထင်းခနဲတွေ့ရှိနိုင်သည်မို့ ဝန်ကျင်းကိုလေ့လာရသည်။

လူသူ ကင်းရှင်းနေသည်။

ထို့ကြောင့် သူသည် လျှပ်တစ်ပြက် ခြံဝင်းထဲသို့ ခုန်ကျော်၍ ဝင်လိုက်သည်။

အတွင်းဘက်မှ ပန်းချုံနှစ်ချုံ၏ အလယ်သို့ ကျသွား၏။ သူသည် ထိုင်လျက်ကလေးပင် ကျသွား၏။

ခြေထောက်နှင့်မြေကြီး ထိသွားသည်နှင့် တစ်ပြိုင်နက်မျက်လုံးနှစ်လုံးလည်း အလိုလိုပြူးကျယ်သွားတော့သည်။
အကြောင်းမှာ



ပန်းချုံ နှစ်ချုံစလုံးအတွင်းမှ ဓားရှည် သုံးလေးလက်က ရုတ်တရက် သူ၏ခန္ဓာကိုယ်သို့ နီးကပ်စွာထိုး၍ ချိန်ရွယ်ထားပြီဖြစ်သောကြောင့် မဟုတ်ပါလား။

ဤသို့ဆိုလျှင်
မိမိလှုပ်သည်နှင့် အသားထဲ မြုပ်မှာ သေချာနေတော့၏။

❀

## အခန်း ၁၈။

## မမြင်ကွားသူခိုး

ကွီဝှားသည်

ခက်ထန်မာကျောသော မျက်နှာနှင့်ပင် သူ့ရှေ့မှ ထိုင်နေသော လူတစ်ယောက်ကို ပြန်ကြည့်လိုက်သည်။

ထိုလူမှာ ဥပဓိရုပ်ကောင်းပြီး အရပ်ရှည်သည်။

သူ၏ နှာခေါင်းရှက်နှစ်ဘက်သည် သာမန်လူထက် အနည်းငယ်ကြကားနေသောကြောင့် သူ့ကို နှာကားဟုတ်တူဟု ခေါ်ကြသည်။

နှစ်အနည်းငယ်ကြာလာသော် နှာကား မဟုတ်တော့ပေ။

နဂါးဟုတ်တူ အလိုလိုဖြစ်သွားသည်။

နဂါးဟုတ်တူသည် ကွီဝှားကို စူးစိုက်ကြည့်သည်။



'မင်းစုံစမ်းတဲ့အတိုင်းသူဟာ ဟိုကန်းစုရဲ့ ပိသားစုကိုသနားလို့ ဟိုကန်းစုအယောင်ဆောင်တယ်ဆိုတာတော့ ဟုတ်ပါပြီ၊ သူဘာယ်သူလဲ၊ သူဒီကိုလာတာ သွေးရိုးသားရိုးပဲလား ဆိုတာငါသိချင်တယ်'

ကွီဝှားက

'ကျွန်မ အသေအချာသူ့ကို အကဲခတ်ပြီး မေးမြန်းစုံစမ်းပါတယ်၊ သူဟာ အာမခံဌာနမှူးတစ်ယောက်ဖြစ်ပြီး သခင်ကြီးကျိုးဆီကို ချူးချူးက ပို့တဲ့စာကို လာပို့တာပဲဆိုတာ သိရတယ်'

'ကောင်းပြီ၊ ဒါပေမယ့် သူဟာ ခိုးကြောင် ခိုးဝှက်နဲ့ချောင်းမြောင်းနေတာကို တွေ့ရတယ်လို့ ခုံးတိကျားက ပြောပါလား၊ အဲဒါက ဘာသဘောလဲ'

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ကျွန်မကိုယ်တိုင်ပဲ သူ့ကို စောင့်ကြည့်ပြီးရှိုက်နှက်ခေါ်သွားတာပဲ'

'သူက ဘာပြောသလဲ'

'သူ့ဟာသူ တခြားကိစ္စကြောင့် အဲဒီနေရာမှာ ထိုင်နေတာပါတဲ့၊ သူ့မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူးလို့ ပြောတယ်'

'မင်း သေသေချာချာ သူ့ကိုစုံစမ်းစစ်ဆေးကြည့်တာ အမှန်ပဲနော်'

'ကျွန်မ တတ်နိုင်သလောက် စုံစမ်းတာပဲ'

နဂါးဟုတ်တူသည် ကွီဝှားအစီရင်ခံနေသည်ကို ကျေနပ်ဟန်မတူပါ။

'အေးလေ တစ်နေ့ဒီကောင်နဲ့ ပတ်သက်ပြီး ပြဿနာတက်လာရင် နင့်မှာလဲ တာဝန်မကင်းဘူး၊ နင့်ကို တာဝန်ပေးထားတာက၊ တို့က ညွှန်ကြားတဲ့လူကို အမြဲမချေးခါးကအစ တိတိကျကျစုံစမ်းနိုင်ဖို့ တာဝန်ပေးထားတာမဟုတ်လား၊ အခုနင်ပြောတာတွေက ပြည့်ပြည့်စုံစုံ တစ်ခုမှ မရှိဘူး၊ သူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာတောင် နင်ဟာ သေသေချာချာ မပြောနိုင်ဘူး'

သူမက

'ဒီမှာ ဆရာဟုတ်တူ၊ ကိုယ်ဖြစ်ချင်တာတွေချည့်ပဲ ပြောနေလို့ရမလား၊ ကျွန်မဘက်ကလဲ ပြန်ကြည့်ဦးမှပေါ့၊ ရှင်တို့ ပေးထားတဲ့ တာဝန်က လူတစ်ယောက်ကိုခေါ်နဲ့ထောက်ပြီးစစ်ဆေးမေးမြန်းရမယ်လို့ ပေးထားလို့လား၊ ကျွန်မရဲ့ မာယာနဲ့ အသွေးအသားနဲ့ မြူဆွယ်ပြီး မေးမြန်းရမယ်ဆို၊ ခုလဲ ကျွန်မ သူ့အကြောင်းတွေကို ဒီလောက်အထိ စုံစုံလင်လင် ပြောပြထားပြီပဲ၊ ဘာလိုသေးလို့လဲ'

နဂါးဟုတ်တူ ခေတ္တပါးစပ်ပိတ်သွားသည်။

အတန်ကြာမှ

'ကောင်းပြီလေ၊ မင်းသူ့ကို တတ်နိုင်ရင် တစ်ရက်နှစ်ရက်လောက် ထိန်းထားစမ်းပါ၊ ကျုပ်အနေနဲ့ သိပ်မသကာဘူးဖြစ်နေတယ်'

ရုတ်တရက် သူမ မျက်လုံးဝိုင်းသွားသည်။

'ပထမ ရှင်တို့ ညွှန်ကြားတဲ့ အထဲမှာ အဲဒီလိုမပါပါလား၊



ကျွန်မ သူ့ကို အခန်းထဲမှာ ဒီအတိုင်းပဲ ထားခဲ့တယ်၊ အခုနေအခါ သူ့ဟာသူ ပြန်သွားတော့ရော ဘာတတ်နိုင်မှာလဲ'

နဂါးဟုတ်တူက ပြုံးလိုက်သည်။

'မင်းစိုးရိမ်စရာ မလိုပါဘူး၊ အကယ်၍ ရှိနေသေးရင် ထိန်းထားဖို့ပြောတာပါ၊ မရှိတော့ဘူးဆိုရင်လဲ အကြောင်းမဟုတ်ပါဘူး၊ လူတစ်ယောက်ဟာ ဖိမန်ရှာက လွယ်လွယ်ကူကူနဲ့ ထွက်သွားလို့ရတာမှမဟုတ်ဘဲ၊ ဒါလဲ မင်းသိပါတယ်လေ'

ကွီဝှား ဆတ်ခနဲထ၍ လာလမ်းအတိုင်း စားသောက်ဆိုင်ကြီးဆီသို့ ပြန်ခဲ့လေသည်။

ကွီဝှား တစ်ညလုံး အိပ်ရေးပျက်ထားရသည်ဖြစ်၍ အခန်းထဲသို့ ရောက်ရှိသည်နှင့် ခုတင်ပေါ် ပစ်လှဲချလိုက်သည်။

ချက်ချင်းတော့ အိပ်မပျော်သွားပါ။

သူ့မျက်စိထဲတွင် ဟိုဘန်းစုကို မြင်ယောင်နေမိသည်။

သို့မဟုတ် သူမသည် ချီလုယန်းဆိုသူ နေပြည်တော်မှ စုံစမ်းထောက်လှမ်းရေးသမားတစ်ယောက်၏ ရုပ်သွင်ကို မှန်း၍ မြင်ယောင်နေမိသည်။

မည်သို့ပင်ဆိုစေ ဟိုကန်းစုသည် မိမိအပေါ် စိုးမိုး အနိုင်ယူသွားခြင်း ဖြစ်လေသည်။

ဟိုကန်းစု ပြန်သွားမှ သူမသည် နောင်တရမိသည့်အဖြစ်မျိုး ကြုံတွေ့ရလေသည်။

'ဩော် ငါ့ဘဝကို သူမသိသွားရှာပါလား'

'ငါ့ဘဝကိုသာ သူသိရင် တစ်မျိုးတစ်ဖုံ ကူညီနိုင်မှာပဲ'

'အို ငါ့ဘဝနဲ့ငါပဲ ရှိပါစေတော့၊ သူလွတ်လွတ်ကျွတ်ကျွတ် ပြည်မထဲ ပြန်ရောက်သွားပါစေလို့ပဲ ဆုတောင်းပါတယ်'

သူမသည် ဟိုကန်းစု၏ အတွေ့အထိအချို့ကို ပြန်လည်တမ်းတရင်း အိပ်ပျော်သွားသည်။

အိပ်မက်ထဲ၌သည်း ဟိုကန်းစု၏ ညင်သာသော အနမ်းများကိုသာ မြင်မက်နေမိသည်။

'ဒေါက် ဒေါက်'

တံခါးခေါက်သံက ခပ်ကြမ်းကြမ်း ပေါ်ထွက်လာသည်ကို ကွီဝှား ကြားလိုက်ရလေသည်။

ခါတိုင်းနေ့သာဆိုလျှင် သူမသည် ပျာပျာသလဲ သွားရောက် ဖွင့်ပေး၍ ဆီးကြိုလိုက်မည် ဖြစ်လေသည်။

ယခု သူမ ပေ၍ အိပ်နေ၏။

မကြားဟန်ပြုထားလိုက်သည်။

'ဒေါက် ဒေါက် ဒေါက်'



တံခါးခေါက်သံမှာ အဆက်မပြတ် ပေါ်ထွက်နေသဖြင့် ကွီဝှား တံခါးကိုသွားရောက် ဖွင့်ပေးလိုက်၏။

လူတစ်ယောက်။

သိပ်ပြီး မရှည်လွန်းသေးသော ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးများကို သူ့မျက်နှာတွင် စတင်၍ တွေ့လိုက်ရ၏။

'အို ညီမလေးက အိပ်ပျော်နေတာကိုး'

ထိုလူကပြောရင်း အခန်းထဲသို့ လှမ်းဝင်လိုက်၏။

ကွီဝှားသည် ထိုသူ၏ရင်ဘတ်ကို တွန်းလိုက်၏။

'ဒီမှာ ကျွန်မ ဒီနေ့ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ တခြားအခန်းကို ကြွပါရှင်'

ထိုလူက ပြုံး၍

'ညီမလေးကလဲ ဆာမူးကျိုကို ဒီလိုမလုပ်နဲ့လေ'

'အို ဆာမူးကျိုတွေဘာတွေ ကျွန်မ မသိဘူး၊ ကျွန်မ ဘယ်သူနဲ့မှ အတွေ့မခံနိုင်ဘူးပြောတယ် မဟုတ်လား'

ကွီဝှားကပြောပြီး တံခါးကိုဆွဲပိတ်လိုက်သည်၊

တံခါးပိတ်၍မရပါ။

ဆာမူးကျိုသည် သူ၏တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးကို တံခါးဝ၌ တောင့်တောင့်ကြီး ရပ်တန့်ထား၏။

'မင်း ဒီလိုမလုပ်နဲ့လေ၊ သူဌေးကြီး ခုံးတိကျွားသိရင် မင်းကို စိတ်ဆိုးမှာပေါ့'

'အို ကျွန်မက စက်ရုပ် မဟုတ်ဘူးရှင့်၊ လူသား၊ နေထိုင်မကောင်းတဲ့အခါဆိုတာလဲ ရှိသေးတာပဲ'

ဆာမူးကျို ခေါင်းယမ်းလိုက်သည်။

သူသည် ကြမ်းတမ်းသော စိတ်ထားရှိသည့်အထဲ အရက်ကမူးနေသဖြင့် ဘာကိုမှ နားမလည်နိုင်ပေ။

အခန်းတွင်းကို ဇွတ်ဝင်၍ ကွီဝှားကို သိုင်းဖက်လိုက်သည်။

ကွီဝှား ထိုအပြုအမူမျိုးကို မနှစ်သက်ပါ။

သူမသည် ဆာမူးကျီ၏ လက်နှစ်ဘက်ကို ဆုပ်ကိုင်၍ ထိထိမိမိပင် ဝှေ့ယမ်းလိုက်သည်။

ဆာမူးကျိ အနည်းငယ် မြောက်တက်သွားပြီး အခန်းထောင့်တစ်ခု၌ ပြိုလဲကျသွားသည်။

'ဝုန်း'

ဖွဲ့အိတ်တစ်အိတ်ကို ပစ်ချလိုက်သည့်အလားပင် ဖြစ်သည်။

ဆာမူးကျီသည် မျက်နှာတစ်ခုလုံး နီမြန်း ခက်ထန်သွားပြီး လက်နှစ်ဘက်ကို ဖုန်ခါ၍ ထလာသည်။

'ဩြော်…မင်းဟာ ဒီလိုလား၊ မင်းကို ငါအခုချက်ချင်း ပြန်သတ်လို့ရတယ်၊ ဒါပေမယ့် ကျုပ် မင်းကို မလုပ်ရက်ပါဘူး အချစ်ရယ်၊ ကျုပ်က မင်းအနာတရဖြစ်မှာကို မလိုလားပါဘူး'

ဆာမူးကျိ အပြင်သို့ ထွက်သွားသည်။

ကွီဝှား သိပါသည်။

သူသည် သူဌေး ခုံးတိကျားကို သွား၍ အကြောင်းကြားမည်သာ ဖြစ်သည်။

မိမိသည် အသွေးအသားနှင့် တည်ထားသော ခန္ဓာကိုယ်ဖြစ်ကြောင်း ခုံးတိကျား နားလည်ပါသည်။



ကိစ္စမရှိပေ။ သူမက တံခါးပင်ပြန်မပိတ်ဘဲ စောင့်ဆိုင်းနေလိုက်သည်။

❀

တွေးထင်ထားသည့်အတိုင်း မလွဲပါ။

ဆာမူးကျီ၏နောက်မှ ခုံးတိကျား လိုက်ပါလာသည်။

'မင်း ဆရာကြီး ဆာမူးကျီကို ဘယ်လိုဆက်ဆံလိုက်တာလဲ ကွီဝှား'

ဆရာကြီးဆိုပဲ။ ဘာဆရာကြီးမှန်းတော့ ကွီဝှား မသိပါ။

'ကျွန်မက နေထိုင်မကောင်းလို့ အကျိုးအကြောင်း ပြောတာကို သူက နားမလည်ဘူးလား'

ခုံးတိကျားက

'ဒီတစ်ခါတော့ သူ့ဆန္ဒကိုဖြည့်စွမ်းလိုက်ပါ၊ ဆရာကြီး ဆာမူးကျီဟာ တောင်ပိုင်းနယ် တစ်ခွင်မှာ ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ နင်က မသိသေးလို့ပါ၊ သူက ငွေရေး ကြေးရေးမှာ အင်မတန် ရက်ရောပါတယ်'

ကွီဝှားသည် ခုံးတိကျားကို တစ်စုံတစ်ခု ပြန်ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော်

ခုံးတိကျား၏ အမူအရာနှင့် ပြသသွားသော လျှို့ဝှက်ချက် တစ်ခုသည် ကွိဝှားအဖို့ မပြောင်းသာတော့ပါ။

အလွန်အရေးပါသော လျှို့ဝှက်သင်္ကေတကိုပြသွားခြင်းဖြစ်သည်။

ထိုသင်္ကေတသည် သခင်ကြီး ကျိုး ၏ အမိန့်ဟုလည်း နားလည်လို့ ရပေသည်။

'ခက်တာပါပဲ၊ ကောင်းပါပြီ၊ ကျွန်မ တတ်နိုင်သလောက် ပြုစုပါ့မယ်'

ဆာမူးကျိဆိုသည့် ဆရာကြီး ကျေနပ်သွားသည်။

သူသည် စားပွဲပေါ်မှ အရက်ကရားကို ခွက်ထဲမထည့်ဘဲ သည်အတိုင်းပင် ငုံ၍စုပ်ယူပစ်လိုက်သည်။

ကွိဝှားက ဆာမူးကျိအပေါ်မှ တူထဲသော အင်္ကျီကိုသွား၍ ညင်ညင်သာသာ ချွတ်ပေးလိုက်သည်။

ဆာမူးကျိ၏ လက်တစ်ဘက်က သူမ၏ခါးကို သိုင်းဖက်ထား၏။

'ဒါကြောင့်၊ ညီမကို ကျုပ်က အရမ်း အရမ်းကို ချစ်တာဗျ'



ကွိဝှားသည် အသက်မပါသော အပြုံးမျိုးကို ပြုံးပြနေရသည်။

'ကျွန်မက နေမကောင်းလို့ပါ အစ်ကိုကြီးရယ်၊ နို့မို့ ဒါထက်မက ပြုစုနိုင်တာပေါ့'

'အို ကျုပ်စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ခရီးဝေးက လာခဲ့ရတယ်ဆိုတော့ အပန်း ဖြေချင်တယ် ဟဲ ဟဲ'

ကွိဝှားကလည်း အလိုက်သင့်ပြုံး၍ သူ့ကို ခုတင်ရှိရာသို့ ဆွဲခေါ်သွားရလေသည်။

ထို့နောက်

ဆာမူးကျိသည်

သူ၏ အဝတ်အစားများကို စံနစ်တကျ ပြန်၍ဝတ်ဆင်လိုက်သည်။

ပြီးသည်နှင့် သူသည် ငွေအထုပ်များများကို စားပွဲပေါ်သို့ ပစ်တင်ပေးလိုက်၏။

သူသည် အရက်ကရားကို ရှေးနည်းအတူပင် မော့၍ စုပ်ယူလိုက်လေသည်။

ထိုနောက် ကွိဝှားကို တစ်ချက်ပြုံး၍ ပြလိုက်၏။

'ကျုပ် နောက်တစ်ခါ အမြန်ဆုံး လာဖို့ ကြိုးစားပါဦးမယ်'

သူသည် ထိုသို့ပြောပြီး သူ၏ အိတ်တစ်ခုကို သတိရသလို စမ်းသပ်ရှာဖွေလိုက်သည်။

သူ၏လက်များသည် လျင်မြန်စွာဖြင့် ဟိုအိတ်ဆီ ရောက်သွားလိုက် သည်အိတ်ဆီရောက်လာလိုက် ဖြစ်နေ၏။

ရုတ်တရက် သူသည် ခက်ထန်တင်းမာသော မျက်နှာဖြင့် ကွီဝှားကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ကွီဝှားက သူမ၏ အဝတ်အစားကို သေသေသပ်သပ် ဝတ်ဆင်နေ၏။ သူ့ကို လုံးဝ ဂရုမစိုက်။

ရုတ်တရက် သူမ၏ပခုံးကို ဆွဲလှည့်လိုက်၏။

'မင်းသိပ်လည်ပါလား၊ ဒါ ဘယ်မှာလဲ ငါ့ပစ္စည်း'

သူက လက်ဝါးဖြန့်၍ ပြောသည်။

ကွီဝှားမှာ ကြောင်သွားသည်။

'ဘာ ရှင့်ပစ္စည်း ဟုတ်လား၊ ဘာကိုပြောတာလဲ'

'မင်း မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ အခုချက်ချင်း ထုတ်ပေးစမ်းပါ'

သူက ကြောင်အမ်းအမ်း ဖြစ်မှုအရာဖြင့်

'ဘယ်လိုလဲ ဆရာကြီး ဆာမူးကျို၊ ရှင်ရူးနေပြီလား၊ ဘာတွေ ကျွန်မဆီ တောင်းနေတာလဲ'



'ဩော် မင်းက ဒီလိုလား'

ဆာမူးကျိုသည် အုန်းသီး ခွာပြီးသား အလုံးခန့်ရှိသော လက်သီးနှင့် သူမ၏ မျက်နှာဆီသို့ ပစ်သွင်းလိုက်လေ၏။

'ဗုန်း'

သူမက လက်နှစ်ဘက်ယှက်၍ ခံလိုက်ရ၏။

တဆက်တည်း သူမက ဘယ်ခြေကိုဝိုက်၍ ပြန်ကန်သည်။

'ရှင် မဘာရားမပြောနဲ့'

ထိုစဉ် တံခါးက ရုတ်တရက်ပွင့်လာသည်။

ခုံးတိကျားနှင့် အခြားသိုင်းသမားငါးယောက် ဝင်ရောက်လာ၏။

'ဘာဖြစ်ကြတာလဲ'

'ဆရာခုံးတိကျား၊ မနက်က ခင်ဗျားနဲ့ ကျုပ်နဲ့ အရောင်းအဝယ်မဘာည်ခဲ့တဲ့ပစ္စည်း အခုမရှိတော့ဘူးဗျ'

ခုံးတိကျားက ခပ်ပြုံးပြုံးဖြင့် ခေါင်းယမ်းလိုက်သည်။

'ကျုပ် စိတ်မကောင်းပါဘူး၊ ခင်ဗျား ဒီအခန်းထဲမှာ စိတ်တိုင်းကျ ရှာဖွေပါ၊ တွေ့ခဲ့ရင် ခင်ဗျားကိုယ်တိုင် သူ့ကိုသတ်သွားပါ၊ ဒီလိုနှာမည်ပျက်မျိုး ကျုပ်ဆိုင်မှာ ဘယ်တော့မှမရှိခဲ့ဘူးဗျ'

ဆာမူးကျို ငိုင်သွားသည်။

သူသည် အိပ်ပျော်နေခြင်းမဟုတ်ပါ၊ အင်္ကျီချွတ်ပေးစဉ်ကလည်း သူ၏မျက်စိရှေ့၌ပင် ဖြစ်၏။

နောက်တော့ သူတို့နှစ်ယောက် အတူတကွ အခုချိန်ထိ။

အလွန် စဉ်းစားစရာ ကောင်းလာတော့သည်။

ခုံးတိကျားက အာမခံရဲရဲနှင့်ပြောလာသောအခါ ဆာမူးကျီဇဝေဇဝါဖြစ်သွားသည်။

'ကျုပ် တခြားနေရာမှာများ ကျနေမလားတဲ့'

သူကပြောပြီး ခုံးတိုကျားတို့နှင့်အတူ ထွက်သွားသည်။

ကွ ိဝှားက ပြုံးလိုက်လေသည်။

ဆာမူးကျ ိ၏အင်္ကျီကို စတင်၍ချွတ်ပြီးကတည်းက လောက်စာလုံးသာသာလောက်ရှိသော နီနီရဲရဲပတ္တမြားတစ်လုံးကို သူမ၏ခုတင်ခေါင်းရင်းဘက်ရှိ အံဖုံးထဲသို့ ထည့်လိုက်သည်။

ထိုအခါ ပျောက်သွားသော ပတ္တမြားကို တစ်စုံတစ်ယောက်က ရယူသွားသည်ကို ဆာမူးကျ ိ လုံးဝပင် မသိလိုက်ပါပေ။

ဤကား ဗိမန်မြို့၏ ရာဇဝင် တစ်စိတ်တစ်ဒေသပင် ဖြစ်လေသည်။



ကွ ိဝှားသည် ညနေပိုင်း၌ စိတ်လက်ပေါ့ပါးစွာဖြင့် စားသောက်ခန်းမကိုဖြတ်၍ အောက်သို့ဆင်းလာခဲ့သည်။

သူမသည် မြင်းများထားရှိရာသို့ အမှတ်မထင်ကြည့်လိုက်ရာ မြင်းတစ်ကောင်ကို တွေ့လိုက်ရ၏။

ထိုမြင်းကို မနေ့က သူမကိုယ်တိုင် ချည်ထားခဲ့သည်။

ယခု သူမချည်ထားသည့်အတိုင်းပင် ရှိနေသည်။

ထိုမြင်းညိုကြီးမှာ ဟိုကန်းစု၏ မြင်းညိုကြီးပင် ဖြစ်သည်။

သူမသည် ဟိုကန်းစုကို ရိုက်ပြီး မြင်းကိုပါ တစ်ပါတည်းဆွဲလာခဲ့၍ ထိုနေရာ၌ ချည်ထားပေးခြင်း ဖြစ်ပါသည်။

ဟိုကန်းစု သိပါသည်။

သို့သော် ဟိုကန်းစု ယခုမည်သည့်မြင်းနှင့် ပြန်သွားသနည်း။

မဖြစ်နိုင်ပါ။

သူသည် ခြေကျင်တော့ပြန်မည် မဟုတ်ပေ။

အခြားသူ၏မြင်းကို စီးသွားသည်ဟု ဆိုရလောက်အောင်ကလည်း ဤကဲ့သို့ မဖြစ်နိုင်ပါ။

တစ်စုံတစ်ယောက် မြင်းပျောက်သည့်သတင်း လုံးဝမကြားရပေ။

ဤသို့ဆိုလျှင် ဟိုကန်းစုသည် မနက်မိုးလင်းကတည်းက ဘယ်ကိုသွားနေသနည်း။

ရွာထဲသို့ လျှောက်လည်နေသည်ဟု ဆိုပါလျှင် ယခုအချိန် ပြန်ရောက်သင့်ပြီ ဖြစ်သည်။

ကွီဝှားသည် စားသောက်ခန်းမဆီသို့ ပြန်တက်လာပြီး စားပွဲတစ်လုံး၌ထိုင်ကာ စဉ်းစား တွေးတောနေသည်။

မိမိက သူ့ကို ပြန်ရန်ပြောပြီး နဂါးဟုတ်တူဆီသို့သွား၏။ မိမိ ပြန်လာသည့် အချိန်ကစ၍ သူ့ကို မမြင်ရပေ။

ပြန်သွားပြီဟု ထင်ထားလိုက်သည်။

ယခု သူ၏မြင်းက ထိုနေရာ၌ပင် ရှိနေ၏။

သေချာပါသည်။

ဟိုကန်းစု မပြန်သေးသည်မှာ သေချာလွန်းလှပါသည်။

ဤသို့ဆိုလျှင် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

တစ်ခု စဉ်းစားမိသည်။

ဟိုကန်းစုသည် ဆရာကြီး ကျိုးဆိုသူကို ရင်ဆိုင်လိုသော ဆန္ဒရှိနေ၏။ ထို့ကြောင့် သူ့နည်းသူ့ဟန်နှင့် လှည့်ပတ် စုံစမ်းနေသလား။

ဤသို့သာ လှည့်ပတ်စုံစမ်းနေလျှင် အလွန်မှ အန္တရာယ်ကြီးလှသည်ကို သူ၊ာ သိရှာမည် မဟုတ်ပါ။

ဖိမန်ရွာကြီး၏ ထက်ဝက်သော ယောကျ်ားသားများသည်



သခင်ကြီးကျိုး၏ သြဇာခံများ ဖြစ်သည်ကို မသိလေရော့ သလား။

နောက်တစ်ချက်

သူသည် ချောင်းမြောင်းစုံစမ်းသည့်အလေ့အကျင့်ရှိသည်။

မိမိ ရှေ့က ထွက်သွားသည်နှင့် သူသည် မိမိနောက်ကွယ် ကများ လိုက်လာလေသလား။

နဂါးဟုတ်တူ၏ အိမ်နားသို့သာ ရောက်ရှိပါက ပတ်ဝန်း ကျင် တစ်ဝိုက်တွင် နဂါးဟုတ်တူ၏လူများ အသင့်ရှိနေသည်ကို သူက သိမည်မဟုတ်ပါ။

အကယ်၍သာ သူမတွေးထင်သည့်အတိုင်း နဂါးဟုတ်တူ၏ အိမ်နားသို့ ရောက်ရှိသွားပါက ဟိုကန်းစုအဖို့ မလွယ်ပါချေ။

ကွီဝှားသည် ဟိုကန်းစုအတွက် ပြန်လည်၍ ရင်မောရပြီ မဟုတ်ပါလား။

ဤသို့ဆိုလျှင် သူမသည် သည်အတိုင်း ထိုင်နေ၍ မဖြစ် တော့ပါ။

ဟိုကန်းစုကို အမြန်ဆုံး ရှာဖွေမှဖြစ်မည်ဟု စဉ်းစားမိလိုက် သည်။

ထို့ကြောင့် သူမသည် ဖိမန်ရွာထဲသို့ ထွက်လာခဲ့၏။

အခြားသော စားသောက်ဆိုင် အချို့တွင်လည်း သူမက မယောင်မလည်ဖြင့် ဝင်ကြည့်လိုက်သေးသည်။

အရိပ်အယောင်မှ မတွေ့ရပါ။

ဤသို့ဖြင့်

နဂါးဟုတ်တူ၏ ပတ်ဝန်းကျင်အနားသို့ ရောက်ရှိသွား၏။

နဂါးဟုတ်တူ၏ အိမ် ပုပုပျပ်ပျပ်ကလေးကို ခပ်လှမ်းလှမ်းမှ လှမ်း၍ မြင်နေရသည်။

ထိုစဉ် လူငယ်တစ်ယောက်သည် ထိုနေရာဘက်မှ လျှောက်လာသည်ကို တွေ့ရ၏။

ထိုလူငယ်သည် နဂါး၏ တပည့်တစ်ယောက်ဖြစ်မှန်း မြင်ယုံဖြင့် ကွီဝှားသိလိုက်သည်။

ထို့ကြောင့်

'ဟေ့ မင်းဘယ်လဲ' ဟု လှမ်းမေးလိုက်၏။

'သြော်ကွီဝှားပါလား၊ ကျွန်တော် စားသောက်ဆိုင်ဘက် သွားမလို့' သူကပြောပြီး ကွီဝှားကို စပ်ဖြဖြနှင့် ကြည့်သည်။

'မင်းက ပြုံးတုံ့ပြုံးတုံ့နဲ့ ဘာဖြစ်တာလဲ'

'ကွီဝှား ခင်ဗျားက တစ်နေ့တခြား လှလာတယ်ဗျာ'

လူငယ်က သွားအကျဲသားဖြင့် ပြုံး၍ပြောသည်။

ကွီဝှားက သူ့ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံး၍ကြည့်ကာ

'ငါလှတော့ မင်းက စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား'



'ကွီဝှားရယ် ခင်ဗျားကို စိတ်မဝင်စားတဲ့လူ ဘယ်သူ ရှိသလဲ ပြောစမ်းပါ'

'မင်းဘာဖြစ်လို့ ငါ့ဆီ တစ်ခါတလေလောက် လာမလည် တာလဲ'

လူငယ် ဝမ်းသာသွားသည်။

'ကျုပ် ဒီည လာခဲ့မယ်လေ'

'ဟာ မင်းလာမယ်ဆိုရင် ငါက ကြိုဆိုနေမှာပေါ့၊ တခြား ဧည့်သည် မရှိဘူး ဆိုရင်ပေါ့ကွယ်'

'မရှိဘူး စိတ်ချ၊ ခင်ဗျားဆီမှာ တည်းခိုတဲ့ဧည့်သည် ဒီည ပြန်လာနိုင်စရာ အကြောင်းမရှိဘူး'

ကွီဝှားရင်ထဲ ဒိုန်းခနဲ မြည်သွားသည်။

သို့သော် သူမက ကြိုးစား၍ ပြုံးလိုက်သည်။

'ဟုတ်လား သူက အင်မတန် ခြေရှုပ်တဲ့လူပဲ'

'မှန်တာပေါ့ဗျာ၊ မနက်က ဆရာဟုတ်တူ ခြံဝင်းထဲတောင် ရောက်အောင် လာနိုင်တယ်ဗျို့'

'အို ဟုတ်လား တော်တော် ဆိုးတဲ့လူပဲ'

လူငယ်က လက်ယမ်း၍

'မပူပါနဲ့၊ သူ့ကို တောင်ကြားဂေဟာ ခေါ်သွားပါပြီ'

'တောင်ကြားဂေဟာ'

'ဟုတ်တယ်၊ ကဲ ကျုပ်လာမယ်နော်'

'လာခဲ့ပါကွယ် ငါစောင့်နေပါ့မယ်'

သူမ၏ စိတ်ထဲတွင်တော့


'တောင်ကြားဂေဟာ၊ တောင်ကြားဂေဟာ၊ အဲဒီ တောင်ကြား ဂေဟာ ဘယ်နားမှာပါလိမ့်'

'အို ငါ အမြန်ဆုံးသိအောင် ကြိုးစားရမယ်'

ပထမပိုင်းပြီး၏။

**နန္ဒကျော်သူ**

ဒု ဇာတ်သိမ်း တစ်ပတ်အတွင်းထွက်မည်၊


အကြွင်း၏ ရူးလင်ရှမ်းကျန့်